



နန္ဒကျော်သူ
သိုင်းသမားဟူသည်



# နန္ဒကျော်သူ

## သိုင်းဆရာမားပူသည်



စာမူကြိုတင် ပုံနှိပ်ခွင့်အမှတ် (၀၈၆၁)
မျက်နှာဖုံးနှင့် ရေခဲ ကြိုတင်ပုံနှိပ်ခွင့်အမှတ်(၀၉၃၈)

ထုတ်ဝေခြင်း

၁၉၈၂ ခုနှစ်
ဩဂုတ်လ
ပထမအကြိမ်
အုပ်ရေ-(၁၅၀၀)
တန်ဖိုး—နှစ်ဆယ်ကျပ်
မျက်နှာဖုံး– ပန်းချီငြိမ်းအောင်

ဦးကံညွန့်(မြ-၀၃၀၆၈)ရွှေမိစာပေ အမှတ် ၁၈၀၊ ဘောင်ဒရီလမ်း ရွှေဂုံတိုင် စာတိုက် ဗဟန်း ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဦးပါကြီး(မြ ၀၁၉၅)ဆန်းသစ်စပုံနှိပ်တိုက် အမှတ် ၅၀၂၊ သိမ်ဖြူလမ်း ကန်တော်က လေး ရန်ကုန်မြို့တွင် ရိုက်နှိပ်ပါသည်။

# နန္ဒကျော်သူ

## သိုင်းသမားဟူသည်

ဘာသာပြန် သိုင်းဝတ္ထု
လုံးချင်း စဆုံး
အသစ်စက်စက်

မူရင်းဝတ္ထု – ထိရှနန်အော
မူရင်းစာရေးဆရာ – လုံစွန်ဖုံး

မျက်နှာဖုံးရိုက်
နေလရောင်အော့ဖ်စက်

စီစဉ်သူ - ကျော်ကျော် (ဘူမိ)

ကာလာခွဲ
စိန်ညွန့်ကြီးမြင့်

တရက်လျှင် (၁၊- )

လင်းဝေ
အမှတ် ၁၃၀
တောင်ငူ ၂၀၇၄၄

လေ

(၁)

(ဂ) လ (၁၂) ရက်။

ကောင်းကင်တခုလုံး ညိုမည်းနေသည်။ တိမ်တိုက် တိမ်လိပ်များသည် လျင်မြန်စွာ ရွေ့လျားနေပြီး၊ အစိုင်အခဲများအဖြစ် စုရုံးဖြစ်ပေါ်လျက်ရှိသည်။

အဝေးတောင်တန်းဆီမှ မိုးခြိမ်းသံများသည် လွင့်ပျံ့လာနေသည်။ မိုးရွာသွန်းရန် ဟန်ပြင်နေပြီဖြစ်သည်။ မကြာမီ မိုးရွာသွန်းပေတော့မည်။

F.1 ဝဏ္ဏထွန်းစာပေ

ရှာသွန်းချလာမည့်မိုးမှာ အလွန်ပင်သည်းမည်းလိမ့်မည်မှာ မလွဲပေ။ ထိုအခါ "စီးလိမ်ရေလက်ကြား" ဆိပ်ကမ်းပါးမှ လူတယောက်နှင့် မြင်းတကောင်သည် ပေါ့ပါးသွက်လက်စွာ ခရီးပြင်းနှင်လာနေသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

မြင်းသည် မညီမညာသော ကျောက်တုံးလမ်းပေါ်မှ ဖြတ်သန်းကာ အရှေ့ဘက်သို့ ဦးတည်သွားသည်။

"စီးလိမ်ရေလက်ကြား"သည် သောင်ပြင် အများအပြားရှိပြီး ရေစီးအလွန်သန်သည်။

"လေ"

ဤနေရာတွင် 'လေ" သည် လူတယောက်၏အမည်ကိုဆိုလိုခြင်း ဖြစ်သည်။ "လေ"သည် သိုင်းလောကတွင်ကျင်လည်ကျက်စားလာခဲ့သည်မှာ နှစ်ပေါင်း (၂၀) ခန့်ရှိပြီဟု ထင်ရသည်။

သူသည် အသက် (၁၄) နှစ်အရွယ်ခန့်ကစ၍ သိုင်းလောကထဲသို့ ခြေချခဲ့သူ ဖြစ်သည်။ ယခု သူ၏အသက်မှာ (၃၀) ကျော်နေပြီ ဖြစ်လေသည်။ သူသည် နေရာအနှံ့ လှည့်လည်သွားလာနေခဲ့ရာ မရောက်ဖူးသည့်နေရာဟူ၍ မရှိသလောက်ဖြစ်သည်။ အချို့နေရာဒေသများဆိုလျှင် ခြေရာချင်းပင် ထပ်နေလေပြီ။

သို့သော် သူ ဤနေရာသို့ ရောက်ရှိလာသည်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်သည်။ ယင်းကဲ့သို့သော ကြီးကျယ်ခမ်းနားလှပသော ရှုမျှော်ခင်းများကို တွေ့မြင်လိုက်ရသည့်





အတွက် သူသည် ဤနေရာသို့ရောက်လာခြင်းကို များစွာကျေနပ်သွားမိလေသည်။

မကြာမီ မိုးကြီးရွာချပေတော့မည်။ သို့သော် သူက ဂရုမစိုက်ပါချေ။ သူ့အနေဖြင့် ဤလောကတခွင်တွင် ဂရုစိုက်ရန်ကိစ္စရပ်များ ရှိလှသည်မဟုတ်ချေ။

သူသည် မြင်းကို ဒုံးစိုင်းစီးလာနေစဉ်မှာပင် သံ—သံခြင်းထိခိုက်၍ ထွက်ပေါ်လာသောအသံများကို ကြားလိုက်ရလေသည်။

သူသည် မျက်မှောင်ကုပ်သွားလေသည်။ သူသည်တယောက်တည်း လျှောက်သွားနေခဲ့ရာ လချီ၍ ကုန်လွန်ခဲ့လေသည်၊

သူသည် သိုင်းလောကနှင့် ကင်းကွာခဲ့သည်မှာ အတော်ကြာခဲ့လေပြီ။ သူသည် အေးအေးဆေးဆေးဖြင့် စိတ်ပျော်ရှုစိတ်ကြည်နူးရာနေရာများသို့ သွားလာ လည်ပတ်ခဲ့လေသည်။ သို့သော် ယခု ဤနေရာသို့ရောက်သောအခါမှ သူ့အတွက် စိတ်အနှောက်အယှက်ဖြစ်ဖွယ်ရာကိစ္စတရပ် ဖြစ်ပေါ်နေသည်နှင့် လာရောက်တွေ့ကြုံရတော့မည် မဟုတ်ပါလော—။

သူသည် ယင်းကိစ္စရပ်များနှင့် တွေ့ကြုံရင်ဆိုင်ရန် ဆန္ဒမရှိပါ။ ထို့ကြောင့် မြင်းအား အခြားတဘက်သို့ လှည့်လိုက်လေသည်။ ထိုစဉ်မှာပင်—

'အမလေး ကယ်ကြပါရှင်—'

ဟု မိန်းကလေးတယောက်၏ စူးရှ ကျယ်လောင်သောအသံကို ကြားလိုက်ရလေသည်။

တဆက်တည်းမှာပင်—

'မင်း—အော်မနေပါနဲ့ကွာ၊ မင်းကို ငါမသတ်ပါဘူး၊ ငါ့မယားလေးလုပ်ဖို့ မင်းကို ခေါ်သွားမလို့ပါ၊ ဟား—ဟား—ဟား—'

ဟူသော ကြမ်းတမ်း ခက်ထန်သော အသံကို ကြားလိုက်ရပြန်သည်။

'လေ' ၏ရင်ထဲ၌ သွေးများဆူပွက်လာလေသည်။ မြင်းကို ရပ်တန့်လိုက်သည်။

ထို့နောက်— အသံလာရာဘက်သို့ မြင်းအားလှည့်လိုက်ပြီး အပြင်းမောင်းနှင်သွားလေတော့သည်။

* * *

(၂)

မြင်မကောင်း၊ ရှုမကောင်းအောင်ပင် ဖြစ်နေသော မြင်ကွင်းတခု။

'လေ' က မျက်ဝါးထင်ထင် မြင်တွေ့ လိုက်ရလေသည်။ အနက်ရောင်ဝတ်ဆင်ထားသော လူ(၂၆)ယောက်။ သူတို့သည် လက်နက် ကိုယ်စီဖြင့် နုနယ်ချောမောသော မိန်းကလေးတယောက်အား ဝိုင်းရံတိုက်ခိုက်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။





မိန်းကလေး၏မျက်နှာတခုလုံးမှာ ဖြူဖတ်ဖြူလျော် ဖြစ်နေ၏။ သူမ၏နုတ်ခမ်းထောင့်စွန်းတွင်လည်း သွေးများ စီးကျလျက်ရှိနေသည်။

သူမနှင့်ပခုံးခြင်းယှဉ်၍ လူနှစ်ယောက်က သူမအား အကာအကွယ်ပေးနေ၏။ ထိုလူနှစ်ယောက်သည် မိန်းကလေးအား ဝဲယာခြံရံလျက် ကြံ့ကြံ့ခံ၍ တိုက်ခိုက်နေ၏။ သို့သော် သူတို့နှစ်ယောက်စလုံး၏ ခန္ဓာကိုယ်ပေါ်၌ သွေးများ ချင်းချင်းနီရဲနေသည်ကိုကြည့်ခြင်းအားဖြင့် သူတို့နှစ်ယောက်မှာ ဒဏ်ရာပြင်းထန်စွာ ရရှိနေသည်မှာ ထင်ရှားလှပေသည်။

အရပ်အမောင်း အလွန်မြင့်မား ထွားကြိုင်းသော လူနှစ်ယောက်ကိုကြည့်၍ ခနဲ့ပြုံး ပြုံးလိုက်သည်။

'ဟေ့—မင်းတို့ လက်နက်ချလိုက်ယင် အသက်ချမ်းသာရာ ရအုံးမယ်၊ နို့မဟုတ်ယင်'

မိန်းကလေးအား ကာကွယ်ပေးနေသော လူတယောက်က ပေါက်ဆိန်အား ကျစ်လစ်စွာကိုင်လျက်—

'မင်းတို့လိုလူယုတ်မာကောင်တွေက အသက်ချမ်းသာပေးမယ်ဆိုတာ ရယ်စရာကြီးပါကွာ...'

သူသည် ထိုသို့ပြောပြီး ချဉ်းကပ်လာနေသော လူအားပေါက်ဆိန်ဖြင့် ဝှေ့ရမ်း ခုတ်လိုက်လေသည်။

'ဟား... ဟား... ဟား....'

ထိုလူထွားကြီးက အားပါးတရ ရယ်မောလိုက်သည်။

'ကျုပ် လေ့ဝူးတိတ်'ရဲ့ နာမည်ကိုမကြားဘူး ဘူးထင်တယ်'

သူသည် ပြောပြီးသည်နှင့် ရုတ်တရက် ချဉ်းကပ်သွားပြီး သူ၏ လက်ဝါးနှစ်ဘက်သည် ဓားသွားပမာ ထိုလူ၏လည်ဂုတ်သို့ ခုတ်ချလိုက်ရာ—

'အွန့်...'

ပေါက်ဆိန်ကိုင်ဆောင်ထားသောလူသည် မြေပေါ်သို့ ပုံလျက်သား လဲကျသွားလေသည်။ ကျန်တယောက်သည် သူ့အဖော် သေဆုံးသွားသည်ကို တွေ့မြင်လိုက်ရသဖြင့် သူသည် ရှိသမျှခွန်အားကိုထုတ်၍ အသုံးပြုပြီး ထို 'လေဝူးတိတ်' ဆိုသူအား တိုက်ခိုက်လိုက်ရာ—

'အား...'

လေဝူးတိတ်၏ လက်ဝါးတခုသည် ထိုလူ၏ ရင်ဝသို့ ခုတ်ချလိုက်လေသည်။

'ဦးလေး...ဟန်... ဦး လေး လူ...'

မိန်းကလေး၏အသံသည် မျှော်လင့်ချက်ကင်းစွာဖြင့် ထွက်ပေါ်လာလေသည်။

'ဟား...ဟား...ဟား'

အနက်ရောင်ဝတ်ဆင်ထားသော လူ(၂၆)ယောက်တို့သည် မိန်းကလေးအားကြည့်၍ ပြိုင်တူ အားပါးတရ ရယ်မောကြလေတော့သည်။

* * *





မိန်းကလေးသည် မတ်တတ်ရပ်ရန်ပင် အားအင်မရှိတော့ပါ။ သူမသည် မည်သို့မျှ ရပ်တည်နေနိုင်စွမ်းမရှိတော့သဖြင့် မြေပေါ်သို့ ထိုင်ချလိုက်ရလေသည်။

သူမ၏မျက်လုံးအစုံသည် သေဆုံးနေသော အလောင်းများကို ရီဝေစွာငေး၍ကြည့်နေ၏။ ယခု သူမအား လာရောက်ကယ်တင်မည့်လူမရှိတော့ပြီ မဟုတ်ပါလော။

လေဝူးတိတ်သည် အောင်နိုင်သောအပြုံးဖြင့် မိန်းကလေးထံသို့ တလှမ်းချင်း လှမ်းသွားလေသည်။

မိန်းကလေးသည် ခေါင်းငုံ့ထားလေသည်။ ကျရောက်လာမည့် ကံကြမ္မာကို လည်စင်းခံရုံမှလွဲ၍ သူမသည် မည်သို့တတ်နိုင်ပါမည်နည်း။

လေဝူးတိတ်၏လက်နှစ်ဘက်သည် မိန်းကလေး၏ ခန္ဓာကိုယ်ပေါ်သို့ ရောက်ရှိလာနေသည်။ ထိုအချိန်တွင်—

'ဟေ့—ရပ်လိုက်'

လူတယောက်၏ ကျယ်လောင်စွာဖြင့် ဟန့်တားလိုက်သော အသံဖြစ်သည်။ ထိုအသံကြောင့် လေဝူးတိတ်နှင့်တကွ သူ၏ အဖော်များပင် တုန်လှုပ်သွားသည်။

'လေ' သည် ယင်းသို့ အော်လိုက်ယင်း သူ၏ ခန္ဓာကိုယ်သည် ကျားသစ်တကောင်ပမာ လေဝူးတိတ်ကို ခုန်အုပ်လိုက်လေတော့သည်။

* * *

(၃)

အနက်ရောင်ဝတ်ဆင်ထားသောလူသည် 'လေ'အား ခြေဆုံး ခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

မျက်လုံးပေါင်းများစွာတို့က 'လေ' အား အကဲခတ်ကြည့်နေကြသည်။ သူတို့၏ကြည့်ပုံမှာ လူသေအလောင်းတလောင်းအားကြည့်နေသည်နှင့် တူလေသည်။

ထို့နောက် အနက်ရောင်ဝတ်ဆင်ထားသောလူက ရယ်မောလိုက်ပြန်သည်။ သူ၏ ရယ်မောနေပုံကိုကြည့်ရသည်မှာ တောရိုင်းတိရစ္ဆာန် ရယ်မောနေသည်ဟု ထင်ရသည်။

'မင်း ဘယ်ကလဲကွ....'

'လေ' က ခါးထောက်လိုက်သည်။

'ကျုပ်က ခရီးသွားတယောက်ပါ'

ထိုလူ၏မျက်ခုံးမွေးအစုံသည် အပေါ်သို့ မြင့်တက်သွားသည်။

'အော်....ခရီးသည်ကိုး၊ ဒါနဲ့ မင်းက ဘယ်ကိုသွားမလို့လဲ'

အခြားတယောက်က ရယ်မောယင်း—

'ငရဲပြည်ကိုသွားမလို့ဖြစ်မှာပေါ့ဗျာ'

'ဟား_ဟား....ဟား'

ထိုသူ၏ စကားကြောင့် ဝါးကနဲ ရယ်မောသံများ ဆူညံသွားလေသည်။

'လေ' ၏ မျက်နှာမှာ ခက်ထန်သွားလေသည်။

'မင်းတို့ကော ဘယ်ကလဲကွ'





ခေါင်းဆောင်ဖြစ်ဟန်ရှိသောလူက ရယ်မောလိုက်သည်။

'တို့က မင်းလို ကိုယ့်နံမယ်တောင်မှ ထုတ်ဖော်မပြောရဲတဲ့ လူမျိုးမဟုတ်ဘူးကွ'

သူသည် စကားဆုံးသည်နှင့် ရင်ကော့လိုက်ပြီး—

'ကျုပ်တို့က 'ဗိုလ်မင်းရဲတိုက်က' လူတွေကွ'

'လေ' က နှာခေါင်းရှုံ့သွားသည်။

'အော်—မင်းတို့က ဗိုလ်မင်းရဲတိုက်ကလူတွေပဲကိုး၊ဗိုလ်မင်းရဲတိုက်မှာ မင်းတို့လို ယုတ်မာတဲ့လူတွေရှိနေလို့ နံမယ်ပျက်နေတာကိုး'

ခေါင်းဆောင်ဖြစ်ဟန်တူသောလူက လေ၏စကားကြောင့် ဒေါသထွက်လာလေသည်။

'မင်းက သေချင်လို့ တို့ကိုလာပြီး အံတုနေတာလားကွ'

သူသည် လက်တချက် ဝှေ့ရမ်းလိုက်သည်။

'ရှင်းလိုက်စမ်း'

ဟု အမိန့်ပေးလိုက်ရာ လူ (၂၀) ကျော်ခန့် တို့သည် 'လေ'အား ရုတ်တရက်ဝင်ရောက် တိုက်ခိုက်လိုက်လေတော့သည်။

'လေ'က မထေမဲ့မြင် ပြုံးလိုက်လေသည်။ သူ၏ဓားသည် ခါးတွင်း၌ပင် ရှိနေသေး၏။ သူသည် ထိုသူများအား တိုက်ခိုက်ရန် ဓားပင်အသုံးပြုရန်မလိုဟု ယုံကြည်ထားလေသည်။

လူတယောက်က သူ၏ဓားဖြင့် 'အရိပ်အထပ်ထပ်'ဟူသော သိုင်းကွက်ဖြင့် 'လေ'၏ မျက်နှာဆီသို့ တိုက်ခိုက်လိုက် လေသည်။

'လေ' က မမြင်မတွေ့လိုက်ရသည့်အလား ထိုသူ၏ တိုက်ခိုက်မှုကို လှည့်ပင်မကြည့်ပါ။

'ဟား... မင်းသေဖို့သာ ပြင်ပေတော့'

ထိုလူက ယင်းသို့ စိတ်ထဲ၌ ရေရွတ်နေစဉ် ရုတ်တရက်သူ၏ ဓားသည် အဘယ်ကြောင့်မှန်းမသိ 'လေ'၏ လက်ထဲသို့ ရောက်သွားလေသည်။

ထိုအချိန်မှပင် သူ၏ယာဘက်လက်ကောက်ဝတ်မှာ နာကျင်သောဝေဒနာတခုကို ပြင်းထန်စွာ ခံစားလိုက်ရလေသည်။

သူသည် အံ့သြနေစဉ်မှာပင် သူ၏ ဓားသည် သူ၏ ဝမ်းဗိုက်ဆီသို့ ပြန်လည်ထိုးဝင်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

* * *

'လေ' က သိုင်းပညာအကွက် ပြသလိုက်သည်နှင့် ဗိုလ်မင်းရဲတိုက်မှ လူများအားလုံးတို့မှာ အံ့အားသင့်သွားကြပြီး သူတို့ရင်ဆိုင်နေရသောလူမှာ သိုင်းပညာ မည်သို့သည်ကို သဘောပေါက် နားလည်လိုက်လေသည်။

သို့သော်လည်း သူတို့သည် 'လေ' အား လုံးဝမမှုသေးပါချေ။ သူတို့မှာ လူတွေအများအပြားသာလွန်နေသည် မဟုတ်ပါလော...။





လူတယောက်သည် မည်မျှ အစွမ်းထက်နေသော်လည်း လူအများ၏ဒဏ်အား ခံနိုင်မည်မဟုတ်ဟုလည်း ယုံကြည်ထားကြလေသည်။ ထို့ကြောင့် သူတို့သည် 'လေ'အား တဟုန်ထိုး လေးဘက်လေးတန်မှနေ၍ ဝိုင်းရံ တိုက်ခိုက်လိုက်လေသည်။

ယင်းသို့ တိုက်ခိုက်ခြင်းဖြင့် 'လေ' သည် အစိပ်စိပ် အပိုင်းပိုင်း ဖြစ်သွားလိမ့်မည်ဟုလည်း တထစ်ချယုံကြည်နေကြသည်။

သို့သော် သူတို့၏ အတွေးနှင့်လက်တွေ့မှာ အမှားကြီးမှားသွားချေပြီ။ သူတို့ ယခုရင်ဆိုင်တိုက်ခိုက်နေရသောလူမှာ သိုင်းလောကတခုလုံးတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော 'လေ'သိုင်းသမားဖြစ်နေသည်ကိုမူ သူတို့မသိလိုက်ရချေ။

သူတို့ဘက်မှ လူအရေအတွက် မည်မျှပင် များပြားနေသော်လည်း 'လေ'က သူတို့အား သက်မဲ့အရာဝတ္ထုများဟု ထင်မှတ်ထားလေသည်။

မကြာပါချေ—

ထိုလူများသည် လေ၏လက်ချက်ဖြင့် တဝက်ခန့်မြေပေါ်သို့ လဲကျသေဆုံးသွားလေတော့သည်။ ကျန်ရှိသော လူတဝက်ခန့်တို့သည် တယောက်မျက်နှာတယောက် ကြည့်နေကြသည်။

ထို့နောက်—

'လေ' အား ထပ်မံ၍ ကြည့်လိုက်ကြပြန်သည်။ ခေါင်းဆောင်ဖြစ်ဟန်တူသောလူ၏အကြည့်မှာ 'လေဝူးတိတ်'ပင် ဖြစ်သည်။ သူသည် လေအား ရင်မဆိုင်၍ မရတော့ပါ။

ထို့ကြောင့် သူသည် ရင်ကော့၍ အရှေ့သို့ လှမ်းထွက်လိုက်လေသည်။

'ဟော့–ကျုပ်ရဲ့ဓားကိုယူခဲ့'

သူ၏ လက်အောက်ငယ်သားများသည် အလွန်ရှည်လျားသော ဓားတလက်အား ယူဆောင်လာ၍ သူ့အား လှမ်းပေးလိုက်လေသည်။

လွေဝူးတိတ်က သူ၏ဓားကို တဝီးဝီးဖြင့် ဝှေ့ယမ်းလိုက်သည်။ သူ၏ ဓားပညာမှာလည်း မခေလှပါချေ။

'လေ'သည် အဝေးသို့သာငေး၍စိုက်ကြည့်နေ၏။ လွေဝူးတိတ်အား လှည့်ပင်မကြည့်ပါချေ။ လွေဝူးတိတ်က မခံမရပ်နိုင်တော့ပဲ ဖြစ်နေသည်။

'မင်းကို ငါသတ်ပစ်မယ်'

သူသည် ယင်းသို့ပြောပြီးသည်နှင့် သူ၏ဓားဖြင့် ဝှေ့ယမ်းကာ 'လေ' အား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

သူ၏ဓားသိုင်းပညာမှာ အလွန်ထက်မြက်သည်ဟု သူ့ကိုသူ ယုံကြည်ထားသည်။ သို့သော်– 'လေ'၏ အမြင်မှာတော့ ထိုသူ၏ သိုင်းပညာမှာ အလွန်ပင်ညံ့ဖျင်းနေ၏။

လွေဝူးတိတ်၏ဓားသည် 'လေ'၏ အင်္ကျီစကိုပင် ထိအောင် မတိုက်ခိုက်နိုင်ပါချေ။

'လေ'က သူ၏ဓားကို လုယူလိုက်ပြီး ယင်းဓားဖြင့်ပင် သူ၏ ဝမ်းဗိုက်သို့ ထိုးသွင်းလိုက်လေသည်။

* * *





(၄)

လွေဝူးတိတ်သည် သိုင်းကွက်တကွက်မျှပင် မတိုက်ခိုက်ရသေးပဲ သေသုံးသွားသည်ကို တွေ့မြင်လိုက်ရသဖြင့် ကျန်ရှိသောလူများအားလုံးသည် လေအားကြည့်၍ ကြောက်ဒူးတုန်လေသည်။ ခါတိုင်းဆိုလျှင် သူတို့သည် သူများကိုသာ နိုင်ထက်စီးနင်းဖြင့် ယုတ်မာစွာပြုလုပ်ခဲ့ကြသည်။

ယခုမှာမူ သူတို့သည် မိမိတို့၏အလှည့်သို့ရောက်ရှိလာပြီဟု ရိပ်စားမိလိုက်လေသည်။

'လေ'၏ လက်သီးများသည် သူတို့၏ ကိုယ်ခန္ဓာများပေါ်သို့ ရောက်ရှိလာလေတော့သည်။ သူတို့သည် သံတူကလေးများ အထုခံလိုက်ရသည့်အလား နာကျင်သော ဝေဒနာတရပ်ကို ခံစားလိုက်ရလေသည်။

ထို့နောက် အချို့လူများသည် လေ၏လက်ချက်ဖြင့် မြေပေါ်သို့ကျသွားပြီး၊ အချို့လူများသည် 'လေ'အား လှည့်ပင် မကြည့်တော့ပဲ ထိုနေရာမှ ထွက်ပြေးတိမ်းရှောင်သွားကြကုန်လေသည်။

* * *

ထိုအစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် သူမ၏ ရှည်လျားသောဆံပင်ကို ကျစ်ဆံမြီးနှစ်ခု ကျစ်ထားသည်။

ကျစ်ဆံမြီးထိပ်ဖျားတွင် အဝါရောင်ပိုးပုဝါဖြင့် လိပ်ပြာပုံ သဏ္ဍာန်ချည်နှောင်ထားလေသည်။

ထိုပိုးပုဝါစမှာလည်း သွေးများဖြင့်စွန်းထေးနေ၏။ သူမ၏ ခြေလက်များမှာလည်း ဒဏ်ရာများရရှိခဲ့သည်ကို တွေ့လိုက်ရလေသည်။

'လေ'က ထိုမိန်းကလေး၏ဒဏ်ရာများကို ဆေးလိမ်းပေးလိုက်လေသည်။ မိန်းကလေးသည် မျက်နှာကိုလက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ရှိုက်ကြီးတငင်ဖြင့် ငိုကျွေးနေလေတော့သည်။ 'လေ'က သက်ပြင်းတချက်ချလိုက်သည်။

'မငိုပါနဲ့တော့မိန်းကလေးရယ်၊မင်းစိတ်ထဲမှာဘယ်လောက်ခံစားနေရတယ်ဆိုတာ ငါနားလည်ပါတယ်၊ ငါကမင်းကိုဘယ်လိုကူညီရမလဲဆိုတာမင်းရဲ့အဖြစ်အပျက်ကိုပြောပြပါလားကွာ'

မိန်းကလေးသည် ငိုကျွေးယင်း သူမ၏ ဖြစ်ပျက်ခဲ့သောအကြောင်းများကို ရင်နာစွာဖြင့်ဖွင့်ဟပြောပြလိုက်လေသည်။

* * *

မိန်းကလေး၏အမည်မှာ **'ဆင်းဟုန်တိ'**ဖြစ်သည်။ သူမ၏ဖခင်သည် အာမခံဌာနတခုမှ ဌာနမှူး ဆင်းကူးရှန့်ဖြစ်သည်။ 'လေ'သည် ထိုအမည်ကိုကြားလိုက်ရသည်နှင့် ရင်ထဲ၌ လှုပ်ရှားသွား လေသည်။





'ဆင်းကူးရှန့်ဟာ သိုင်းလောကမှာ နံမည် အလွန်ကြီးတဲ့ သိုင်းပညာရှင်တယောက်ပါပဲ၊ ဗိုလ်မင်း ရဲတိုက်က လူတွေက ဘာ့ကြောင့် မင်းကိုစော်ကားရတာလဲ၊ သူတို့နဲ့မင်းတို့အယင်က ရန်ညှိုးများရှိနေသလား'

ဆင်းဟုန်တိက ခေါင်းငုံ့ရာမှ မော့ကြည့်လိုက်သည်။

'ဗိုလ်မင်းရဲတိုက်ကလူတွေဟာ အခု ၂-နှစ်အတွင်းမှာပဲ လုယက်တိုက်ခိုက်မှုတွေကို အကြိမ်ကြိမ် ကျူးလွန်ခဲ့ပါတယ်၊ ဖေဖေအလုပ်လုပ်နေတဲ့ အာမခံဌာနကိုလဲ (၃)ကြိမ်တိတိ လာပြီး လုယက်ခဲ့ပါတယ်ရှင်'

'လေ'က ခေါင်းညိတ်လိုက်သည်။

'ဒီသတင်းကို ကျုပ်လဲကြားခဲ့ပါတယ်'

ဆင်းဟုန်တိက—

'ကျွန်မအဖေဟာ သူတို့အကြိမ်ကြိမ်လာပြီးလုယက်ကြတာကို မခံမရပ်နိုင်လို့ ရှာဟုတိတ်ဆီကိုသွားပြီးမေးမိပါတယ်'

'လေ'က မျက်မှောင်ကုပ်သွားသည်။

'ရှာဟုတိတ်ဆိုတာ ဗိုလ်မင်းရဲတိုက်ရဲ့အုပ်ချုပ်ရေးမှူးမဟုတ်လား'

ဆင်းဟုန်တိက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင့်၊ သူဟာကျွန်မရဲ့အဖေနဲ့ မတွေ့ပါဘူးရှင်'

သူမသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး စကားဆက်လိုက်ပြန်သည်။

'ကျွန်မအဖေက သူ့ဆီသွားတော့ တယောက်တခွန်းစကား များပြီး ရန်ဖြစ်ကြပါတယ်၊ ဖေဖေကလဲသူ့ကို ဒဏ်ရာရတဲ့အထိ ဆုံးမခဲ့ပါတယ်'

'လေ'ကခေါင်းညိတ်လိုက်သည်။

'ရှာဟုတိတ်ရဲ့သိုင်းပညာဟာမခေပါဘူး၊ ဒါပေမယ့် မင်း အဖေကိုတော့ သူ့ပညာက ဘယ်မှီပါ့မလဲ'

ဆင်းဟုန်တိက ခေါင်းညိတ်လိုက်သည်။

'ဖေဖေက အဲ့ဒီတုံးကညှာလိုက်တာဟာ ကိုယ့်အတွက် အန္တရာယ်ဖြစ်ခဲ့ရတာပေါ့'

'လေ'က မျက်မှောင်ကုပ်သွားသည်။

'ဆက်ပြောပါအုံး'

ဆင်းဟုန်တိက—

'ကျွန်မအဖေသာ သူ့ကိုညှာခဲ့ပေမယ့် သူက သူ့ရဲ့ လူတွေကိုစုပြီး ကျွန်မတို့အိမ်ကိုရောက်လာခပါတယ်၊ နောက်ပြီး အိမ်မှာရှိတဲ့အိမ်သားတွေအားလုံးဟာ သူ့အသက်ကို ခံခဲ့ရတော့တယ်ရှင့်'

ဆင်းဟုန်တိသည် ပြောဃင်းဝမ်းနည်းပက်လက်ဖြစ်လာလေသည်။

'လေ'က စကားဆက်လိုက်စေသည်။

'ဒါနဲ့ မင်းအဖေကော အသက်ခံရတဲ့အထဲပါသွားလား'

ဆင်းဟုန်တိက—





'အဲဒီတုံးက ဖေဖေဟာအသက်မခံရပါဘူး၊ နောက်မှသစ္စာဖေါက်တယောက်ရဲ့လက်ချက်ကြောင့် ကျွန်မအဖေဟာ ဒဏ်ရာပြင်းထန်စွာ ရသွားပါတယ်‘

'လေ'က မျက်မှောင်ကုပ်သွားသည်။

'နေပါအုံး အဲ့ဒီသစ္စာဖေါက်တဲ့လူဟာ ဘယ်သူလဲဆိုတာ မင်းသိလား'

ဆင်းဟုန်တိက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့သိပါတယ်၊ သူ့နံမည်က ကျင်းအီဝူးလို့ခေါ်တယ်'

'လေ'က အနည်းငယ် စဉ်းစားလိုက်သည်။

'လှံတံ သိုင်းသမား ကျင်းအီဝူး ဟုတ်လား'

ဆင်းဟုန်တိက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် သူပါပဲ'

သူမသည် ပြောယင်း အံကို တင်းတင်း ကြိတ်လိုက်သည်။

'သူကသာ ကျွန်မအဖေရဲ့ နောက်ကြောကို လှံတံနဲ့ မထိုးလိုက်ယင် ရှာဟုတိတ်ရဲ့လက်ချက်နဲ့တော့ ကျွန်မ အဖေဟာ သေနိုင်မှာ မဟုတ်ဘူး'

'လေ'က သက်ပြင်းတချက်ချလိုက်သည်။

'အင်း....လူတွေရဲ့အကဲကိုခတ်ရတာ အတော်ခက်ခဲပါတယ် ဗျာ'

ဆင်းဟုန်တိက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ သူက အစောကြီးထဲက ဗိုလ်မင်းရဲ့တိုက် နဲ့ အဆက်အသွယ်ရှိနေတာရှင့်'

'လေ'က စိတ်ဝင်စားစွာဖြင့် နားစွင့်နေ၏။

ဆင်းဟုန်တိက စကားဆက်လိုက်ပြန်သည်။

'နောက်တော့သူကပဲ ဗိုလ်မင်းရဲတိုက်ကလူတွေကိုဦးဆောင်ခေါ်လာပြီး ကျွန်မတို့ကို တိုက်ခိုက်တော့တာပဲ၊ ကျွန်မက ဦးလေးနှစ်ယောက်နဲ့ ထွက်ပြေးခဲ့တာ၊ ဒီကို ရောက်လာတဲ့အထိပါပဲ'

'လေ'က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ သူတို့က အမြစ်ကိုပါမကျန်အောင် ခုတ်ဖြစ်လိုက်တဲ့ သဘောပါပဲ'

ဆင်းဟုန်တိက—

'ကျွန်မတို့ဟာ ပြေးလွှားလာယင်း အခုလို သူတို့နဲ့ပြန်တွေ့သွားပြီး ကျွန်မရဲ့ဦးလေးဟာ သူတို့လက်ချက်နဲ့ သေဆုံးသွားရပြန်တယ်'

သူမသည် ပြောယင်း 'လေ'အား ဦးညွှတ်လိုက်လေသည်။

'အခုလို ကျွန်မကို ကယ်တင်လိုက်တာကို ကျေးဇူးတင်လို့မဆုံးပါဘူးရှင်'

'လေ'သည် ဆင်းဟုန်တိစကားကို ကြားလိုက်ရသောအခါ စိတ်မကောင်းဖြစ်လာလေသည်။ ဆင်းဟုန်တိက စကားဆက်လိုက်ပြန်သည်။

'လွန်ခဲ့တဲ့နှစ်ရက်လောက်က ဗိုလ်မင်းရဲတိုက်မှာအမိန့်တရပ်ထုတ်လိုက်ပါတယ်၊ အဲ့ဒီအမိန့်က ဘယ်သူမဆို ကျွန်မကိုဖမ်းပြီး သူတို့ဆီကို ပြန်ပို့ယင် ငွေ ၁–သောင်းပေးပါ့မယ်လို့ ကြေငြာလိုက်တယ်'





'လေ'သည် ယင်းစကား ကြားလိုက်ရသောအခါ၊ သူ့မျက်လုံးအစုံတွင် ထူးခြားသော အရိပ်အယောင်များပေါ်လွင်လာလေသည်။

'ဘာပြောတယ်၊ မင်းကို သူတို့ဆီဖမ်းပို့ပေးယင် ငွေ ၁–သောင်းရမယ် ဟုတ်လား'

ဆင်းဟုန်တိက ခေါင်းညိတ်လိုက်သည်။

'ဟုတ်...'

သူမသည် ကြောင်အမ်းအမ်းဖြစ်ကာ စကားကိုပင် ဆုံးအောင် မပြောနိုင်တော့ပဲ 'လေ'အား ငေး၍ ကြည့်နေမိ၏။ သူမ၏ မျက်ဝန်းအစုံတွင် ကြောက်ရွံ့ ထိတ်လန့်သော အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

'ရှင်...'

'ဟား... ဟား ဟား...'

'လေ'က ဆင်းဟုန်တိကို ကြည့်ကာ အားရပါးရ ရယ်မောလိုက်သည်။

'ငွေ ၁–သောင်းဆိုတာ မနဲဘူးကွ၊ ကျုပ်ကလဲ ငွေလိုနေတာနဲ့ အတော်ပဲ'

ဆင်းဟုန်တိက ထိတ်လန့်စွာဖြင့် နောက်သို့ ခြေလှမ်းဆုတ်သွားသည်။

'လေ'သည် လျှပ်တပျက် သူမ၏ ကိုယ်ခန္ဓာပေါ်ရှိ သွေးကြော ၅ ခုအားပိတ်လိုက်လေသည်။ ဆင်းဟုန်တိသည် တကိုယ်လုံး ထုံထိုင်းသွားပြီး မည်သို့မျှ ရပ်တည်နေနိုင်စွမ်း မရှိတော့ပဲ မြေပေါ်သို့ လဲကျသွားလေသည်။

ဆင်းဟုန်တီက နားမလည်သော မျက်လုံးဖြင့် လေအား လှမ်းကြည့်လိုက်သည်။

'ရှင်ကဘယ်သူလဲ၊ ဘာဖြစ်လို့ ကျွန်မကို ဒီလိုလုပ်ရတာလဲ'

'ဟား… ဟား… ဟား…'

'လေ'က ဆင်းဟုန်တီ၏ အမေးကို မဖြေသေးပဲ အားရပါးရ ရယ်မောလိုက်ပြန်လေသည်။

'ကျုပ်ဟာ အတော်ဆင်းရဲတဲ့ လူတယောက်ပါ၊ တသက်လုံး လက်ထဲမှာ ငွေတရာပြည့်အောင်တောင်ကိုင်ပြီးမသုံးခဲ့ဖူးပါဘူး၊ အခုလို ငွေ ၁–သောင်းရမယ်ဆိုတော့ ကျုပ်က ဘယ်လက်လွှတ်ခံနိုင်ပါ့မလဲဗျ'

ဆင်းဟုန်တီ၏ မျက်နှာတခုလုံးမှာ ညှိုးငယ် သွားသည်။

'ရှင်….ရှင်က ငွေ ၁-သောင်း ဆုငွေကို လိုချင်လို့ ကျွန်မကို ဖမ်းပြီး ဗိုလ်မင်းရဲတိုက်ကို သွားပို့မယ်ဟုတ်လား'

'လေ'က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်ကွ'

ဆင်းဟုန်တီက ထိုစကားကြားရသောအခါ ဒေါသအမျက်ချောင်းချောင်းထွက်လာလေသည်။

'ထွီ'

သူမသည် တံတွေးတချက်ထွေးလိုက်ပြီး—

'ရှင့်ကို ကျွန်မ အစက ယောကျ်ားကောင်း တယောက်လို့ ထင်နေတာ၊ လက်စသတ်တော့ ရှင်ဟာ ငွေမက်တဲ့ လူယုတ်မာ တယောက်ပဲ'





'လေ'က ရယ်မောလိုက်သည်။

'မင်းငါ့ကို ပြောချင်သလို ပြောနိုင်ပါတယ်၊ အခုမင်းဟာ ငါ့အတွက် ငွေ ၁–သောင်းရမဲ့ပစ္စည်းဖြစ်နေပြီဗျ၊ ကနေ့ကစပြီး ကျုပ်ချမ်းသာပြီ'

ဆင်းဟုန်တီသည် ဒေါသထွက်လွန်း၍ စကားပင် မပြောနိုင်ပါတော့ချေ။ သူသည် အံကို တင်းတင်း ကြိတ်လိုက်ပြီး—

'ကျွန်မက ရှင့်လက်ထဲရောက်နေမှတော့ ရှင်ပြုသမျှ ခံရမှာပေါ့လေ၊ ဒါပေမယ့် ကျွန်မ တနေ့မသေသေးယင်တော့ ရှင်တို့လို လူယုတ်မာတွေကို ကောင်းကောင်းဆုံးမမယ်ဆိုတာ မှတ်ထားစမ်းပါ'

ထိုအချိန်တွင် ဝန်းကျင်တခုလုံး မိုးခြိမ်းသံများ လျှယ်လောင်စွာ ထွက်ပေါ်လာသည်။

မိုးများသည် သဲသဲမဲမဲဖြင့် ရွာသွန်းချလိုက်လေသည်။ 'လေ'သည် လေတချက်ချွန်လိုက်ရာ သူ၏မြင်းသည် သူ့ထံသို့ ပြေးလွှားရောက်ရှိလာလေသည်။

'လေ'က ဆင်းဟုန်တီအား မြင်းပေါ်၌တင်ထားပြီး မြင်းအား ဒုန်းစိုင်းစီးကာ ထိုနေရာမှ ပြေးလွှားထွက်ခွါသွားတော့သည်။

* * *

မြစ်ရေများသည် တသွင်သွင်ဖြင့် စီးဆင်းနေ၏။ လူတယောက်၏ ကံကြမ္မာသည် ပဟေဠိဆန်လှပေသည်။ နောက်နောင် ဖြစ်ပေါ်လာမည့်ကိစ္စရပ်များကို မည်သူကမျှ ကြိုတင်မျှော်မှန်း၍ ရနိုင်မည် မဟုတ်ပါချေ။

* * *

(၅)

မိုးခြိမ်းသံများသည် ဝန်းကျင်တခုလုံးတွင် နားကွဲမတတ် မည်ဟည်းနေ၏။ မိုးများသည်အညှိုးကြီးစွာ သဲသဲမဲမဲ ရွာချနေသည်။

ဝန်းကျင်တခုလုံး မိုးရိပ်များဖြင့် မှောင်မဲ၍နေ၏။

'လေ'သည် မြင်းကိုဒုန်းစိုင်းစီးနှင်ကာ 'သိန်းတန်'လောင်းကစားဂေဟာသို့ ရောက်ရှိလာလေသည်။

သိန်းတန်ဂေဟာ—

သိန်းတန်ဂေဟာသည် ဤမြို့ အနီးတဝိုက်တွင် တခုတည်းသော လောင်းကစားဂေဟာတခု ဖြစ်သည်။

ယင်း သိန်းတန်လောင်းကစားဂေဟာသည် နေ့ ည မရွေး ဖွင့်ထားသည်။ မည်သူမဆိုငွေရှိလျှင် ဝင်ရောက်လောင်းကစားနိုင်သည်။





'လေ'သည် ယခုကဲ့သို့ လေကြီးမိုးကြီးကြားမှ ဤနေရာသို့ ရောက်ရှိလာသည်မှာ လောင်းကစားလို၍ မဟုတ်ပါ။

သူသည် လူတယောက်နှင့် တွေ့ဆုံရန်အတွက် ထိုဂေဟာသို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

သူတွေ့လိုသောလူမှာ ဗိုလ်မင်းရဲတိုက်မှ အုပ်ချုပ်ရေးမှူး ဖြစ်သော ရှာဟူတိတ်ပင် ဖြစ်လေသည်။

* * *

(၆)

ရှာဟူတိတ်သည်၊

ဗိုလ်မင်းရဲတိုက်၏ အုပ်ချုပ်ရေးမှူးတယောက် ဖြစ်သည်။ ထိုသူသည် ဤလောင်းကစားဂေဟာ၏ အုပ်ချုပ်ရေးမှူးလည်း ဖြစ်သည်။ မည်သည့်ကိစ္စမျိုးကိုမဆို သူ၏အမိန့်အာဏာကိုသာ အတည်ပြုကြရလေသည်။

ထို့ကြောင့် မည်သူကမျှ သူ့စကားအား မလွန်ဆန်ဝံ့ကြပါချေ။

သူက ခိုင်းလိုက်သည့် အလုပ်တာဝန်များကိုလည်း အလုပ်သမားများက ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည် ဖြစ်စေ လိုက်နာပြုလုပ်ရမည် ဖြစ်သည်။

ယခု—

ရာသီဥတုအခြေအနေမှာ အလွန်ဆိုးဝါးနေသည်။ ကနေ့ သူ၏မျက်နှာမှာလဲ ရာသီဥတုကဲ့သို့ ခက်ထန်နေ၏။

• • •

(၇)

လှေစန်းပို့၏ ခန္ဓာကိုယ်သည် မားမားမတ်မတ်နှင့်တည်ငြိမ်စွာ ရပ်နေ၏။ သူရပ်နေသည့် နေရာမှာ သိန်းတန်ဂေဟာ၏ နောက်ဘက်ခြံဝန်းတွင် မတ်တတ်ရပ်နေခြင်း ဖြစ်သည်။

သူသည် ဤနေရာ၌ အတန်ကြာကြာရပ်နေပြီး ဖြစ်သည်။ သူ၏တကိုယ်လုံးမှာလည်း မိုးရေများဖြင့် စိုရွှဲနေလေသည်။

သူ၏ မျက်နှာတခုလုံးသည် ရောင်ကိုင်းပြီး ညိုမဲနေ၏။ အကယ်၍သာ မိုးရေက ဆေးကြောမပေးခဲ့လျှင် သူ့မျက်နှာတခုလုံးမှာ သွေးများဖြင့် ချင်းချင်းနီရဲနေမည်သာ ဖြစ်သည်။

သူသည် ဒုက္ခနဲ့ ရင်ဆိုင် တွေ့ကြုံနေရခြင်း ဖြစ်သည်။ အကြောင်းမှာ—

လှေဟူတိတ်က သေဆုံးသွားခဲ့ပြီး သူကအသက်လျက်နဲ့ ရှိနေသောကြောင့်သာ ဒုက္ခနှင့် ရင်ဆိုင်နေရခြင်း ဖြစ်လေသည်။

သူရပ်နေသော ခြံဝန်း၏ အလယ်တွင် သေးငယ်သော အဆောင်တခု ရှိလေသည်။ ထိုအဆောင်ထဲ၌ အဝါရောင် ပိုးအင်္ကျီရှည် ဝတ်ဆင်ထားသောလူတယောက်က မတ်တတ် ရပ်၍ နေသည်။





ထိုလူသည် အသက် ၄၀ ကျော်ခန့်ရှိပြီး ရုပ်ရေမှာ အလွန်သန့်ပြန့်လေသည်။ ယခု သူသည် အေးစက်စွာဖြင့် လှေစန်းပို့အား စိုက်ကြည့်နေလေသည်။

'ဒီမှာ စန်းပို့ မင်းရဲ့ညီ အစ်ကိုတဝမ်းကွဲ လှေဂူတိတ်ရန်သူ လက်ချက်နဲ့ သေဆုံးသွားတာကို မင်းမရှက်ဘူးလား'

လှေစန်းပို့က ဦးညွှတ်လိုက်သည်။

'အုပ်ချုပ်ရေးမှူးခင်ဗျား၊ ဒီကိစ္စမှာ ကျွန်တော် အသုံးမကျလို့ ကျွန်တော့်အစ်ကို သေဆုံးသွားရတာ သိပ်ရှက်ဖို့ကောင်းပါတယ်ဗျာ'

အဆောင်ထဲမှာ မတ်တပ်ရပ်နေသောလူမှာ ရှာဟူတိတ်ပင် ဖြစ်သည်။ သူသည် လှေစန်းပို့အား စိုက်ကြည့်လိုက်ပြီး—

'မင်းတို့ဟာ ဘယ်လောက် အသုံးမကျသလဲဆိုယင် ကိုယ့်လက်ထဲမှာ ရောက်နေတဲ့ဘဲကင်ကိုတောင် လက်လွှတ်ခဲ့ရတယ်ဆိုတော့ ဒီသတင်းသာ အပြင်လောကကို ရောက်သွားယင် ဘယ်လောက်ရှက်စရာကောင်းတယ်ဆိုတာ မင်းသိသလား'

လှေစန်းပို့က မောဟိုက်စွာဖြင့် အသက်ရှူပြီး—

'အုပ်ချုပ်ရေးမှူးခင်ဗျား၊ ကျွန်တော်တို့ဆီကို ရုတ်တရက်လာပြီး မိန်းကလေးကိုကူညီ ကယ်တင်လိုက်တဲ့ လူဟာ သိုင်းပညာအဆင့်အတော်ကို ထူးခြားပါတယ်ခင်ဗျာ၊ ကျွန်တော်တို့က ဘယ်လိုပဲ ယှဉ်ပြိုင်'

လှေစန်းပို့ စကားမဆုံးမီမှာပင်—

'မင်းပါးစပ် ပိတ်ထားလိုက်စမ်း'

ရှာဟူတိတ်က ဒေါသကြီးစွာ ဖြင့် အော်လိုက်သည်။ လွှေစန်းပိုသည် စကားဆက်မပြောဝံ့တော့ပဲ ခေါင်းငုံထားလိုက်လေတော့သည်။ အတန်ကြာမှ—

ရှာဟူတိတ်က မျက်မှောင် ကုပ်သွားလေသည်။

'နေပါအုံး၊ ဒီလူ ဘယ်ကလာတယ် ဆိုတာကိုကော မင်း မသိဘူးလား'

လွှေစန်းပိုက ခေါင်းခါယမ်းလိုက်လေသည်။ ရှာဟူတိတ်က မဲ့ပြုံးပြုံးလိုက်သည်။

'ဘာကွ – မင်းတို့ အတိုက်ခံလိုက်ရတဲ့လူ ဘယ်သူဆိုတာတောင် မသိပဲနဲ့ ပြန်လာရသလားကွ'

သူသည် လွှေစန်းပိုအား ထိုသို့ ဆူပူကြိမ်းမောင်း နေစဉ်မှာပင် လူတယောက်သည် သူ့ထံသို့ ရောက်ရှိလာလေသည်။

'အုပ်ချုပ်ရေးမှူးခင်ဗျား၊ ဧည့်ခန်းမှာ လူတယောက်က အုပ်ချုပ်ရေးမှူးကို တွေ့ချင်လို့ စောင့်နေပါတယ်'

သူသည် ပြောပြီး လက်နှစ်ဘက်ဖြင့် အနီရောင်ဖိတ်စာတခုအား လှမ်းပေးလိုက်လေသည်။ ရှာဟူတိတ်က ယင်းဖိတ်စာအား လှမ်းယူပြီးကြည့်လိုက်ရာ သူသည်ဒေါသအမျက်ချောင်းချောင်း ထွက်လာလေသည်။

'ဘယ်ကခွေးကောင်လာဖိတ်တာလဲ၊ ဖိတ်စာပေါ်မှာလဲ စာတလုံးမှ ရေးမထားပါလား'

ဖိတ်စာလာပို့သောသူက ကြောင်အမ်းအမ်းဖြစ်သွားသည်၊





ယခုမှသူသည် သူယူလာခဲ့သောဖိတ်စာအား သတိပြု၍ ကြည့်မိလိုက်လေသည်။ ယင်းဖိတ်စာပေါ်၌ ငွေတုံး တတုံးရေးဆွဲထားသည်ကို တွေ့လိုက်ရလေသည်။

ရှာဟူတိတ်က မဲ့ပြုံးပြုံးလိုက်သည်။

'ဘာလဲ၊ ဒီလူက စာမတတ်လို့ပုံနဲ့များ ရေးဆွဲပြသလားမှ မသိပဲ၊ ဒါဆိုယင်သူ့နံမည်က ငွေတုံးများဖြစ်နေသလား'

ထိုလူက ခေါင်းတွင်တွင်ညိတ်လိုက်လေသည်။

'ဟုတ်ကဲ့ ကျွန်တော်သတိရပါပြီ၊ ကျွန်တော့်ကိုသူက သူ့ကို သူ ငွေတုံးကြီးလို့ပြောပါတယ်'

ရှာဟူတိတ်က မျက်မှောင်ကုပ်သွားသည်။

'ဘာငွေတုံးကြီးလဲ၊ ဒီလူဟာ ဆေးမှားလာပြီနဲ့ တူတယ်၊ သူ့ကိုမြန်မြန် မောင်းထုတ်လိုက်စမ်း'

ထိုလူ၏မျက်နှာတခုလုံးတွင် ဝမ်းသာသည့်အရိပ်အယောင်များပေါ်လွင်သွားသည်။

'ဟုတ်ကဲ့၊ ကျွန်တော်လဲ သူ့ကိုကြည့်ပြီး လက်ယားနေပါတယ်၊ သူ့ကိုဆုံးမပြီးနှင်လွှတ်လိုက်ပါ့မယ်'

ထိုလူ၏အမည်မှာ 'အော့မာ'ဖြစ်သည် သိန်းတန်ဂေဟာတွင် သူသည်မကြာခဏရန်ဖြစ်တတ်သော လူတယောက်ဖြစ်သည်။ ထစ်ကနဲဖြစ်လာလျှင် သူကပင် လက်စွမ်းပြတတ်လေသည်။ ထို့ကြောင့် ယခုရှာဟူတိတ်က သူ့အား ထိုလူကို ဂေဟာတွင်းမှ မောင်းနှင်ထုတ်ရန် အမိန့်ပေးလိုက်သောအခါတွင်

သူသည် လက်တပြင်ပြင်ဖြင့် ထိုနေရာမှ ထွက်သွား လေ တော့ သည်။

* * *

(ဂ)

အော့မာသည် ခြေလှမ်းကဲ့ကဲ့ဖြင့် ထွက်သွားပြီးနောက်–

မကြာပါချေ၊ သူသည် ခြေလှမ်း ကဲ့ကဲ့ဖြင့် ပြန် လည် ရောက်ရှိလာလေသည်။

သို့သော် သူထွက်ခွာသွားစဉ်တုန်းက အလွန်လျင်မြန်သွက် လက်စွာဖြင့် လျှောက်သွားသည် ဖြစ်သော်လည်း၊ ပြန်လည် ရောက်ရှိလာသောအခါတွင် သူ၏ခြေလှမ်းများသည် ယိမ်းယိုင် ၍နေလေသည်။

အကယ်၍ သူ့နောက်မှလူတယောက်ကသာ သူ၏ လယ် ဂုတ်အားဆွဲမထားလျှင် သူသည်မြေပေါ်သို့ လဲကျ သွားမည် သာဖြစ်လေသည်။ အမှန်ဆိုရလျှင် ပြုံးနေသည့် လူ ငယ် တ ယောက်က သူ့အား ကြက်ကလေးတကောင် ဖမ်း ဆုပ် ထား သည့်ပမာ ခေါ်ဆောင်လာခြင်းကြောင့် ဖြစ်လေသည်။

ရှာဟူတိတ်၏နောက်ကွယ်တွင်ရပ်လျက်နေသော လူ နှစ် ယောက်သည် ယင်းအချင်းအရာအား မြင်တွေ့လိုက်ရသည်နှင့် မျက်နှာကွက်ကနဲပျက်သွားလေသည်။ သူတို့သည် ရှေ့သို့ ပြိုင် တူ လှမ်းထွက်လိုက်ရာ—





'ဟေ့ကောင်တွေ မင်းတို့နောက်ဆုတ်သွားစမ်း'

ရှာဟူတိတ်က ဟန့်တားလိုက်လေသည်။အော့မာ၏မျက်နှာ တခုလုံးမှာ ညိုမဲနေ၏။လူငယ်သည် ပြုံး၍ ဖမ်းလာသော အော့ မာအား မြေပေါ်သို့ပစ်ချလိုက်လေသည်။

လူငယ်သည် ရှာဟူတိတ်အား လှမ်းကြည့်လိုက်သည်။

'ခင်ဗျားက အုပ်ချုပ်ရေးမှူးထင်တယ်'

ရှာဟူတိတ်က ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်နံမည်က ရှာဟူတိတ်ပါ၊ ခင်ဗျား နံမည်ကကော'

လူငယ်၏မျက်နှာပေါ်တွင် မထေမဲ့မြင် ပြုလုပ်သည့်အရိပ် အယောင်များ ပေါ်လွင်လာလေသည်။

'လူတယောက်ဟာ နံမည်ရှိမှတဲ့လား၊ နံမည်မရှိတော့ကော မရဘူးလား'

ရှာဟူတိတ်ကပြုံးလိုက်လေသည်။

'ခင်ဗျားနံမည်မပြောချင်လဲ ရပါတယ်ဗျာ'

လူငယ်က ပြုံးလိုက်သည်။

'ဒါပေမယ့် တယောက်နဲ့တယောက် ခေါ်လို့ကောင်း အောင်ဆိုယင်တော့ ကျုပ်ကို ငွေတုံးကြီးလို့ ခေါ်နိုင်ပါတယ်'

ရှာဟူတိတ်က ချောင်းတချက် ဟန့်လိုက်သည်။

'ဒါဖြင့်ယင် ခင်ဗျားကို ငွေတုံးကြီးလို့ခေါ်ပါ့မယ်'

ထိုငွေတုံးကြီးဆိုသူသည် 'လေ' ပင် ဖြစ်နေလေသည်။

* * *

'လေ'က ပြုံးလိုက်သည်။

'သိုင်းလောကထဲမှာ အသုံးမကျဆုံးဖြစ်နေတဲ့ လူစားမျိုးဟာ ငွေကိုမလိုချင်တဲ့လူပါပဲ'

ရှာဟူတိတ်က—

'ခင်ဗျားဟာ ဒီလိုလူစားမျိုးတော့ မဟုတ်ဘူးထင်တယ်'

'လေ' က ပုခုံးတချက်တွန့်လိုက်သည်။

'ကျုပ်ဟာ အမေမွေးကတည်းက ငွေမရတဲ့အလုပ်ဆိုယင် ဘာမှမလုပ်ဘူး'

ရှာဟူတိတ်က သူ့အား အတန်ကြာစိုက်ကြည့်လိုက်ပြီး—

'ခင်ဗျားရဲ့ပြောပုံဆိုပုံကြည့်ရတာ ငွေလိုချင်လို့ လာတာနဲ့တူတယ်'

'လေ' က ခေါင်းညိတ်လိုက်သည်။

'ဒီနေရာဟာ ငွေကို သိမ်းနဲ့ချီပြီး လောင်းကစားနေတဲ့ ဂေဟာဖြစ်တယ်မဟုတ်လား၊ ဒါကြောင့် ကျုပ်ဒီကိုလာဘာဟာလဲ ငွေ ၁-သောင်း လိုချင်လို့ ဖြစ်တယ်'

'ငွေ ၁-သောင်း ဟုတ်လား'

ရှာဟူတိတ်မျက်နှာ အနည်းငယ်ပျက်သွားသည်။ သို့သော် သူသည် ချက်ခြင်းပင်ပြုံးလိုက်လေသည်။

'လွယ်ပါတယ်ဗျာ... ဒါဖြင့်ယင်လဲ ခင်ဗျား ကြိုက်တဲ့ အလောင်းအစားကို လောင်းနိုင်ပါတယ်၊ ခင်ဗျားကံကောင်းမယ်ဆိုယင် ခင်ဗျားလိုချင်နေတဲ့ ငွေ ၁-သောင်းကို ခဏလေးနဲ့ ရနိုင်ပါတယ်'





'လေ'က ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ်က လောင်းကစားဖို့လာတာမဟုတ်ဘူး'

ရှာဟူတိတ်က မျက်မှောင်ကုပ်သွားသည်။

'ဒါဖြင့် ခင်ဗျားဒီကိုလာတာဟာ ဘာသဘောလဲ'

'လေ'က ပြုံးလိုက်သည်။

'လောင်းကစားတယ်ဆိုတာက နိုင်ချင်လဲနိုင်မယ်၊ ဒါပေမယ့် အရှုံးကပိုပြီး များနိုင်ပါတယ်'

ရှာဟူတိတ်က—

'ခင်ဗျားက မလောင်းဘူးဆိုယင် ခင်ဗျားလိုချင်တဲ့ ငွေ ၁-သောင်းကို ဘယ်လိုလုပ်ပြီး ရနိုင်မှာလဲ'

'လေ'က ပြုံးလိုက်သည်။

'ကျွန်တော် ပြောတာကို ခင်ဗျား သဘောပေါက်ပါလိမ့်မယ်ဗျာ၊ ခင်ဗျားတို့ပဲဆုငွေ ၁—သောင်း ကြော်ငြာထုတ်ထားတယ် မဟုတ်လား'

ရှာဟူတိတ်က ယခုမှပင် သဘောပေါက် လာလေသည်။

'ဒါဖြင့် အဲ့ဒီမိန်းကလေးကကော ဘယ်မှာလဲ'

'လေ' က ပြုံးလိုက်သည်။

'ရှိပါတယ်ဗျာ၊ ဒါပေမယ့် တခုတော့ ကြိုတင်ပြောထားပါရစေ၊ ကျုပ်က ခင်ဗျားတို့ ဗိုလ်မင်းရဲတိုက်ရဲ့ လူတွေကို အနှောက်အယှက်ပေးခဲ့ပါတယ်'

ယခုမှ လွှေစန်းပို့က လေ အား မှတ်မိလိုက်လေသည်။

'အုပ်ချုပ်ရေးမှူးခင်ဗျား၊ ကျုပ်တို့လူတွေကို တိုက်ခိုက်ပြီး မိန်းကလေးကို လုယူသွားတာဟာ ဟောဒီ ငွေတုံးကြီးပဲ'

သူသည် စကားကို တပိုင်းတစဖြင့် ရပ်တန့်ထားလိုက်လေသည်။ အကြောင်းမှာ ရှာဟူတိတ်က သူ၏ပါးပြင်ကို ခပ်ပြင်းပြင်းရိုက်ချလိုက်သောကြောင့် ဖြစ်လေသည်။

လွှစန်းပို့သည် ကြောင်အမ်းအမ်းဖြင့် ပါးစပ်ပိတ်ထားလိုက်လေသည်။

'လေ'က ပြုံးလိုက်သည်။

'ရှင်းရှင်းပြောရယင် ကျုပ်ကငွေကိုပဲလိုချင်ပါတယ်၊ ငွေသာရမယ်ဆိုယင် ကျုပ်ကိုကျုပ်ပြန်သတ်ဖို့ကလွဲလို့ ကျုပ်အဖေကို ဖမ်းပေးပါဆိုယင် ကျုပ်ကဖမ်းပေးမဲ့လူစားပါ'

'ဟား—ဟား—ဟား'

'ခင်ဗျားကိုတော့ ကျုပ်သဘောကျသွားပြီဗျို၊ ခင်ဗျားလို ပွင့်ပွင့်လင်းလင်းပြောတတ်တဲ့လူကို ကျုပ်ကလိုချင်နေတာဗျ'

'လေ'ကရယ်မောလိုက်သည်။

'ခုလိုကျုပ်ကို ချီးမွမ်းတာ ကျေးဇူးတင်ပါတယ်ဗျာ'

ရှာဟူတိတ်ကရယ်မောလိုက်ရာမှ ရပ်တန့်လိုက်လေသည်။

'ကောင်းပြီ၊ ခင်ဗျားခေါ်လာတဲ့မိန်းကလေးကကောဘယ်မှာလဲ'

လေက လက်ဝါးဖြန့်လိုက်သည်။

'ငွေ ၁—သောင်းကောဘယ်မှာလဲ'

ရှာဟူတိတ်က အနည်းငယ်စဉ်းစားလိုက်သည်။





'ဆုငွေ ၁—သောင်းဆိုတာ ကျုပ်တို့ရဲ့တိုက်ပိုင်ရှင်က ထုတ်ထားတာပါ၊ ခင်ဗျားကသာ ဆင်းဟုန်တီကို ကျုပ်လက်ထဲကို အပ်လိုက်ယင် ခင်ဗျားအတွက်ရမယ့်ငွေ ၁—သောင်းကိုတပြားမှမလျှော့စေရပါဘူး'

'လေ'က ခေါင်းတွင်တွင်ခါယမ်းလိုက်လေသည်။

'ဒီလိုမလုပ်မါနဲ့ဗျာ၊ ကျုပ်က လူအယင်ထုတ်လိုက်ပြီးနောက် ခင်ဗျားတို့က ငွေထုတ်မပေးယင် ဘယ့်နဲ့လုပ်မလဲ'

ရှာဟူတိတ်က—

'ခင်ဗျားက ကျုပ်တို့ကို မယုံဘူးလား'

'လေ'က ခေါင်းခါယမ်းလိုက်သည်။

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်က ငွေကိုပဲယုံတတ်ပါတယ်'

ရှာဟူတိတ် မျက်နှာမှုံကုပ်ကုပ်ဖြစ်သွားလေသည်။

'ဒါဖြင့်ယင်လဲ ခင်ဗျားကို ကျုပ်တို့ရဲ့ရဲတိုက်ပိုင်ရှင်ဆီလိုက်ပို့ပေးပါမယ်'

'လေ'က ခေါင်းညိတ်လိုက်သည်။

'အဲ့ဒါအကောင်းဆုံးပါပဲ'

ထိုစဉ် သဲသဲမဲမဲ ရွာချနေသာ မိုးသည် တဖြေးဖြေးရပ်စဲသွားလေသည်။

သို့သော်— ကောင်းကင်တခုလုံးမှာ မိုးတိမ်များဖြင့် မှောင်မည်း၍ နေသေးသည်။

* * *

ဗိုလ်မင်းရဲတိုက်ပိုင်ရှင်၏အမည်မှာ တုကျင်းအော့ပင် ဖြစ်သည်။ ဤနေရာတဝိုက်တွင် တုကျင်းအော့၏အသံကို ကြားလိုက်ရသည်နှင့် ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြလေသည်။

တုကျင်းအော့သည် အသက်ငယ်ငယ်ရွယ်ရွယ် အချိန်မှစ၍ သိုင်းလောကတွင် ကျော်ကြားခဲ့သူ ဖြစ်လေသည်။ သူ၏ ဓားပညာသည် ပြိုင်ဘက်ကင်းလောက်အောင် အဆင့်မြင့်လှပေသည်။

ထို့ကြောင့် တုကျင်းအော့၏အမည်သည် သိုင်းလောကတခုလုံးတွင် ရေပန်းစားခဲ့လေသည်။

ယခု သူသည် အိုမင်းရင့်ရော်သည့်အရွယ်ဟု မဆိုနိုင်သေးပါ။ သူ၏အသက်မှာ ၄၀ ကျော်မျှသာ ရှိနေသေးသဖြင့် သူသည် လုပ်ငန်းတာဝန်များကို အားမန်အပြည့်အဝဖြင့် လုပ်နိုင်သော အချိန်ကာလတွင် ရှိနေသေး၏။

သို့သော်– လွန်ခဲ့သော (၃)နှစ်လောက်က သိုင်းလောကတွင် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ သတင်းတခု ထွက်ပေါ်လာခဲ့လေသည်။ ယင်းသတင်းကား တုကျင်းအော့တယောက် သိုင်းပညာလေ့ကျင့်ယင်း လေဖြတ်သွားသဖြင့် သူ့မျက်နှာတခုလုံးမှာ ရုပ်ပျက် ဆင်းပျက်ဖြစ်သွားသည်ဟူသောသတင်းမှာ ပျံ့နှံ့သွားခဲ့လေသည်။

တုကျင်းအော့သည် ယခင်က အလွန်ရုပ်ရည်ချောမောပြီး ယောကျ်ားပီသသော လူတယောက်ဖြစ်လေသည်။ ယခုကဲ့သို့ ရုပ်ပျက်ဆင်းပျက်ဖြစ်လာခဲ့သောအခါတွင် တုကျင်းအော့မှာ





အလွန်စိတ်ထိခိုက်မည်ကို တွေးကြည့်နိုင်ပါသည်။ လူသားတို့သည် အလှအပ ကြိုက်တတ်သည်မဟုတ်ပါလော။

ထို့ကြောင့် တုကျင်းအော့မှာ ယင်းအဖြစ်အပျက်ကို တွေ့ကြုံပြီးနောက် အပြင်သို့ လုံးဝ မထွက်တော့ချေ။

ထို့ကြောင့် အပြင်လူမဆိုထားနှင့် ဗိုလ်မင်းရဲတိုက်ထဲမှ လူများကပင် တုကျင်းအော့၏မျက်နှာကိုတွေ့ဖို့ရန်မှာ အလွန်ခက်ခဲလှပေသည်။ ဤသည်မှာ သဘာဝကျလှပေသည်။

တုကျင်းအော့က စိတ်ဓာတ်ကျပြီး မည်သည့် အလုပ်ကိုမှ လုပ်လိုသော စိတ်ဆန္ဒမရှိတော့ပဲ အခန်းတွင်း၌သာအချိန်ဖြုန်းနေခဲ့သည်မှာ အပြစ်မဆိုသာပေ။

ထို့ကြောင့် ဗိုလ်မင်းရဲတိုက်၏အာဏာများသည် အလိုလိုပင် ရှာဟူတိတ်လက်ထဲသို့ ရောက်ရှိ ကုန်လေသည်။ ရှာဟူတိတ်ကလည်း မိမိအာဏာရရှိရေးအတွက် မိမိအပေါ် သစ္စာရှိသော သိုင်းသမားများကို စည်းရုံး ခေါ်ယူခဲ့လေသည်။

ထို့ကြောင့် (၃)နှစ်အတွင်း ဗိုလ်မင်းရဲတိုက်မှာ အဆင့်မြင့်သော သိုင်းသမားအများအပြားတို့ ရောက်ရှိ လာကြလေသည်။

သို့သော် ဗိုလ်မင်းရဲတိုက်သို့ ရောက်ရှိလာသောသိုင်းသမားများမှာ များသောအားဖြင့် ဥပဒေ ကျူးလွန်ခဲ့သော လူဆိုးများနှင့် ခိုးဆိုးတိုက်ခိုက်ခဲ့သော ဒမြများပင် အများအပြားပါဝင်နေကြလေသည်။

သို့သော် ထိုအင်အားစုကို လူအများက ကြောက်ရွံ့နေကြလေသည်။ ထိုအင်အားစုကိုလည်း လူတိုင်းကတွေး၍ စိုးရိမ်မကာင်း ဖြစ်လာကြလေသည်၊

*    *    *

'လေ'သည် ဗိုလ်မင်းရဲတိုက်သို့ရောက်ရှိလာသည်နှင့် ဗိုလ်မင်းရဲတိုက်က သူ့အား အထူးဧည့်သည်အဖြစ်နှင့် ကြိုဆိုဧည့်ခံကြလေသည်။ အကောင်းဆုံးသော အစားအစာ များနှင့် အကောင်းဆုံးသော အရက်များဖြင့် ဧည့်ခံကြလေသည်။

'လေ'သည် စားသောက်ယင်း ဧည့်ခန်းတခုလုံးအား အကဲခတ်ကြည့်လိုက်လေသည်။ ယင်းဧည့်ခန်းသည် မြို့စားကြီးဂေဟာထက်ပင် ခမ်းနားကြီးကျယ်ထယ်ဝါလှပေသည်။ ကြမ်းပေါ်၌ခင်းထားသော ကော်ဇောတချပ်ပင် အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးရှိသည်ကို တွေ့ရလေသည်။

ဧည့်ခန်း၏နောက်ဖက်တွင် ဇာပုဝါဖြူတထပ် ချထားလေသည်။ ဇာပုဝါဖြူ၏နောက်ကွယ်တွင် သာယာငြိမ့်ညောင်းသော တူရိယာသံများက ထွက်ပေါ်နေသည်။ ကိုယ်လုံးကိုယ်ထည် ပြေပြစ်ကျော့ရှင်း၍ ရုပ်ရည်ချောမောသော မိန်းကလေးများသည် တေးသံ၏ သံစဉ်အလိုက် ယိမ်းနွဲ့ကာ ကခုန်နေကြသည်ကို ဝိုးတဝါး တွေ့မြင်လိုက်ရလေသည်။





'လေ'သည် အကောင်းဆုံး အစားအစာများကို စားပြီး အကောင်းဆုံးသောအရက်ကို မော့သောက်လိုက်၏။ နတ်မိမယ်တမျှ ချောမောလှပသော မိန်းကလေးများက ကခုန်နေကြသည်ကိုကြည့်ယင်း သူသည် လောကတခုလုံးကိုပင် မေ့လျော့သွားသည်ဟု ထင်လိုက်ရလေသည်။

*    *    *

မည်မျှကြာသွားမှန်းပင်မသိ။ တူရိယာသံများက ရပ်တန့်သွားလေသည်။ ကခုန်နေကြသော မိန်းကလေးများမှာလည်း ပျောက်ကွယ်သွားလေသည်။

'လေ'သည် ဇာပုဝါအား ငေးမောကြည့်ယင်း လောကတခုလုံးအား မေ့လျော့နေသည်။ သူသည် လူတယောက်က ဧည့်ခန်းထဲသို့ဝင်လာတော့မှ သတိပြန်လည်ရလေတော့သည်။

*    *    *

ထိုလူသည် ပိုးထည်အင်္ကျီများကိုဝတ်ဆင်ထားပြီး သူ၏ခေါင်းပေါ်၌ မြို့စားကြီးများဆောင်းလေ့ရှိသော ဦးထုပ်ကို

ဆောင်းထားသည်။ သူ့မျက်နှာပေါ်၌ ပါးလွှာသော အနက်ရောင် ဇာပုဝါဖြူဖုံးအုပ်ထားလေသည်။

ယခု သူသည် လေ၏ ရှေ့တည့်တည့်ရှိ ကုလားထိုင်တလုံးပေါ်၌ ထိုင်နေသည်။ ထိုလူက သူ့အား ပြုံးပြလိုက်သည်။

'မင်းနာမည်က 'ငွေတုံးကြီး' ဆိုဟုတ်လား'

လေက မျက်တောင်ခတ်လိုက်ပြီး—

'ခင်ဗျားက ရဲတိုက်ပိုင်ရှင်နဲ့တူတယ်၊ ဟုတ်လား'

ထိုလူက အသာအယာ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်က ဗိုလ်မင်းရဲတိုက်ပိုင်ရှင်ပါ'

လေက သူ့အား စိုက်ကြည့်လိုက်ပြီး—

'ရဲတိုက်မှူးက ကျုပ်နာမည်ကိုသဘောမကျဘူးနဲ့ တူတယ်'

တုကျင်းအော့ ခေါင်းခါယမ်းလိုက်သည်။

'သဘောကျပါတယ်၊ မင်းနာမည်က ငွေတုံးကြီးပဲဖြစ်ဖြစ် ရွှေတုံးကြီးပဲဖြစ်ဖြစ် ကျုပ်နဲ့ဘာမှမဆိုင်ပါဘူး'

လေက လေပူတချက် မှုတ်ထုတ်လိုက်လေသည်။

'တော်သေးတာပေါ့ဗျာ၊ ရဲတိုက်မှူးက အခုလိုသဘောပေါက်တာ ကျုပ်ချီးကျူးပါတယ်'

တုကျင်းအော့က ပြုံးလိုက်သည်။

'မင်းက ငါ့ဆီကို ငွေလိုချင်လို့လာတာလား၊ ငါ့ကို ချီးကျူးဖို့ လာတာလား'

လေက ပြုံးလိုက်သည်။

ဝဏ္ဏထွန်းစာပေ



'အမှန်အတိုင်း ပြောရမယ်ဆိုယင် ကျုပ်ချီးကျူးလိုက်တာ ရဲတိုက်မှူးကို မဟုတ်ဘူးဗျ'

တုကျင်းအော့က ဒေါသမထွက်ပါ။

'ဆိုစမ်းပါအုံး၊ မင်းက ငါ့ကိုချီးကျူးနေတာ မဟုတ်ယင် ဘယ်သူ့ကို ချီးကျူးနေတာလဲ'

လေက သူ့နှာခေါင်းအား လက်ညှိုးဖြင့်ညွှန်ပြလိုက်သည်။

'လောကပေါ်မှာ ငွေတသောင်းရဖို့ကို တခဏလေးနဲ့ ရှာနိုင်တဲ့လူဟာ အတော်ရှားပါတယ်၊ ဒါပေမယ့် ကျုပ်ကတော့ ရှာနိုင်တယ်မဟုတ်လား'

တုကျင်းအော့က ခေါင်းညိတ်လိုက်သည်။

'မင်းပြောတာမှန်တယ်၊ ကျုပ်ကတောင် ဒီလောက်အချိန်တိုတိုကလေးမှာ ဒီလောက်ငွေကို မရှာနိုင်ခဲ့ဘူး၊ ခင်ဗျားရဲ့အရည်အချင်းဟာ ချီးကျူးဂုဏ်ပြုထိုက်ပါတယ်'

လေက မျက်မှောင်ကုပ်လိုက်သည်။

'ဟုတ်ကဲ့၊ တခု ဝမ်းနည်းစရာကောင်းတာက အခုအချိန်ထိ ကျုပ်က ငွေတသောင်းရဲ့အရိပ်ကိုတောင် မတွေ့ရသေးပါလားဗျ'

တုကျင်းအော့ကပြုံးလိုက်သည်။

'လွယ်ပါတယ်ဗျာ၊ ကျုပ်တို့လိုချင်တာက ဆင်းဟုန်တိပါ၊ ခင်ဗျားက သူ့ကို ပို့လိုက်တာနဲ့ မင်းလိုချင်နေတဲ့ ငွေတသောင်းကို ချက်ချင်းရသွားမှာပါ'

လေက ခေါင်းခါရမ်းလိုက်သည်။

ဝဏ္ဏထွန်းစာပေ

'အဲ့ဒီလိုတော့ မဖြစ်ဘူးဗျ'

တုကျင်းအော့က—

'ဒါဖြင့် လူကြီးမင်းက ဘယ်လိုစီစဉ်ထားပါသလဲ'

လေက သက်ပြင်းတချက်ချလိုက်သည်။

'ဒီလိုပါဗျာ၊ ခင်ဗျားဟာ ကိုယ့်မျက်နှာကိုတောင်ဖုံးထားတော့ ကျုပ်က သူ့ကိုလာပို့ဖို့ဆိုတာ စိတ်ဘယ်ချပါ့မလဲဗျာ'

တုကျင်းအော့က—

'ဒါဖြင့် လူကြီးမင်းက ဘယ်လိုလုပ်မှ စိတ်ချနိုင်မှာလဲ'

လေက အနည်းငယ်စဉ်းစားလိုက်သည်။

'ဒါဖြင့် ခင်ဗျားက ကျုပ်ကို ငွေတဝက် အယင်ပေးထားပါလားဗျာ'

တုကျင်းအော့က စဉ်းစားနေစဉ်မှာပင်၊ ရုတ်တရက် လူတယောက်၏အသံက ကျယ်လောင်စွာထွက်ပေါ်လာသည်။

'ဟေ့၊ မင်းက ဘာမို့လို့လဲ၊ ဗိုလ်မင်းရဲတိုက်ကို ဘယ်လိုနေရာမျိုး အောင်းမေ့နေလို့လဲ၊ မင်းက လူမလာပဲနဲ့ ငွေ (၁၀၀၀၀၀)တောင်အယင်တောင်းတာ မလွန်လွန်းဘူးလားကွ'

ထိုစကားနှင့်အတူ မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားသော လူတယောက်က အခန်းထဲသို့လှမ်းဝင်လာလေသည်။ ထိုလူသည် အသက်(၃၀)ကျော်ခန့်ရှိမည်ဟု ထင်ရသည်၊ အလွန် သန်မာထွားကြိုင်းသောလူဖြစ်သည်။

တုကျင်းအော့နှင့် ရှာဟူတိတ်တို့သည် ထိုလူအားဝင်ရောက်ဟန့်တားခြင်းမပြုပါချေ။

ဝဏ္ဏထွန်းစာပေ



လေက ပြုံးလိုက်သည်။ သူသည် ထိုလူ့ထံသို့လျှောက်သွားပြီး လက်(၂)ဘက်ဆုပ်ကာ အလေးပြုလိုက်လေသည်။

'ခင်ဗျားက ဗိုလ်မင်းရဲတိုက်ရဲ့ လက်ထောက် ရဲတိုက်မှူး 'ကောင်းစွန်းပေ့'မဟုတ်လား'

ထိုသူသည် 'လေ'က မိမိ၏အမည်ကို သိထားသည်ဟုကြားရသဖြင့် သူ၏မျက်နှာမှာ ကြည်ကြည်လင်လင် ဖြစ်လာလေသည်။

'ဟုတ်တယ်၊ ကျုပ်နာမည်က ကောင်းစွန်းပေ့ပဲ၊ မင်းက ဘယ်ကလဲကွ'

လေက ဦးညွှတ်လိုက်သည်။

'ကျုပ်ရဲ့နာမည်က ငွေတုံးကြီးပါ'

ကောင်းစွန်းပေ့မျက်နှာတွင် ဒေါသရောက်ထွက်လာသည်။

'မင်းက မဟုတ်မဟပ်တွေ လာပြောနေပြန်ပြီ'

လေက ပြုံးလိုက်သည်။

'ခင်ဗျားပြောတာ မဟုတ်သေးဘူးဗျ၊ ကျုပ်အခု ဒီကိုလာတာဟာ ငွေလိုချင်လို့လာတာပါ၊ ကျုပ်ရဲ့နာမည်ကိုလိမ်ပြောချင်လို့ လာတာမဟုတ်ပါဘူး'

ကောင်းစွန်းပေ့က ခေါင်းခါယမ်းလိုက်သည်။

'မင်းဖာသာမင်း ဘာကိစ္စနဲ့ပဲလာလာ၊ မင်းရဲ့ နာမည်ကို အမှန်အတိုင်း မပြောတာကိုက မင်းဟာ မရိုးသားဘူး ဆိုတာ ထင်ရှားနေပါတယ်'

လေက ပြုံးလိုက်သည်။

ဝဏ္ဏထွန်းစာပေ

'ခက်တာပဲဗျာ၊ ကျုပ်နာမည်အရင်းကို မပြောချင်လို့ တွေ့ကရာ နာမည်တခုကို ပြောပြလိုက်တာဟာ ဘာဖြစ်မှာမို့လဲ၊ နောက်ပြီး ဒီငွေရသွားပြီးယင် ခင်ဗျားတို့နဲ့ကျုပ်ဟာ ဘာမှ ဆက်သွယ်စရာ မလိုတော့ဘူး မဟုတ်လား၊ နာမည်အရင်း သိတော့ကော ဘာလုပ်မလို့လဲ'

ကောင်းစွန်းပေ့က ခါးထောက်လိုက်သည်။

'မင်းနာမည်ကို အမှန်အတိုင်းမပြောယင် မင်းလိုချင်တဲ့ ငွေလဲ မရဘူး၊ ဒီနေရာက ထွက်သွားလို့လဲ မရဘူး ဆိုတာ မှတ်ထားပါ'

လေက ရယ်မောလိုက်သည်။

'ခင်ဗျားသဘောက ကျုပ်ကို အကျပ်ကိုင်တယ်ဆိုပါတော့ ဟုတ်လား'

ကောင်းစွန်းပေ့က ခေါင်းညိတ်လိုက်သည်။

'မင်းနာမည်ကို အမှန်အတိုင်းမပြောယင် ကျုပ်နည်း ကျုပ်ဟန်နဲ့ ရအောင်မေးရမှာပဲ'

လေက ရယ်မောလိုက်သည်။

'ခင်ဗျား ပြောမှ ဆိုပုံကိုကြည့်ရတာ ကျုပ်ရဲ့ သိုင်းပညာကို စမ်းချင်တယ်နဲ့ တူတယ် ဟုတ်လား'

ကောင်းစွန်းပေ့က ရင်ကော့လိုက်သည်။

'ဒါပေါ့...ဒါပေါ့'

လေသည် ခါးစည်းကို တင်းတင်း ချည်ထားလိုက်သည်။





'ဒါဖြင့်ယင်လဲ ခင်ဗျားနဲ့ကျုပ် သိုင်းကွက်တကွက်(၂)ကွက်လောက် ကစားကြသေးတာပေါ့'

ကောင်းစွန်းပေ့သည် သူ့အပေါ်အင်္ကျီအား ချွတ်ချလိုက်သည်။

'ကဲ၊ ဒီလောက်ခေါင်းမာတဲ့လူ ကျုပ်လက်သီးတယ်လောက်မာတယ်ဆိုတာ သိသွားအောင် ပြရအုံးမှာပေါ့ကွာ'

လေကလည်း ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်လိုက်လေသည်။

'ခဏနေအုံး'

ရှာဟူတိတ်က ဟန့်တားလိုက်သည်။

လေက သူ့အားလှည့်ကြည့်လိုက်သည်။

'ခင်ဗျားက ဘာလုပ်အုံးမလို့လဲဗျ'

ရှာဟူတိတ်က ပြုံးလိုက်ည်။

'ဘာမှ မလုပ်ပါဘူးဗျာ၊ ခင်ဗျားတို့ နှစ်ယောက် အခုလို ယှဉ်ပြိုင်တာဟာ တခုခုတော့ လောင်းကြေးလုပ်မှ အဓိပ္ပာယ်ရှိမှာပေါ့'

လေက ခေါင်းညိတ်လိုက်သည်။

'ကောင်းတယ်၊ ကျုပ်သဘောတူတယ်'

ရှာဟူတိတ်က လေအား လက်ညှိုးညွှန်၍—

'ခင်ဗျားက သူ့ကိုနိုင်ယင် ဘယ်လိုလုပ်မလဲ'

ကောင်းစွန်းပေ့ မျက်လုံးအစွန်တွင် ဒေါသ အရိပ်အယောင်များ ထွက်လာသည်။

'မင်းက ဘာတွေပြောနေတာလဲ၊ သူက ကျုပ်ကို နိုင်မယ် ထင်လို့လား'

ရှာဟူတိတ်က ပြုံးလိုက်သည်။

'တကယ်လို့ နိုင်သွားခဲ့ယင် ပြောတာပါ'

ကောင်းစွန်းပေ့ကဒေါသအမျက်ချောင်းချောင်းထွက်လာသည်။

'သူက ကျုပ်ကို နိုင်သွားခဲ့ယင် ကျုပ်ရဲ့ ရဲတိုက် လက်ထောက်မှူးနေရာကို သူ့ကိုပေးလိုက်မယ်၊ မင်းကျေနပ်ပြီလား'

လေက ထိတ်ထိတ်ပြာပြာ ဖြစ်သွားသည်။

'ဟော့ ...ဟော့ ... အချင်းချင်းတွေပဲ၊ ဒီလိုမလုပ်ကြပါနဲ့ဗျာ'

ရှာဟူတိတ်က ကောက်ကျစ်စဉ်းလဲစွာဖြင့် ပြုံးလိုက်ပြီး—

'လက်ထောက်ရဲတိုက်မှူး ဆုံးဖြတ်တာ မှန်ကန်ပါတယ်ဗျာ၊ ခင်ဗျားသာ သူ့ကို နိုင်အောင်တိုက်ခဲ့ယင် သူ့နေရာကိုခင်ဗျားက လက်ခံရမှာပေါ့'

ကောင်းစွန်းပေ့သည် ရှာဟူတိတ်အား အစိမ်းလိုက် ဝါးစားမတတ် စိုက်ကြည့်နေ၏။ သူတို့နှစ်ယောက်သည် တယောက်နှင့်တယောက် လုံးဝမတည့်သည်မှာ ထင်ရှားလှပေသည်။

လေက ခေါင်းခါယမ်းလိုက်သည်။

'ဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ ရာထူးဆိုတာက ကိုက်စားလို့ရတာမှ မဟုတ်ပဲ၊ ကျုပ်မလိုချင်ပါဘူး'

ကောင်းစွန်းပေ့က သူ့အား ဒေါသကြီးစွာဖြင့် ကြည့်လိုက်သည်။





'ဟော့— မင်းက လက်ထောက်ရဲတိုက်မှူး ဆိုတာကို ဘာများအောက်မေ့နေလို့လဲကွ'

လေက လက်ကာပြလိုက်လေသည်။

'ဒါတွေကို ကျုပ်မလိုချင်ပါဘူးဗျာ၊ ကျုပ် စိတ်အဝင်စားဆုံးဟာ ငွေတသောင်းပါပဲ'

သူသည် ပြောယင်း တုကျုင်းအောင့်ဘက်သို့ ကြည့်လိုက်သည်။

* * *

ရဲတိုက်မှူး တုကျုင်းအောင့်၏ စကားကိုကြားလိုက်ရသောအခါ လေက ဝမ်းသာသွားလေသည်။ တုကျုင်းအောင့် ပြောလိုက်သည့်စကားမှာ—

'ခင်ဗျားက သူ့ကိုနိုင်ခဲ့ယင် ငွေ (၁၀၀၀၀) ပေးလိုက်မယ်၊ လက်ထောက်ရဲတိုက်မှူးနေရာကို လိုချင်မှလက်ခံပါ'

လေက ပြုံးလိုက်သည်။

'ခင်ဗျားစကား တည်ပါစေနော်'

တုကျုင်းအောင့်က ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ၊ ကျုပ်က ကတိတည်ပါတယ်'

ထိုစဉ်မှာပင် ကောင်းစွန်းပေ့၏ အသံက ဟိန်းထွက်လာသည်။

'သတိထားဟေ့ ... ကျုပ်လက်သီးလာပြီ'

သူ့စကားနှင့်အတူ လက်သီးတလုံးသည် လေ'၏ မျက်နှာရှိရာသို့ ပစ်သွင်းလာလေသည်။ သူ၏လှုပ်ရှားပုံအား တွေ့မြင်လိုက်ရသည်နှင့် ကောင်းစွန်းပေ့သည် ပေါ့ပေါ့တန်တန်ထား၍ မဖြစ်မှန်း လေက သိရှိလိုက်လေသည်။

* * *

ကောင်းစွန်းပေ့၏ တိုက်ခိုက်မှုမှာ အလွန်လျင်မြန် ထက်မြက်လှပေသည်။ သူ၏ခန္ဓာကိုယ်သည် အလွန်သန်မာ ထွားကြိုင်းနေသဖြင့် သူ၏လှုပ်ရှားမှုမှ လေးလံထိုင်းမှိုင်းနေသည်ဟု ထင်ရလေသည်။

သို့သော် တကယ်တိုက်ခိုက်လိုက်သောအခါ သူ၏လှုပ်ရှားမှုမှာ အလွန်သွက်လက် ပေါ့ပါးနေသည်ကို တွေ့ရလေသည်။

တဒင်္ဂအချိန်အတွင်းမှာပင် သူ၏ လက်ဝါးဖြင့်၎င်း၊ လက်သီးဖြင့်၎င်း (၁၈) ကြိမ်တိတိ တိုက်ခိုက်ခဲ့လေသည်။ သူ၏သိုင်းကွက်များမှာ အလွန်ထက်မြက်ပြီး သူတိုက်ခိုက်မှုမှာ အားမာန်အပြည့် ရှိနေသည်။

အမှန်အတိုင်းပြောရလျှင် ကောင်းစွန်းပေ့သည် နယ်နယ်ရရ သိုင်းသမားတယောက် မဟုတ်ချေ။ တော်ရုံ တန်ရုံ လူတယောက်ဆိုလျှင် သူ၏သိုင်းကွက်(၁၀)ကွက်မျှနှင့်ပင် လဲကျသေဆုံးသွားမည် ဖြစ်သည်။





သို့သော် လေက အေးဆေးစွာဖြင့် သူ၏ တိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်ခဲ့လေသည်။ ကောင်းစွန်းပေ့၏ ပြင်းပြင်းထန်ထန် တိုက်ခိုက်သည့်ကြားမှ သူသည် နာမည်နှင့်လိုက်အောင်ပင် လေများပမာ ဝေ့ယမ်းရှောင်တိမ်းနေသည်။

ကောင်းစွန်းပေ့က အနည်းငယ် ရင်ထိတ်လာသည်။ သူ တိုက်ခိုက်နေသောသူသည် လေကဲ့သို့ ဝေ့ယမ်း လှုပ်ရှားနေသဖြင့် သူသည် တိုက်ကွက်မည်မျှ ပြင်းထန်စွာနှင့်မတိုက်ခိုက်နိုင်သေးပါချေ။ သို့သော် သူသည် လေအား အနိုင်တိုက်ခိုက်ရမည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် နှစ်ပေါင်းများစွာက လေ့ကျင့်ထားသော အတွင်းအားများကို အသုံးပြုကာ မာန်ဟုန် ပြင်းထန်စွာဖြင့် တိုက်ခိုက်လိုက်လေသည်။

ဤတကြိမ်တွင် သူသည် ငွေတုံးကြီးအား အလဲထိုးနိုင်မည်ဟု ယုံကြည်သည်။ သူ့လက်ဝါးနှစ်ဘက်တွင် အတွင်းအားများကို အပြည့်အဝ စုစည်းလိုက်ပြီး လေအား တိုက်ခိုက်လိုက်လေသည်။

လေ၏ ခန္ဓာကိုယ်သည် ရုတ်တရက် ရပ်တန့်သွားသည်။ သူ၏ လက်တဘက်ကိုလည်း ဆန့်ထုတ်လိုက်ပြီး ကောင်းစွန်းပေ့၏ လက်ဝါးတဘက်သို့ တွန်းထုတ်လိုက်လေသည်။

'ဝုန်း'

လက်ဝါးနှစ်ခု ထိတွေ့လိုက်သည်နှင့် ကောင်းစွန်းပေ့၏ ကြီးမားသော ခန္ဓာကိုယ်သည် ရပ်တည်နေနိုင်ခြင်းမရှိတော့ပဲ နောက်သို့ လွင့်စင် လဲကျသွားလေသည်။

လေမှာမူ နဖူးပေါ်မှ ချွေးများ အနည်းငယ် ထွက်လာသည်မှအပ အေးဆေးစွာဖြင့် ရပ်နေနိုင်သည်ကို တွေ့ရလေသည်။ လေသည် ပြုံးဖြဲဖြဲဖြင့်—

'ဟဲ…ဟဲ… အခုလို လက်ထောက်ရဲတိုက်မှူးက ကျုပ်ကို ညာလိုက်တာကို ကျုပ်က အများကြီး ကျေးဇူးတင်ပါတယ်ဗျာ'

ကောင်းစွန်းပေ့က ဒေါသ ကြီးစွာဖြင့် သူ့ခေါင်းမှ ဦးထုပ်အား ချွတ်လိုက်ပြီး မြေပေါ်သို့ တအားပစ်ချလိုက်လေသည်။

'ဟေ့… မင်းကနိုင်ယင်နိုင်တယ်ပေါ့၊ဘာခနဲ့စရာလိုလို့လဲ၊ ကျုပ်ရှုံးပြီ ကျုပ်ရဲ့လက်ထောက် ရဲတိုက်မှူးနေရာ မင်းကို ပေးလိုက်ပြီ'

သူသည် တုကျင်းအော့ဘက်သို့ လှည့်လိုက်သည်။

'ကဲ— အစ်ကိုကြီး၊ အခုချိန်ကစပြီး ကျုပ်တာဝန်အားလုံးကို ပြန်အပ်လိုက်ပြီ၊ ကျုပ်ကို နှစ်ပေါင်းများစွာ ကြည့်ရှုစောင့်ရှောက်ထားတာကို ကျုပ်က ဘယ်တော့မှကျေးဇူးမမေ့ပါဘူးဗျာ'

သူသည် ထိုသို့ပြောပြီးသည်နှင့် ချာကနဲလှည့်ကာ ထွက်သွားမည် အပြုတွင် တုကျင်းအော့က ထိုင်ရာမှ ဆတ်ကနဲထလိုက်သည်။

ဟေ့— ကောင်းစွန်းပေ့ မင်းမသွားနဲ့'





ကောင်းစွန်းပေ့သည် တုကျင်းအော့၏စကားကို မကြားလိုက်ရသည့်အလား၊ ထိုနေရာမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

* * *

တုကျင်းအော့သည် ထွက်ခွာသွားသော ကောင်းစွန်းပေ့ နောက်ကျောအား ကြည့်ကာ သုံးသပ်ချက်ချပြီး ပြန်လည်ထိုင်ချလိုက်လေသည်။ ရှာဟူတိတ်ကလည်း သက်ပြင်းရှည်တချက် ချလိုက်သည်။

'အင်း… ကိုယ့်ကိုယ်ကို မာနထောင်နေတော့လဲ ဒီလိုပဲခံရမှာပေါ့၊ ဘယ်တတ်နိုင်ပါ့မလဲ'

သူသည် လေဘက်သို့ လှည့်လိုက်ပြီး—

'မင်းရဲ့သတ္တိကိုတော့ ကျုပ် လေးစားပါတယ်ခင်ဗျာ၊ ဒါကြောင့် ဒီရဲတိုက်ရဲ့ လက်ထောက်မှူးနေရာကို ခင်ဗျားဆက်ခံပါလို့ ကျုပ်က မေတ္တာရပ်ခံပါတယ်'

လေက ပြုံးလိုက်သည်။

'ကျုပ် ပြောပြီးပါပကော၊ ကျုပ်စိတ်ဝင်စားတာက ငွေပါပဲ၊ လက်ထောက်ရဲတိုက်မှူး နေရာကတော့ ဟဲ—ဟဲ'

တုကျင်းအော့ လက်ခုပ်တချက်တီးလိုက်လေသည်။အစေခံနှစ်ယောက်က အခန်းထဲသို့ လှမ်းဝင်လာလေသည်။ တုကျင်းအော့က—

'ဒီ သူရဲကောင်းအတွက် မြင်းတကောင် အသင့်ပြင်ထားလိုက်ပါ'

'ဟုတ်ကဲ့'

အစေခံများသည် တုကျင်းအော့ကိုအလေးပြုကာ အခန်းတွင်းမှ ထွက်သွားလေတော့သည်။

တုကျင်းအော့က နောက်ထပ်လက်ခုပ်တချက် တီးလိုက်ပြီး—

'ဟေ့— ငွေကိုင်လင်းစုံကို ခေါ်လိုက်စမ်း'

ဟု ပြောလိုက်ရာ မကြာပါချေ။ အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော အဘိုးအိုတယောက်သည် အစေခံနှစ်ယောက်ခြံရံလျက် အခန်းထဲသို့ ရောက်ရှိလာလေသည်။

ထိုအဘိုးအိုမှာ ငွေကိုင်လင်းစုပင် ဖြစ်သည်။ တုကျင်းအော့က ထိုငွေကိုင်လင်းစုအား အေးတိအေးစက်သောအသံဖြင့်—

'ဟောဒီ သူရဲကောင်းရဲ့ နာမည်က ငွေတုံးကြီးလို့ ခေါ်တယ်၊ တို့ကြေငြာထုတ်ထားတဲ့ ဆုငွေ(၁၀၀၀၀)ကို သူ့ကို ပေးလိုက်ပါ'

လင်းစုက မည်သည့်စကားမျှ မပြောတော့ပဲ ခေါင်းညိတ်ပြလိုက်သည်။ တုကျင်းအော့က လေဘက်သို့ လှည့်လိုက်သည်။

'ခင်ဗျားက ငွေသားချည်းပဲယူမလား၊ ဒါမှမဟုတ်ငွေလက်မှတ်ပဲ ယူမလား'

လေက ပြုံးလိုက်သည်။

'ငွေကို နေရာမရွေးပဲ လဲနိုင်မယ်ဆိုယင်တော့ ငွေလက်မှတ်ပေးလိုက်ယင်လဲ ဖြစ်ပါတယ်။





လေ၏စကားကြောင့် လင်းစု၏မျက်နှာသည် ခက်ထန်သွားသည်။

'ဟေ့..... ကျုပ်တို့ရဲ့ ရဲတိုက်က ထုတ်လိုက်တဲ့ငွေလက်မှတ်ဆိုယင် မင်းကြီးကတဲ့နေရာမှာ ငွေထုတ်ယူနိုင်တယ်ဗျ'

လေက ပြုံးလိုက်သည်။

'ဒါဖြင့်ယင် ကောင်းဒါပေါ့လေ'

တုကျင်းအော့က—

'ကဲ၊ ခင်ဗျား အခု ငွေကိုင်နောက်လိုက်ပြီး ငွေတသောင်းထုတ်ယူသွားပါ'

လေက ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'ကျုပ်က ငွေ(၅၀၀၀)ကိုပဲ အယင်လိုချင်တာဗျ'

တုကျင်းအော့က ရယ်မောလိုက်သည်။

'အို.... တစ်သောင်းပေးတော့ကော ခင်ဗျားမှာ ဘာဖြစ်သွားမှာတဲ့လဲ၊ ခင်ဗျားကသာ ကျုပ်တို့ရဲ့ ဗိုလ်မင်းရဲတိုက်မှာ လက်ထောက်ရဲတိုက်မှူး နေရာကို လက်ခံမယ်ဆိုယင် ဒီငွေလောက်တော့ ဘာမှ ဖြစ်မှာ မဟုတ်ပါဘူး'

လေ၏မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွားလေသည်။

'ဗိုလ်မင်းရဲတိုက် ဟာရွှေတွင်းငွေတွင်းနဲ့မခြားချမ်းသာတယ်လို့ ကျုပ်က ကြားခဲ့ဖူးပါတယ်၊ ဒါပေမယ့် အခုမှပဲဒီစကားကို ယုံတယ်ဗျ'

တုကျင်းအော့က လက်တချက် ဝှေ့ယမ်းလိုက်သည်။

'ရွှေ၊ ငွေ၊ ရတနာတွေကို ကျုပ် အထင်မကြီးပါဘူးဗျာ၊ ခင်ဗျားကသာ ငွေမက်တဲ့လူဆိုယင်တော့ ဒီနေရာဟာခင်ဗျားနဲ့ အသင့်တော်ဆုံးနေရာ ဖြစ်တယ်ဆိုတာ မှတ်ထားပါ'

လေက ရယ်မောလိုက်သည်။ သူ၏ ပြုံးနေသော မျက်နှာဟန်မူယာမှာ အလွန် ကောက်ကျစ် စဉ်းလဲသော မြေခွေးတကောင်နှင့် တူလှပေသည်။

* * *

(၉)

ယခု လေ၏အိတ်ထဲမှာ ငွေလက်မှတ်(၁၀)ရွက်ရှိနေသည့်အတွက် ယင်း ငွေလက်မှတ်(၁၀)ရွက်မှာငွေသားတစ်သောင်းကို အချိန်မရွေး၊ နေရာမရွေး လဲလှယ်နိုင်သဖြင့် လေ၏တကိုယ်လုံးသည် တိမ်တိုက်ထဲတွင် ရောက်ရှိနေသည့် အလားပေါ့ပါးသွက်လက်၍နေလေသည်။

သို့သော် သူလှမ်းနေသော ခြေလှမ်းများမှာ လေးလေးလံလံရှိနေ၏။ ငွေမက်သောလူတယောက်သည် အသက်ထက်ငွေကို ပို၍ မြတ်နိုးတတ်သည်မဟုတ်ပါလော။

လေ၏ ပုံဟန်ကိုကြည့်လိုက်သည်နှင့် လောဘရမ္မက် အလွန်ကြီးသောလူတယောက်၏ ပုံဟန်မျိုး ဖြစ်ပေါ်နေသည်မဟုတ်ပါလော။





လင်းစုသည် ငွေလဲလက်မှတ်(၁၀)စောင်ကို လေအားပေးလိုက်ရသောအခါ သူ၏မျက်လုံးအစုံသည် ဝင်းလက်တောက်ပလာလေသည်။ သူသည် လေက ငွေတစ်သောင်းရရှိသွားသည်ကို မနာလိုဝန်တိုနေ၍လော။

သို့မဟုတ် လိုချင်သောဆန္ဒများ ဖြစ်ပေါ်လာနေ၍လော၊ သူကိုယ်တိုင်သာသိမည်သာဖြစ်သည်။

လင်းစုသည် ငွေကြေးမရေမတွက်နိုင်လောက်အောင် ကိုင်တွယ်နေရသော လူတယောက်ပင်ဖြစ်သည်။ သူ၏ လက်ထဲတွင် နေ့စဉ်နှင့်အမျှ ထောင်သောင်းသောငွေများကို ကိုင်တွယ်နေရသည်။

သို့သော် ယင်းငွေများသည် သူပိုင်ဆိုင်သောငွေများမဟုတ်ပါ။ သူသည် ဗိုလ်မင်းရဲတိုက်တွင် အနှစ်(၃၀)အထိ လုပ်လာသည့်တိုင်အောင် ငွေတစ်သောင်း ရရှိနိုင်ရန်မှာ မလွယ်ကူလှပါချေ။

လေကလည်း ရက်ရောသောလူတယောက်ဖြစ်နေပါသဖြင့် လေက လင်းစုအား ၁၀ တန်ငွေတုံးကလေး တတုံးကို ပေးလိုက်လေသည်။ လင်းစုက ယင်း ငွေများကို ရရှိလိုက်သော်လည်း လေအားကျေးဇူးတင်သည့်အရိပ်အယောင်မျှပင်မရှိပါ။

ဤသည်မှာ သူ့အား အပြစ်တင်ရန် မသင့်ပါ၊ ဥပမာ– သင်သည် လမ်းလျှောက်သွားသောအခါတွင် သင့်ရှေ့မှ လူတယောက်က ငွေတစ်ထောင်ကောက်ရပြီး သင့်အား ငွေတစ်ကျပ်ပေးလျှင် သင်က ထိုလူအား ကျေးဇူးတင်စကားပြောပါမည်လော။

သင်ကရော ကျေနပ်ပါမည်လော။ အချို့သူများကတော့ ကျေနပ်ချင် ကျေနပ်ပါလိမ့်မည်၊ သို့သော် လင်းစုက ယင်းလူ အမျိုးအစားမဟုတ်ပါ။

သို့သော်လည်း ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ ငွေတုံးကြီးအပေါ်၌ အပြစ်မဆိုဝံ့ပါ။ အကြောင်းမှာ ယင်းငွေတုံးကြီးသည် တနေ့နေ့ တချိန်ချိန်တွင် ဗိုလ်မင်းရဲတိုက်၏ လက်ထောက်ရဲတိုက်မှူးတယောက် ဖြစ်လာကောင်း ဖြစ်လာလိမ့်မည် မဟုတ်ပါလော။

* * *

တုကျင်းအော့သည် မြင်းကို အသင့်ပြင်ခိုင်းလိုက်လေသည်။ ယခု မြင်းပါမက မြင်းလှည်းကိုပင် အသင့်ပြင်ထားပြီးဖြစ်လေသည်။ ယင်းမြင်းလှည်းသည် အလွန် ခန့်ငြား ကြီးကျယ်ပြီး မြင်းလေးကောင်ဖြင့်ဆွဲရသော မြင်းလှည်းတစင်းပင် ဖြစ်လေသည်။

အိတ်ထဲတွင် ငွေတစ်သောင်းတန် ငွေလက်မှတ်များ ရှိနေသော လူတယောက်သည် ဤကဲ့သို့မြင်းလှည်းမျိုးကို စီးသင့်စီးထိုက်သည်မဟုတ်ပါလော။

ထို့ကြောင့် လေသည် အနည်းငယ်မျှအံ့သြသွားခြင်း မရှိပါချေ။ သို့သော် သူသည် မြင်းလှည်းထဲသို့လှမ်းဝင်လိုက်သော





အခါတွင် သူ၏ မျက်လုံးအစုံသည် ပြူးကျယ်၍သွားလေတော့သည်။

* * *

(၁၀)

မြင်းလှည်း၏အခန်းသည် အထူးပြုပြင်မွမ်းမံထားသဖြင့်သပ်ယပ်နေလေသည်။ အနီရောင် ဖင်ထိုင်ခုံများနှင့် မြင်းလှည်း၏ဘေးဖက်တွင် အနီရောင်ပုဝါများဖြင့် ကာထားသည်။ ခြေနင်းမှာလည်း အနီရောင်ကော်ဇောများကို ခင်းထားပြီး မြင်းလှည်း၏ တဖက်တချက်တွင် အနီရောင် မီးအိမ်များကို ချိတ်ဆွဲထားလေသည်။

ထိုင်ခုံ၏ရှေ့တွင် စားပွဲတလုံးရှိသည်။ စားပွဲပေါ်၌ အကောင်းဆုံးကြေးဖြင့်ပြုလုပ်ထားသော အရက်ခွက်များ၊အရက်ခရားတခုနှင့် စားသောက်ဖွယ်ရာများက အသင့်ရှိနေ၏။ ဤပစ္စည်းများသည် မည်သူမဆို မက်မောမိမည်မှာ မလွဲပေ။ မြင်းလှည်းထဲ၌ ယင်းကဲ့သို့ ခမ်းခမ်းနားနား ပြုပြင်ထားသည်ကို တွေ့ရသဖြင့် မည်သူမဆို အံ့သြမိမည်မှာ မလွဲပေ။

သို့သော် လေက ယင်းပြုပြင်ထားသော အဆောင်အယောင်များအပေါ်တွင် အံ့သြနေခြင်းမဟုတ်ပါချေ။

သူ အံ့ဩနေသည့်အကြောင်းရင်းမှာ သူ၏ ရှေ့ထိုင်ခုံပေါ်၌ မိန်းကလေးတယောက် ခွေခွေလေး အိပ်ပျော်နေသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်လေသည်။ ယင်းမိန်းကလေးသည် သူ့အား သီဆိုဖျော်ဖြေခဲ့သော မိန်းကလေးပင် ဖြစ်နေလေသည်။

* * *

မြင်းလှည်း၏ ဘီးများသည် စတင် ရွေ့လျားနေပြီ ဖြစ်သည်။ သို့သော် မြင်းလှည်းအတွင်း၌ စီးနင်း လိုက်ပါလာကြသော လူများအဖို့ လှုပ်ခါသွားခြင်းလုံးဝမရှိပါချေ။ ဤမြင်းလှည်းသည် အထူးပြုပြင်မွမ်းမံထားသည့် မြင်းလှည်း တစင်း ဖြစ်သည်မှာ မလွဲပါချေ။

ဤမြင်းလှည်းပေါ်၌ စီးနင်းလိုက်ပါနေလျှင် အမောအပန်း ဖြေနိုင်သည့် အခြေအနေတွင် ရှိနေသည် မဟုတ်ပါလော။

ထို့ကြောင့် ယင်းမြင်းလှည်းဖြင့်စီးနင်းလိုက်ပါသွားပါလျှင် ကောင်းစွာ အိပ်ပျော်သွားနိုင်မည်မှာ မလွဲပါချေ။

သို့သော် ယခုမှာမူ လေက သုံးညတိုင်တိုင် အိပ်ပျက်ထားသည့်တိုင်အောင် အိပ်၍ရမည်မဟုတ်ပါချေ။ သူသည် သူမအား တချိန်လုံးငေး၍သာကြည့်နေလေသည်။ သူ၏ပုံဟန်မှာ ဘဲငန်း တကောင်က ရွှေဥများဥလိုက်သည့်အလား ငေးငိုင်နေသည့် ပုံနှင့် တူလှပေသည်။





သူသည် ရှေ့မှ မိန်းကလေးအားကြည့်ယင်း နေမထိ ထိုင်မထိ ဖြစ်လာသည်။ အမှတ်မထင် သူထိုင်ရာမှ ဆတ်ကနဲ ထလိုက်လေသည်။ သူ မတ်တပ်ရပ်လိုက်သောအခါတွင် သူ၏ ဝယ်ထိပ်သည် မြင်းလှည်း၏ ခေါင်မိုးနှင့်တိုက်မိသွားသဖြင့် သူသည် ပြန်လည်၍ ထိုင်ချလိုက်ရလေသည်။

စောစောက အိပ်နေသော မိန်းကလေးက ပြုံးလိုက်လေသည်။ သူမသည် ပြုံးရုံသာ ပြုံးလိုက်သည်။ လေအား စကား မပြောပါချေ။ လေကလည်း ထိုမိန်းကလေးအား စကား မပြောပဲ ကြောင်တောင်တောင်ဖြင့် မြင်းလှည်း ခေါ်ဆောင်ရာသို့ စီးနင်းလိုက်ပါသွားရလေသည်။

* * *

မြင်းလှည်းသည် လမ်းမပေါ်တွင် ပုံမှန်အတိုင်း မောင်းနှင်နေ၏။ လေသည် မြင်းလှည်းမောင်းသမားက မည်သူမည်ဝါ ဖြစ်သည်ကို မသိပါချေ။

ဤမြင်းလှည်းသည် မည်သည့်နေရာသို့ သွားရောက်မည်ကိုလည်း မသိပါ။ ပို၍ဆိုးဝါးသည်မှာ သူသည် မြ်းလှည်းမောင်းသမားအား မည်သည့်နေရာသို့မောင်းပါဟုပင် မပြောနိုင်သောကြောင့် ဖြစ်လေသည်။

သူသည် အတန်ကြာ မိန်းကလေးအား ငေးကြည့်လိုက်ပြီး မှ ပထမဆုံးအကြိမ် ကျောင်းတက်နေရသည့် ကျောင်းသားတယောက်က သူ၏ဆရာအား မဝံ့မရဲဖြင့် မေးလိုက်သောလေသံမျိုးဖြင့်—

'မင်း...မင်းနာမည် ဘယ်လိုခေါ်သလဲ'

သူမက မျက်လွှာချထားလိုက်လေသည်။ သူမ၏နီရဲပြီး ပါးလွှာနေသော နှုတ်ခမ်းမှ သာယာချိုလွင်သောအသံစဉ် ထွက်ပေါ်လာသည်။

'ကျွန်မ နာမည် ဆွေ့ဖျောင်းပါ'

လေက ထိုအမည်အား ကြားလိုက်ရသောအခါ အံ့အားသင့်သွားလေသည်။

'ဗျာ...ဆွေ့ဖျောင်း ဟုတ်လား'

မိန်းကလေးက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့'

လေက ပုခုံးတချက်တွန့်လိုက်သည်။

'ဒီနာမည်က သိပ်လှတာပဲ၊ အနည်းဆုံး ကျုပ်နာမည်ထက် အဆတရာပိုလှတယ်'

မိန်းကလေးက—

'ရှင့်နာမည်ကကော'

လေက ပြုံးလိုက်လေသည်။

'ငွေ့တုံးကြီး ပါ'

မိန်းကလေးက လေအားကြည့်ကာ ပြုံးလိုက်သည်။





'ကောင်းပါတယ်ရှင်၊ နာမည်မရှိတာထက်စာယင် တော်သေးတာပေါ့'

လေက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'မင်းက...'

ဆွေ့ဖျောင်း၏မျက်နှာ ညှိုးငယ်လာသည်။ သူမသည် သက်ပြင်းတချက် ချလိုက်သည်။

'ကျွန်မဟာ မိဘမဲ့ကလေးတယောက်ပါ၊ ဒါကြောင့်ကျွန်မနာမည်ဟာလဲ သူများကပေးထားတဲ့ နာမည်ပါ၊ ကိုယ့်နာမည်အရင်း ဘယ်လိုခေါ်ဆိုတာတောင် မသိပါဘူးရှင်'

လေက တိတ်ဆိတ်နေလိုက်သည်။ ဆွေ့ဖျောင်းကလည်း မည်သည်စကားမျှ မပြောကြတော့ပဲ ပါးစပ်ပိတ်ထားလိုက်သည်။ ဝန်းကျင်တခုလုံးသည် ပြန်လည် တိတ်ဆိတ်သွားလေသည်။

ရုတ်တရက် လေက မိန်းကလေး၏လက်မောင်းအား ဆုပ်ကိုင်ထားလိုက်သည်။

'မင်းက ဘယ်သူလဲ'

မိန်းကလေးက—

'ကျွန်မက ကချေသည်တယောက်ပါ'

လေက မိန်းကလေး၏လက်မောင်းကို လှုပ်ရမ်းလိုက်လေသည်။

'မင်းကို ဘယ်သူကလာခိုင်းတာလဲ'

မိန်းကလေးက လေအား တချက်ကြည့်လိုက်သည်။

'ရဲတိုက်မှူးပါရှင်'

ဆော့ဖျောင်းသည် ခေါင်းငုံ့ထားလိုက်သည်။

'သူက— ရှင် ကျွန်မကိုနှစ်သက်ရမယ်လို့ထင်ပြီး အခုလို…' လေသည် သက်ပြင်းတချက် ချလိုက်လေသည်။

'အင်း—မင်းတို့ရဲတိုက်မှူးဟာ ငါ့အပေါ်မှာ ဘာကြောင့် ဒါလောက်တောင် လိုက်လျောနေရတာပါလိမ့်'

* * *

မြင်းလှည်းသည် မှန်မှန်မောင်းနှင်သွားနေသည်။ မြင်းလှည်းရပ်တန့်လိုက်သောအခါတွင် ဝန်းကျင်တခုလုံးမှာ မှောင်မည်းသွားပြီ ဖြစ်လေသည်။ အဆက်မပြတ် သဲ့သဲ့မဲ့မဲ့ ရွာနေသော မိုးများသည် လုံးဝ ရပ်စဲသွားပြီး ဖြစ်သည်။

မနက်ဖြန်…

မနက်ဖြန်ဆိုလျှင် ရာသီဥတုမှာ သာသာယာယာ ရှိနိုင်မည်ဟု ယူဆရသည် မဟုတ်ပါလော။

* * *





(၁၁)

နေ့ခက်တနေ့—

ရာသီဥတုသည် သာသာယာယာ ရှိလှပေသည်။ လေသည် အိပ်နေရာမှ မျက်လုံးဖွင့်လိုက်သည်နှင့် စူးရှတောက်ပနေသော နေရောင်ခြည်သည် ပြူတင်းပေါက်မှတဆင့် သူ၏မျက်နှာပေါ်သို့ ထိုးကျနေသည်ကို တွေ့မြင်လိုက်ရလေသည်။

မနေ့ညက သူတို့သည် မြင်းလှည်းထဲ၌မအိပ်ကြပါ။ သူတို့သည် ခြံဝင်းတခုထဲသို့ရောက်ရှိလာပြီး အလွန် ခမ်းနား လှပသော အိမ်တလုံးထဲသို့ ရောက်ရှိလာကြသည်ဟု သူမှတ်မိလိုက်လေသည်။

ယခု သူ၏ကုတင်ရှေ့တွင် အိမ်ဖော်များသည် အစီအရီ ရပ်ကာ သူပြောမည့်စကားများကို နားစွင့်နေကြသည် မဟုတ်ပါလော။ သူသည် အိပ်ယာမှထလိုက်လေသည်။

ထို့နောက် သူသည်အခန်းပြူတင်းပေါက်အား တွန်း ဖွင့်လိုက်ပြီး ဝန်းကျင်တခုလုံးသို့ အကဲခတ်ကြည့်လိုက်လေသည်။

ဤနေရာသည် မည်သည့်နေရာဖြစ်သည်ကို သူမသိပါချေ။ ထို့ကြောင့် သူသည် အလွန်သိချင်သော စိတ်ဆန္ဒ ဖြစ်ပေါ်လာလေသည်။

'ဒီမှာ အခုတို့ရောက်နေတာ ဘယ်နေရာလဲကွ'

သူက အိမ်ဖော်တယောက်အား စိုက်ကြည့်၍မေးလိုက်ခြင်း ဖြစ်သည်။ အိမ်ဖော်တယောက်က ဦးညွတ်လိုက်ပြီး—

'ဒီနေရာဟာ အယင်ကတော့ ခရမ်းရောင်ခြံဝင်းလို့ ခေါ်ပါတယ်ဗျာ၊ အခုတော့ 'ကောင်း'ဂေဟာလို့ခေါ်ကြပါတယ်'

လေက မျက်မှောင်ကုပ်သွားသည်။

'ဒါဖြင့်ယင် ဒီနေရာဟာ ကောင်းစွန်းပေ့ရဲ့ နေရာမဟုတ်လား'

အိမ်ဖော်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့် သူကမရှိတော့ပါဘူး'

လေက မျက်မှောင်ကုပ်သွားပြန်သည်။

'ဒါဖြင့် သူဘယ်ရောက်သွားသလဲ'

အိမ်ဖော်က—

'သူဘယ်ရောက်သွားတယ်ဆိုတာ အရေးမကြီးပါဘူး၊ လောလောဆယ် အရေးကြီးတာက အခုချိန်ကစပြီး ခင်ဗျားဟာ ဒီနေရာကို ပိုင်ဆိုင်သွားပြီဆိုတာကို ရဲတိုက်မှူးရဲ့အမိန့် ရောက်ရှိလာပါပြီခင်ဗျာ'

လေက ရယ်မောလိုက်သည်။

'ဒါဖြင့် ဒီဂေဟာကို အခုချိန်ကစပြီး ငွေတုံးကြီးဂေဟာလို့ ခေါ်လိုက်ပေါ့ဟုတ်လား'

* * *

ငွေတစ်သောင်း ဟူသောစာန်ဖိုးသည် နည်းသော ငွေကြေး မဟုတ်ပါချေ။ ထို့ကြောင့် ငွေတစ်သောင်းသည် လူသားများ၏





လောဘစိတ်များကို လှုံ့ဆော်ပေးနိုင်သော ငွေကြေး ဖြစ်သည်။

သို့သော် ရာထူး အာဏာသည် လူသားတိုင်း မက်မောသောအရာမျိုး ဖြစ်သည်မဟုတ်ပါလော။

လူတယောက်သည် ရုတ်တရက် ငွေကြေးချမ်းသာလာပြီး အာဏာနှင့်ရာထူးဂုဏ်ပါရှိလာမည်ဆိုလျှင် မာနထောင်လွှားလာကြမည်မှာ မလွဲပေ။

လေသည် ဤနေရာသို့မရောက်လာမီက အလွန်ဆင်းရဲနွမ်းပါးသော ခြေသလုံးအိမ်တိုင် ဓားသမားတယောက် ဖြစ်ခဲ့သည်။ သို့သော် ယခုမှာမူ သူသည် ငွေကြေးလည်း ချမ်းသာလာသည်။ အာဏာလည်း ရှိလာသည်။

ထို့ပြင် အလွန်လှပချောမောသော ဇနီးလောင်းတယောက်လည်း ရရှိထားသည် မဟုတ်ပါလော။

သူသည် ယခုဘဝသို့ ရောက်ရှိလာသည်ကို အကျေနပ်ကြီး ကျေနပ်နေသည်မှာ သူ့အား အပြစ်ဆိုနိုင်ဖွယ်ရာ မရှိပေ။ သို့သော် လူတယောက်၏ ကံကြမ္မာသည် ရှေ့ဆက်၍ မည်သို့ဖြစ်လာမည်ကို မည်သူမှ ခန့်မှန်း၍ မရနိုင်ပါ။ အလွန်ချမ်းသာကြွယ်ဝသောသူသည် တနေ့နေ့တွင် ဆင်းရဲသွားနိုင်သကဲ့သို့ အာဏာရှိသော သူတယောက်ကလည်း တနေ့နေ့တွင် အာဏာမဲ့သော လူတယောက်အဖြစ် ရောက်ရှိလာနိုင်သည် မဟုတ်ပါလော။

ဤသည်မှာ လူတို့၏ ဘဝသံသရာတခုပင် ဖြစ်သည်မဟုတ်ပါလော။

* * *

(၁၂)

ယနေ့နံနက်တွင်—

လေက အစားအစာများကို ဗိုက်အဝ စားထားလေသည်။ ခရမ်းရောင် ခြံဝင်းပိုင်ရှင်သည် လေအား ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိလာပြီး ပြုစုပေးလေသည်။

ထိုခရမ်းရောင် ခြံဝင်းပိုင်ရှင်၏အမည်မှာ 'ကျူးကျင်း' ဖြစ်သည်။ ယနေ့ သူသည်အသက်(၅၀)တင်းတင်း ပြည့်သောနေ့ ဖြစ်သည်။ သူသည် အရပ်မပုပါ။ သို့သော်... သူ့အား မြင်တွေ့လိုက်ရသောလူများသည် သူ့အရပ် ပုသည်ဟုသာ မြင်နေကြလေသည်။

ဤသည်မှာ သူ၏ကိုယ်ခန္ဓာကိုယ်မှာ ဝလွန်းသောကြောင့် ဖြစ်လေသည်။ သူသည် 'လေ'အား တွေ့မြင်လိုက်ရသည်နှင့် သူ၏အကြောင်းအရာများကို တခုမကျန် စိတ်ရှည် လက်ရှည် ဖြင့် ပြောပြနေလေသည်။

သို့သော် လေသည် ဤကဲ့သို့ လူမျိုးများအား လုံးဝ မနှစ်သက်ပါချေ။ ယခု အချိန်အခါမျိုး၌ မိမိကသာ ထိုလူအား





ခြံဝင်း အတွင်းမှ မောင်းထုတ်မည်ဆိုလျှင် မောင်းထုတ်နိုင်သည်။ အာဏာအပြည့်အဝရှိနေသည်ကို လေကသိထားသည်။

ထို့ကြောင့် သူကထိုလူအား ခြံဝင်းအတွင်း မောင်းထုတ်ပစ်ရန်အစောင့်အားအမိန့်ထုတ်ရန်စိတ်ကူးရှိစဉ်မှာပင်ဆွေ့ဖျောင်းက အသံတိုးတိုးဖြင့်—

'ကျူးကျင်းဟာ အလုပ်ကို နိုင်နိုင်နင်းနင်း ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်တဲ့ လူတယောက်ဖြစ်တယ်'

ဟု ပြောလာလေသည်။

လေသည် ဆိတ်သားကင်တတုံးကို ခရင်းဖြင့်ညှပ်၍ ပါးစပ်ထဲသို့ ထည့်မည်ပြုရာမှ မထည့်တော့ပဲ ပြန်လည် ချထားလိုက်လေသည်။ သူသည် ဆွေ့ဖျောင်းအား အံ့အားသင့်စွာ ကြည့်လိုက်သည်။

'ဒီစကားကို ဘယ်သူက ပြောတာလဲ'

ဆွေ့ဖျောင်းက—

'ကျွန်မ ပြောတာပါရှင်'

လေက ပခုံးတချက် တွန့်လိုက်သည်။

'ဒါဖြင့် အယင်ကကော ဘယ်သူပြောခဲ့တာလဲ'

လေမျက်လုံးအစုံတွင် အံ့သြသည့်အရိပ်အယောင်များဖြင့်—

'အယင်က တယောက်ယောက်က ဒီစကားကို ပြောခဲ့လို့ မင်းကပြောတာ မဟုတ်လား'

ဆွေ့ဖျောင်းက သက်ပြင်းတချက်ချလိုက်သည်။

'အင်း၊ ရှင်ကတော့ ပြောရဆိုရ မလွယ်တဲ့ လူတယောက် ပါပဲလား'

လေက မျက်မှောင်ကုပ်သွားသည်။

'မင်းက ဘာကိုဆိုလိုတာလဲ'

ဆွေ့ဖျောင်းက ပြုံးလိုက်သည်။

'ကဲပါရှင်၊ ရှင့်ဗိုက်ထဲကိုသာ ဝအောင် အယင်စားစမ်းပါအုံးရှင်'

လေက သဘောကျစွာဖြင့် ရယ်မောလိုက်လေသည်။ ကျူးကျင်းကလည်း လိုက်၍ရယ်မောလိုက်သည်။ သူသည် အားရပါးရ ရယ်မောလိုက်ရာတွင် ကျူးကျင်းကလည်း ဟက်ဟက်ပက်ပက် လိုက်၍ ရယ်မောနေ၏။

ရုတ်တရက် လေက ရယ်မောရာမှ ရပ်တန့်လိုက်သည်။ ကျူးကျင်းကလည်း လေကဲ့သို့ပင် ရယ်သံများကို ရုတ်တရက် ရပ်တန့်လိုက်လေသည်။ လေသည် ကုလားထိုင်ပေါ်မှ ဖြေးညင်းစွာ ထလိုက်သည်။ သူသည် ကျူးကျင်းထံသို့လျှောက်သွားပြီး

'ဒီမှာ နေစမ်းပါအုံးဗျ၊ ခင်ဗျားက ဘာတွေများ ရယ်စရာကောင်းတဲ့အရာတွေ့နေလို့ ဒီလောက်တောင် ရယ်နေရတာလဲ'

ကျူးကျင်းက မည်သို့ ပြန်ဖြေရမှန်း မသိပဲ ဖြစ်နေသည်၊ လေက ကျူးကျင်းကိုကြည့်၍ပြုံးလိုက်လေသည်။

'ကျုပ်ရယ်နေတာတွေ့လို့ လိုက်ပြီး ရယ်တယ် ထင်တယ် ဟုတ်လား'

ကျူးကျင်း၏မျက်နှာသည် ရှက်ကိုးရက်ကန်း ဖြစ်နေလေသည်။ အတန်ကြာမှ သူသည် ခေါင်းညိတ်လိုက်ပြီး—





ခင်ဗျားပြောတာ ဟုတ်ပါလိမ့်မယ် ထင်တယ်'

လေက ခေါင်းညိတ်လိုက်သည်။

'ဒါကတော့ အပြစ်မဆိုသာပါဘူးဗျာ၊ ကျုပ်က ရယ်မောနေလျက်နဲ့ မင်းက လိုက်မရယ်ယင် အလိုက်ကမ်းဆိုး မသိရာကျမယ်မဟုတ်လား'

ကျူးကျင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ် .. ဟုတ်ပါတယ်'

လေသည် သူ့အား တပါတ်ပါတ်၍ လျှောက်လိုက်ပြီး၊ သူ၏ ရှေ့တည့်တည့်၌ ခြေလှမ်းရပ်တန့်လိုက်သည်။

'ဒါကြောင့် ကျုပ်က မရယ်ပဲ ရပ်လိုက်တဲ့အခါ မင်းကလည်း ချက်ချင်းရယ်မောနေရာက ရပ်လိုက်တာပေါ့ ဟုတ်လား'

ကျူးကျင်း၏နဖူးပေါ်၌ ချွေးသီး ချွေးပေါက်များ ထွက်ပေါ်လာလေသည်။

'ဟုတ်....ဟုတ်ပါတယ် ခင်ဗျားမှမရယ်ပဲ ကျုပ်ကဆက်ပြီး ရယ်မောနေယင် ကျုပ်အနေနဲ့ ရိုင်းရာကျနေမှာပေါ့'

လေက ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူသည် ရုတ်တရက် ရှိုက်ကြီးတငင်ငိုကျွေးချလိုက်လေသည်။

လေသည် ရုတ်တရက် တစုံတခုအား သတိရလာကာဝမ်းနည်းပက်လက်ဖြင့် ငိုနေသည့်အလား ငိုကြွေး၍နေလေသည်။ ကျူးကျင်းက လေအားကြည့်ကာ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သူသည် မည်သို့ ပြုလုပ်ရမည်မှန်း မသိတော့ပဲ အခက်ကြုံနေသည်။ ဆော့ဖျောင်းက သက်ပြင်းတချက်ချလိုက်သည်။

သို့သော် သူမသည် စကားတခွန်းမှ ဝင်ရောက်ပြောဆိုခြင်း မပြုပါချေ။ ကျူးကျင်းသည် လေက အဘယ်ကြောင့် ဤမျှ ဝမ်းနည်းပက်လက် ငိုကြွေးနေရသည်ကို နားမလည်ပဲ ဖြစ်နေသည်။

လေသည် ရှိုက်ကြီးတငင် ငိုကြွေးနေရာမှ ရုတ်တရက် ရပ်တန့်လိုက်သည်။ သူသည် အစားအစာများ ထပ်မံစားသောက်ပြီး အရက်များကို မော့သောက်နေပြန်သည်။

သို့သော် သူ၏ မျက်လုံးအစုံသည် သံချောင်းကလေး (၂)ချောင်းပမာ ကျူးကျင်း၏မျက်နှာပေါ်သို့ စိုက်ကြည့်နေလေသည်။

ယခု သူ၏ဟန်မူရာမှာ ဝမ်းနည်းနေသည့်အသွင်ကို လုံးဝ မတွေ့ရတော့ပါ။ ကျူးကျင်းသည် ငေးငိုင်၍ရပ်နေ၏။ သူ၏ တကိုယ်လုံးသည် ပူရှိန်းရှိန်းဖြစ်လာသည်ဟု ခံစားလိုက်ရလေသည်။

လေသည် အစားအစာများကို အေးအေး ဆေးဆေးဖြင့် ဆက်လက်၍ စားသောက်နေသည်။

သို့သော် သူ၏မျက်လုံးအစုံသည် အာဏာသားက သူခိုးများအား ကြည့်သည့်အကြည့်မျိုးဖြင့် ကျူးကျင်း၏ ဝိုင်းစက်တောက်ပနေသော မျက်လုံးအား စိုက်ကြည့်နေ၏။ သူသည် ရုတ်တရက် မေးခွန်းထုတ်လိုက်လေသည်။





'ခုနက ကျုပ်ငိုနေတာ ခင်ဗျားတွေ့တယ်မဟုတ်လား'

သူသည် ယင်းသို့မေးယင်း အရက်ခရားအား စားပွဲပေါ်သို့ တအားဆောင့်ချလိုက်လေသည်။ ကျူးကျင်း၏ မျက်နှာတခုလုံးမှာ ညိုမည်းသွားလေသည်။

'မြန်မြန်ပြောစမ်း၊ ကျုပ်ငိုနေတာ ခင်ဗျားတွေ့သလား ဆိုတာ'

ကျူးကျင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ တွေ့ပါတယ်'

ကျူးကျင်း၏အသံသည် တုန်ခါနေသည်။ လေက မျက်မှောင်ကုပ်ကုပ်သွားသည်။

'ကျုပ်ငိုနေတာကို ခင်ဗျားကတွေ့ရက်နဲ့ ဘာကြောင့်လိုက်ပြီး မငိုရတာလဲ'

ကျူးကျင်းက မည်သို့ပြန်ပြောရမှန်းမသိပဲ ပါးစပ်ဟောင်းလောင်းဖြစ်သွားလေသည်။ လေက ဒေါသ အမျက်ချောင်းချောင်း ထွက်လာသည်။

'ကျုပ်က ရယ်မောနေတဲ့အခါမှာကျတော့ မင်းက မရယ်ယင် ရိုင်းရာကျတယ်လို့ မင်းကပြောတယ်၊ ခု ကျုပ်ငိုတဲ့အခါကျတော့ မင်းက လိုက်မငိုယင် ဒါလဲရိုင်းတာပဲပေါ့ကွ'

ကျူးကျင်း၏မျက်နှာသည် ရုတ်တရက် သေးငယ်သွားသည်ဟုထင်လိုက်ရသည်။

'ဟုတ် .. ဟုတ်ပါတယ်'

လေက ဒေါသကြီးစွာဖြင့်—

'ဒီမှာ ကျူးကျင်း၊ ငါ ဒီကိုရောက်လာတာ မင်းကမကြေနပ်လို့ အခုလို ငါ့ကိုမရိုမသေလုပ်လိုက်တာပေါ့ဟုတ်လား'

ကျူးကျင်း၏တကိုယ်လုံးမှာ တုန်တုန်ယင်ယင်ဖြစ်လာလေသည်။ သူသည် ရုတ်တရက် ဒူးထောက်လိုက်သည်။

'ကျုပ်မှာ အပြစ်ရှိမှန်းသိပါပြီ၊ ကျုပ်ကို ခွင့်လွှတ်ပါခင်ဗျာ....'

* * *

သိုင်းလောကတွင် ကျင်လည်ကျက်စားနေရသည်မှာ စိတ်ဝင်စားဖွယ်ရာ အလွန်ကောင်းနေပါသည်။ သိုင်းလောကတွင် ကြောက်စရာကောင်းသောလူများက အများအပြားရှိနေသကဲ့သို့ ရယ်ချင်စဖွယ်ရာ၊ စိတ်ဝင်စားဖွယ်ရာ ကောင်းသောလူတွေလည်း မနည်းလှပချေ။

လေသည် တခါတရံ အလွန်ကြောက်စရာ ကောင်းသောလူတယောက်ဖြစ်ပြီး တခါတရံတွင် ရယ်စရာကောင်းသောလူဖြစ်နေပေသည်။ ကျူးကျင်းမှာလည်း ယင်းအတိုင်းပင် ဖြစ်နေ၏။

ခရမ်းရောင် ခြံဝင်းတခုလုံးကို အုပ်ချုပ်နေရသော ကျူးကျင်းသည် အလွန်သဘောကောင်းသည်ဟု လူအများက သိထားကြလေသည်။





သို့သော် သူသည် လူတယောက်အား တိုက်ခိုက်သည့်အခါမျိုး၌ အခြေအနေမှာ နဂိုအခြေအနေနှင့် လုံးဝ မတူပါချေ။ ကျူးကျင်းသည် လေ၏ရှေ့တွင်မူ ကြောက်ရွံ့သည်၊ သတိနည်းသည်။ နောက်ဆုံး သူသည် လေအား ဒူးထောက်၍ပင် တောင်းပန်လာလေသည်။

သို့သော် သူသည် ဒူးထောက်၍ တောင်းပန်နေရာမှ ရုတ်တရက် ထခုန်လိုက်လေသည်။ သူ၏ မျက်လုံးအစုံသည် ဓားသွား (၂)လက်ပမာ လေအား တချက် စိုက်ကြည့်လိုက်သည်။

ရုတ်တရက် သူသည် လက်ထဲမှ လက်နက်ပုန်းများဖြင့် လျှပ်တပျက် လေ၏ ခန္ဓာကိုယ်ရှိရာသို့ ပစ်လွှင့်လိုက်လေသည်။

ထို့နောက် သူသည် တချိန်တည်းမှာပင် သူ၏ဝဲဘက်လက်တွင် အရောင်တဖိတ်ဖိတ်တောက်နေသော ဓားတလက်ကို ထုတ်ယူလိုက်ပြီး လေအား တိုက်ခိုက်လိုက်လေသည်။ သူသည် ကိုယ်ခန္ဓာအလွန်ဝသူဖြစ်သော်လည်း သူ၏ လှုပ်ရှားမှုမှာ လျင်မြန်သွက်လက်လှပေသည်။

သို့သော် လေ၏ တုန့်ပြန်မှုမှာလည်း အလွန်လျင်မြန်သွက်လက်နေသည်။ ကျူးကျင်းက လက်နက်ပုန်းများဖြင့် သူ့ထံသို့ ပစ်လိုက်သည်ကို တွေ့လိုက်ရသည်နှင့် သူသည် စားပွဲပေါ်မှ ဘဲကင်တကောင်အား ဆွဲယူလိုက်ပြီး ခံပေးလိုက်ရာ—

'ထောက်....'

အပ်ကလေး (၉) ချောင်းသည် ဘဲကင်၏ကိုယ်ပေါ်သို့ အားလုံး စိုက်ဝင်သွားလေသည်။ ထို့နောက် ကျူးကျင်းသည်

သူ၏ဓားဖြင့် လေ၏ လက်ညှိုးသို့ ထိုးသွင်းလိုက်ရာ– လေက စားပွဲပေါ်ရှိ အရက်ခရားနှင့် ခံပေးလိုက်သည်။

ထိုအခါ ကျူးကျင်းလက်ထဲမှ ဓားသည် အရက်ခရားထဲသို့ ထိုးဝင်သွားမိလေသည်။ ကျူးကျင်းသည် ဓားကိုပြန်လည်ဆွဲနှုတ်လိုက်ပြီး လက်ညှိုး (၂) ချောင်းဖြင့် လေ၏ မျက်လုံးသို့ တအားထိုးသွင်းလိုက်ပြန်လေသည်။

သို့သော် သူ၏လက်ချောင်းများသည် လေ၏မျက်လုံးထဲသို့ မရောက်ပဲ ပန်းကန်လုံးတလုံးအား ထိုးမိလိုက်လေသည်။ ကျူးကျင်းသည် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထိုစဉ်မှာပင် လေ၏လက်သီးတလုံးသည် သူ၏ မျက်နှာပေါ်သို့ တအားထိုးသွင်းမိလိုက်လေသည်။

* * *

'ဝုန်း'

ဟူသော အသံနှင့်အတူ ကျူးကျင်း၏ ခန္ဓာကိုယ်ကြီးသည် အနောက်သို့ ပက်လက်လန်ကာ လဲကျသွားလေသည်။

သူ၏ ဦးခေါင်းတခုလုံးမှာလည်း ကြယ်ကလေးများ ပွင့်သွားသည်။ လေသည် ဆွေ့ဖျောင်းဘက်သို့ လှည့်၍ ပြုံးပြလိုက်လေသည်။





'ဘယ့်နှယ်လဲ၊မင်းလူက အစစအရာရာ အသုံးကျတယ်ဆိုကွ'

ဆွေ့ဖျောင်းက ပုခုံးတချက် တွန့်လိုက်သည်။

'ဒါကတော့ရှင် ကျွန်မလဲ သူများရဲ့စကားကြောင့် ပြောရတာပဲ၊ ကျွန်မလဲ ဘယ်သိပါ့မလဲရှင့်'

လေသည် အားရပါးရ ရယ်မောလိုက်ပြီး–

'ဒါကြောင့် ခင်ဗျားကို ကျုပ်တခုပြောထားမယ်'

ဆွေ့ဖျောင်းက–

'ဘာများလဲရှင်'

လေက–

'နောက်ကို ဘယ်ဟာမျိုးမဆို လူများပြောတိုင်းလဲ မယုံပါနဲ့လို့'

* * *

## ဆရာတုဆရာယောင်

### ( ၁ )

ထိုရက်များတွင် လေသည် အေးဆေးစွာဖြင့် ဆော့ဖျောင်းနှင့်အတူ အနီးတဝိုက်ရှိ ရှုခင်းသာယာလှပသောနေရာများသို့ သွားရောက်လည်ပတ်ကြလေသည်။

တခါတရံ သူတို့နှစ်ယောက်သည် လွင်ပြင်ပေါ်၌ မြင်းကို အတူယှဉ်၍ စီးကြလေသည်။တခါတရံ၌လည်း သူတို့နှစ်ယောက်သည် ပန်းဥယျာဉ်ထဲတွင် စစ်တုရင်များ ကစားနေတတ်ကြသည်။

သူတို့နှစ်ယောက်သည် လွတ်လပ်စွာ ပျော်ပျော်ရွှင်ရွှင်နေရသော ဘဝမျိုးဖြင့် နေနိုင်ခဲ့ကြလေသည်။ သို့သော် လောက





ပေါ်၌ အရာခပ်သိမ်းတို့သည် တမုဟုတ်ချင်း ပြောင်းလဲသွားနိုင်သည် မဟုတ်ပါလော။

ယခု လေ၏ဘဝသည်လည်း ယခုတဖန် ပြောင်းလဲလာပြန်လေသည်။ ယခု သူသည် ခြေသလုံးအိမ်တိုင်ဘဝမှ နေပြီး အလွန်ချမ်းသာကြွယ်ဝသော ခေတ်ပျက်သူဌေးတယောက်ဖြစ်လာသည် မဟုတ်ပါလော။

ထို့အပြင် မက ရာထူးအာဏာများမှာလည်း သူ၏ လက်ဝယ်သို့ ရောက်ရှိလာသည် မဟုတ်ပါလော။

လောကအပေါ်၌အလွန်ချမ်းသာကြွယ်ဝလာခြင်းသည်ဒီရေနှင့် တူလှပေသည်။ သူက ရောက်ရှိလာမည်ဆိုလျှင် သင်ကတံခါးပိတ်ပြီး သော့များဖြင့် အသေအချာ ခတ်ထားသည့်တိုင်အောင် အိမ်ခေါင်မိုးပေါ်မှ ထိုးဖောက် ဝင်ရောက်လာပေလိမ့်မည်။ ယခု လေသည် အလွန်ချမ်းသာကြွယ်ဝသော လူတယောက် ဖြစ်နေသည် မဟုတ်ပါလော။

ယခု သူ လက်ဝယ်ရရှိထားသော ငွေကြေးတို့သည် အိမ်ထောင်စုရှိရာသို့ အေးအေးဆေးဆေး စားသောက်နိုင်သည့် အရေအတွက် ရှိနေသည် မဟုတ်ပါလော။

သို့သော် မီးများမီးနိုင်၊ ရေများ ရေနိုင် ဆိုသောစကားအရ လေက ချမ်းသာရာမှ နောက်ထပ်ပို၍ ချမ်းသာရသည့် အခွင့်အရေးများနှင့် ကြုံတွေ့နေရလေသည်။

တနေ့ သူသည် ညှော်ခန်းထဲ၌ အေးဆေးစွာ ထိုင်နေစဉ် မမျှော်လင့်ပဲ ထိုနေရာဒေသတွင် နေထိုင်ကြသော သူဌေးကြီးသုံးယောက်က သူ့ထံသို့ ရောက်ရှိလာကြလေသည်။

လူမှုရေးအရ လေကလည်း သူ့ကိုအား ပြန်လည်ဧည့်ခံကြိုဆို နေရသည်။ အလွန်ရင်းနှီးကြောင်း စသည် စိတ်ထဲ၌ မပါပဲ လောကွတ်ချော်သော စကားများကို ပြောနေရလေသည်။

ယင်းသို့ ယဉ်ကျေးမှုအရ စကားများကိုပြောဆိုပြီးနောက် ထိုသူဌေးကြီးများသည် သူ့အားအထုပ်ကလေးများကိုလှမ်း၍ ပေးလိုက်ပြီး—

'ကျုပ်တို့က လက်ထောက်ရဲတိုက်မှူးအသစ်ပြောင်းလွဲလိုက် ဘယ်ဆိုလို့ အခုလိုလာပြီး ဂါရဝပြုတာပါ ခင်ဗျား'

လေသည် ထိုသူဌေးများ ဧည့်ခန်းထဲမှထွက်ခွာသွားပြီးသည် နောက် ယင်းအထုပ်ကလေးများအား ဖြည်၍ ကြည့်လိုက်ရာ အထုပ်ကလေးများတွင် ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားများ ဖြစ်နေသည်ကို တွေ့ရလေသည်။

'ဟား...ဟား...ဟား'

လေက အားရပါးရ ရယ်မောလိုက်သည်။

'လက်ထောက်ရဲတိုက်မှူး လုပ်ရတာ ဘယ်ဆိုးလို့တုန်း'

ဆွေ့ဖျောင်းသည် ထို ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားများ အား လှည့်ပင် မကြည့်ပဲ လေ၏မျက်နှာကိုသာ အေးတိအေး စက်ဖြင့် စိုက်ကြည့်နေသည်။ လေက သူ့အား ပြန်လည် စိုက် ကြည့်လိုက်ပြီး—

'ဘယ်လိုလဲကွ၊ ငါ့မျက်နှာမှာ ပန်းတွေပွင့်နေလို့ ဒီလောက် တောင် စိုက်ကြည့်နေရသလား'





ဆွေ့ဖျောင်းက—

'ရှင် အခု ဘယ်လိုလူစားမျိုးနဲ့ တူတယ်ဆိုတာ ရှင့်ကိုယ်ရှင် သိသလား'

'လေ'က စဉ်းစားပင် မနေတော့ပဲ—

'ခု...ကျုပ်က ခေတ်ပျက်သဌေးနဲ့တူနေမှာပေါ့ ဟုတ်လား'

ဆွေ့ဖျောင်းက ခေါင်းခါရမ်းလိုက်သည်။

'ရှင်က ခေတ်ပျက်သဌေးနဲ့ မတူဘူး'

လေက ပြုံးလိုက်သည်။

'ဒါဖြင့် ကျုပ်က လူဆိုး ဒမြနဲ့ တူနေလို့လား'

ဆွေ့ဖျောင်းက ခေါင်းခါရမ်းလိုက်ပြန်သည်။

'သူနဲ့ ဒမြနဲ့လဲ မတူဘူး'

လေက ပုခုံးတချက်တွန့်လိုက်သည်။

'ဒါဖြင့် ငါက ဘာနဲ့ တူနေလို့လဲကွ'

'ရှင်က လူပေါကြီးတယောက်နဲ့ တူနေတယ်။ လောက တခုလုံးမှာ ရှင်လိုလူပေါကြီးတယောက်ထဲပဲ ရှိတယ်'

'ဟား...ဟား...ဟား'

'လေ'က အားရပါးရ ရယ်မောလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်က လူပေါကြီးပဲ ထားပါတော့၊ မင်းက ကော'

ဆွေ့ဖျောင်းက မည်သို့မျှ မပြောတော့ပဲ ပါးစပ်ပိတ်ထား လိုက်လေသည်။

'လေ'သည် သူမ၏ နှာခေါင်းအား လက်ဖြင့် ညှစ်လိုက်လေသည်။

'မင်းလဲ လူပေါ်ကလေးတယောက်ပါပဲကွ၊ ငါပြောတာမဟုတ်ဘူးလား'

ဆွေ့ဖျောင်းသည်စကားမပြောတော့ပဲ သူမ၏ခြေထောက်ဖြင့် လေ၏ခြေထောက်အား တချက် ဆောင့်နင်းလိုက်လေတော့သည်။

* * *

'အား—'

'လေ'က နာကျင်လွန်း၍ အော်ဟစ်လိုက်လေသည်။

သို့သော် သူ၏ခြေထောက်မှာ နာကျင်နေသော်လည်း သူ၏ရင်ထဲ၌မူ ချိုလွင်၍နေလေသည်။

ဆွေ့ဖျောင်းက စိုးရိမ်တကြီးဖြင့်—

'နာသွားသလား ဟင်'

လေက ခေါင်းခါယမ်းပြလိုက်လေသည်။

'မနာပါဘူး'

ဆွေ့ဖျောင်းက ပြုံးလိုက်သည်။

'ဒါဖြင့် နောက်တချက်နင်းပေးရအုံးမလား'

လေက ရယ်မောလိုက်လေသည်။





'ဟား—ဟား— မလုပ်ပါနဲ့ကွာ'

ဆွေ့ဖျောင်းက မျက်မှောင်ကုပ်လိုက်သည်။

'ဒါနဲ့ ရှင်က မနာဘူးဆို'

'ဟဲ—ဟဲ—ဟဲ—'

ဤသည်မှာ ယောကျ်ားလေးတိုင်း၏ အကျင့်ပင် ဖြစ်သည်။

ထို့ကြောင့်လည်း အမျိုးသမီးများသည် အမျိုးသားများအပေါ်၌ အနိုင်ယူတတ်ကြသည်မဟုတ်ပါလား။

* * *

သဌေးများ ဧည့်ခန်းတွင်းမှထွက်ခွာသွားပြီးနောက် မကြာမီမှာပင်၊ နောက်ထပ် လူတသုတ်ရောက်ရှိလာကြပြန်လေသည်။

ထိုလူသိုက်များသည် ငွေကြေး ချမ်းသာသည့် လူများနှင့် မတူပါချေ။ သူတို့ကိုကြည့်ရသည်မှာ ဝက်သတ်သည့် အလုပ်သမားများနှင့် တူလှပေသည်။ အချို့လူများက သူတောင်းစားနှင့် တူလှပေသည်။ အချို့က လူမိုက်များနှင့် တူပြီး၊ အချို့မှာမူ မည်သည့်လူစားမျိုးနှင့်မျှ မတူပါ။

သို့သော် သူတို့အားလုံးသည် မီးတောင် တခုလုံးကို မြို့ချထားသည့်အလား ဒေါသကြီးနေကြလေသည်။ ယင်း လူများသည် စုစုပေါင်း(၃၀)ကျော်မျှ ရှိလေသည်။

သူတို့၏မျက်နှာများမှာ ဒေါသကြီးပြီး နီရဲနေသည်။ သူတို့၏ လက်ထဲတွင်မူ ဒုတ် ဓား ကိုယ်စီဖြင့် ကိုင်ဆောင်ထားကြလေသည်။

'ဟေ့–ဒီခြံဝင်းကို မီးရှို့ပစ်လိုက်'

'ဟေ့–တွေ့တဲ့လူကို သက်သာမပေးကြနဲ့'

'ဟေ့–တယောက်မှမကျန်စေနဲ့ အကုန်သတ်ပစ်ကွာ'

ထိုလူများသည် တယောက်တခွန်း ဆူညံစွာ အော်ဟစ်ကာ ခြံဝင်းထဲသို့ ခြေလှမ်းသုတ်သုတ်ဖြင့် ဝင်ရောက် လာကြ လေသည်။

ထိုလူများ၏ ဆူပူ သောင်းကျန်းပုံ များသည် အလွန်ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။ သို့သော် ထိုအချိန်တွင် လေက ထိုလူများအား အနည်းငယ်မျှ ဂရုမပြုပါချေ။

သူသည်အငွေ့တထောင်းထောင်းရှိနေသော ရေနွေးစည်တွင်ထိုင်လျက် အေးဆေးစွာဖြင့် ရေချိုးနေလေသည်။

* * *

လေသည် အဘယ့်ကြောင့် ဤမျှ တည်ငြိမ်စွာ နေနိုင်ပါသနည်း။ သူသည် သူနေထိုင်သော ခြံဝင်းတခုလုံးကိုမီးတင်ရှို့သွားမည်ဆိုသည်ကို အဘယ်ကြောင့် စိုးရိမ်ကြောင့်ကျခြင်းမရှိရပါသနည်း။





သို့သော် လေပင်မဟုတ်၊ ဆွေ့ဖျောင်းကလည်း ထို လူစုအား မကြောက်ပါချေ။

သူမသည် ရေချိုးနေသော လေအား ဆပ်ပြာ တိုက်ပေးနေခြင်းဖြစ်လေသည်။

သူမသည် တကိုယ်လုံး ညစ်ပတ် ပေရေနေသော လေ၏ခန္ဓာကိုယ်အား သေချာစွာ သန့်ရှင်း ဆေးကြော ပေးနေလေသည်။

အပြင်ဘက်မှာ မိုးပြိုသည်အလား၊ ဆူပူသောင်းကျန်း နေသည်ကို လုံးဝမရှုမစိုက်ပါချေ။

[illegible]

* * *

(၃)

ယင်းမြို့ထဲ၌ နေထိုင်ကြသောလူများသည်၊ ကျူးကျော်နှင့် ကောင်းစွန်းပေ့တို့မှာ အလွန်ခင်မင်ရင်းနှီးကြသည့် လူနှစ်ယောက်ဟု သိထားကြသည်။

သူတို့သည် သေအတူရှင်မကွာ တွဲခဲ့သူများ ဖြစ်ကြသည်။ သူတို့သည် တချိန်တုန်းက အတူတူ ဒုက္ခခံပြီး အတူတူ နေထိုင်ခဲ့ကြသူများဖြစ်လေသည်။

ယခု–

ကျူးကျင်းသည် လေး၏ လက်သီးတလုံးတည်းဖြင့်သေဆုံးသွားရသဖြင့် ကောင်းစွန်းပေ့သည် လက်ပိုက်၍ ကြည့်နေနိုင်မည်လော—။

* * *

ကောင်းစွန်းပေ့သည် ဗိုလ်မင်းရဲတိုက်တွင် လက်ထောက်ရဲတိုက်မှူးအဖြစ် ကင်းတာဝန် ထမ်းဆောင်ခဲ့ရသည်နှင့်၊ သူ၏ သေဖော်သေဖက်ဖြစ်သော ကျူးကျင်းအား ခရမ်းရောင် ခြံဝင်း၏ အုပ်ချုပ်ရေးမှူးနေရာကို ပေးထား လိုက်လေသည်။

သို့သော် ကောင်းစွန်းပေ့သည် အဘယ်ကြောင့်မှန်း မသိ၊ ဗိုလ်မင်းရဲတိုက်တွင် အာဏာအပြည့်အဝရရှိထားသော 'ရှာဟူတိတ်' နှင့် မတည့်ခဲ့ကြပါချေ။

ထို့ကြောင့် ရှာဟူတိတ်သည် ကောင်းစွန်းပေ့၏ သိုင်းပညာမှာ ကြောက်မက်ဖွယ်ရကောင်းလောက်အောင် ထက်မြက်နေသဖြင့် ရှာဟူတိတ်သည်းခံယင်း စောင့်ဆိုင်းနေခဲ့ရလေသည်။

ယခု—

မမျှော်လင့်ပဲ လေကဲ့သို့ ထိတ်တန်းသိုင်းပညာရှင်တယောက်က ဗိုလ်မင်းရဲတိုက်သို့ အမှတ်မထင် ရောက်ရှိလာသဖြင့် ရှာဟူတိတ်သည် ယင်းအခွင့်အရေးကို လက်လွှတ်မခံပဲ လေအား





အသုံးပြုကာ ကောင်းစွန်းပေ့အား ရာထူးမှ ဖယ်ရှားပစ်နိုင်ခဲ့သည်မဟုတ်ပါလော။

သို့သော် ကောင်းစွန်းပေ့က သူ၏သေဖော်သေဖက်ဖြစ်သော ကျူးကျင်းတယောက် လေ၏လက်ချက်ဖြင့် သေဆုံးသွားရသည်ကို မခံမရပ်နိုင် ဖြစ်နေသည်။

ထို့ကြောင့်—

သူ၏ လူများအား စေလွှတ်ကာ ခရမ်းရောင်ခြံဝင်းသို့ လာရောက် ရန်ရှာခြင်း ဖြစ်လေသည်။

* * *

ခရမ်းရောင်ခြံဝင်းထဲသို့ လူစုများကစင်ရောက်လာပြီး ဖြစ်သည်။ သူတို့သည် မီးတုတ်ကိုမြှောက်ကာ ခရမ်းရောင်ခြံဝင်း တခုလုံးအား မီးရှို့ရန် ကြံစည်နေကြလေသည်။

ထိုစဉ် ရုတ်တရက် လူရိပ်တခုက ထွက်ပေါ်လာပြီး ထိုမီးရှို့ရန်ကြံစည်နေကြသောလူများအား လက်သီးများဖြင့် တရကြမ်းထိုးသွင်းလိုက်လေသည်။

'အား....'

စူးရှသောအသံများက ခြံဝင်းတွင်းမှ အဆက်မပြတ် ထွက်ပေါ်လာလေသည်။ သူတို့သည် ညာသံပေး၍ ပြန်လည်တိုက်ခိုက်မည်အပြုတွင် သူတို့၏ ဝမ်းဗိုက်သို့ငှင်း၊ ရင်ဝသို့ငှင်း၊ ကျော

ပြင်သို့ရှင်း၊ ရန်သူ၏လက်သီးဖြင့် ထိမှန်သွားကြသဖြင့် သူတို့သည် ဆက်လက်၍ပြန်လည်တိုက်ခိုက်နိုင်စွမ်းမရှိနိုင်တော့ပဲသူတို့၏လက်ထဲမှတုတ်၊ဓား၊ လှံများစသည့် လက်နက်အားလုံးတို့ကို ကစဉ့်ကလျား ပစ်ချထားခဲ့ပြီးလျှင် တင်ပါးနှင့်ခြေထောက် တပြေးတည်းညီအောင် ပြေးလွှား ထွက်ခွာသွားကြလေတော့သည်။

သူတို့သည် အားမာန်အပြည့်ဖြင့် ခရမ်းရောင်ခြံဝင်းတွင်းသို့ရောက်ရှိလာကြသည်ဖြစ်သော်လည်း ပြန်ထွက်သွားကြသောအခါတွင် ဒဏ်ရာအသီးသီးဖြင့် ကစဉ့်ကလျား ထွက်ခွာသွားကြရလေသည်။

* * *

လေ—

ယခု လေသည် ရေချိုးပြီးသွားပြီဖြစ်သည်။ သူ၏ ခန္ဓာကိုယ်ပေါ်၌ သစ်လွင်သော အဝတ်အစားများကို ဝတ်ဆင်ထားလေသည်။

လေက ပြုံးလိုက်သည်။

'ဟာ— ငါ့အခုလို သစ်လွင်တဲ့အင်္ကျီတွေကို ဝတ်ဆင်ထားရတာဟာ ဘုံကျောင်းများကို တက်ရောက်မယ့်သူအတိုင်းပဲ'

ဆွေ့ဖျောင်းက ခေါင်းညိတ်၍ ပြုံးလိုက်သည်။





'ဟုတ်တယ်— ရှင် အခု ဘုံကျောင်းတခုဆီကို သွားရမှာပဲ'

လေက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'မင်း ဘာကယ်ပြောနေတာလား'

ဆွေ့ဖျောင်းက ခေါင်းညိတ်လိုက်လေသည်။

'တကယ်ပြောတာပေါ့ရှင်'

လေ၏မျက်နှာတခုလုံးမှာ ရှုံ့မဲ့သွားလေသည်။

'မင်း ငါ့ကို ဘယ်နေရာမဆို သွားခိုင်းယင် သွားပါ့မယ်၊ ဘုံကျောင်းကိုတော့ မသွားပါရစေနဲ့ကွာ'

ဆွေ့ဖျောင်းက မျက်မှောင်ကုပ်လိုက်သည်။

'ဘာဖြစ်လို့လဲရှင့်'

လေက ပုခုံးတချက် တွန့်လိုက်သည်။

'ဘုံကျောင်းသွားရတာက အကြောင်းမဟုတ်ပါဘူး၊ ဒါပေမယ့် ဘုံကျောင်းကို ခုတုံးလုပ်နေတဲ့ ဆရာတုဆရာယောင်တွေ ရင်ဆိုင်တိုးရမှာကို ခေါင်းခဲလို့ပါ'

ဆွေ့ဖျောင်းက လေအား စိုက်ကြည့်လိုက်ပြီး—

'ရှင်က သူတို့နဲ့ ရင်မဆိုင်ချင်ဘူး ဟုတ်လား'

လေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်က သူတို့ကို လုံးဝကြည့်လို့ကို မရဘူး'

ဆွေ့ဖျောင်းက ပြုံးလိုက်သည်။

'ဒါဖြင့် သိပ်တာန်ကျတာပဲ'

လေက မျက်မှောင်ကုပ်သွားသည်။

'ဘယ်လိုဟန်ကျတာလဲဗျ'

ဆွေ့ဖျောင်းက ပြုံးလိုက်သည်။

'အခု ရှင့်ကို ဘုကျောင်းလွှတ်လိုက်တာ ဒီလူတွေကို ကိုးကွယ်ဖို့ လွှတ်နေတာ မဟုတ်ပါဘူးရှင့်'

လေက ရယ်မောလိုက်သည်။

'ဘာလဲ၊ ကျုပ်က သူတို့ကိုသွားပြီး ရန်တွေ့မယ် ဟုတ်လား'

ဆွေ့ဖျောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ရန်တွေ့ရုံတင်မကဘူး သူတို့ကို အပြတ်နှိမ်နင်းရလိမ့်မယ်'

လေက ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'ဟာ... ဒါတော့ မဖြစ်ဘူးထင်တယ်'

ဆွေ့ဖျောင်းက သူ့အားစိုက်ကြည့်လိုက်သည်။

'ဒါနဲ့ ရှင်က သူတို့ကို လုံးဝကြည်ညိုလို့ မရဘူးဆို'

လေက ပြုံးလိုက်သည်။

'ဘုကျောင်းမှာ ဆရာတု၊ ဆရာယောင်များ ရှိသလို တကယ့် လေးစားကြည်ညိုထိုက်တဲ့ ပုဂ္ဂိုလ်တွေလဲ ရှိပါတယ်ဗျာ'

သူသည် ခေါင်းခါရမ်း၍ စကားဆက်လိုက်ပြန်သည်။

'နောက်ပြီး ကျုပ်ဟာ သူတို့နဲ့ ဘာရန်ညိုးမှမရှိပဲနဲ့ ဘာဖြစ်လို့ သူတို့ကိုသွား နှိမ်နင်းပစ်ရမှာလဲ'

ဆွေ့ဖျောင်းက သက်ပြင်းတချက်ချလိုက်လေသည် ။





'ရှင်က သူတို့နဲ့ ဘာရန်ညိုးမှ မရှိခဲ့ပေမယ့် သူတို့ကရှင့်ကို ရန်ညိုးထားနေပြီရှင့်'

လေ၏ မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ တက်သွားလေသည်။

'သူတို့က ဘာဖြစ်လို့ ကျုပ်ကို ရန်ညိုးထားရတာလဲ'

ဆွေ့ဖျောင်းက—

'ရှင်က သူတို့ဆရာရဲ့ ရာထူးကို လုယူထားလိုက်သလို ဖြစ်သွားလို့ သူတို့က ရှင့်ကို ရန်ညိုးထားနေတာပေါ့'

လေက ယခုမှပင် သဘောပေါက် နားလည်လာလေသည်။

'မင်း ဒီလိုဆိုယင် သူတို့တွေဟာ ကောင်းစွန်းပေ့တို့ရဲ့ လူတွေပေါ့ ဟုတ်လား'

ဆွေ့ဖျောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

သူမသည် ခေါင်းကိုယူ၍ လေအား လှမ်းပေးလိုက်ယင်း—

'ကောင်းစွန်းပေ့ရဲ့ တကယ့် အမာခံသမားတွေဟာ ဒီမြို့ထဲမှာပဲ ရှိတာမဟုတ်ဘူးရှင့်၊ ဒီမြို့နဲ့ ငါးမိုင်လောက်အကွာမှာ ရှိတဲ့ ဘုကျောင်းမှာလဲ ရှိနေသေးတယ်ရှင့်'

လေက မျက်မှောင်ကုပ်သွားလေသည်။

ဆွေ့ဖျောင်းက စကားဆက်လိုက်ပြန်သည်။

'အဲဒီဘုကျောင်းအနီးတဝိုက်မှာ ဈေးကလေးတခုရှိတယ်၊ အဲ့ဒီဈေးဟာ နေရာသိပ်မကြီးပေမယ့် သိုင်းသမားတွေစုဝေးတဲ့ နေရာတခု ဖြစ်နေတယ်ရှင့်'

လေသည် ဆွေဖျောင်း၏စကားကို စိတ်ဝင်စားလာလေသည်။

'ကဲ— ဆက်ပြောပါအုံး'

ဆွေဖျောင်းက ပြုံးပြလိုက်ပြီး—

'အဲဒီသိုင်းသမားတွေထဲမှာ သိုင်းပညာအတော်လေးထက်မြက်တဲ့ သိုင်းသမားနှစ်ယောက် ရှိတယ်။ သူတို့နှစ်ယောက်ရဲ့ သိုင်းပညာများဟာ ကောင်းစွန်းပေ့ထက် အများကြီး သာလွန်နေတယ်လို့ ကြားရတယ်ရှင့်'

လေက ရင်ထိတ်သွားလေသည်။

'သူတို့နဲ့ ကောင်းစွန်းပေ့ဟာ ဘယ်လိုများ ပတ်သက်နေသလဲဆိုတာ မင်းသိသလား'

ဆွေ့ဖျောင်းက ခေါင်းညိတ်လိုက်လေသည်။

'သူတို့နှစ်ယောက်နဲ့ ကောင်းစွန်းပေ့တို့ဟာ ဆရာတပည့်တွေပါရှင့်'

'ဒါဖြင့် သူတို့နှစ်ယောက်ဟာ ကောင်းစွန်းပေ့ရဲ့ဆရာတွေပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်'

လေက ဆက်၍မေးလိုက်သည်။

'သူတို့နှစ်ယောက်ရဲ့ နာမည်က ဘယ်သူတဲ့တုန်း'

'တယောက်က ကတုံးထိပ်ကွက်ပါ'

'နောက်တယောက်ကော'

'နောက်တယောက်က အဆိပ်ပါရဂူ ဖန်းမုပါ'

လေက အံ့အားသင့်သွားလေသည်။





'ဟင်— ဒါဖြင့် သူတို့တွေကို အတော်သတိထားရမှာပေါ့ ဟုတ်လား'

ဆွေဖျောင်းက ခေါင်းညိတ်လိုက်သည်။

'အဲဒီလူနှစ်ယောက်ဟာ လွန်ခဲ့တဲ့(၁၀)နှစ်လောက်ကသိုင်းလောကမှာ အလွန်ထင်ရှား ကျော်ကြားခဲ့တယ်။ သူတို့ကိုမှီပြီး ကောင်းစွန်းပေ့ဟာ အခုလို နေရာကောင်းကောင်း ရသွားတာပေါ့'

လေက အေးတိအေးစက်ဖြင့် ပြုံးလိုက်သည်။

'ဒီလူဟာ ကိုယ်နဲ့မဆိုင်ဆိုင် ဆိုင် ဝင်ရှုတ်နေတဲ့ အတွက် တနေ့ကျယင် ဒုက္ခရောက်သွားနိုင်တယ်ဗျာ'

ဆွေဖျောင်းသည် သူ့အား စိုက်ကြည့်ယင်း—

'ရှင် ဘယ်တုန်းကစပြီး တရားမျှတတဲ့ဘုန်းကြီး ဖြစ်လာရတာလဲ'

လေက ပြုံးလိုက်သည်။

'ကျုပ်က ငွေကို မက်မောနေပေမယ့် အခုတော့ ငွေလဲ ...ာလို့ရပြီမို့ သိုင်းလောကအတွက် အကျိုးရှိတဲ့ အလုပ်တွေကို ...ည်းနည်းပါးပါးတော့ လုပ်ပေးရအုံးမှာပေါ့'

ဆွေဖျောင်းက သူ့အား မျက်စောင်းထိုးလိုက်သည်။

'အော်— ရှင်အခုလုပ်နေတာတွေဟာ ကျွန်မအတွက် လုပ်...နေတာ မဟုတ်ဘူးပေါ့'

လေက ထိတ်ထိတ်ပြာပြာ ဖြစ်သွားသည်။

အောင်— မိန်းမကလဲ အထင်မလွဲပါနဲ့ဗျာ'

ဆွေ့ဖျောင်းက မျက်စောင်းထိုးလိုက်လေသည်။

'ထွီ....ဘယ်သူက ရှင့်မိန်းမဖြစ်နေလို့လာပြောနေရတာလဲ အရှက်လဲ မရှိဘူး'

'အမေလေး—'

ဆွေ့ဖျောင်း၏ခြေထောက်သည် ငွေ့တုံးကြီး၏ခြေထောက် ပေါ်သို့ ခပ်ပြင်းပြင်းနင်းချလိုက်သောကြောင့် ဖြစ်သည်။

* * *

## (၅)

ကောင်းကင်တခုလုံးတွင် တိမ်တိုက်များလုံးဝမရှိပဲ သာယ[illegible] နေသည်။ ယင်းမြို့၏ အနေ‌ာက်တောင်ဘက်(၅)မိုင်ခန့် အကွ[illegible] တွင် ဘုံကျောင်းတခုရှိသည်။ ယင်းဘုံကျောင်းသည် အလှ[illegible] ကျယ်ဝန်းပြီး ကြီးမားသော ဘုံကျောင်းဖြစ်သည်။

ယင်းဘုံကျောင်းအား အဝေးမှကြည့်လိုက်လျှင် ခံတပ်တ[illegible] နှင့် တူလှပေသည်။ ထိုဘုံကျောင်း၏အနီးတဝိုက်တွင် လူသွ[illegible] လူလာတယောက်မျှပင် မတွေ့ရပါ။

ဤဘုံကျောင်းသည် 'ကျင်းမုန်း'ဘုံကျောင်းပင် ဖြစ်[illegible] သည်။ ယင်းဘုံကျောင်းသို့ ရွာသူရွာသား တယောက်တ[illegible]





မျှပင် လာရောက်ခြင်း မရှိပါချေ။ အကြောင်းမှာ ယင်းဘုံကျောင်းအား အုပ်ချုပ်နေသော လူတစုတို့သည် လူကောင်းများ မဟုတ်ကြသည်ကို ရွာသူရွာသားများကသိထားသောကြောင့် ဖြစ်လေသည်။

ယင်းဘုံကျောင်းထဲမှာရှိသောလူများသည်၊ သမားတော်ယောင်ယောင်၊ ဆရာသမားယောင်ယောင်၊ သူတော်စင် အဝတ်အစားများကို ဝတ်ဆင်ထားကြသော်လည်း သူတို့သည် အတုအယောင်များပင်ဖြစ်ကြသည်ကို လူတိုင်း အကဲခတ် သိရှိထားကြလေသည်။

ဤဘုံကျောင်းတွင် ထမင်းချက်တာဝန်ကို ယူထားသူမှာ အမျိုးသမီးတယောက်ဖြစ်သည်။ ယင်းအမျိုးသမီးသည် အလွန်ကြမ်းတမ်းပြီး၊ အလွန်ရန်စွာသော အမျိုးသမီးတယောက်ပင်ဖြစ်သည်။

ထို့ကြောင့် ရွာထဲရှိ လူအများက ယင်း အမျိုးသမီးအား 'ဘီလူးမ'ဟု ခေါ်ကြလေသည်။ အမှန်မှာ သူမ၏ အမည်မှာ 'ကွေ့ဝေ့'ပင် ဖြစ်လေသည်။

* * *

ဘီလူးမ ကွေ့ဝေ့သည် အသက်(၄၀)ပင် မပြည့်သေးပါချေ။ သူမသည် သန်တုံးမြန်တုံးအရွယ်ပင်ဖြစ်သည်။

ထိုဘီလူးမသည် ဘုံကျောင်းတွင် နေထိုင်ကြသူများ စားသောက်ရန်အတွက် ထမင်းဟင်းများကို ချက်ပေးရသည့်အပြင် ဘုံကျောင်းမှ အထွေထွေကိစ္စများကိုလည်း ပါဝင်ဆောင်ရွက်နေရသော အမျိုးသမီးတယောက်ဖြစ်သည်။

သို့သော် ဤဘုံကျောင်းအား အုပ်ချုပ်နေသောသူမှာ သူမ မဟုတ်ပါချေ။

ကျင့်အန့် ဘုံကျောင်းအား အုပ်ချုပ်သောလူတယောက်ရှိသည်။ ဤ ဘုံကျောင်းကို အုပ်ချုပ်သောသူသည် အသက် (၆၀)ခန့်ရှိသည်။ သူ့အား အများက ဖုဆင်းဆရာဟု ခေါ်ကြလေသည်။

သူသည် ယင်း ဘုံကျောင်းတွင်နေထိုင်ပြီး သိုင်းသမားအများအပြားကို အုပ်ချုပ်နေရသူဖြစ်သည်။

သူ၏တာဝန်မှာ လက်ထောက်ရဲတိုက်မှူး ကောင်းစွန်းပေ၏ အမိန့်ကိုနာခံရန်ပင် ဖြစ်သည်။ ကောင်းစွန်းပေက လိုအပ်သောအချိန်တွင် ပြုလုပ်ရမည့်တာဝန်များကို ပေးလာလျှင် သူက တသွေမတိမ်းလိုက်နာ လုပ်ဆောင်ပေးရန်သာ ဖြစ်လေသည်။

ထို့ကြောင့် ကောင်းစွန်းပေ၏အားအထားရဆုံး တကယ့်အင်အားစုမှာ ဤဘုံကျောင်းထဲ၌ စာည်ရှိနေလေသည်။

* * *





(၆)

ဘီလူးမ ကွေ့ဝေ့သည် ဈေးခြင်းတောင်းကိုဆွဲ၍ ဘုံကျောင်းပျက်ထဲသို့ လှမ်းဝင်လိုက်လေသည်။

သူမသည် လက်ထဲ၌ ဆွဲလာသော ဆွဲခြင်းတောင်းအား ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ပြီး ဖုဆင်းဆရာထံသို့ ရေးကြီးသုတ်ပျာဖြင့် ပြေးသွားလေသည်။ ဖုဆင်းဆရာသည် သူ၏သီးသန့်အခန်းထဲတွင် သိုင်းပညာများကို လေ့ကျင့်နေချိန် ဖြစ်သည်။

ဖုဆင်းဆရာသည် ဘီလူးမ ကွေ့ဝေ့ ရေးကြီးသုတ်ပြာဖြင့် ရောက်ရှိလာသည်ကို တွေ့လိုက်ရသဖြင့် မကြေမနပ် ဖြစ်သွားလေသည်။

သူက သိုင်းပညာ လေ့ကျင့်နေချိန်တွင် မည်သည့်ကိစ္စမျှ အရေးကြီးနေပါစေ၊ သူထံသို့မလာရဟု အမိန့်ချထားလေသည်။

ထို့ကြောင့် သူကယခုကဲ့သို့ သိုင်းပညာ လေ့ကျင့်နေသောအချိန်တွင် မည်သူကမှ သူထံသို့ မသွားဝံ့ပါချေ။ ယခု ဘီလူးမ ကွေ့ဝေ့သည် သူသိုင်းလေ့ကျင့်နေသောအခန်းတွင်းသို့ လှမ်းဝင်လာသည်ကို တွေ့လိုက်ရသောအခါ သူသည် မကြေမနပ်ဖြစ်သွားကာ ဘီလူးမအား စတင်ပြောဆိုမည့်အပြုတွင် ဘီလူးမ ကွေ့ဝေ့၏စကားကြောင့် သူသည် အပြစ်တင်ရန်ပင် မေ့လျော့သွားလေသည်။

ဆရာ.... ငွေတုံးကြီးတို့လူစု ဒီဘက်ကို လာနေတယ်ဆိုတဲ့ သတင်းကို ကျွန်မ ခုပဲကြားခဲ့ရတယ်’

* * *

ယင်းသတင်းကို ကြားလိုက်ရသည်နှင့် ဖုဆင်းဆရာသည် ကမန်းကတန်း အင်္ကျီဝတ်လိုက်ပြီး အရေးပေါ် ခေါင်းလောင်းအား ဆွဲလိုက်လေသည်။

‘ဒေါင်–ဒေါင်–ဒေါင်–ဒေါင်’

ဘုံကျောင်းတွင် ခေါင်းလောင်းသံများသည် အဆက်မပြတ် ထွက်ပေါ်လာနေသောကြောင့် ဘုံကျောင်းထဲမှ သိုင်းသမားများတို့သည် လက်နက်ကိုယ်စီ ယူဆောင်ကာ တိုက်ခိုက်ရန် အသင့်ပြင်ထားကြလေသည်။

အချို့သိုင်းသမားများသည် ဘုံကျောင်း၏အပြင်သို့ထွက်လာကြပြီးလျှင် ရောက်ရှိလာသော လူများအား ဆီး၍တိုက်ခိုက်ရန် ဟန်ပြင်နေကြလေသည်။

ဘီလူးမကွေ့ဝေ့းမှာမူ ဘုံကျောင်း၏ အနောက်ဖက်သို့ ပြေးသွားလေသည်။

ဘုံကျောင်း၏ အနောက်ဘက်ခြံဝင်းထဲတွင် ရေတွင်းတခုရှိသည်။ ကွေ့ဝေ့းသည် ထိုရေတွင်းထဲသို့ ခုန်ချရန် ဟန်ပြင်လိုက်သည်။ သူမသည် ကိုယ့်ကိုကိုယ် သေကြောင်းကြံရန်





မဟုတ်ပါ။ အသက်ဘေးမှ ရှောင်တိမ်းနိုင်ရန် ယင်းရေတွင်းထဲသို့ ခုန်ချလိုက်ခြင်း ဖြစ်သည်။

ဤရေတွင်းထဲ၌ ရေတစက်မျှမရှိပါ။ လူတရပ်ခန့်မြင့်သော ကောက်ရိုးများသာ ရှိသည်။ ထို့ကြောင့် ကွေ့ဝေ့းက ရေတွင်းထဲသို့ ခုန်ချလိုက်သောအခါတွင် လုံးဝ ထိခိုက်ဒဏ်ရာရခြင်း မရှိပါချေ။ သူမသည် ရေတွင်းထဲသို့ ခုန်ချလိုက်သည်နှင့် အပေါ်သို့ မော့ကြည့်လိုက်ရာ ရေတွင်းအဝ၌ လူတယောက်၏ ရက်စက်ကြမ်းကြုပ်သော မျက်နှာတခုကပေါ်လာသည်ကိုတွေ့လိုက်ရလေသည်။

သူမသည် အလွန်ထိတ်လန့် တုန်လှုပ်သွားလေသည်။ ထိုလူအား သူမ ကောင်းစွာ မှတ်မိနေသည်။ ယင်းလူသည်သူမတို့၏ မဟာရန်သူ ရှာဟူတိတ်ပင် ဖြစ်လေသည်။

ရှာဟူတိတ်သည် သူမအား အတန်ကြာ စိုက်ကြည့်လိုက်ပြီး အေးစိမ့်သော အသံဖြင့်–

‘ဟေ့– မင်းတို့ရဲ့ဆရာ ကောင်းစွန်းပေ့ ဘယ်မှာလဲ’

ကွေ့ဝေ့းက လေတချက်မှုတ်လိုက်သည်။

‘ကျုပ်မသိဘူး’

ရှာဟူတိတ်က မဲ့ပြုံးပြုံးလိုက်သည်။

‘ဒီလူက မင်းကို ရက်ရက်စက်စက် ပစ်ထားတာထက် မင်းက သူ့အတွက် ဘာဖြစ်လို့ ကာကွယ်ပေးနေရတာလဲ’

ကွေ့ဝေ့း၏ မျက်နှာတခုလုံးသည် ညှိုးမဲသွားလေသည်။

'ရှင့်ပါးစပ်ပေါက် ပိတ်ထားလိုက်စမ်း'

ရှာဟူတိတ်က မဲ့ပြုံးပြုံးလိုက်သည်။

'မင်းက အသက်ရှည်ရှည် နေချင်ယင် ကောင်းစွန်းပေ ဘယ်မှာရှိသလဲဆိုတာ အမှန်အတိုင်း ကျုပ်ကို ပြောပြပါ'

ကွေ့ဝေ့းက ခေါင်းမော့၍ မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ် အမှန်အတိုင်းပြောပြယင် ရှင်ကကျုပ်ကို တကယ် ချမ်းသာပေးမှာလား'

ရှာဟူတိတ်က ခေါင်းညိတ်လိုက်လေသည်။

'မင်းအမှန်အတိုင်းတာ ငါ့ကို ပြောပြစမ်းပါ၊ မင်းကို င တကယ်ချမ်းသာပေးပါ့မယ်'

'ဟား...ဟား...ဟား'

ကွေ့ဝေ့းက အားရပါးရ ရယ်မောလိုက်လေသည်။

'ဒီမှာ ရှာဟူတိတ်၊ ရှင့်အကြောင်းကို ကျုပ်မသိယင်ခက် မယ်၊ ကျုပ်က အမှန်အတိုင်းပြောပြတော့ကော ရှင်ကကျုပ် ကို အသက်ချမ်းသာပေးမယ်မဟုတ်ဘူးဆိုတာ ကျုပ်နားလည် ထားပါတယ်ရှင့်'

ရှာဟူတိတ်က ဒေါသအမျက်ချောင်းချောင်း ထွက်လာ သည်။

'မင်း မပြောဘူးလား၊ ပြောမလား ဒါပဲပြော'

ကွေ့ဝေ့းက ခေါင်းမော့လိုက်သည်။

'ကျုပ်မပြောနိုင်ဘူး'





ရှာဟူတိတ်က မဲ့ပြုံးပြုံးလိုက်ပြီး—

'ကောင်းပြီ၊ မင်းက ကောင်းစွန်းပေ့အပေါ်မှာ သစ္စာ ရှိနေတဲ့အတွက် ဒီမှာ မင်းအတွက်လက်ဆောင်'

သူသည် လက်တချက် ဝှေ့ယမ်းလိုက်ရာ ကတ္တီပါဗူးက လေးတလုံးက ရေတွင်းအောက်သို့ ကျသွားလေသည်။

ယင်းကတ္တီပါဗူးကလေးသည် ရေတွင်းအောက်သို့ ရောက် ရှိသွားသည်နှင့် ကတ္တီပါဗူး၏အဖုံးမှာ ပွင့်သွားလေသည်။

ယင်းကတ္တီပါဗူးထဲ၌ အလွန်အဆိပ်ပြင်းသော အပြာရောင် ကင်းမြီးကောက် အများအပြားရှိနေသည်ကို တွေ့လိုက်ရလေ သည်။ ကွေ့ဝေ့းက ထိတ်လန့်သွားလေသည်။

သူမသည် လက်ဝါးဖြင့် ထိုကင်းမြီးကောက်များအားရိုက်ချ လိုက်ရာ ကင်းမြီးကောက်အချို့သည် သူမ၏လက်ချက်ကြောင့် သေကြေပျက်စီးသွားပြီ ဖြစ်သော်လည်း ကင်းမြီးကောက် တကောင်သည် သူမ၏အင်္ကျီထဲသို့ တိုးဝင်သွားလေသည်။

'မင်းဟာ အတော်ကောက်ကျစ်ယုတ်မာတဲ့လူပဲ'

ဤစကားသည် ကွေ့ဝေ့းမဒသဆုံးမိ နောက်ဆုံး ပြော သွားသောစကားဖြစ်သည်။ ယင်းစကား ပြောပြီး သည်နှင့် ကွေ့ဝေ့း၏ခန္ဓာကိုယ်သည် မလှုပ်မယှက် ငြိမ်သက်သွားလေ တော့သည်။

ရှာဟူတိတ် ဆိုသူသည် အလွန်ရက်စက် ကြမ်းကြုတ်သော လူတယောက်ပင်ဖြစ်နေသည် မဟုတ်ပါလော။ ထိုနည်းတူ

ရှာဟူတိတ်အသုံးပြုသော ကင်းမြီးကောက် များသည်လည်း အလွန်ကြောက်စရာကောင်းနေသည်မဟုတ်ပါလော။

* * *

( ၈ )

'လေ' သည်က ယင်းဘုံကျောင်းတွင်းသို့ အမှန်တကယ် ရောက်ရှိလာပြီးဖြစ်သည်။

ဘုံကျောင်းအတွင်းအပြင် ဝန်းကျင်တခုလုံးတွင် တဘက်နှင့်တဘက် တိုက်ခိုက်နေကြသောလူအများ၏အော်ဟစ်နေကြသောအသံများ၊ ဓား ဓားချင်း ထိတွေ့တိုက်ခိုက်မိသောအသံများက ဘုံကျောင်းဝန်းကျင်တခုလုံးတွင် ဆူညံစွာထွက်ပေါ်နေသည်။

တချက် တချက်တွင် စူးရှစွာအော်ဟစ်လိုက်သောအော်သံများသည် ကြောက်ခမန်းလိလိ ထွက်ပေါ်လာကြသည်။

အမှန်မှာ ကျင့်အန်း ဘုံကျောင်းအား ဦးစီးဦးဆောင်ပြု၍ တိုက်ခိုက်နေသောသူမှာ 'လေ' ဟု အမည်တပ်ထားသော်လည်း အမှန်တကယ် တိုက်ခိုက်နေသူများမှာ ရှာဟူတိတ်နှင့် သူ၏ဘက်တော်သားများသာ ဖြစ်ကြလေသည်။





လေ သည် လက်နှစ်ဘက်ကိုနောက်ပစ်ထားပြီး အေးဆေးစွာဖြင့် ဝန်းကျင်တခုလုံးအား အကဲခတ်၍ လျှောက်နေသည်။ သူသည် မည်သူကိုမှစ၍ မတိုက်ခိုက်ရသေးပါချေ။

သူ၏ခါးတွင် ဓားပင်ပါမလာပါချေ။ ရှာဟူတ်တိတ်မှာမူ ယင်းတိုက်ပွဲအား ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်၍ တိုက်ခိုက်နေခြင်းဖြစ်လေသည်။

ရှာဟူတိတ်သည် 'လေ'အပေါ်တွင် အလွန်ကြည်ညိုလေးစားဟန်ရှိသည်။

သို့သော် သူသည် ဆင်းဟုန်တိနှင့်ပတ်သက်ပြီး လေ အား စကားတခွန်းမှမပြောတော့ပါချေ။

လေ သည် ဆင်းဟုန်တိအား သူတို့လက်ထဲသို့ မအပ်ပဲနှင့် ဆုငွေစာစ်သောင်းရရှိလိုက်သည့်အတွက် သူသည် ဆင်းဟုန်တိအား သူတို့ထံလာပို့ရန်ကို မေ့ထားလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ထို့အပြင် မျက်နှာပေါ်၌ ဇာပုဝါဖြင့်အမြဲတမ်း ဖုံးအုပ်ထားတတ်သော ရဲတိုက်မှူးတုကျင်းအော့ကလည်း ဆင်းဟုန်တိနှင့် ပတ်သက်ပြီး သတိလုံးဝမရသည့်အလား နေလေသည်။

ထို့ကြောင့်လည်း လေ သည် ဆင်းဟုန်တိအား သူတို့လက်ထဲသို့ လာရောက်မအပ်သေးခြင်း ဖြစ်ပေမည်။

* * *

ကျင့်အန်းဘုံကျောင်းအတွင်း၌ သိုင်းသမားများစွာတို့သည် စုရုံးနေကြသည်။

ထိုစုရုံးနေကြသော သိုင်းသမားအားလုံးတို့သည် ကောင်းစွန်းပေ့အပေါ်တွင် သစ္စာတော်ခံယူထားကြသောလူများဖြစ်နေကြသည်။

ကောင်းစွန်းပေ့သည် တနေ့နေ့ တချိန်ချိန်တွင် သူ၏ပြိုင်ဘက်ဖြစ်သူ ရှာဟူတီတ်အား အလဲထိုးနိုင်ရန် လျှို့ဝှက် ကြံစည်နေသူဖြစ်သည်။

သို့သော် ရှာဟူတီတ်က သူထက်အယင်ဦးစွာ ယင်းသို့လာရောက်တိုက်ခိုက်လိမ့်မည်ဟု ကောင်းစွန်းပေ့က လုံးဝမမျှော်လင့်ခဲ့ပါချေ။

ထို့ကြောင့် ဤတိုက်ပွဲတွင် ကောင်းစွန်းပေ့တို့ လူစုမှာ အရေးနိမ့်သွားရလေသည်။

* * *

(၉)

တိုက်ပွဲပြီးဆုံးသွားသောအချိန်တွင် ကျင့်အန်းဘုံကျောင်း၏ အဆောက်အအုံတခုလုံးမှာ မီးဟုန်းဟုန်း တောက်လောင်နေပြီးဖြစ်သည်။





ရှာဟူတီတ်ကိုယ်တိုင် မီးတုတ်ကိုင်ဆောင်၍လိုက်လံပြီး မီးရှို့နေခြင်းဖြစ်သည်။

မကြာပါချေ။ ကျင့်အန်းဘုံကျောင်းအဆောက်အအုံ တခုလုံးမှာ မီးတောက် မီးလျှံများ၏ ဝါးမျိုခြင်းကို ခံလိုက်ရလေသည်။

မီးတောက်မီးလျှံများ၏ တောက်ပနေသော အရောင်ကြောင့် မြေပေါ်၌ လဲကျသေဆုံးနေသော လူအများ၏ အလောင်းများ ပြန့်ကျဲနေသည်ကို တွေ့ရမည်ဖြစ်သည်။

ယင်းလူသေအလောင်းများသည် အချို့က ရှာဟူတီတ်၏ လူများဖြစ်သည်။ သို့သော် သေဆုံးသူအများစုမှာ ကောင်းစွန်းပေ့၏အားထားရသောလူများသာ ဖြစ်လေသည်။

'ဟား....ဟား...ဟား'

ရှာဟူတီတ်သည် ကောင်းစွန်းပေ့အား အောင်နိုင်ခဲ့သဖြင့် သူသည် ကြေနပ်စွာဖြင့် အားရပါးရ အောင်ပွဲခံလိုက်လေသည်။

သူသည် ကောင်းစွန်းပေ့၏ အင်အားများကို အောင်မြင်စွာဖြင့် ဖြိုခွဲနိုင်ခဲ့သည်မဟုတ်ပါလော။

သို့သော် သူသည် ကောင်းစွန်းပေ့အား မသုတ်သင်ရသေး၍ မကြေနပ်သေးပါချေ။

ထို့ကြောင့် သူသည် ကောင်းစွန်းပေ့ကိုပါ အပြတ်ရှင်းလင်းသုတ်သင်ပစ်ရန် ထပ်မံ၍ အသင့်ပြင်ဆင်ထားပြန်လေသည်။

* * *

ထိုနေ့ညနေအချိန်—

ဘုန်းကျောင်းနှင့် မလှမ်းမကမ်းနေရာတွင် ဈေးကလေးတခု ရှိသည်။

ယင်းဈေးကလေးတွင် လူတယောက်သည် မြေပေါ်သို့ဖင် ထိုင်လျက် ရင်ထုမနာ ငိုကြွေးနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုငိုကြွေးနေသောလူသည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသောအဘိုးအိုတယောက်ပင် ဖြစ်သည်။

သူသည် သံသက် (၇၀)ခန့်ရှိလိမ့်မည်ဟု ထင်ရလေသည်။

ထိုအချိန်တွင် ဈေးဆိုင်များမှ လူများသည် အခြေအနေ မဟန်မှန်းသိလိုက်ရသဖြင့် မိမိတို့၏ဆိုင်ခန်းတွင်းမှ ပစ္စည်းများကို သိမ်းဆည်းကြပြီး ဈေးထဲမှ အလျှိုလျှို ပြန်သွားကုန်ကြပြီ ဖြစ်လေသည်။

မကြာပါချေ။

ဈေးထဲတွင် လူတယောက်မှ မရှိတော့ပါချေ။ သို့သော်... ငိုကြွေးနေသော အဘိုးအိုမှာမူ အငိုမရပ်သေးပဲ ဆက်လက် ငိုကြွေးနေဆဲပင် ရှိနေသည်။

ထိုစဉ် ဆံပင်များ ရှုပ်ပွနေသော ကယ်ပါတယောက်က ရုတ်တရက် ဈေးအတွင်းသို့ ရောက်ရှိလာသည်။

သူသည် ထိုအဘိုးအို ငိုကြွေးနေသော ရှေ့၌ ရပ်လိုက်ပြီး—

'ခင်ဗျားက ဘာဖြစ်လို့ဒီလောက်တောင် ငိုနေရတာလဲဗျ'





အဘိုးအိုသည် သူ၏ရှေ့မှ လူတယောက်၏မေးလိုက်သော လေသံကို ကြားလိုက်ရသောအခါ သူ့ရှေ့မှလူဘက်သို့ မော့၍ ကြည့်လိုက်သည်။

'ကျုပ် မိတ်ဆွေတယောက် သေဆုံးသွားလို့ ဝမ်းနည်းပြီး ငိုနေတာဗျ'

ကယ်ပါက သက်ပြင်းတချက်ချလိုက်သည်။

'သေတဲ့လူက သေသွားပြီပဲ၊ ခင်ဗျားငိုနေတော့ကော ဘာအကြောင်း ထူးမှာလဲဗျ'

သူသည် ထိုသို့ပြောပြီး အဘိုးအို၏အနီး၌ ထိုင်ချလိုက်လေသည်။ အဘိုးအိုက ဒေါသကြီးစွာဖြင့်—

'မင်းက ငါ့ ဘာတွေလာပြောနေတာလဲ'

သူတောင်းစားက အေးတိအေးစက်ဟန်ဖြင့်—

'ကျုပ်က လူစကားပြောနေတာ'

အဘိုးအိုက မျက်မှောင်ကုတ်လိုက်သည်။

'ဘာလဲ မင်းက ငါ့ကိုလာပြီး ရန်စနေတာလား'

ကယ်ပါက ပုခုံးတချက်တွန့်လိုက်သည်။

'ကျုပ်က ခင်ဗျားကို လာပြီးရန်စနေတာ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားကိုလာပြီး ကူညီတာပါ'

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

'အော် ... ဒါဖြင့် ကျုပ်က မင်းကို ကျေးဇူးတင်ရအုံးမယ် ဟုတ်လား'

ကာယ်ပါသည် မည်သို့မျှ ပြန်လည်မပြောတော့ပဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

တဖြည်းဖြည်းနှင့် ဈေးဘက် ပတ်ဝန်းကျင် တခုလုံးတွင် အမှောင်ထုသည် လွှမ်းမိုးလာလေပြီ။ သူတို့နှစ်ယောက်သည် လမ်းပေါ်၌ ထိုင်လျက်ပင် ရှိနေသေး၏။

သူတို့သည် အဘယ်ကြောင့် ဤနေရာသို့ လာရောက် ထိုင်နေကြပါသနည်း။

သူတို့သည် မည်သူ့ကို လာရောက်စောင့်မျှော်နေသနည်း။

ရုတ်တရက် ဈေးနားတဘက်စွန်းတွင် လူအချို့ ရောက်ရှိလာကြသည်ကို တွေ့ရလေသည်။

ထိုလူများသည် ခြေလှမ်းကျဲကျဲဖြင့် ဈေးအတွင်းသို့ရောက်ရှိလာကြလေသည်။

သို့သော် သူတို့သည် ကာယ်ပါနှင့် အနက်ရောင် ဝတ်စုံကို ဝတ်ဆင်ထားသော အဘိုးအိုရှိရာသို့ ဝါးတရိုက်ခန့် အကွာသို့ ရောက်ရှိလာသောအခါတွင် သူတို့၏ ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွားလေသည်၊

* * *

အမှောင်ထုသည် ဝန်းကျင်တခုလုံးတွင် တဖြည်းဖြည်းနှင့် ပို၍ပို၍ နက်ရှိုင်းမှောင်မဲလာလေသည်။





လူ(၁၈) ယောက်–

လျှို့ဝှက်သော လူ(၁၈) ယောက်တို့သည် ထိုင်နေသော ကာယ်ပါနှင့်အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသော အဘိုးအိုအား ဝိုင်းရံထားလိုက်လေသည်။

ကာယ်ပါက မလှုပ်မယှက်ထိုင်နေပြီး အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသော အဘိုးအိုကလည်း မလှုပ်မယှက် ထိုင်လျက်ရှိနေသည်။

ထိုလူ (၁၈)ယောက်တို့မှာ သစ်သားရုပ် (၁၈)ရုပ်ပမာ အနည်းငယ်မျှ လှုပ်ရှားခြင်းမပြုပဲ ရပ်လျက်နေသည်။

ထိုစဉ် အဝေးမှလွမ်းဆွေးစွာ ဆိုလိုက်သော တေးသံတခုကို ကြားလိုက်ရလေသည်။

ယင်းတေးသံသည် ကြားရသူများအဖို့ အလွန် လွမ်းဆွေးဖွယ်ရာ ကောင်းလှပေသည်။

အနက်ရောင် ဝတ်စုံကို ဝတ်ဆင်ထားသော အဘိုးအိုက ရုတ်တရက် လက်သီးလက်မောင်း တန်းလိုက်ပြီး အသံ ကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်သည်။

'ဟေ့–တုကျင်းအော့ မင်းရဲ့မိုက်ပြစ်ကို တနေ့ကျယင်တော့ မင်းကောင်းကောင်းခံရမှာ သေချာတယ်ကွ'

သူသည် ယင်းသို့ ကြုံးဝါးလိုက်လေသည်။

လွမ်းဆွေးဖွယ်ကောင်းသော တေးများသည် တစထက်တစ နီးကပ်လာလေသည်။

ယင်း တေးသီချင်းကိုသီဆိုနေသူမှာ မိန်းကလေးတယောက် ဖြစ်သည်။

လ၏ အလင်းရောင်များက အနည်းငယ် ဖြာကျနေသည့်အတွက် လှပကျော့ရှင်းသော မိန်းကလေး တယောက်က သီဆို၍ ကခုန်ပြီး လမ်းလျှောက်နေသည်ကို မပြီမပြင် တွေ့ရလေသည်။

ထိုမိန်းကလေးသည် ထိုင်နေသော အဘိုးအိုနှင့် တစထက်တစ နီးကပ်လာသည်။

ရုတ်ဘရက် မလှုပ်မယှက်ရပ်နေသော လူ(၁၈)ယောက်တို့အနက် တယောက်က ခုန်ထွက်လာပြီး သူ့လက်ထဲတွင် ရှည်လျားသော ကြာပွတ်တချောင်းနှင့် ကယ်ပါထံသို့ စတင် ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

ကြာပွတ်သည် သိုင်းပညာလေ့ကျင့်သော လက်နက်များထဲတွင် သင်ကြားတတ်မြောက်ရန် အခက်ခဲဆုံးသော လက်နက်ပင် ဖြစ်သည်။

ထို့ကြောင့် ကြာပွတ်ရှည်ကဲ့သို့သော လက်နက်မျိုးကို အသုံးပြုသောသူသည် သိုင်းပညာတွင် နယ်နယ်ရရ မဟုတ်မှန်းကို သိုင်းသမားက သိထားသည်။

ယခု ထိုသူသည် ကြာပွတ်ဖြင့် ဝှေ့ရမ်းကာ ပြင်းထန်စွာဖြင့် ကယ်ပါအား တိုက်ခိုက်လိုက်လေသည်။

သူ၏ကြာပွတ်သည် ကယ်ပါ၏ ခန္ဓာကိုယ်ပေါ်သို့ ရောက်ရှိသည်နှင့် ကြာပွတ်မှာ ထက်ပိုင်းပြတ်သွားလေသည်။





ထိုလူသည် အခြေအနေ မဟန်သည်ကို တွေ့ရှိလိုက်ရသည်နှင့် နောက်သို့ ကမန်းကတန်း ဆုတ်သွားလေသည်။

သို့သော် ထိုသူ နောက်ကျသွားချေပြီ။ ဖြူဖွေးသော အရောင်တခုက ဝင်းလက်သွားပြီး ဓားတလက်သည် သူ၏ ရင်ဝထဲသို့ စိုက်ဝင်သွားပြီး ဖြစ်လေသည်။

* * *

လွမ်းဆွေးစွာ သီဆိုနေသော တေးသံများသည် ရပ်တန့်ခြင်း မရှိသေးပါချေ။ ထို့အတူ မိန်းကလေးကလည်း ကမြကနေလေသည်။

ကယ်ပါ၏လက်ထဲ၌ (၃)ပေခန့်ရှိသော ဓားသည် သွေးများ စွန်းပေသွားသည်။

ယင်း ကယ်ပါ၏အမည်မှာ ခေါင်းကြီးကယ်ပါဖြစ်သည်။

သိုင်းလောကတွင် သူ၏ အမည်မှာ လျှမ်းလျှမ်းတောက် ကျော်ကြားခြင်း မရှိသော်လည်း ထိပ်ဘန်း သိုင်းသမား တယောက် ဖြစ်သည်ကိုမူ လူအများက အသိအမှတ်ပြုထားကြလေသည်။

ယခု ကယ်ပါနှင့် အနက်ရောင် ဝတ်စုံဝတ်ဆင်ထားသော အဘိုးအိုတို့အား ဝိုင်းရံထားသော လူ(၁၈)ယောက်တို့ အနက် တစ်ယောက် လျော့သွားပြီ ဖြစ်သည်။

သို့သော်— တစ်ယောက်လျော့သွားသည်နှင့် ကျန်ရှိသော လူ(၁၇)ယောက်တို့၏သိုင်းပညာအား အထင်သေး၍ မရပါချေ။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော အဘိုးအိုကိုလည်း အထင်သေးရန် မရပါချေ။ ယင်းအဘိုးအိုသည် သံမဏိလက်ဝါး 'ဖန်းမို့'ပင် ဖြစ်လေသည်။

ထို့ကြောင့် သူတို့သည် နှစ်ယောက်နှင့်(၁၇)ယောက် ရင်ဆိုင်တွေ့ကြုံနေရသော်လည်း သူတို့နှစ်ယောက်မှာ ကြောက်ရွံ့သော လက္ခဏာကို လုံးဝ မတွေ့ရပါချေ။

ထိုအချိန်တိုင်အောင် မိန်းကလေးသည် သီချင်းကို သီဆိုနေဆဲပင် ရှိနေသည်။

သူမ၏ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော ဇာပုဝါသည် အလွန်ပါးလွှာနေလေသည်။

သူမသည် တဘက်တွင် ကခုန်ပြီးသည်နှင့် လူနှစ်ယောက်သည် တိတ်ဆိတ်စွာ အဘိုးအိုအနီးသို့ ပြိုင်တူတိုးကပ်လာသည်။

ထိုလူနှစ်ယောက်အနက် တယောက်ကသံမဏိစုတ်တံကိုကိုင်ဆောင်ထားသည်။

ကျန်တယောက်က သံမဏိရိုးဖြင့် ပြုလုပ်ထားသော ယပ်တောင်တချောင်းကို ကိုင်ဆောင်ထားလေသည်။

သူတို့နှစ်ယောက်သည် ရှေ့သို့ တိုးထွက်လိုက်ပြီး သံမဏိလက်ဝါး ဖန်းမိုး၏ ထွက်ပေါက်အား ပိတ်ဆို့လိုက်လေသည်





ထိုလူနှစ်ယောက်မှာ နယ်နယ်ရရ သိုင်းသမားများ မဟုတ်ပါ။ သူတို့နှစ်ယောက်သည် တချိန်တုန်းက လျှမ်းလျှမ်းတောက်ကျော်ခဲ့ကြသော သိုင်းသမားများ ဖြစ်ကြလေသည်။

သူတို့သည် ယခု ဗိုလ်မင်းရဲတိုက်သို့ ရောက်လာပြီး အမှုတော်ထမ်းနေခြင်းဖြစ်သည်။

ယခုလည်း သူတို့က ဗိုလ်မင်းရဲတိုက်အတွက် သံမဏိလက်ဝါးဖန်းမိုးအား တိုက်ခိုက်နေခြင်းမဟုတ်ပါလော။

သူတို့၏ တိုက်ခိုက်မှုသည် အလွန် လျင်မြန်ထက်မြက်လှပေသည်။

သို့သော် ဖန်းမိုးအမြင်တွင် ထိုလူနှစ်ယောက်၏ သိုင်းပညာမှာ အလွန်နုနယ်ပြီး အတွေ့အကြုံနည်းသော လူနှစ်ယောက်ဟု မြင်မိလေသည်။

သူတို့နှစ်ယောက်သည် ဖန်းမိုး၏ထွက်ပေါက်များကို ပိတ်ဆို့၍ တိုက်ခိုက်နေသည်မှာ မှန်ကန်သည်ဟု ယူဆရပေမည်။

သံမဏိလက်ဝါး ဖန်းမိုး၏ သိုင်းပညာရပ်မှာ သူတို့ထက် အဆပေါင်းများစွာ ပို၍သာလွန်နေသောကြောင့် ဖန်းမိုးသည် သူတို့၏ပိတ်ဆို့မှုကို လုံးဝမမှုပဲ သူ၏ သံမဏိလက်ဝါးဖြင့် ထိုလူနှစ်ယောက်အား လျှပ်တပျက် တိုက်ခိုက်လိုက်လေသည်။

ထိုသူ၏ သံမဏိစုတ်တံသည် ဖန်းမိုး၏ ရင်ဝသို့ မရောက်မီမှာပင် ဖန်းမိုး၏ သံမဏိလက်ဝါးက ထိုသူ၏ သည်ဂုတ်သို့ တအားခုတ်ချလိုက်လေသည်။

ကျန်လူတယောက်၏ သံမဏိ ယပ်တောင်သည် ဖန်းမိုး၏ ကိုယ်ပေါ်သို့ မရောက်မီ ဖန်းမိုး၏ သံမဏိလက်ဝါးသည် ယပ်တောင်ကို ကိုင်ဆောင်ထားသော လည်မျိုသို့ ဖမ်းဆုတ်ထားလိုက်လေသည်။

* * *

ဖန်းမိုး၏ သံမဏိလက်ဝါးတိုက်ခိုက်မှုမှာ အလွန် လျင်မြန်ထက်မြက်ပြီး ရက်စက်ကြမ်းကြုတ်လေသည်။

လွမ်းဆွေးစွာ သီဆိုနေသောတေးသံသည် မဆုံးသေးပါ။ ဆွဲဆွဲငင်ငင်ပေါ်ထွက်နေပြန်သည်။

ထိုအချိန်တွင် လူသတ်သမား(၁၈)ယောက်အနက် (၁၅) ယောက်သာ ကျန်ရှိနေလေတော့သည်။

* * *

## (၁၁)

ဝန်းကျင်တခုလုံးသည် မှောင်မဲသည်ထက် မှောင်မဲ နေလေသည်။

ညအချိန် ရောက်နေပြီဖြစ်လေသည်။





အမှောင်ထုထဲ၌ မီးဒုတ်များကအစီအရီထွန်းညှိထားသဖြင့် ဝန်းကျင်တခုလုံးမှာ မီးရောင်များဖြင့် ထိန်လင်းနေလေသည်။

ထိုအပြင် မီးအိမ်မီးရောင်မှာလည်း ပေါ်ထွက်လာလေသည်။

ဖန်းမိုးကို ဝိုင်းရံထားသောလူများသည် (၁၅)ယောက်ပင် ရှိနေသေးသည်။

သို့သော် ထိုလူ(၁၅)ယောက်အပြင် မီးအိမ်များနှင့် မီးဒုတ်များကို ကိုင်ဆောင်ထားသောလူများက ထပ်မံထွက်ပေါ်လာလေသည်။

ထိုထွက်ပေါ်လာကြသော ဗိုလ်မင်းရဲတိုက်မှလူများ ဖြစ်ကြလေသည်။

သံမဏိလက်ဝါး ဖန်းမိုးနှင့် ခေါင်းကြီး ကယ်ပါတို့၏ မျက်နှာပေါ်တွင် ဟန်မူရာကင်းမဲ့စွာဖြင့် တယောက်မျက်နှာ တယောက် စိုက်ကြည့်နေကြသည်မှာ အချိန်မည်မျှ ကြာသွားမှန်းပင် မသိပါချေ။ ဖန်းမိုးက ခေါင်းကြီးကယ်ပါအားရုတ်တရက် မေးလိုက်လေသည်။

'ဟေ့ ခေါင်းကြီး သူ့ အက ကတာ ကြည့်ကောင်းရဲ့လားဗျ'

ခေါင်းကြီးကယ်ပါက ခေါင်းညိတ်လိုက်လေသည်။

'သူကနေတာ သိပ်လှတာပေါ့ဗျာ'

ဖန်းမိုးက ပြုံးလိုက်သည်။

'သူဆိုနေတဲ့ သီချင်းကကော နားထောင်လို့ ကောင်းရဲ့လား'

ခေါင်းကြီးကယ်ပါက ပခုံးတချက်တွန့်လိုက်သည်။

'အို—ဘယ့်နှယ်ပြောလိုက်ပါလိမ့် သူ့အသံက နားထောင်ကောင်းလို့ သာယာတာပေါ့ဗျာ'

ဖန်းမိုးက အတန်ကြာတိတ်ဆိတ်နေပြီးမှ—

'ဒါဖြင့် သူ့ကို တို့တွေဘယ်လိုလုပ်ကြမလဲ'

ခေါင်းကြီးကယ်ပါက—

'ကျုပ်တို့ သူ့ကိုယ် ဆုချရမှာပေါ့'

ဖန်းမိုးက ခေါင်းညိတ်လိုက်သည်။

'ကျုပ်တို့က သူ့ကို ဆုချသင့်တာပေါ့'

သူ၏ စကားသံဆုံးသွားသည်နှင့်—

သူ့ခန္ဓာကိုယ်သည် လျပ်တပျက် ခုန်ထလိုက်သည်။

ထို့နောက် သီချင်းသီဆိုကခုန်နေသော မိန်းကလေး၏လည်မျိုဆီသို့ သူ၏ သံမဏိလက်ဝါးဖြင့် ခုတ်ချလိုက်လေသည်။

သူ၏ လှုပ်ရှားမှုသည် အလွန် လျင်မြန်လှပေသည်။

သူ၏ တိုက်ခိုက်မှုမှာလည်း အလွန် ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။

သို့သော် ထိုတဒင်္ဂအချိန်တွင် မီးရောင်အောက်၌ လူတယောက်က ဖန်းမိုးတို့ထံသို့ လျပ်တပျက် ခုန်ဝင်လာလေသည်။

ထိုသူ၏ လက်ဝါးသည် ဖန်းမိုးခုတ်ချသော လက်ဝါးရှိန်သို့ ခံပေးလိုက်သည်။

'ဖျောက်—ဖျောက်—ဖျောက်'





ဖန်းမို့၏မျက်နှာမှာ ကွက်ကနဲပျက်သွားသည်။မိန်းကလေး၏ လည်မျိုကို ခုတ်ချလိုက်သော သူ၏လက်ဝါးအား ရုတ်တရက် ပြန်လည်သွင်းလိုက်သည်။

သူ၏လက်ကောက်ဝတ်နေရာသည် အရိုးကျိုးသွားသည်ဟု ခံစားလိုက်ရလေသည်။

အဝါရောင် ဝတ်စုံဝတ်ဆင်ထားသော လူတယောက်က သူ့အား အေးတိအေးစက်ဖြင့် ကြည့်နေသည်ကို တွေ့ရလေသည်။

'ခင်ဗျားက နာမည်နဲ့လိုက်အောင် ခင်ဗျားလက်ဝါးက သံမဏိလောက်မာပါတယ်ဗျာ'

ဖန်းမို့က အံ့သြစွာဖြင့် ထိုသူအား စိုက်ကြည့်လိုက်သည်။

'မင်းက ဘယ်သူလဲ'

ထိုလူက ပြုံးလိုက်သည်။

'ကျုပ်နာမည်က ငွေတုံးကြီးပါ'

• • •

(၁၂)

လေ သည် တဖျတ်ဖျတ်နှင့် တိုက်ခတ်နေသော ည၏ လေပြင်တွင် အေးဆေးစွာဖြင့် ရပ်နေ၏။

ဖန်းမို့၏လက်တွင် ဒဏ်ရာရရှိသွားသော်လည်း မိမိမှာလည်း မသက်သာလှသည်ကို သူ့ကိုယ်သူသာ သိရလေသည်။

ထိုအချိန်မှ ဆွေ့ဖျောင်းသည် သီဆို ကခုန်နေရာမှ ရပ်တန့်လိုက်ရလေသည်။

တေးသီချင်းသံများက ရပ်တန့်သွားလေသည်။ သူမသည် လေ၏ ရင်ခွင်ထဲသို့ တိုးဝင်သွားလေသည်။

လေက သူမအား ပြန်လည်၍ အသာအယာ သိုင်းဖက်ထားလိုက်လေသည်။

ထို့နောက် ဖန်းမို့နှင့် ခေါင်းကြီး ကယ်ပါတို့ ဘက်သို့ တချက်ကြည့်လိုက်ပြီး ပြတ်သားသောအသံဖြင့်—

'ဘယ်သူမဆို သူ့ကိုသတ်ချင်နေကြတာ၊ အေး—သူ့ကို သတ်ချင်ယင်တော့ ငါ့သေမှ သတ်လို့ရမယ်ဆိုတာ မှတ်ထားပါ'

*　　　*　　　*

ဖန်းမို့သည် သိုင်းလောကတွင် (၁၀) နှစ်ကျော် ကျင်လည်ကျက်စားခဲ့သူ ဖြစ်သည်။

သူသည် တိုက်ပွဲပေါင်းများစွာတို့ကိုလည်း ရင်ဆိုင် တိုက်ခိုက်ခဲ့ဖူးသူဖြစ်သည်။

သူတိုက်ခိုက်ခဲ့သော တိုက်ပွဲများတွင်လည်း အနိုင်ရခဲ့သော အကြိမ်ပေါင်းများစွာလည်း ရှိခဲ့လေသည်။

သို့သော် တကြိမ်တခါမျှ ကြောက်ရွံ့တုန်လှုပ်ခဲ့သော စိတ်များမရှိခဲ့ပါချေ။





ယခုတကြိမ်မှာမူ ဤလူငယ်နှင့် ရင်ဆိုင်လိုက်ရသောအခါ သူသည် အလွန်ကြောက်ရွံ့တုန်လှုပ်သောစိတ်များက အတိုင်းအဆမရှိ ထွက်ပေါ်လာခဲ့လေသည်။

သူသည် ငွေတုံးကြီးအား အစိမ်းလိုက်ဝါးစားချင်လောက်အောင် မုန်းတီးနေလေသည့်တိုင်အောင် သူသည် သူ၏ လက်များကို မလှုပ်ဝံ့ပါချေ။

'ငါက သူ့ကို မယှဉ်ပြိုင်နိုင်တာဟာ အသက်ကြီးသွားလို့များလား'

ဟု ကိုယ့်ကိုကိုယ်ကြိတ်၍ မေးမိလေသည်။

ယခင့်ယခင် အချိန်များတွင် သူသည် ဤ မေးခွန်းမျိုးကို တကြိမ်တခါမှ မစဉ်းစားမိခဲ့ပါချေ။ ယခုမှ သူသည် သူ့ကိုယ်သူ အိုမင်းရင့်ရော်နေသည်ကိုလည်း သတိရမိလေသည်။

သူ၏အသက်မှာ အိုမင်းရင့်ရော်နေသည် ဖြစ်သော်လည်း သူ၏ စိတ်များမှာမူ အိုမင်းရင့်ရော်ခြင်းမရှိပဲ နုပျိုတုန်းပင်ရှိသေးသည်။

သို့သော် ယခုမှာမူ သူသည် ကိုယ်ရောစိတ်ပါ အိုမင်းရင့်ရော်လာသောအခါ ယခုကဲ့သို့ သူ့ကိုယ်သူ အိုမင်းရင့်ရော်လာသည်ဟု သတိရလာလေတော့သည်။

စိတ်၏ အိုမင်းရင့်ရော်ခြင်းသည် လူတယောက်အား လျင်မြန်စွာ အိုစာသွားစေနိုင်သည် မဟုတ်ပါလော။

သူသည် ဤသို့ တွေးတောယင်း လျပ်တပျက်မခံချင်သော စိတ်များက တမုတ်ဟုတ်ချင်း ပြန်လည် ထွက်ပေါ်လာလေသည်။

သူ၏ လက်တဖက်မှ မြားကလေးတစင်းသည် လေရှိရာသို့ ပစ်လွှင့်သွားလေသည်။ ကယ်ပါခေါင်းကြီးသည် နှစ်ပေါင်းများစွာ ဤလက်နက်များကို အသုံးပြုခဲ့သူ ဖြစ်သည်။

ယခု သူသည် ထို လက်နက်ပုန်းများကို အသုံးပြုရန်မှာ လိုအပ်နေသည် မဟုတ်ပါလော။

ယခု သူသည် ယင်းလက်နက်ပုန်းများကို အသုံးပြုသော အခါတွင် ငွေတုံးကြီးက သူ့ပေါ်တွင် အလွန်အထင်ကြီးလာလိမ့်မည်ဟု ယူဆလိုက်လေသည်။

* * *

(၁၃)

ကယ်ပါခေါင်းကြီးသည် လျပ်တပျက် လက်နက်ပုန်းများဖြင့် လေရှိရာသို့ ပစ်လိုက်သောအခါ မည်သူမဆို လက်နက်ပုန်းများက လေအား လာရောက် ထိမှန်သွားလိမ့်မည်ဟု ထင်နေလေသည်။

သို့သော် လေသည် အေးတိအေးစက်ဖြင့်ရပ်နေပြီး သူ၏ မျက်လုံးအစုံသည် ကယ်ပါခေါင်းကြီး၏ လှုပ်ရှားမှုများကို သတိထားကြည့်နေသည်။

ထို့ကြောင့် ကယ်ပါခေါင်းကြီး၏ ပစ်လွှင့်လိုက်သောမြားကလေး(၂)စင်းသည် သူ့ထံသို့ပစ်လွှင့်လာသည်ကိုတွေ့ရသည်





နှင့် သူသည် ရုတ်တရက် နောက်သို့ ပက်လက်လှန်ချလိုက်ပြီး ပစ်လွှင့်လိုက်သော မြားနှစ်စင်းကို ရှောင်တိမ်းလိုက်လေသည်။

ခေါင်းကြီးကယ်ပါ၏ ပစ်လွှင့်လိုက်သော မြား(၂)စင်းသည် သူ၏ ကိုယ်ခန္ဓာဘေးမှ သီသီကလေး လွတ်၍ သွားလေသည်။

သူသည် ရင်ထိတ်၍သွားလေသည်။

ထို့နောက် သူ၏လက်ထဲမှ ဓားဖြင့် လျပ်တပျက် လေ၏ ရင်ဝဆီသို့ ထိုးသွင်းလိုက်သည်။

ကယ်ပါခေါင်းကြီး၏ ပစ်လွှင့်လိုက်သောလက်နက်ပုန်းသည် လေအား ထိမှန်ခြင်းမရှိသည်ကို တွေ့လိုက်ရသောအခါ သူသည် ရင်ထိတ်သွားလေသည်။

ထို့နောက် သူ၏လက်ထဲမှ ဓားဖြင့် လျပ်တပျက် လေ၏ ရင်ဝဆီသို့ ထိုးသွင်းလိုက်သည်။

လေသည် ရေထဲမှ ငါးကလေးတကောင်အလား ကယ်ပါခေါင်းကြီး ထိုးသွင်းလာသော ဓားကို ပွတ်ကာ သီကာဖြင့် ရှောင်တိမ်းလိုက်လေသည်။

ထိုစဉ် လူ(၂)ယောက်သည် လျပ်တပျက် ကယ်ပါခေါင်းကြီးအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ထိုသို့ ဝင်ရောက်တိုက်ခိုက်လိုက်သော လူ(၂)ယောက်မှာ ဝိုင်းရံထားသော(၁၅)ယောက်အနက်က (၂)ယောက် ဖြစ်သည်။

ထိုလူ(၂)ယောက်တို့ ကိုင်ဆောင်ထားသောလက်နက်များမှာ ဓားများပင်ဖြစ်လေသည်။

သူတို့သည် ဓားကိုဝှေ့ယမ်းကာ ခေါင်းကြီး ကယ်ပါအား ဝဲယာမှ ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်လိုက်လေသည်။

သူတို့၏ တိုက်ခိုက်မှုများမှာ အလွန် လျင်မြန်လှပေသည်၊ သို့သော် ကယ်ပါခေါင်းကြီး၏ တိုက်ခိုက်မှုသည် သူတို့ထက် ပို၍ လျင်မြန်လှပေသည်။

'အား…'

ထိုလူသည် နာကျင်လွန်း၍ စူးရှစွာ အော်ဟစ် လိုက်ပြီး နောက်သို့ ပြန်လည်ဆုတ်သွားရလေသည်။

သူတို့၏ကိုယ်ပေါ်၌ ကယ်ပါခေါင်းကြီး၏ တိုက်ခိုက်လိုက်သော ဓားချက်ကို ထိမှန်ကာ သွေးများဖြင့် ချင်းချင်းနီနေလေသည်။

'ကဲ— ဘယ်နှဲ့နေသေးလဲ'

ကယ်ပါခေါင်းကြီးက မဲ့ပြုံးပြုံး၍ပြောလိုက်လေသည်။

သို့သော် ထိုလူ(၂)ယောက်သည် သူတို့ကိုယ်ပေါ်မှ ဒဏ်ရာများကို ဂရုမစိုက်ပဲ လျပ်တပျက် ထပ်မံ တိုက်ခိုက်လိုက်ရာ သူတို့၏ဓားသည် ကယ်ပါခေါင်းကြီး၏ ခါးသို့ခုတ်မိသွားလေသည်။

ခေါင်းကြီးကယ်ပါသည် ထိုလူ(၂)ယောက်မှာ ဤမျှဒဏ်ရာပြင်းထန်စွာရရှိထားသည့်တိုင်အောင် ယင်းကဲ့သို့ ကိုယ့်ကိုကိုယ်





သေရမည်ကို ကြောက်ရွံ့ခြင်းမရှိပဲ၊ ယင်းကဲ့သို့ သူ့အား ပြန်လည်တိုက်ခိုက်နေသည်ကို အံ့သြသွားလေသည်။

သူသည် ကြောင်အံ့အံ့ဖြစ်နေစဉ်မှာပင်၊ ထိုလူ(၂)ယောက်အနက် ကျန်ရှိသော လူတယောက်၏ဓားသည် သူ၏ရင်ဝဆီသို့ တအားထိုးသွင်းလိုက်လေသည်။

ထိုလူ၏လက်ချက်ကြောင့် သူ၏တကိုယ်လုံးမှာ သွေးများဖြင့် ချင်းချမ်းနီရဲသွားလေသည်။

ထိုလူ(၂)ယောက်တို့သည် ခေါင်းကြီးကယ်ပါအား နောက်ဆုံးအကြိမ် တိုက်ခိုက်လိုက်ပြီးနောက် သူတို့သည် မြေပေါ်သို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် မြေပေါ်သို့လဲကျပြီး သေဆုံးသွားလေသည်။

ထိုအခါ ခေါင်းကြီးကယ်ပါသည် သေဆုံးသွားကြသော သူတို့အား မျက်လုံးပြူး၍ကြည့်ကာ—

'ဝုန်း—'

ဟူသောအသံနှင့်အတူ သူ၏ ကိုယ်ခန္ဓာသည် မြေပေါ်သို့ လဲကျသေဆုံးသွားလေတော့သည်။

* * *

ကယ်ပါခေါင်းကြီး မြေပေါ်သို့ လဲကျ သေဆုံးသွားပြီးနောက် ဖန်းမို့သည် လေနှင့် မျက်နှာချင်းဆိုင် ရပ်တန့်လိုက်လေသည်။

လေက သက်ပြင်းတချက်ချလိုက်သည်။

ခင်ဗျားရဲ့မိတ်ဆွေကယ်ပါခေါင်းကြီးကတော့ ကြွသွားပြီ'

ဖန်းမို့က ခေါင်းညိတ်လိုက်သည်။

'သူကြွသွားပေမယ့် အနည်းဆုံး ရန်သူဘက်က လူ(၂) ယောက်ကလဲ သူနဲ့အတူ အဖော်လိုက်သွားရတာပဲဗျ'

လေက ပြုံးလိုက်သည်။

'ခင်ဗျားလဲ သူတို့လို ကြွချင်လို့ အဖော်လိုက်ရှာနေတယ်နဲ့ တူတယ်၊ ဟုတ်လား'

ဖန်းမို့က ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်အတွက် အဖော်ရှာစရာ မလိုတော့ပါဘူး၊ ကျုပ်မိတ်ဆွေ ကယ်ပါခေါင်းကြီးက သိပ်ကြာကြာ စောင့်နေမှာမဟုတ်ဘူးဗျ'

သူတို့သည် ထိုသို့ပြောပြီးသည်နှင့် သူ၏ခါးမှဓားငယ်လေး တလက်ကိုဆွဲထုတ်လိုက်ပြီး သူ၏ဝမ်းဗိုက်ဆီသို့ ထိုးသွင်းလိုက်လေသည်။

ထိုအချိန်တွင် ဝိုင်းရံထားသော လူများသည် မမျှော်လင့်သော အဖြစ်အပျက်ကို တွေ့မြင်လိုက်ရသဖြင့် အံ့ဩသွားကြလေသည်။

သို့သော် လေကမူ ထိုအဖြစ်အပျက်ကိုတွေ့ရ၍ အံ့ဩသွားခြင်း မရှိပါချေ။

ဖန်းမို့၏ သဘောကို နားလည်သွားကြလေသည်။





လျှမ်းလျှမ်းတောက် ကျော်ကြားသော သိုင်းသမားတယောက်သည် ကိုယ့်အသက်ကိုသာ စွန့်လွှတ်ရဲသည်။

သို့သော် ... အရှုံးတော့ မခံချင်ကြပါ။ ဤသည်မှာ ကျော်ကြားသော သိုင်းသမားတယောက်၏ ခံယူချက်ပင် ဖြစ်သည် မဟုတ်ပါလော။

* * *

( ၁၄ )

ပြင်းထန်စွာ တိုက်ခိုက်နေသော တိုက်ပွဲသည် ယခုအချိန်တွင် အရှုံးအနိုင်ကို ခွဲခြား သိမြင်လာနိုင်ပြီ ဖြစ်လေသည်။

ကောင်းစွန်းပေ၏ အားထားရသော အင်အားစုများသည် မရှုမလှ ရှုံးနိမ့်သွားခဲ့ရပြီဖြစ်လေသည်။

ကောင်းစွန်းပေမှာ သိုင်းလောကတွင် လုံးဝ ခေါင်းမထောင်နိုင်ပါတော့ချေ။

သူသည် လူကသာ အသက်ရှင်လျက်ရှိနေသေးသော်လည်း သူ၏အဆောက်အအုံတခုလုံးသည်အမြစ်ပါမကျန် ပြိုလဲပျက်ဆီးသွားခဲ့ပြီ ဖြစ်လေသည်။

ရှာဟူတိတ်သည် ယခုအချိန်တွင် ကောင်းစွာ အောင်ပွဲခံနေမည် ဖြစ်လေသည်။

ကောင်းစွန်းပေ၏ နေရာကို ငွေတုံးကြီးက အစားထိုး နေရာယူထားပြီး ဖြစ်သည် မဟုတ်ပါလော။

ထို့ကြောင့် ယခုအချိန်တွင် ယင်းမြို့ကလေးအား ငွေတုံးကြီးမြို့ဟုပင် ပြောင်းလဲခေါ်ဝေါ်နေကြလေသည်။

ဇာတ်လမ်းအရ ဤနေရာတွင် အဆုံးသတ်ရမည်ဖြစ်သည်။

သို့သော် အမှန်အတိုင်းပြောရမည်ဆိုလျှင် ဤဇာတ်လမ်းက မဆုံးသေးပါချေ။

ဤလောကတခွင်တွင် ဖြစ်ပေါ်နေသော အကြောင်းအရပ်များတို့သည် တကယ့်အဆုံးအသတ်ရှိနိုင်ရန်မှာ အလွန်ပင်ခက်ခဲလှသည် မဟုတ်ပါလော။

တခါတရံ သင်ကဇာတ်လမ်းပြီးဆုံးသွားသည်ဟု ထင်မှတ်နေသော်လည်း တခါတရံတွင် နောက်ထပ်ဖြစ်ပေါ်လာသော အကြောင်းအရာများသည် ပို၍ပင်စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည် မဟုတ်ပါလော။

* * *

(၁၅)

ညသည် တဖြည်းဖြည်းနှင့် ပို၍ နက်ရှိုင်းလာပြီ ဖြစ်လေသည်။





ဖိုလ်မင်းရဲတိုက်ဝန်းကျင် တခုလုံး၏ ထက်ကောင်းကင်တွင် ကြယ်ကလေးများသည် ပြည့်နှက်လျက် ရှိနေသည်။

သို့သော် ...

လေသည် ယင်းကြယ်ကလေးများအား တွေ့မြင်နိုင်ခြင်း မရှိပါချေ။

သူသည် ရေလုံပြွတ်ချက်ထားသော ဟင်းနှင့်ထမင်း တပန်းကန်ကို တွေ့လိုက်ပြီး သောက်ရေတခွက်ကိုလည်း တွေ့ရသေးသည်။

ယခု သူနေထိုင်သောအခန်းသည် ခါတိုင်းကဲ့သို့ ခန့်ညားထယ်ဝါသော အခန်းမျိုးမဟုတ်တော့ပဲ ယခု သူသည်အချုပ်ခန်းတခုထဲ၌ နေထိုင်ရသောကြောင့် ဖြစ်လေသည်။

* * *

တောထဲ၌ ငှက်များ ကုန်သွားလျှင် လေး၊ မြားတို့သည် ချောင်ထိုးခံရသည်မှာ မဆန်းပါ။ ထို့အတူ တောအုပ်ထဲ၌ တောတွင်း တိရစ္ဆာန်များ ပျောက်ကွယ်သွားခဲ့လျှင် အမဲလိုက်ခွေးတို့သည် စွန့်လွှတ်ခြင်း ခံရလိမ့်မည်ပင်၊ ဤဆောင်ပုဒ်သည် မည်သည့်အခါမှ မှားယွင်းသွားလိမ့်မည်မဟုတ်ပါချေ။

အကြောင်းမှာ လူသားတို့သည် ကိုယ်ကျိုးကိုသာ ဦးစားပေး လုပ်ဆောင်တတ်သော သတ္တဝါတမျိုးပင် ဖြစ်သည် မဟုတ်ပါလော။

လေသည် ဗိုလ်မင်းရဲတိုက်သို့ စတင် ရောက်ရှိလာသည်နှင့် တမဟုတ်ချင်း ချမ်းသာကြွယ်ဝလာပြီး လက်ထောက်ရဲတိုက်မှူး ရာထူးကိုပင် ရရှိလာခဲ့လေသည်။

အပြင်ဘန်းကနေ ကြည့်မည် ဆိုလျှင် လေသည် အလွန် ကုသိုလ်ကံကောင်းသော လူတယောက်ဟု ယူဆရပေလိမ့်မည်။

သို့သော် ဤကဲ့သို့ ကံကောင်းသည့် ကိစ္စမျိုးမှာ ဤကမ္ဘာ လောကတခွင်တွင် မည်သည့်အခါမှ ရှိလိမ့်မည်မဟုတ်ပါချေ။

ထို့ကြောင့် လေနှင့်ပတ်သက်ပြီး မှန်ကန်စွာဖြင့် သုံးသပ်ရ မည်ဆိုလျှင် သူသည် အင်အားစုနှစ်ခု ပြင်းထန်စွာ တိုက်ခိုက် နေသည့်ဗိုလ်မင်းရဲတိုက်သို့ ရောက်ရှိလာသည်နှင့် သူ့အားအသုံး ချခြင်း ခံလိုက်ရလေသည်။

သူသည် ဗိုလ်မင်းရဲတိုက်၏ အလွန်ထက်မြက်သောလက်နက် တခုသဖွယ် အသုံးပြုခြင်းကို ခံလိုက်ရလေသည်။

ဗိုလ်မင်းရဲတိုက်သည် အပြင်မှ မြင်တွေ့လိုက်ရပါက အလွန် အင်အားတောင့်တင်းပြီး၊ အားထားရသော ပုဂ္ဂိုလ်များအပြည့် အဝရှိသော အင်အားစုတခုဖြစ်သည်ဟု ယူဆရမည်ဖြစ်လေ သည်။

သို့သော် အမှန်တကယ်တွင်မူ ဗိုလ်မင်းရဲတိုက်တွင် အင်အား စု နှစ်ခြမ်း ပြိုကွဲနေပြီဖြစ်သည်။

ယင်းပြိုကွဲနေသော အင်အားစုနှစ်ခုတို့သည် တခုနှင့် တခု အင်အားချင်းညီမျှနေသောကြောင့်၊ သူတို့သည် တစုနှင့်တစု





အတိအလင်း တိုက်ခိုက်မှုမပြုဝံ့ကြပဲ ကြိတ်၍သာ လျှို့ဝှက်စွာ ဖြင့် တစုနှင့်တစု တိုက်ခိုက်နေကြလေသည်။

ယင်းအင်အားစုနှစ်ခု၏ခေါင်းဆောင်များမှာ ကောင်းစွန်း ပေ့နှင့် ရှာဟူတိတ်တို့ပင် ဖြစ်သည်။

ရှာဟူတိတ်က ကောင်းစွန်းပေ့အား မကြောက်ပါချေ။

သို့သော် သူသည် ကောင်းစွန်းပေ့အား တိတ်တဆိတ် ထောက်ခံအားပေးနေသော လူစု တခုပေါ်တွင်မူ ကြောက် ရွံ့နေလေသည်။

ထို့အပြင် ကောင်းစွန်းပေ့တွင် တိတ်တဆိတ် လျှို့ဝှက် ထားသော လက်အောက်ငယ်သားများ အများအပြားလည်း ရှိနေသေးသည် မဟုတ်ပါလော။

ရှာဟူတိတ်သည် ကောင်းစွန်းပေ့၏ လျှို့ဝှက်ထားသော လက်အောက်ငယ်သားများကိုနည်းအမျိုးမျိုးဖြင့်စုံစမ်းထောက် လှမ်း၍ ကျင့်အန်းဘုံကျောင်းမှ ဆရာကြီးဖုဆင်း သိုင်းလော ကတွင် အလွန်ကျော်ကြားနေသော သံမဏိဖန်းမို့နှင့်ကယ်ပါ ဂိုဏ်းမှ ခေါင်းကြီးကယ်ပါတို့အပြင် အာမခံဌာနမှ ဌာနမှူး ဆင်းကူးရှန့်တို့သည် နောက်ကွယ်မှနေပြီး ကောင်းစွန်းပေ့ အား ထောက်ခံအားပေးနေကြလေသည်။

ယင်းထောက်ခံ အားပေးနေကြသော အင်အားစုသည် အလွန်ကြောက်မက်ဖွယ်ရာ ကောင်းသော အင်အားစုပင် ဖြစ် သည်။

အထူးသဖြင့် ကောင်းစွန်းပေ့အား ထောက်ခံအားပေးနေသော လူအမည်စာရင်းတခုသည် ဆင်းကူးရှန့်၏လက်ထဲ၌ ရှိနေသည်။

ထို့ကြောင့် တုကျင့်အော့သည် ယင်းအမည်စာရင်းကို ရရှိနိုင်ရန်အတွက် ဆင်းကူးရှန့်နှင့် ပထမဦးစွာရင်ဆိုင်တိုက်ခိုက်ရမည်ဖြစ်သည်။

ထို့ကြောင့် သူတို့သည် လူသတ်သမားများအား စေလွှတ်ကာ ဆင်းကူးရှန့်အား လုပ်ကြံရန် ဆုံးဖြတ်လိုက်လေသည်။

သို့သော်– ဆင်းကူးရှန့်သည် တနေ့နေ့တွင် သူ့အတွက် အန္တရာယ်ရှိလာလိမ့်မည်ဟု ကြိုတင်တွက်ထား၍လားမသိ၊ သူသည် ထိုအမည်စာရင်းပါသော စာရွက် စာတမ်းများအား သူ၏သမီးဖြစ်သူ ဆင်းဟုန်တိလက်ထဲသို့ သိမ်းဆည်းထားရန် အပ်နှံထားလိုက်လေသည်။

သူသည် ကြိုတင်တွက်ဆထားသည့်အတိုင်း ထိုအမည် စာရင်းရှိသည့်စာရွက်စာတမ်းများကို သူ၏သမီးလက်ထဲသို့ အပ်နှံလိုက်ပြီးနောက်(၅)ရက်ခန့်အကြာတွင် သူ၏တပည့်တယောက်က သူ့အပေါ်တွင် သစ္စာဖောက်သူအား လုပ်ကြံသတ်ဖြတ်လိုက်လေသည်။

ရှာဟူတိတ်သည် ထိုစာရွက်စာတမ်းများကိုမရရှိလိုက်သည့်အတွက် ဆင်းဟုန်တိအား လိုက်လံရှာဖွေဖမ်းဆီးနေရခြင်းဖြစ်သည်။ ဆင်းဟုန်တိအားဖမ်းဆီးနိုင်ရန်အတွက်သူတို့သည် ဆုငွေတစ်သောင်းကိုပင် ကြေငြာထုတ်ခဲ့သေးသည် မဟုတ်ပါလော၊





လေသည် မမျှော်လင့်ပဲ ဆင်းဟုန်တိအား ကယ်တင်လိုက်မိသည်။

ဆင်းဟုန်တိအား လာအပ်လျှင် ဆုငွေတစ်သောင်းရရှိမည်ဟု ဗိုလ်မင်းရဲတိုက်မှ ကြေငြာချက်ထုတ်ထားသည့် သတင်းကိုကြားလိုက်ရသည်နှင့် သူသည် ဆုငွေတစ်သောင်း ရရှိနိုင်ရန် ဗိုလ်မင်းရဲတိုက်သို့ ရောက်ရှိသွားလေသည်။

သို့သော် ထိုအချိန်မှာပင် ဗိုလ်မင်းရဲတိုက်မှအခြေအနေက ပြောင်းလဲသွားပြီဖြစ်လေသည်။ အကြောင်းမှာ ဆင်းကူးရှန့်၏ အမည်စာရင်းပါသော စာရွက်စာတမ်းသည် (၂)စောင်ရှိနေသည်။ တစောင်မှာ သူ၏တပည့်ဖြစ်သူ ကျင်းဝီဝူး လက်ထဲသို့ အပ်ထားလိုက်သည်။

ကျင်းဝီဝူးမှာ သူ၏ဆရာဖြစ်သူ ဆင်းကူးရှန့် သေဆုံးသွားသည်နှင့် ယင်းအမည်စာရင်းပါသော စာရွက်စာတမ်းများအား ရှာဟူတိတ်၏လက်ထဲသို့ သွားရောက်အပ်နှံလိုက်သောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် လေက ဆင်းဟုန်တိအား ဖမ်းဆီးထားပြီး ဗိုလ်မင်းရဲတိုက်တွင် ဆုငွေတစ်သောင်း သွားရောက်ထုတ်ယူသောအခါ ဆင်းဟုန်တိမှာ ဗိုလ်မင်းရဲတိုက်အနေဖြင့် တန်ဖိုးမရှိတော့ပါချေ၊

သို့သော် တုကျင်းအော့သည် ငွေတုံးကြီးအား လက်မလွှတ်ချင်ပါချေ။ သူသည် ငွေတုံးကြီးက မိမိ၏ အကြံအစည်ထဲ

တွင် ပါဝင်ဆောင်ရွက်နိုင်မည့်လူတယောက်ဟု သုံးသပ်မိလိုက် သောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် သူသည် ငွေတုံးကြီးအား ကောင်းစွန်းပေ တို့လူစုနှင့် ရင်ဆိုင်ပေးရန် စဉ်းစားမိလေသည်။

ထို့နောက် သူသည် လေအား ငွေတစ်သောင်းကိုအလွယ် တကူ ထုတ်ပေးလိုက်သည့်အပြင် ဗိုလ်မင်းရဲတိုက်တွင် ရှိသော ဆွေဖျောင်းအမည်ရှိ မိန်းကလေးတယောက်ကိုလည်း လက် ဆောင်အဖြစ် ပေးလိုက်လေသည်။

ထို့ကြောင့် ငွေတုံးကြီးက ငွေဆိုငွေ ရွှေဆိုရွှေ လိုတရ နေသည့်အပြင် ဗိုလ်မင်းရဲတိုက်တွင်လည်း ဒုတိယခေါင်းဆောင် အဖြစ် နေရာရရှိလာလေသည်။

ထိုအချိန်တွင် သူသည် ဘဝ၏အထွတ်အထိပ်သို့ ရောက်ရှိ နေသည် မဟုတ်ပါလော။

သို့သော် ယခုမှာမူ ရှာဟူတိတ်၏ အလွန် ကြောက်စရာ ကောင်းသောရန်သူများမှာလည်း နလံမထနိုင်လောက်အောင် ပြိုလဲပျက်စီးသွားပြီမဟုတ်ပါလော။

ထို့ကြောင့် သူတို့သည် ငွေတုံးကြီးကိုလည်း အသုံး ပြုရန် မလိုအပ်တော့သဖြင့် သူတို့၏ အချုပ်ခန်းတွင် ချုပ်နှောင်ထား လိုက်လေသည်။

* * *





(၁၆)

ညနေဆည်းဆာချိန် မရောက်မီကပင်

ရှာဟူတိတ်က သူ့အားရိုသေလေးစားနေသေးသည်မဟုတ် ပါလော။

သို့သော် လေသည် ဆွေ့ဖျောင်းကိုယ်တိုင်ဖျော်ပေးသော စပျစ်သီးအရက်တခွက်ကိုမော့၍ သောက်လိုက်ပြီးနောက် သူ့ အတွက် အစစအရာရာအားလုံးတို့သည် တမဟုတ်ချင်းပြောင်း လဲသွားလေတော့သည်။

သူသည် ယခုအချိန်တွင် ဗိုလ်မင်းရဲတိုက်၏ **လက်ထောက်** ရဲတိုက်မှူးတယောက်မဟုတ်တော့ပါချေ။

ဆွေ့ဖျောင်း၏ ဟန်အမူအရာမှာလည်း ရေခဲထက်ပင် အေးစက်နေသေးသည်။ လေသည်ကောင်းစွာမှတ်မိလိုက်သည်။

ဆွေ့ဖျောင်းက သူ့အား အချုပ်ခန်းထဲတွင် ချုပ်ထားရန် အမိန့်ပေးလိုက်ခြင်းဖြစ်သည်ကို သူကောင်းစွာ မှတ်မိနေသေး သည်။ လေ၏ အသည်းနှလုံးတွင် နာကျင်သောဝေဒနာပြင်း ထန်စွာ ခံစားလိုက်ရလေသည်။

သူသည် ဆွေ့ဖျောင်းမှာ သူ့အပေါ်တွင် မေတ္တာရှိလိမ့် မည်ဟု သူကမျှော်လင့်ထားသည်။ ထို့အပြင် ဆွေ့ဖျောင်း အား တစုံတယောက်က အကြပ်ကိုင် စေခိုင်းလိုက်၍သာ မိမိ အား လာရောက်စည်းရုံးနေခြင်း ဖြစ်သည်ဟုလည်း စိတ်ထဲ၌ တွေးမိလိုက်သည်။

ဆွေ့ဖျောင်းသည် မိမိ၏အပေါ်တွင် ဤမျှ ရက်စက်မည် မဟုတ်။ သူမသည် တစုံတယောက်က စည်းရုံးခိုင်း၍သာ မိမိအား ဤသို့လာရောက်စည်းရုံးနေခြင်းဖြစ်ရမည်ဟုလည်း သူက သုံးသပ်မိသည်။

သို့သော် ယခု ဖြစ်ပျက်နေသော အခြေအနေများသည် သူတွေးထင်သည့်အတိုင်း မဟုတ်ပါချေ။

ဆွေ့ဖျောင်းကိုယ်တိုင်ကိုယ်က မိမိအား မချစ် မနှစ်သက်ပဲ မိမိအား အသုံးချလို၍သာ ချစ်ချင်ဟန် ဆောင်နေသည်ကို ယခုမှ ကွက်ကွက်ကွင်းကွင်းသိလာရလေသည်။

ထို့ကြောင့် သူ၏စိတ်ထဲတွင် တည်ဆောက် ထားသော အချစ်ဗိမာန်မှာလည်း ပြိုလဲပျက်စီးသွားရပြီးဖြစ်လေသည်။

ဆွေ့ဖျောင်းသည် သူ့အားတိုက်သော စပျစ်သီး အရက်ခွက်ထဲတွင် ဆေးမှုန့်များ ဖြူးထည့်လိုက်သည်ကို လေက မသိ၍ မဟုတ်ပါ။

သို့သော် သူသည် ဆွေ့ဖျောင်းက မိမိအပေါ်တွင် မည်မျှအထိ ခင်တွယ်မှု ရှိ မရှိကို သိလိုသဖြင့် သူမ ဆေးခတ်ထားသောစပျစ်ရည်ကို ငြင်းပယ်ခြင်း မရှိပဲ သောက်ချလိုက်ခြင်းဖြစ်သည်။

အမှန်မှာ သူသည် ဆွေ့ဖျောင်းက သူ့အား လှမ်းပေးလိုက်သော စပျစ်အရက်ခွက်ကို လျင်မြန်စွာဖြင့် အခြား ခွက်တခွက်ဖြင့် လဲလှယ်လိုက်သည်ကို ဆွေ့ဖျောင်းက မသိလိုက်ပါချေ။





ထို့နောက် သူသည် သတိမေ့သွားသည့်ဟန်ဖြင့် မြေပေါ်သို့ လှဲချလိုက်လေသည်။

ဆွေ့ဖျောင်းက အစောင့်အကြပ် နှစ်ယောက်အား အမိန့်ပေးလိုက်သည့်အသံကို ကြားလိုက်ရသောအခါတွင် သူ၏ ရင်ထဲ၌ ဆွေ့ဖျောင်းအား လွန်စွာ နာကျည်းသွားလေသည်။

ဆွေ့ဖျောင်းသည် သူ့အား အရက်ခွက်ထဲတွင် ဆေးခပ်၍ တိုက်ပြီး အချုပ်ခန်းထဲတွင်ချုပ်ထားရန် အစောင့်အား အမိန့်ပေးလိုက်သည်သာမကပဲ သူမကိုယ်တိုင်ပင် လေ၏ကိုယ်ပေါ်မှ သွေးကြော(၇)နေရာတို့အား ပိတ်လိုက်လေသည်။

သို့သော် လေက မမှုပါချေ။ ဆွေ့ဖျောင်း၏ သွေးကြောပိတ်ပညာမှာ မညံ့သော်လည်း သူ၏သွေးကြောနေရာများအား လက်မဝက်ခန့် ရွှေထားလိုက်လေသည်။

ထို့ကြောင့် ဆွေ့ဖျောင်းအနေဖြင့် လေမှာမေ့ဆေး မေ့ထားထားသည့်အပြင် သွေးကြောများလည်း ပိတ်ထားခြင်းခံရပြီး အချုပ်ခန်းထဲတွင်လည်း ချုပ်ထားသည့် အတွက် လေသည် မည်သည့်နည်းနှင့်မျှ ဤနေရာမှ ထွက်ပြေး သွားနိုင်လိမ့်မည် မဟုတ်ဟု စိတ်ချ ယုံကြည်လိုက်လေသည်။

သို့သော် ဤကမ္ဘာလောကတခွင်လုံးတွင် လေအား ဖမ်းချုပ်ထားနိုင်သော အချုပ်ခန်းဟူ ယနေ့အထိ မရှိသေးပါချေ။

ထို့ကြောင့် လေ၏ အချုပ်ခန်းအား စောင့်ရန် တာဝန်ကျသော လူသည် အချုပ်ခန်းထဲ၌ ငွေတုံးကြီးအား မတွေ့ရတော့

သည်ကို တွေ့ရှိရသောအခါ တုန်လှုပ် ချောက်ချားသွားလေသည်။

ထိုအချိန်တွင် လေသည်အလွန်စည်ကားသော စားသောက်ဆိုင်တခုသို့ ဝင်၍ အစားအသောက်များကို အားရ ပါးရ စားသောက်နေလေတော့သည်။

* * *

လေသည် မည်သို့သော လူစားမျိုး ဖြစ်နေသတည်း။

သူသည် သာမန်သိုင်းသမားတယောက်လော။

သို့မဟုတ် ငွေနှင့်ရာထူးကို မက်မောတတ်သောလူတယောက်လော။

သူ့အပေါ်တွင် မည်သူက မည်သို့ပင် အမြင်ရှိနေပါစေ သူသည် အလွန်လုပ်ရည်ကိုင်ရည် ပြည့်ဝသော လူတယောက်ဖြစ်လိမ့်မည်ဟု သူ့ကိုယ်သူ ဝန်ခံရပေလိမ့်မည်။

သူသည် သိုင်းသမားတယောက် ဘဝဖြင့် ထိုအာဏာလုံ့ကြီးထဲသို့ ဝင်ရောက်သွားခဲ့သည်။

သူသည် ဆန့်ကျင်နေသော အင်အားစု နှစ်ခုကြားမှာ ကောင်းမွန်စွာ နေထိုင်ခဲ့သူ ဖြစ်သည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် သူ၏ လုပ်ရည်ကိုင်ရည်ကို သိနိုင်လေသည်။ သူသည် ဆင်းဟုန်တိ၏ ကိစ္စကို အသုံးပြုပြီး ဗိုလ်မင်းရဲတိုက်ထဲသို့ ဝင်ရောက်ခဲ့သည်မှာ အချိန် အခါနှင့် ပါးနပ်သော အကြံဥာဏ်တို့ကြောင့် ဖြစ်သည် မဟုတ်ပါလော။





ထို့အပြင် ငွေအလွန်မက်မောသည့်လူတယောက်အဖြစ် ဟန်ဆောင်နေသည်မှာလည်း အလွန်ပင်သဘာဝ ကျလှပေသည်။

လူအများကပင် သူ့အား ငွေကို မက်မောသည့် လူယုတ်မာတယောက်ဟုသတ်မှတ်ကြသည်မဟုတ်ပါလော။

သို့သော် သူ၏ဟန်ဆောင်မှုသည် အခြားလူအား ဖုံးကွယ်နိုင်ခဲ့သော်လည်း တုကျင့်အော့အပေါ်တွင်မူ လိမ်ရန် မရပါချေ။ အကြောင်းမှာ 'တုကျင့်အော့'သည် ဤကမ္ဘာ မြေပြင်လောကပေါ်တွင် အသက်ထင်ရှား မရှိတော့ခြင်းကြောင့်ဖြစ်သည်။

* * *

သိုင်းလောကတွင် တုကျင့်အော့တယောက် သိုင်း ပ ညာ လေ့ကျင့်ယင်း လေဖြတ်သွားသည်ဟူသောသတင်းမှာ အ မှန်တကယ်မဟုတ်ပါချေ။

အဖြစ်အပျက်မှာ တုကျင့်အော့အစစ်သည် ဤကမ္ဘာ မြေပြင်ပေါ်တွင် အသက်ထင်ရှားမရှိပဲ သေဆုံးသွားပြီး ဖြစ်လေသည်။

သူသေဆုံးသွားရသည့်အကြောင်းရင်းအမှန်မှာ တ စုံ တယောက်ကသူ့အားချောင်းမြောင်းလုပ်ကြံသတ်ဖြတ်လိုက်သောကြောင့်ဖြစ်သည်။

ဤသို့ဆိုလျှင်—

တုကျင့်အော့အား လုပ်ကြံသတ်ဖြတ်လိုက်သောသူမှာ မည်သူဖြစ်နေသနည်း။

တုကျင့်အော့အား လုပ်ကြံသတ်ဖြတ်သောသူမှာ တုကျင့်အော့၏ အချစ်ဆုံးမိန်းကလေးတယောက်ပင်ဖြစ်သည်။

ထိုမိန်းကလေးအမည်မှာ ဆော့ဖျောင်းပင်ဖြစ်လေသည်။

* * *

ဤသို့ဆိုလျှင်—

တုကျင့်အော့အဖြစ်ဟန်ဆောင်နေသူကား မည်သူဖြစ်နေသနည်း။

လေသည် ယင်းအဖြေကို စုံစမ်းလေ့လာနေဆဲပင်ရှိနေသေးသည်။

ထို့ကြောင့် လေက သူ့အားချုပ်နှောင်ထားသော အချုပ်ခန်းထဲမှ ဖောက်ထွက်လွတ်မြောက်လာသည်နှင့် တုကျင့်အော့အဖြစ်ဟန်ဆောင်နေသောလူကို လိုက်လံစုံစမ်းနေလေသည်။

လေသည် ဗိုလ်မင်းရဲတိုက်၏ နောက်ဘက် အဆောင်သို့ တိတ်တဆိတ်ရောက်ရှိလာသည်ကို မည်သူကမျှမသိလိုက်ပါချေ။ ရှာဟူတိတ်သည် လေက သူတို့ချုပ်နှောင်ထားသည့်အခန်းတွင်းမှ ထွက်ပြေးလွတ်မြောက်သွားသည့်သတင်းကိုကြားလိုက်ရသည်နှင့် သူ၏အားထားရသော သိုင်းသမား(၁၂)ယောက်တို့အား အမိန့်ပေးလိုက်လေသည်။





သူက ထိုသိုင်းသမား(၁၂)ယောက်တို့အား ပေးလိုက်သည့်အမိန့်မှာ—

'မင်းတို့အားလုံး သေကိုတွေ့တဲ့နေရာမှာအရှင်မထားနဲ့'

ဟု ဖြစ်သည်။

သူ၏ အားအထားရသော သိုင်းသမား(၁၂)ယောက်မှာ ဗိုလ်မင်းရဲတိုက်တွင် သိုင်းပညာအလွန်ထက်မြက်သော သိုင်းသမားများပင်ဖြစ်ကြလေသည်။

သို့သော်—

လေသည် မည်သည့်နေရာမှ ထွက်ပြေးသွားခြင်းမရှိပဲ ဗိုလ်မင်းရဲတိုက်၌ပင်ရှိနေသည်ကို ထိုသိုင်းသမားများက လုံးဝ မျှော်လင့်မထားမိချေ။

• • •

တုကျင့်အော့အဖြစ်ဟန်ဆောင်နေသူမှာ မည်သူ ဖြစ်နေသနည်း။

လေက တိုတောင်းသောအချိန်အတွင်းမှာပင် ထိုလူအားသိရှိလိုက်လေသည်။

ထိုသူမှာ တချိန်လုံး အနက်ရောင်ဇာပုဝါဖြင့် သူ၏မျက်နှာတခုလုံးကို ဖုံးအုပ်ထားသော တုကျင့်အော့အတုမှာ ဆင်းကူးရှိန်အား သစ္စာဖောက်သွားသော ကျင်းဝီဝူးပင်ဖြစ်လေသည်။

ကျင်းဝီဝူးသည် အသက်နုနယ်သေးသဖြင့် သူသည်ငွေ၏ဆွဲဆောင်မှုကို ခံနိုင်ရည်မရှိပါချေ။

ထို့အပြင် မိန်းမများ၏ ဆွဲဆောင်မှုကိုလည်း ခံနိုင်ရည်မရှိသောလူတယောက်ပင်ဖြစ်လေသည်။

သူသည် ကျော်ကြားမှုကို မက်မောသူဖြစ်သည်။

ထို့ကြောင့် ဆွေ့ဖျောင်း၏ ညွှတ်ကွင်းထဲသို့ ဆင်းသက်မိပြီး ဆွေ့ဖျောင်း၏ခိုင်းစေချက်ကို တသွေမတိမ်း လိုက်နာလုပ်ဆောင်ခဲ့လေသည်။

သူသည် သူ၏ဆရာသမားကိုပင် ဆွေ့ဖျောင်း၏ ခိုင်းစေချက်ကြောင့် ပြန်လည်လုပ်ကြံသတ်ဖြတ်မိခဲ့လေသည်။

ထို့ပြင် သူသည် ရဲဘော်များကိုလည်း သစ္စာဖောက်ခဲ့လေသည်။

သို့သော် သူသည် အစစအရာရာတွင် အောင်မြင်နေသည်ဟု ထင်နေရသော အချိန်တွင်းမှာပင် ငွေတုံးကြီးက သူ၏လျှို့ဝှက်ချက်နှင့် ဗိုလ်မင်းရဲတိုက်၏ လျှို့ဝှက်ချက်များအားလုံးကို စုံစမ်းသိရှိသွားပြီဖြစ်လေသည်။

သို့သော် လေသည် သူ့အားဆုံးမရန်အခွင့်ကို လုံးဝ မရလိုက်ပါချေ။

အကြောင်းမှာ ယခုအချိန်တွင် သူသည် ထိုက်သင့်သောအပြစ်ဒဏ်ကို ခံလိုက်ရပြီဖြစ်လေသည်။

*　　*　　*





ဆွေ့ဖျောင်း၏ မျက်နှာတခုလုံးမှာ ချီလွှင့်၍နေလေသည်။ ကျင်းဝီဝူးသည် ဆွေ့ဖျောင်း၏မျက်နှာအား အောင်မြင်သောအပြုံးဖြင့် ကြည့်လိုက်လေသည်။

ယခုအချိန်တွင် သူတို့၏ အကြံအစည်များ အားလုံးမှာ အောင်မြင်နေသည်မဟုတ်ပါလော။

ထို့ကြောင့်လားမသိ ဆွေ့ဖျောင်းသည် ကျင်းဝီဝူးအား သူမ၏ အခန်းတွင်းသို့ ဖိတ်ခေါ်လိုက်ပြီး အောင်ပွဲခံသည့်အထိမ်းအမှတ်ဖြင့် ညှော်ခံကျွေးမွေးခြင်းဖြစ်သည်။

ယနေ့ညတွင်ဆွေ့ဖျောင်းသည် ခါတိုင်းညများထက်ပင်ပို၍လှပနေသည်မဟုတ်ပါလော။

ယခု ကျင်းဝီဝူးသည် ဆွေ့ဖျောင်းနှင့် တွေ့ဆုံရန် အတွက် တိတ်တိတ်ပုန်းချိန်းတွေ့ရန် မလိုတော့ပဲ ပွင့်ပွင့် လင်းလင်းပင် လွတ်လပ်စွာ သွားလာတွေ့ဆုံနိုင်ပြီမဟုတ်ပါလော။

ကျင်းဝီဝူးသည် စိတ်ထဲတွင် ယင်းသို့ တွေးလိုက်သောအခါတွင် လွန်စွာပီတိဖြာနေသည်။

'သောက်လိုက်ပါအုံးရှင်...'

ဆွေ့ဖျောင်းသည် စပျစ်သီးအရက်တခွက်ကို ကျင်းဝီဝူးအား လှမ်းပေးလိုက်လေသည်။

ကျင်းဝီဝူးသည် ဆွေ့ဖျောင်း လှမ်းပေးလိုက်သော စပျစ်အရက်ခွက်ကို လှမ်းယူ၍ ဖြေးညှင်းစွာသောက်နေသည်။

သူသည် ထိုသို့သောက်နေယင်း သူ၏ မျက်လုံး အစုံသည် ဆွေ့ဖျောင်း၏ တကိုယ်လုံးအား လွှမ်းမိုးနေသည်ကိုတွေ့လိုက်ရလေသည်။

သူ၏ မျက်လုံးအစုံမှာ ရမက်၏ အခိုးအငွေ့များ လွှမ်းခြုံနေသည်ကို တွေ့ရလေသည်။

ကျင်းဝိဝူးသည် ဆွေ့ဖျောင်းတိုက်သည့် စပျစ်သီး အရက်အား သောက်လိုက်ပြီး နောက်ဘက်ကို လှမ်းပေး လိုက်လေသည်။

'ကောင်းလိုက်တဲ့အရက်ခွက် နောက် တခွက်လောက် ထပ်ထည့်ပေးပါအုံး'

သို့သော်...

ဆွေ့ဖျောင်းက ထပ်မံ ငှဲ့ပေးခြင်းမပြုပါချေ။

သူမသည် အေးဆေးစွာဖြင့် စားပွဲပေါ်မှ သစ်သီးများ လှီးသော ဓားကို ကောက်ကိုင်လိုက်ပြီး ပန်းသီး တလုံးအား ခွဲလိုက်လေသည်။

ထိုအခါ ကျင်းဝိဝူးသည် ထိုင်ရာမှထလာသည်။

ထို့နောက် သူသည် ဆွေ့ဖျောင်း၏ အနီးသို့သွားပြီး ဆွေ့ဖျောင်း၏ခန္ဓာကိုယ်အား သိမ်းကြုံးပွေ့ဖက်ထားရန် ခုန်အုပ်လိုက်လေသည်။

သို့သော် သူ၏ခန္ဓာကိုယ်သည် ဆွေ့ဖျောင်းထံသို့မရောက်မီမှာပင် မြေပေါ်သို့ သတိမေ့ကာ လဲကျ သွားလေတော့သည်။

* * *





အချိန်မည်မျှကြာသွားမှန်းပင် မသိပါချေ။

ကျင်းဝိဝူးပြန်လည်သတိရလာသောအခါတွင် ဆွေ့ဖျောင်း၏လက်ထဲတွင် ကိုင်ဆောင်ထားသော သစ်သီးလှီးသော ဓားသည် သူ၏ ဝမ်းဗိုက်တွင် ထိုးစိုက်နေသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရလေသည်။

သူသည် အံ့သြခြင်း ထိတ်လန့်ခြင်းနှင့် နာကျင်သောဝေဒနာများကို တပြိုင်နက်ရလိုက်သောကြောင့် သူသည် ထပ်မံ၍ သတိမေ့သွားပြန်လေသည်။

သို့သော် သူသည် သေဆုံးသွားခြင်းမရှိသေးပါချေ။

သို့သော်....

သူက ချက်ခြင်းပင် သေလိုက်ရသည်က ပို၍ ကောင်းနေသေးသည်ဟု ခံစားလိုက်ရသည်။

သေခြင်းတရားသည် လူသားတိုင်းအတွက် အလွန်ကြောက်မက်ဖွယ်ရာကောင်းသည်ဖြစ်သော်လည်း လူတိုင်းသည်ဝေဒနာခံစား၍ သေရမည့်အချိန်ကို စောင့်မျှော်နေရသည်ထက် ချက်ခြင်းသေသွားရသည်က ကောင်းနေသည် မဟုတ်ပါလော။

ယခု သူသည် မိန်းမတို့၏ပရိယာယ်မှာ မည်မျှကြောက်မက်ဖွယ်ရာ ကောင်းသည်ကို သဘောပေါက် နားလည်လိုက်လေသည်။

အလွန်လှပချောမောသော ဆွေ့ဖျောင်း၏ မျက်နှာသည် အလွန် အဆိပ်ပြင်းသော မြွေဟောက် တကောင်ထက်ပင် ကြောက်စရာကောင်းနေသည်ကို သူ တွေ့မြင်လာလေသည်။

ယခု သူမသည် စပျစ်သီးအရက်ခွက်ကို ကိုင်ဆောင်ကာ အေးဆေးစွာဖြင့် ကျင်းဝီဝူး သတိရလာသည်အထိ စောင့်နေလေသည်။

သူမသည် ကျင်းဝီဝူးသတိရလာသည်ကို တွေ့လိုက်ရသောအခါ သူမက အရက်ခွက်အား မြှောက်ပြလိုက်သည်။

'ဟောဒီအရက်ခွက်ထဲမှာ အဆိပ်မပါပါဘူးရှင့် မေ့ဆေးသာ နည်းနည်းကလေး ထည့်ထားတာပါ'

ကျင်းဝီဝူးသည် ဒေါသထွက်လွန်း၍ အံကိုတင်းတင်းကြိတ်နေသည်။ ဆွေ့ဖျောင်းသည် စားပွဲပေါ်မှ ပန်းသီးတလုံးအား ကောက်ယူလိုက်ပြီး ပြုံးပြလိုက်သည်။

'ရှင်ကောင်းကောင်းသတိရလာပြီမဟုတ်လား ကျွန်မ ပန်းသီးလှီးတဲ့ဓားကို ပြန်ပေးပါရှင်'

ဆွေ့ဖျောင်း၏ ပန်းသီးလှီးသောဓားသည် ယခု အချိန်ထိ ကျင်းဝီဝူး၏ ဝမ်းဗိုက်ပေါ်၌ ထိုးစိုက်လျက်ပင်ရှိနေသေးသည် မဟုတ်ပါလော။

'မင်း—တော်တော်ယုတ်မာတဲ့မိန်းမ'

ကျင်းဝီဝူးသည် အသံကုန်ဟစ်အော်လိုက်ပြီး ဆွေ့ဖျောင်းအား တိုက်ခိုက်ရန် ထလာမည်အပြုတွင်—

သူသည် လှုပ်ရှားလိုက်သောအခါတွင် သူ၏ တကိုယ်လုံးအား ကြိုးနှင့်တုတ်နှောင်ထားသည်ကို တွေ့လိုက်ရ လေသည်။

ဆွေ့ဖျောင်းသည် သူ့အားကြည့်ကာ တခစ်ခစ်ဖြင့် ရယ်မောလိုက်လေသည်။





'ဒီလိုမပြောပါနဲ့ရှင်— ရှင်ကော ဘယ်လိုလူစားလဲ ဆိုတာ ကိုယ့်ကိုယ်ကိုလဲ ပြန်ကြည့်ပါအုံးရှင်—'

ကျင်းဝီဝူးသည် မည်သို့မျှပြန်မပြောတော့ပဲ ပါးစပ် ပိတ်ထားလိုက်လေသည်။ သူပြုလုပ်သည့် အလုပ်များကိုလည်း ပြန်လည် စဉ်းစားမိပြီး နောင်တကြီးစွာ ရခဲ့လေသည်။

သူသည် ဆွေ့ဖျောင်းအား ဒေါသကြီးစွာဖြင့် ကြည့်နေရုံမှတပါး မည်သို့မှပြန်မပြောနိုင်ပဲ ဖြစ်နေသည်။

ဆွေ့ဖျောင်းက အေးတိအေးစက်ဖြင့်—

'ဘာလဲ၊ ရှင်က ရှင့်ကိုရှင် ဗိုလ်မင်းရဲတိုက်ပိုင်ရှင်ဖြစ်လိမ့်မယ်လို့များထင်နေသလား'

သူမသည် ထိုသို့ပြောပြီး အားရပါးရ ရယ်မောလိုက်လေသည်။

'ဒီမှာ ကျွန်မ ရှင်းရှင်းပြောမယ်၊ ရှင့်ကို ကျွန်မက ချစ်နေလို့မဟုတ်ဘူး၊ ကျွန်မက ရှင့်ကိုခိုင်းလို့ရလိမ့်မယ်လို့ ထင်နေလို့ ရှင့်ကို ချစ်ဟန်ဆောင်ပြီး စည်းရုံးသိမ်းသွင်းလိုက်တာရှင့်'

သူမသည် အားရပါးရရယ်မောနေရာမှ ရပ်တန့်လိုက်ပြီး နှုတ်ခမ်းကို မဲ့လိုက်လေသည်။

'ထပ်ပြီး ရှင်းရှင်းပြောရမယ်ဆိုယင် ရှင်ဟာ ကျွန်မ ကြိုးဆွဲရာ က ရတဲ့ အရုပ်ကလေးတရုပ်ပါပဲရှင်'

ထို့နောက် သူမသည် ခါးထောက်လိုက်ပြီး—

'အခုတော့ ကပွဲလဲပြီးသွားပြီ၊ ကျွန်မမှာကြိုးဆွဲဖို့ အရုပ်လဲမလိုတော့ဘူးရှင့်—'

သူမ၏စကားကြောင့် ကျင်းဝီဝူး၏ မျက်နှာတခုလုံးသည် ညိုမည်း၍သွားလေသည်။

ကျင်းဝီဝူး၏ ဟန်မူယာအား တွေ့မြင်လိုက်ရသည်နှင့် ဆွေ့ဖျောင်းသည် တခစ်ခစ်ဖြင့် ရယ်မောလိုက်ပြန်သည်။

သူမ၏ ရယ်မောနေသံသည် ချိုလွင်၍နေသည်။

သူမ၏မျက်နှာသည်လည်း အလွန်လှပ၍ နေလေသည်။

သို့သော် သူမသည် ဤမျှ ကောက်ကျစ်စဉ်းလဲပြီး ဤမျှ ရက်စက်ကြမ်းကြုတ်ယုတ်မာလိမ့်မည်ဟု မည်သူကမှ ထင်မည် မဟုတ်ပါချေ။

သူမသည် ယင်းကဲ့သို့ အားရပါးရ ရယ်မောနေစဉ်မှာပင် အခန်းဝသို့ လူတယောက်က လာရောက်ရပ်နေသည်ကို ရုတ်တရက်တွေ့မြင်လိုက်ရလေသည်။

ဆွေ့ဖျောင်းက ထိုလူအား အံ့သြစွာဖြင့် ကြည့်လိုက်သည်။

သူမ၏ အခန်းဝသို့ရောက်ရှိလာသောလူမှာ ရှာဟူတိတ်ပင် ဖြစ်သည်။

ထူးခြားသည်မှာ သူ၏ရင်ဝတွင် ဓားတလက်က စိုက်ဝင်နေခြင်းဖြစ်သည်။

* * *



လှိုင်စာပေ
အမှတ် ၁၃၀၊ ၆-လမ်း



ဖုန်း ၂၁၃၄၅

'ဝုန်း—'

ရှာဟူတိတ်၏ ခန္ဓာကိုယ်သည် တချက်မျှ တုန်ခါသွားပြီး အလွန်တန်ဖိုးကြီးသော ဓားပေါ်သို့ လဲကျ သွားလေသည်။

ကျင်းဝီဝူးက ရှာဟူတိတ်အားကြည့်ကာ ထိတ်လန့်တုန်လှုပ်သွားလေသည်။

'ရှာဟူတိတ်—'

ဟု ထိတ်လန့်စွာ အော်ဟစ်လိုက်လေသည်။

ဆွေ့ဖျောင်း၏မျက်နှာမှာလည်း ကွက်ကနဲ ပျက်သွားလေသည်။

သူမ၏မျက်နှာတခုလုံးမှာ ထိတ်လန့်မှုကြောင့် သွေးရောင်ပင်မရှိတော့ချေ။

သူမသည် ရှာဟူတိတ် လဲကျသွားသည်ကို ထိတ်လန့်သွားခြင်းမဟုတ်ပါ။

သူမ အံ့ဩတုန်လှုပ်သွားသည်မှာ သူမကိုယ်တိုင် သွေးကြော (၇) နေရာကို ပိတ်ထားပြီး အလုံခြုံဆုံးသောအချုပ်ခန်းထဲ၌ ချုပ်နှောင်ထားခဲ့သော ငွေတုံးကြီးဆိုသူအား တွေ့မြင်လိုက်ရခြင်း ဖြစ်လေသည်။

* * *

လေသည် ထပ်မံရောက်ရှိလာပြီးဖြစ်သည်။ သူသည်မည်သို့မှ မထွက်သာနိုင်သည့်အခြေအနေမျိုးမှ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

လေသည် အခန်းဝတွင် မလှုပ်မယှက် ရပ်နေလေသည်။

သူမ၏မျက်နှာတခုလုံးမှာလည်း မည်သည့်လှုပ်ရှားမှုမျှမတွေ့ရပဲ အသက်မဲ့သော သစ်တုံးပမာ ထုံထိုင်းနေ၏။

ထို့နောက် သူသည် အခန်းထဲသို့ ဖြေးညှင်းစွာ လှမ်းဝင်လိုက်ပြီး ကျင်းဝီဝူးအား စိုက်ကြည့်လိုက်လေသည်။

'သူ ပြောတာမှန်တယ်၊ တကယ်တော့ မင်းဟာ ခွေး တကောင်နဲ့တူတယ်၊ ဒါပေမယ့် သူက ခွေးမနဲ့တူတယ်ဗျ'





လေ၏ တသက်တာတွင် အမျိုးသမီးတယောက်အား ဤကဲ့သို့ ခွေးနှင့်နှိုင်းယှဉ်ပြောဆိုသည်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်လေသည်။

နောက်ဆုံးအကြိမ် ဖြစ်ပါစေဟုလည်း သူ့စိတ်ထဲ၌ကြိတ်၍ဆုတောင်းမိလေသည်။

ကျင်းဝီဝူးက လေအား စိုက်ကြည့်လိုက်လေသည်။

'ခင်ဗျားကို ကျုပ်တခုလောက် အကူအညီတောင်းချင်ပါတယ်၊ ကျွန်တော့်ကို ကူညီနိုင်ပါ့မလား'

လေက ကျင်းဝီဝူးအား ပြန်လည်စိုက်ကြည့်လိုက်ပြီး—

'ဘယ်လိုကူညီရမလဲဆိုတာ ပြောပါ'

ကျင်းဝီဝူးက အံကိုတင်းတင်းကြိတ်လိုက်သည်။

'ခင်ဗျား တတ်နိုင်ယင် ကျုပ်ကို အခုချက်ခြင်းပဲ သတ်ပစ်လိုက်စမ်းပါ'

လေ၏မျက်လုံးအစုံသည် ထူးခြားသည့်အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

'မင်း တကယ်ပြောနေတာလား'

ကျင်းဝီဝူးက ခေါင်းညိတ်လိုက်သည်။

'တကယ်ပြောနေတာပါ၊ ဘာဖြစ်လို့လဲဆိုယင် ခုချိန်မှာကျုပ်ဟာ သေသင့်သေထိုက်တဲ့ လူတယောက် ဖြစ်နေလို့ပါ'

လေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ မင်းဟာ မင်းရဲ့ဆရာ ဆင်းကူးရှန့်ကို သတ်ပစ်လိုက်တာဟာ မဟာအမှားတခုပါပဲ၊ နောက်ပြီး ဒီမိန်းမရဲ့စကားကို နားထောင်မိတာ မင်းအတွက် မဟာအမှားပဲပေါ့'

ကျောင်းဝိဝူးက ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားပြောတာမှန်ပါတယ်၊ လောကကြီးဟာ အကျယ်ကြီးဖြစ်နေပေမယ့် ကျုပ်အတွက်ကတော့ နေစရာမရှိတော့ပါဘူး'

သူသည် ထိုသို့ပြောပြီးနောက် တစုံတခုကို သတိရလာပြီး—

'ဒါနဲ့ ခင်ဗျားဟာ ကျုပ်က ကျောင်းဝိဝူးဖြစ်တယ်ဆိုတာကို စောစောထဲက သိထားတယ် ဟုတ်လား'

လေက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ် ...'

ကျောင်းဝိဝူးက မျက်မှောင်ကုတ်သွားသည်။

'ကျုပ်က ကျောင်းဝိဝူးဖြစ်တယ်ဆိုတာကို ခင်ဗျားကို ဘယ်သူက ပြောလိုက်လို့လဲ'

လေက ပြုံးပြလိုက်လေသည်။

'အဘိုးကြီးဘယောက်က ပြောပြလို့ ကျုပ်ကသိရတာပါ'

'ဘယ်သူများပါလိမ့်'

လေက ဆွေ့ဖျောင်းအား တချက်ကြည့်လိုက်ပြီး—

'လင်းစုပေါ့ဗျ'

ဆွေ့ဖျောင်းသည် ထိုစကားကိုကြားလိုက်ရသော အခါတွင် သူမ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။

သူမ၏မျက်နှာတခုလုံးမှာလည်း ချောမောလှပခြင်း မရှိတော့ပဲ ကြောက်မက်ဖွယ်ရာကောင်းသော အရိပ်အယောင်ဖြစ်နေပေသည်။





'လင်းစု၊ လက်စသတ်တော့ သူက သစ္စာဖောက်သွားတာကိုး'

လေကမူ အေးတိအေးစက်ဖြင့်—

'သူ သစ္စာဖောက်တာမဟုတ်ပါဘူး၊ သူဟာ သူ့ရဲ့ သခင်ပေါ်မှာ သစ္စာရှိတာ'

သူသည် ယင်းသို့ပြောယင်း ကျောင်းဝိဝူးနှင့် ဆွေ့ဖျောင်းအား တချက်လှမ်းကြည့်လိုက်သည်။

'လင်းစုဟာ သူ့ရဲ့သခင် လုပ်ကြံခံရတာကိုသိလို့ ကျုပ်ဆီကို စာရေးပြီး တိုင်ကြားလိုက်တာပါ'

ဆွေ့ဖျောင်းက သူ့အား စေ့စေ့ကြည့်လိုက်သည်။

'နေပါအုံး၊ ရှင့်ကို တိုင်ကြားရလောက်အောင် ရှင်က ဘာမို့လို့လဲ'

လေက ပြုံးလိုက်သည်။

'ကျုပ်ဟာ နေပြည်တော်က လွှတ်လိုက်တဲ့ တကိုယ်တော် ထောက်လှမ်းရေးသမား လေပါ'

ထိုစကားကြားလိုက်ရသောအခါ ဆွေ့ဖျောင်းသည် လွန်စွာထိတ်လန့်တုန်လှုပ်သွားပြီး သူ၏ မျက်နှာတခုလုံးမှာလည်း သွေးရောင်ပင်မရှိတော့ပါချေ။

လေ သည် အခန်းပြင်ဘက်သို့ ဖြေးညှင်းစွာ လှမ်း၍ အပေါက်ဝသို့ ရောက်သည်နှင့်—

'ကဲ—မင်းတို့အထဲဝင်လာခဲ့ကြစမ်း'

သူ့အသံဆုံးသွားသည်နှင့် အာဏာသား (၃) ယောက်တို့သည် လက်ထိပ်များ ကိုယ်စီကိုင်ဆောင်၍ ဝင်ရောက်လာပြီး ကျင်းဝီဝူးနှင့် ဆေ့ဖျောင်းတို့အား ဖမ်းဆီးလိုက်လေသည်။

ကျန် အာဏာသား နှစ်ယောက်တို့သည် ရှာဟူတိတ်၏ အလောင်းအား မ ယူမည်ပြုစဉ် တချိန်လုံး မလှုပ်မယှက် လဲလျောင်းနေသော ရှာဟူတိတ်က ရုတ်တရက် လှုပ်ရှားလာပြီး သူ၏ခြေထောက်နှစ်ဖက်ဖြင့် သူ့ကို မ ယူရန်ပြင်နေသော အာဏာသားနှစ်ယောက်၏ ဒူးပေါ်သို့ တအားကန်ချလိုက်ရာ—

'ဝုန်း ... ဝုန်း ......'

အာဏာသား နှစ်ယောက်တို့သည် မည်သို့မျှ မရှောင်တိမ်းနိုင်တော့ပဲ နောက်သို့ လွင့်စင်သွားလေသည်။

မမျှော်လင့်ပဲ ယင်းကဲ့သို့ဖြစ်လာသဖြင့် လေ ပင် ရုတ်တရက် ကြောင်အံ့အံ့ ဖြစ်သွားလေသည်။

ထို့နောက် သူသည် သတိရ၍ ရှေ့သို့ပြေးသွားသောအခါ ရှာဟူတိတ်၏ ခန္ဓာကိုယ်သည် ကြမ်းပေါ်ရှိ လျှို့ဝှက်အပေါက်တခုထဲသို့ ကျသွားသည်ကို တွေ့လိုက်ရလေသည်။

ရှာဟူတိတ် ကျသွားသော အပေါက်ရှိရာသို့ လျင်မြန်စွာ ပြေးသွားလေသည်။

သို့သော် သူသည် ထိုနေရာသို့ ရောက်ရှိသွားသောအခါ ယင်းအပေါက်သည် ပြန်လည်ပိတ်သွားလေသည်။

လေ သည် လက်မှိုင်ချသွားလေသည်။

ရှာဟူတိတ်၏အကြောင်းကို သူကောင်းစွာ သိထားသည်။





ရှာဟူတိတ်အား ဖမ်းမမိနိုင်လျှင် သိုင်းလောကတခုလုံးမှာ အေးချမ်းစွာ နေနိုင်မည်မဟုတ်ပါချေ။

ရှာဟူတိတ်သည် တနေ့နေ့တချိန်ချိန်တွင် နာမည်တမျိုးဖြင့် သိုင်းလောကသို့ ထပ်မံဝင်ရောက် ဒုက္ခပေးလိမ့်အုံးမည်ဟုလည်း သူက ယုံကြည်ထားသည်။

သူသည် မည်သို့ ဆက်လက်လုပ်ဆောင်ရမည်ကို အတန်ကြာစဉ်းစားလိုက်ပြီးနောက် သူ၏ အာဏာသားများဘက်သို့ လှည့်လိုက်သည်။

'ကဲ မင်းတို့ အဲဒီတရားခံတွေကို နေပြည်တော်ကို ခေါ်သွားကြပါ၊ မှုခင်းတခုလုံးရဲ့ အကျိုးအကြောင်းအဖြစ်အပျက်ကိုတော့ ကျုပ်က စာရေးပြီး အစီရင်ခံလိုက်ပါ့မယ်'

အာဏာသားများသည် လေအား ဦးညွှတ်၍ အလေးပြုလိုက်လေသည်။

ထို့နောက် သူတို့သည် ဆေ့ဖျောင်း နှင့် ကျင်း ဝီ ဝူး တို့အား ခေါ်ဆောင်သွားလေတော့သည်။

* * *

( ၃ )

လေသည် ကြမ်းပေါ်၌ ကျုံ့ကျုံ့လေးထိုင်၍ ယခုအချိန်လောက်ဆိုလျှင် ရှာဟူတိတ်တယောက်မှာ ထွက်ပြေးလွတ်မြောက်သွားပြီဟု သူယုံကြည်နေသည်။

သူသည် မည်သို့ ဆက်၍လုပ်ဆောင်ရမည်ကို သေချာစွာ စဉ်းစားပြီးနောက် သူသည် ထိုနေရာမှာပင် အထက်သို့ အစီရင်ခံစာတစောင် ရေးသားလိုက်လေသည်။

ထိုစဉ်မှာပင် လင်းစုက လေ၏အနီးသို့ ရောက်ရှိလာလေသည်။

သူသည် လေအား ကြည်ညိုလေးစားစွာဖြင့် ကြည့်လိုက်ပြီး 'အခုလို မတရားမှုတွေကို ခွဲခြားပြီး ဥပဒေ စိုးမိုးရေးကို သက်စွန့် ကြိုးပမ်း တာဝန် ထမ်းဆောင်တာဟာ ခင်ဗျားကို ကျုပ်က ချီးကျူးဂုဏ်ယူလို့ မဆုံးပါဘူးဗျာ'

လေသည် သူရေးပြီးသော အစီရင်ခံစာအား လင်းစု၏ လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

'ကျေးဇူးပြုပြီး ဒီစာကို လူတယောက်ယောက် စေလွှတ်ပြီး နေပြည်တော်ကို ရောက်အောင် ပို့ပေးပါ။ ကျုပ်ကတော့… ရှာဟူတိတ်နောက် လိုက်ရအုံးတော့မယ်'

သူသည် လင်းစုအား ယင်းသို့ ပြောပြီးနောက် ချာကနဲ လှည့်ကာ ဗိုလ်မင်းရဲတိုက်မှ ထွက်ခွာသွားလေသည်။

* * *

အချိန်ကား နေဝင်ဆည်းဆာအချိန်ဖြစ်သည်။

အနောက်လေသည် ပြင်းထန်စွာ တိုက်ခိုက်နေသောကြောင့် ကြွေရွက်များသည် လေနှင့်အတူလွင့်ပါပြီး ပလူပျံနေသည်။





အချို့ ကြွေရွက်များသည် ရှေ့တောင်လမ်းပေါ်သို့ ကျသွားသည်။

အချို့ကြွေရွက်များမှာမူ လေ၏ခေါင်းပေါ်သို့ ကျလာလေသည်။

လေသည် မြင်းကို မှန်မှန်ပင် မောင်းနှင်၍ သွားနေသည်။ သူ၏ရင်ထဲ၌ လေးလံ၍နေလေသည်။

ရှာဟူတိတ်အား အချိန်မီ မဖမ်းမိနိုင်လျှင် သိုင်းလောကတခုလုံးသည် နောက်ထပ်သွေးမြေကျမည့် လုပ်ရပ်များ ပေါ်ထွက်လာလိမ့်မည်ဟု သူက ယုံကြည်ထားလေသည်။

ရှာဟူတိတ် ယခုကဲ့သို့ လွတ်မြောက်သွားခြင်းမှာ သူ၏ပေါ့ဆမှုကြောင့် ဖြစ်သည်ဟု ကိုယ့်ကိုကိုယ် အပြစ်တင်နေမိသည်။

ထို့ကြောင့် သူသည် ရှာဟူတိတ်အား အလျင်အမြန်ဖမ်းဆီးနိုင်ရန်အတွက် သူသည် ဆက်၍ကြိုးစား ဆောင်ရွက်ရမည် မဟုတ်ပါလော။

ယခုအချိန်မှာ ရှာဟူတိတ်က ထွက်ပြေးလွတ်မြောက် သွားသော်လည်း သူရရှိထားသော ဒဏ်ရာမှာ ပြင်းထန်နေသဖြင့် အချိန်မီဖမ်းဆီးနိုင်မှု ဖြစ်မည်ဟု သူက စိတ်စောနေ၏။

ထို့ကြောင့် သူသည် သူ၏နောက်မှ မြင်းတကောင်ကလိုက်ပါနေသည်ကို သတိမပြုမိပဲ ဖြစ်နေသည်။

* * *

လေ၏နောက်မှ လိုက်လာသော မြင်းတကောင်၏ အပေါ်တွင် ကျစ်ဆံမြီးနှစ်ခု ကျစ်ထားသော မိန်းကလေးတယောက် ဖြစ်လေသည်။

ယင်းမိန်းကလေးမှာ လေ အပေါ်တွင် အထင်လွဲနေသော ဆင်းဟုန်တိပင် ဖြစ်လေသည်။

ယခုမှာမူ ဆင်းဟုန်တိက အားလုံးကို နားလည် သဘောပေါက်သွားပြီး ဖြစ်သဖြင့် သူမသည်လေ၏ နောက်သို့ တောင်းပန်ရန် ယခုကဲ့သို့ လိုက်လာခြင်းဖြစ်လေသည်။

လေသည် နောက်မှလိုက်လာနေသောမြင်းခွာသံအား ကြားလိုက်ရပြီး ဖြစ်သည်။

သူသည် နောက်သို့လှည့်ကြည့်လိုက်သောအခါ ဆင်းဟုန်တိ ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် သူသည် မြင်းကို ရုတ်တရက် ဒုန်းစိုင်းမောင်းနှင်၍ လျင်မြန်စွာ ထွက်ခွာ သွားလေတော့သည်။

သူ၏နားထဲတွင် ဆင်းဟုန်တိ၏ အော်၍ ခေါ်လိုက်သော အသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

သူသည် မြင်းကိုမရပ်မိရန် ကျိုးစားနေရလေသည်။

သူကဲ့သို့သော မင်းမှုထမ်းတယောက်သည် ပြည်သူပြည်သားများအတွက် နေ့စဉ်နှင့်အမျှ သက်စွန့်ကြိုးပမ်း တာဝန်များကို ထမ်းဆောင်နေရသဖြင့် သံယောဇဉ်ကြိုးကို လုံးဝ တွယ်နှောင်ခြင်း မရှိလေအောင် ရှောင်တိမ်းရမည် မဟုတ်ပါလော။





ထို့ကြောင့် သူသည် ဆင်းဟုန်တိ၏ အော်ဟစ်ခေါ်နေသံကို ကြားရသော်လည်း အံကိုတင်းတင်းကြိတ်ကာ မြင်းကိုသာ ဒုန်းစိုင်းမောင်း ထွက်ခွာသွားလေတော့သည်။

* * *

အချိန်သည် လျင်မြန်စွာ ကုန်ဆုံးခဲ့လေသည်။ သုံးနှစ်ဟူသော အချိန်ကာလသည် ကြာမြင့်သော အချိန်ဟု မဆိုနိုင်ပါချေ။

သို့သော် ထိုသုံးနှစ်ကာလသည် အရာရာကိုပြောင်းလဲစေနိုင်ခဲ့သည် မဟုတ်ပါလော။

သို့သော် သုံးနှစ်တာအချိန် ကုန်ဆုံးသွားသည့်တိုင် ရှာဟူတိတ္တ်၏ အရိပ်အယောင်ကိုပင် မတွေ့ရပါသေးချေ။

ရှာဟူတိတ်တယောက် သေဆုံးသွားပြီလော။

သို့မဟုတ် သူသည် နောင်တရပြီး တနေရာရာတွင် သွားရောက် ဇာတ်မြှုပ်၍ အေးချမ်းစွာဖြင့် နေထိုင်လေပြီလော—

သို့သော် ရှာဟူတိတ်အကြောင်းအား လောက ကောင်းစွာ သိထားသည်။

ရှာဟူတိတ်သည် လွယ်လွယ်နှင့် လက်လျှော့မည့်လူစားမျိုး မဟုတ်။ သူသည် အသက်ရှင်သန်နေသည့်ကာလပတ်လုံး သူ၏ ရည်မှန်းချက်ကို မနားမနေ ပြုလုပ်နေမည်သာ ဖြစ်လေသည်။

ထို့ကြောင့် လေသည် နယ်ကိုဆန့်ကာ ရှာဟူတိဘ်ကို ရှာပုံတော်ဖွင့်ရလေတော့သည်။

*　*　*

ဆည်းဆာရောင်ခြည်များသည် အေးချမ်း သာယာသော ကူးတို့ဆိပ်ပေါ်သို့ ထိုးကျနေ၏။ ဤအခေါက်သည် တဘက်ကမ်းသို့ ကူးရန် နောက်ဆုံးအခေါက်ပင် ဖြစ်လေသည်။

ကူးတို့ဆိပ်လှေပေါ်၌ ခရီးသည်တဦးတည်းသာ ရှိနေသည်ဖြစ်သော်လည်း လှေသမားသည် ကြိုးဖြေ၍ ထွက်ခွာရန်ဟန်ပြင်နေ၏။

'ခဏလေး စောင့်လိုက်ပါအုံးဗျာ၊ ခရီးသည်တယောက် နောက်ထပ် လာနေပြီထင်တယ်'

လှေပေါ်မှ ခရီးသည်က ထွက်ရန် ဟန်ပြင်နေသော လှေသမားအား ဟန့်တားလိုက်သည်။

လှေသမားသည် ကမ်းပေါ်သို့ လှမ်းကြည့်လိုက်ရာ လူရိပ်တခုမှ မတွေ့ရသဖြင့်—

'ဘယ်မှာလဲဗျ၊ ကျုပ် တယောက်မှမတွေ့ရပါလား'

လှေပေါ်၌ ရောက်ရှိနေသော ခရီးသည်မှာ အသက်(၂၀) ကျော်ခန့်ရှိသော လူငယ်တယောက်ပင် ဖြစ်သည်။

ထိုလူငယ်သည် ရုပ်ချောသူမဟုတ်သော်လည်း ယောကျ်ားပီသပြီး ခန့်ညား၏၊





သူ၏ ကိုယ်ပေါ်၌ အပြာရောင်အင်္ကျီရှည်တထည် ဝတ်ဆင်ထားသည်။

သူက လှေသမားအား ပြုံးပြလိုက်ပြီး—

'ခင်ဗျား သေသေချာချာနားထောင်ကြည့်ပါလား၊ ဒီဘက်ကို လာနေတဲ့ မြင်းခွာသံကြားရပါလိမ့်မယ်'

လှေသမားက နားစွင့်လိုက်တော့မှ မြင်းခွာသံ သဲ့သဲ့ ကြားလိုက်ရလေသည်။

'ဟုတ်တယ်၊ မြင်းခွာသံတော့ ကြားနေရတယ်'

သူ၏စကား မဆုံးမီမှာပင် မြင်းဖြူတကောင်သည် ကူးတို့ဆိပ်သို့ ဦးတည်၍ ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

မြင်းပေါ်၌ အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေး တယောက် စီးနင်းလိုက်ပါလာသည်ကို တွေ့မြင်လိုက်ရလေသည်။

မိန်းကလေး၏ ဆံကေသာပေါ်တွင် အနီရောင်ပန်းတပွင့်ကို ပန်ဆင်ထားသဖြင့် ထိုမိန်းကလေးအားကြည့်ရသည်မှာ အလွန်လှပသော ပန်းချီလေးတချပ်နှင့် တူလှပေသည်။

လှေထိုးသားသည် မြင်းဖြူပေါ်မှမိန်းကလေးအား ကြည့်ကာ ငေးငိုင်သွားလေတော့သည်။

မြင်းသည် ကမ်းစပ်သို့ ရောက်ရှိလာသည်နှင့် ရပ်တန့်သွားလေသည်။

ထို့နောက် မိန်းကလေးသည် မြင်းပေါ်မှ လျင်မြန်စွာ ခုန်ဆင်းလိုက်ပြီး လှေပေါ်သို့ လွှားကနဲ ခုန်တက်သွားလေ သည်။

သူမ၏ ခြေထောက်နှစ်ဘက်သည် လှေပေါ်သို့ ရောက်ရှိ သွားသည်နှင့် တည်ငြိမ်စွာ ရပ်တည်နေနိုင်ခြင်း မရှိပဲ လဲကျ သွားမတတ် ဖြစ်သွားလေသည်။

ထို့ကြောင့် အပြာရောင် ဝတ်ဆင်ထားသော လူငယ်က မိန်းကလေးအား အချိန်မီ ဖေးမထားလိုက်သည်။

'မိန်းကလေး— ခင်ဗျား ဒဏ်ရာရလာတယ်ထင်တယ်... ဟုတ်လား'

မိန်းကလေးက ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ပါတယ်ရှင်၊ ကျွန်မရဲ့နောက်မှာ ရန်သူတွေ လိုက်လာ နေတယ်၊ လှေကို အမြန်ဆုံးထွက်မှဖြစ်မယ်'

မိန်းကလေး၏ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အဖြူ ရောင်ဝတ်စုံမှာ သွေးကွက်များဖြင့် တထည်လုံး ပေကျံနေ၏။

အပြာရောင် ဝတ်ဆင်ထားသောလူက နားစွင့်လိုက်သည်။

'ဟုတ်တယ်ဗျို— ခင်ဗျားရန်သူတွေ နောက်ကနေ လိုက် လာနေကြပြီ'

သူသည် ထိုသို့ ပြောပြီးနောက် ကမ်းပေါ်သို့ တက်သွား ပြီး မိန်းကလေး၏ မြင်းကိုဆွဲကာ လှေပေါ်သို့ တင်လိုက်လေ သည်။





'ကဲ— လှေသမား၊ ခပ်မြန်မြန်လေး ထွက်ပါတော့ဗျို'

လှေသမားသည် ဝါးလုံးရှည်ဖြင့် ကမ်းစပ်အား ထောက်၍ လှေကို ကမ်းစပ်မှ ခွာလိုက်လေသည်။

ထိုစဉ်မှာပင် မြင်း(၁၀)ကောင်ခန့်တို့သည် လေ၏အဟုန် ဖြင့် ကမ်းစပ်သို့ ရောက်ရှိလာလေသည်။

ရှေ့ဆုံးမှရောက်ရှိလာသောလူသည် အရပ်ရှည်ရှည်၊ ပိန်ပိန် ပါးပါး ဖြစ်သည်။

ထိုလူသည် နောက်မှရောက်ရှိလာသော လူများ၏ ခေါင်း ဆောင်ဖြစ်သည်ဟု ခန့်မှန်းရလေသည်။

'ဟေ့—ရပ်လိုက်'

သူသည် လှေကိုကမ်းစပ်မှ ခွာနေသော လှေသမားအား လှမ်း၍ ဟန့်တားလိုက်သည်။

လှေသမားသည် အပြာရောင်ဝတ်ဆင်ထားသော လူငယ် အား လှည့်ကြည့်လိုက်သည်။

အပြာရောင်ဝတ်ဆင်ထားသူက လှေသမားလက်ထဲမှ ဝါး လုံးရှည်အား လှမ်းယူလိုက်ပြီး ရေထဲသို့ထောက်၍ လှေအား ကမ်းစပ်မှ ထွက်ခွာသွားစေသည်။

ကမ်းပေါ်မှ ရှိသောလူက ဒေါသအမျက်ချောင်းချောင်း ထွက်သွားသည်။

သူသည် မြင်းပေါ်မှ လျင်မြန်စွာ ခုန်ဆင်းလိုက်ပြီး သိန်း ငှက်တကောင်ပမာ လှေပေါ်သို့ ခုန်တက်သွားလေသည်။

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေး၏ မျက်နှာမှာ ကွက်ကနဲ ပျက်သွားလေသည်။

ယခုအချိန်တွင် သူမသည် ဒေါ်ရာပြင်းထန်စွာ ရထားပြီးဖြစ်သည်။

ထို့ကြောင့် သူမသည် မည်သည့်နည်းနှင့်မျှ ထိုလူနှင့် ရင်ဆိုင်နိုင်မည် မဟုတ်ချေ။

ပိန်ပိန်ရှည်ရှည်ရှိသောလူသည် လှေပေါ်သို့ ရောက်လုဆဲဆဲအချိန်တွင် အပြာရောင် ဝတ်ဆင်ထားသောလူက လက်ထဲမှဝါးဖြင့် ထိုလူအား ရိုက်ချလိုက်ရာ—

'ပလုံ ...'

ထိုလူသည် လှေပေါ်သို့ မရောက်နိုင်တော့ပဲ ရေထဲသို့ပြုတ်ကျသွားလေတော့သည်။

ထိုလူသည် ရေပေါ်သို့ ခေါင်းပြူလာသော အခါတွင်လှေသည် အတော်ဝေးဝေးသို့ ရောက်ရှိသွားပြီးဖြစ်လေသည်။

* * *

(၂)

ကူးတို့လှေသည် ကမ်းစပ်နှင့် အလွန်ဝေးလံစွာသောနေရာသို့ ရောက်ရှိနေပြီ ဖြစ်ရာ၊ အဖြူရောင် ဝတ်ဆင်ထားသောမိန်းကလေးက ယခုမှပင် စိတ်သက်သာရာ ရသွားလေသည်။





သူမသည် အပြာရောင်ဝတ်ဆင်ထားသောလူအား ဦးညွတ်လိုက်သည်။

'ကျွန်မကို အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်ရှင်'

အပြာရောင်ဝတ်ဆင်ထားသော လူငယ်က ခေါင်းခါယမ်းလိုက်လေသည်။

'မလိုပါဘူးဗျာ'

အပြာရောင် ဝတ်ဆင်ထားသော လူ၏ အသံက အေးတိအေးစက်နိုင်လှပေသည်။

အဖြူရောင်ဝတ်ဆင်ထားသောမိန်းကလေးက ထပ်မံဦးညွတ်လိုက်လေသည်။

'ကျွန်မကို ကယ်တင်လိုက်တဲ့အတွက်၊ ရှင့်နာမည်ကိုတဆိတ်လောက် သိပါရစေရှင်'

အပြာရောင်ဝတ်ဆင်ထားသော လူငယ်က ခေါင်းကိုထပ်မံခါယမ်းလိုက်ပြန်သည်။

'မလိုပါဘူးဗျာ'

အပြာရောင် ဝတ်ဆင်ထားသော လူ၏ လေသံမှာ အေးတိအေးစက်နိုင်လှပေသည်။

မိန်းကလေးသည် စကားဆက်မပြောနိုင်တော့ပဲ တိတ်ဆိတ်စွာဖြင့် လှေထဲ၌ လိုက်ပါသွားရာ၊ မကြာမီမှာပင် တဘက်ကမ်းစပ်သို့ ရောက်ရှိသွားလေတော့သည်။

မိန်းကလေးက ငွေတုံးကလေးတတုံးကိုယူ၍ လှေသမားအားပေးလိုက်လေသည်။

‘ကျွန်မနဲ့ ဟောဒီဧည့်သည်အတွက် ကူးတို့ခပါ’

လှေသမားက မိန်းကလေးပေးသောငွေအား ကျေးဇူးတင်စွာဖြင့် လက်ခံယူလိုက်လေသည်။

အပြာရောင်ဝတ်ဆင်ထားသောလူမှာမူ မိန်းကလေးအား နှုတ်ပင်မဆက်တော့ပဲ ကမ်းပေါ်သို့တက်ကာ ခြေလှမ်း ကျဲကျဲဖြင့် လျှောက်သွားလေတော့သည်။

မိန်းကလေးသည် မြင်းကိုကမ်းစပ်ပေါ်သို့ ဆွဲတင်ထားပြီး အပြာရောင်ဝတ်ဆင်ထားသူ၏ နောက်ကြောအား ငေးကြည့်ကာ ထိုနေရာ၌ကျန်ရစ်ခဲ့လေသည်။

* * *

(၃)

ဆိပ်ကမ်းသို့ တမိုင်ခန့်အကွာတွင် မြို့ကလေးတမြို့ ရှိသည်။

ထိုမြို့ကလေးကို လူအများက ပင်လယ်ကွေ့မြို့ဟု အမည်ပေးထားသည်။

ယင်းမြို့ကလေးမှာ အလွန်သေးငယ်လှသဖြင့် တည်းခိုခန်းဟူ၍ တခုထဲသာရှိလေသည်။





ထို့ကြောင့် အပြာရောင်ဝတ်ဆင်ထားသောလူက ယင်းတည်းခိုခန်းထဲသို့ ရောက်ရှိလာပြီး တခဏအကြာတွင် အပြာရောင်ဝတ်ဆင်ထားသော မိန်းကလေးကလည်း တည်းခိုခန်းသို့ ရောက်ရှိလာလေသည်။

အပြာရောင်ဝတ်ဆင်ထားသောသူသည် ဝင်လာသောမိန်းကလေးအား လှည့်၍ပင်မကြည့်ပဲ ဆိုင်လုလင်အား ထမင်းဟင်းများကို မှာကြားလိုက်ပြီး၊ သူ၏အခန်းထဲသို့ပြန်လည်ဝင်ရောက်သွားလေတော့သည်။

သို့သော် နောက်တနေ့ နံနက်တွင် သူသည် ထို တည်းခိုခန်းမှ ထွက်ခွာသွားရန် ကျသင့်သော အခငွေများကို သွားရောက်ပေးရာတွင် ဆိုင်လုလင်က သူ၏ငွေကို လက်မခံတော့ပါချေ။

‘ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ခင်ဗျားရဲ့အခန်းခနဲ့ ထမင်းဖိုးအားလုံးကိုမိန်းကလေးတယောက်ကရှင်းပေးပြီးပါပြီခင်ဗျာ’

အပြာရောင်ဝတ်ဆင်ထားသောလူက မျက်မှောင်ကုပ်လိုက်သည်။

သူ—အခုဘယ်မှာလဲ’

ဆိုင်လုလင်က အပြာရောင်ဝတ်ဆင်ထားသောလူအား စိုက်ကြည့်လိုက်ပြီး—

‘သူ—ထွက်သွားပါပြီခင်ဗျာ’

* * *

## လု ချန် ချန်း

အပြာရောင်ဝတ်ဆင်ထားသောဇလှုသည်မည်သူဖြစ်သနည်း။

သူကား ရှာဟူတိတ်အား ဖမ်းဆီးရန် လိုက်လံ စုံစမ်းနေသော လေပင် ဖြစ်နေ၏။

သူသည် ဗိုလ်မင်းရဲတိုက်သို့တာဝန်အရ သွားရောက်စုံစမ်းသောအခါ မိန်းကလေး ဆင်းဟုန်တီနှင့် တွေ့ဆုံခဲ့ရသည်။

ဆင်းဟုန်တီအား အကြောင်းပြု၍ သူသည် ဗိုလ်မင်းရဲတိုက်ထဲသို့ ချောမောစွာဖြင့် ဝင်ရောက်နိုင်ခဲ့လေသည်။

သို့သော် သူသည် ဆင်းဟုန်တီအားအသုံးချရန် ဝင်ရောက်ရသည့်အတွက် ယနေ့တိုင် စိတ်မကောင်းခဲ့ပါချေ။





ဗိုလ်မင်းရဲတိုက်သို့ ရောက်ခဲ့စဉ်တုန်းကလည်း အလှမယ်ဆွေ့ဖျောင်းနှင့် တွေ့ဆုံခဲ့ရသည်။

ထိုအချိန်က သူသည် လူငယ်တယောက်ပီပီချစ်ဘတ်သောနှလုံးသား ရှိနေသောကြောင့် ဆွေ့ဖျောင်းအပေါ် တကယ်မေတ္တာရှိခဲ့လေသည်။

သို့သော် ဆွေ့ဖျောင်းမှာ ချစ်ချင်ဟန်ဆောင်ကာ သူ့အားပရိယာယ်ဆင်ရန် လုပ်ကြံလိုက်သည်ကိုခံလိုက်ရသဖြင့်၊ သူသည်မိန်းကလေးများအပေါ်တွင် ယုံကြည်သော စိတ်များ လုံးဝကင်းဝေးသွားခဲ့လေသည်။

ယခုတဖန်သူသည် မမျှော်လင့်ပဲ ရန်သူ၏လက်မှ ထွက်ပြေးတိမ်းရှောင်လာသော မိန်းမလှလေးတယောက်နှင့် လာရောက်ဆုံတွေ့ရပြန်လေသည်။

ယင်းမိန်းကလေးသည် သူ့အပေါ်တွင်လိုက်လျောလာသည်ကို သူနားလည်ထားသည်။

သို့သော် လူသည် ဆွေ့ဖျောင်း၏သင်္ခန်းစာများကို ရရှိခဲ့သောကြောင့် သူက ယင်းမိန်းကလေးအပေါ်တွင် တတ်နိုင်သုံးရှောင်ရှားခဲ့ခြင်းဖြစ်လေသည်။

သို့သော် သူသည် ယင်းမိန်းကလေးအား ရှောင်ရှား၍ မရမှန်း ရိပ်စားမိလိုက်လေသည်။ အကြောင်းမှာ သူ၏ နောက်တွင် မြင်းခွာသံတခုကို ကြားလိုက်ရသည်မဟုတ်ပါလော။

* * *

လေသည် ရှေ့သို့ ခြေလှမ်းကြဲကြဲဖြင့်လျှောက်နေသည်။ သူ့နောက်တွင် မြင်းခွာသံက မနွေးမမြန် မောင်းနှင် နေသည်ကို ကြားနေရသည်။

မြို့ကလေးထဲမှထွက်လာပြီး ဆယ်မိုင်ခန့်နေရာသို့ ရောက်ရှိလာသောအခါ သူ့ရှေ့တွင်လူ(၁၀)ယောက်ခန့်က လမ်းပိတ်၍ ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် သက်ပြင်းတချက်ချလိုက်လေသည်။ မလိုအပ်သည့် အနှောက်အယှက်များကို ထပ်မံ၍ ရင်ဆိုင်ရလိမ့်ဦးမည်ဟု သူ သိထားလေသည်။

'ဟိတ်… မိတ်ဆွေရပ်လိုက်စမ်းပါ'

ရှေ့ဆုံးမှလူတယောက်ကသူ့အား ဟန့်တားလိုက်လေသည်။ ယင်းလူမှာ သူကဝါးလုံးဖြင့်ထိုးချ၍ ရေထဲသို့ကျသွားသောလူပင်ဖြစ်သည်။

လေက လျှောက်နေသောခြေလှမ်းကို ရပ်တန့် လိုက်လေသည်။

'ခင်ဗျားတို့ ဘာလုပ်မလို့လဲဗျ'

ပိန်ပိန်ပါးပါးရှိသောလူက—

'ဘာလုပ်ရမှာလဲ မင်းငါ့ကို ဝါးလုံးနဲ့ ထိုးချလိုက်တာ မေ့သွားပြီပေါ့ဟုတ်လား'

လေက ပြုံးလိုက်လေသည်။





'ဒါတော့ ခင်ဗျားတို့က လူအများနဲ့ ဒုက္ခရှာရနေတဲ့ မိန်းကလေးတယောက်ကိုစော်ကားတာကိုးဗျ'

လေ၏စကားကြောင့် ပိန်ပိန်ပါးပါးရှိသောလူက ဒေါသကြီးစွာဖြင့်—

'ခင်ဗျားဘာပြောတယ် ကျုပ်တို့ကမိန်းကလေးတယောက်ကို လိုက်ပြီးစော်ကားနေတာမဟုတ်ဘူးကွ'

လေက မျက်မှောင်ကုတ်သွားသည်။

'ဒါဖြင့်—'

လေ၏ စကားမဆုံးမီ မှာပင် ပိန်ပိန်ပါးပါးရှိသောလူက ကြားဖြတ်လိုက်သည်။

'ဒီမှာ မင်းရဲ့မိန်းမက အိမ်က ထွက်ပြေး သွားယင် မင်းလိုက်ခေါ်တာဟာ စော်ကားတယ်လို့ပြောရမှာလား'

ထိုလူ၏စကားကြောင့် အံ့အားသင့်သွားသည်။

'ဘယ်လို ဒီမိန်းကလေးက မင်းရဲ့မိန်းမဟုတ်လား'

ပိန်ပိန်ပါးပါးလူက ခေါင်းကိုခါယမ်းလိုက်လေသည်။

'မဟုတ်ပါဘူးဗျာ ကျုပ်က ဒီလောက်တောင် ကူ သိုလ် မကောင်းသေးပါဘူး၊ သူက ကျုပ်သခင်ရဲ့မိန်းမပါ'

လေက ထိုလူ၏စကားကြောင့် မျက်မှောင်ကုတ် သွား လေသည်။

'မင်းသခင်က ဘယ်သူလဲဗျ'

ပိန်ပိန်ပါးပါးလူက လေအားတချက် စိုက်ကြည့်လိုက်သည်။

'စီးမင်းယု၊ မိတ်ဆွေ ဒီနာမည် ကြားဖူးတယ်မဟုတ်လား'

လေက အံ့အားသင့်သွားသည်။

'စီးမင်းယု ဟုတ်လား'

ပိန်ပိန်ပါးပါးရှိသောလူက နှုတ်ခမ်းမဲ့လိုက်သည်။

'ဟုတ်ပါ့ဗျား ခင်ဗျားသိပြီမဟုတ်လား'

ထိုစဉ်မှာပင် သူ့နောက်သို့ အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက ရောက်ရှိလာပြီးဖြစ်သည်။

သူက ကမန်းကတန်းဝပ်ရောက် ဖြေရှင်းလိုက်လေသည်။

'အစ်ကိုကြီး သူပြောတာ တနုမှမဟုတ်ပါဘူးရှင့် ကျွန်မက စီးမင်းယုရဲ့မိန်းမမဟုတ်ဘူးရှင့်'

ပိန်ပိန်ပါးပါးရှိသောလူက ခေါင်းကို တွင်တွင် ခါ ယမ်းလိုက်လေသည်။

'ဒီမှာ လုချန်းချန်း ခင်ဗျားက ကျုပ်တို့နဲ့ အသာတကြည် ပြန်လိုက်ခဲ့ယင် ကောင်းမယ်ထင်တယ်'

ထိုစကားကြောင့် အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေး၏မျက်နှာမှာ ကွက်ကနဲပျက်သွားလေသည်။

'အို ကျွန်မက ရှင်တို့ပြောတဲ့ လုချန်းချန်းမဟုတ်ပါဘူး ရှင်တို့ပြောတဲ့ လုချန်းချန်းကို ကျွန်မကလဲ ဘယ်မှာရှိတယ်ဆိုတာ သိချင်နေတာပါ'

ပိန်ပိန်ပါးပါးရှိသောလူက မဲ့ပြုံးပြုံးလိုက်သည်။





'ဒီမှာလုချန်းချန်း ခင်ဗျားကျုပ်တို့ကိုလာပြီး ဟန်ဆောင်မနေပါနဲ့ဗျာ၊ ခင်ဗျား ကျုပ်တို့ ခေါ်တဲ့နောက်ကို အသာတကြည် လိုက်ချင်လိုက်ခဲ့ မဟုတ်ယင်တော့ ကျုပ်တို့ကတော့ ခင်ဗျားကို ရတဲ့နည်းနဲ့ ခေါ်ယူရမှာပဲ'

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက ခေါင်းကို ဖြေးညှင်းစွာဖြင့် ခါယမ်းလိုက်လေသည်။

'ကျွန်မက ရှင်တို့ပြောနေတဲ့ လုချန်းချန်းမဟုတ်ဘူး ရှင်တို့ ကျွန်မကို အထင်လွဲနေတာ စီးမင်းယုရဲ့ မိန်းမဆိုတာလဲမဟုတ်ဘူး၊ ရှင်တို့က သက်သက်အကြောင်းရှာပြီး နှောက်ယှက်နေတာပဲ—'

ပိန်ပိန်ပါးပါးရှိသော လူက စိတ်မရှည်စွာဖြင့်—

'ခင်ဗျား ကျုပ်တို့ခေါ်တဲ့နောက်ကို ကောင်းကောင်းမွန်မွန် လိုက်ခဲ့မလား၊ မလိုက်ဘူးလား ဒါပဲပြော'

မိန်းကလေးက ခေါင်းခါယမ်းလိုက်လေသည်။

'ကျွန်မက ရှင်တို့နောက်ကို ဘာဖြစ်လို့ လိုက်ခဲ့ရမှာလဲ'

ပိန်ပိန်ပါးပါးရှိသော လူက—

'အေး… ခင်ဗျား အသာတကြည်မလိုက်ယင်တော့ နောက်မှ ကျုပ်တို့ကို အဆိုးမဆိုနဲ့—'

သူသည် ပြောပြီးသည်နှင့် သူ၏ခန္ဓာကိုယ်ကို တချက်ခုန်လိုက်ပြီး မိန်းကလေးအား အတင်းဝင်ရောက် ထိုက်ခိုက်လိုက်လေသည်။

မိန်းကလေး၏ သိုင်းပညာမှာလည်း မခေလှပါချေ။

သူမသည် ဒဏ်ရာပြင်းထန်စွာ ရရှိထားသူ ဖြစ်သော်လည်း ထိုလူ၏ တိုက်ခိုက်မှုကို လုံးဝမမှုပဲ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

လေသည် သူမ၏အိမ်တွင်းရေးကိစ္စမို့ ဝင်ရောက် စွက်ဖက်ခြင်းမပြုလိုပါ။ ထို့ကြောင့် သူသည် ထိုလူများ၏ဘေးနားမှ ထွက်ခွာရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်တွင် လူလေးယောက်သည် ဓားကိုယ်စီဖြင့် သူ၏ သွားလမ်းကို ပိတ်ဆို့၍ ရပ်တန့်လိုက်လေသည်။

'ဒီမှာမိတ်ဆွေ ခင်ဗျား ဒီနေရာက ဘယ်မှမသွားပါနဲ့ဗျာ'

လေက မျက်မှောင်ကုပ်သွားလေသည်၊

'ဘာဖြစ်လို့ ခင်ဗျားတို့က ကျုပ်ကို တားနေရတာလဲ'

ထို လူလေးယောက်အနက် ဓားမကိုင်ထားသောလူက–

'မင်းက တို့ကိစ္စထဲမှာ ဝင်နေမိလို့ တို့သခင်ဆီကို အယင် ရောက်အောင်သွားပြီး ကျုပ်တို့သခင်ရဲ့ သဘောကိုနာခံရလိမ့်မယ်...'

လေက ပြုံးလိုက်သည်။

'ရှင်းရှင်းပြောစမ်းဗျာ ဘာလဲ ခင်ဗျားတို့က ကျုပ်ကိုပါ ဖမ်းမလို့ဆိုပါတော့'

ဓားမကိုင်ထားသောလူက ခေါင်းညိတ်လိုက်သည်။

'မင်း သဘောပေါက်ယင်လဲ ပြီးတာပဲလေ'





လေက ပြုံးလိုက်သည်။

'ကဲ ခင်ဗျားတို့က ကျုပ်ကို ဘယ်နေရာကိုခေါ်သွားမှာလဲ'

ဓားမကိုင်ထားသောလူက ပြုံး၍ ပြောလိုက်သည်။

'လုရင်း– ကျေးရွာပါ'

လေက ခေါင်းညိတ်လိုက်သည်။

'လုရင်းကျေးရွာဆိုတာ အလွန်ကြောက်စရာ ကောင်းတယ်လို့ သိုင်းလောကမှာ သတင်းထွက်နေတယ် အဲဒါဟုတ်လား'

ဓားမကိုင်သောလူက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူးဗျာ ကျုပ်တို့ရဲ့သခင် စီးမင်းယုက သဘော အလွန်ကောင်းပါတယ်၊ မင်း ဟိုရောက်သွားယင် တို့သခင်ရဲ့ သဘောကို သိလာပါလိမ့်မယ်'

လေ၏ မျက်နှာသည် တင်းမာ ခက်ထန်လာလေသည်။

'ကျုပ်ကလဲ ဒီလောက် သတင်းကြီးနေတဲ့ လုရင်းကျေးရွာကို တခေါက်လောက်တော့ ရောက်အောင်သွားချင်တယ်၊ ဒါပေမယ့် အခုနေတော့ အဲဒီနေရာကို ကျုပ် မသွားချင်သေးဘူး'

ဓားမကိုင်ထားသော လူက မဲ့ပြုံးပြုံးလိုက်သည်။

'မင်း မသွားချင်လို့လဲ မဖြစ်ဘူးဗျ'

လေက မျက်မှောင်ကုတ်သွားသည်။

'ဘာဖြစ်လို့လဲ'

ဓားမကိုင်ထားသောလူက–

'မင်းက ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စထဲကို ဝင်ရှုပ်ချင်တာကိုး ဒါကြောင့်....'

ထိုလူ၏စကားမဆုံးမီမှာပင် လေက ခေါင်းညိတ်လိုက်လေသည်။

'ကျုပ်သဘောပေါက်ပြီ တကယ်လို့ ကျုပ်က မလိုက်ဘူးဆိုယင် မင်းတို့က ကျုပ်ကို အတင်းအကြပ်ခေါ်မယ် ဆိုပါတော့ ဟုတ်လား—'

ထိုလူက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ် အိမ်တွင်းရေးဟာ အပြင်ကို မပေါက်ကြားစေရဘူး မဟုတ်လား၊ ခုလို မင်းကို အကြပ်ကိုင်ရတာလဲမလွှဲမရှောင်သာလို့ပါ—'

လေက မျက်မှောင်ကုတ်လိုက်လေသည်။

'ဝင်းနည်းပါတယ် ဒီနေရာကို အခု ကျုပ်လောလောဆယ် မသွားချင်သေးဘူး'

ထိုလူက လေအား ပြောလိုက်ပြန်သည်။

'ဒီမှာမိတ်ဆွေ ကျုပ်တို့က ကောင်းကောင်းမွန်မွန်ပြောနေတုန်း လိုက်လာစမ်းပါဗျာ—'

လေက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က ခင်ဗျားတို့နောက်ကို လိုက်ဖို့ စိတ်မကူး သေးဘူးဗျ'

ဓားမကိုင်ထားသော လူက မဲ့ပြုံးပြုံးလိုက်လေသည်။

'ကောင်းကောင်းမွန်မွန် ပြောလို့မှ မရယင်'





သူသည် သူ၏ ဓားအစား ငွေ့ရမ်း ပြလိုက်လေသည်။ ထိုအခါ ဓားလေးလက်သည် လေးဘက်လေးတန်မှနေ၍လေအား ဝင်ရောက် တိုက်ခိုက်လာလေသည်။

ထို လူလေးယောက်တို့သည် တယောက်နှင့် တယောက် အချက်ပြလျှင် သဘောပေါက် နားလည်ထားသဖြင့် သူတို့လေးယောက်၏ တိုက်ခိုက်မှုသည် လေ၏ တကိုယ်လုံးအား လွှမ်းခြုံထားလိုက်လေသည်။

ထိုတိုက်ပွဲသည် အလွန်ထက်မြက်ပြီး ပြင်းထန်သောတိုက်ပွဲများပင် ဖြစ်လေသည်။

သို့သော် လုရင်းကျေးရွာ၏ ဓားသိုင်းက မည်မျှပင် ထက်မြက်နေ စေကာမူ တိုက်ခိုက်လိုက်သော ဓားချက်များမှာ လေ၏ ကိုယ်ခန္ဓာပေါ်သို့ ကျရောက်နိုင်စွမ်းမရှိပါချေ။

လေက နှုတ်ခမ်းဒေါင့်မှာ ပြုံးရောင် သမ်းလာလေသည်။

'ကျုပ်က လူတွေကို မသတ်ချင်ပါဘူးဗျာ— ဒါပေမယ့် မလွှဲမရှောင်သာယင်တော့ သတ်ရမှာပဲ'

ထိုလူလေးယောက်သည် အချင်းချင်း အပြန်အလှန် တချက်ကြည့်လိုက်ပြီး သူတို့သည် ဓားကို တချက် ဝှေ့ယမ်းလိုက်ပြီး လေအား ထပ်မံတိုက်ခိုက်လိုက်ပြန်သည်။ ဤတကြိမ်တွင် သူတို့လေးယောက်၏ တိုက်ခိုက်မှုသည် ပို၍ ပြင်းထန် လာသဖြင့် တိုက်ပွဲမှာလည်း ပို၍ ပြင်းထန်ထိရောက်လာလေသည်။

ယင်းကဲ့သို့ ထက်မြက်သော ဓားပညာမျိုးသည် သိုင်းလောကတွင် ကျွမ်းကျင်စွာ တတ်မြောက်ထားသူမှာ အတော်

ပင် ရှားလှပေသည်။ သို့သော် သူတို့သည် လေအားမထိဝံ့ကြပါ။

'ဝုန်း—ဝုန်း—'

အဘယ့်ကြောင့်မှန်း မသိ။ သူတို့၏ ခန္ဓာကိုယ်များသည် အဝေးသို့လွင့်ကျသွားလေတော့သည်။

ဘေးမှရပ်ကြည့်နေသော လူရှစ်ယောက်ခန့်သည် သူတို့၏ လူများကို အဝေးမှရပ်ကြည့်နေလေသည်။

ထိုရှစ်ယောက်မှာ လေက မည်သို့တိုက်ခိုက်လိုက်သည်ကိုပင် မတွေ့ရပဲ သူတို့လူများ လွင့်ကျသွားသည်ကို အံ့သြနေလေတော့သည်။

'ယား—'

ထို့နောက် သူတို့သည် ညာသံပေးကာ လေအား တဟုန်ထိုးဝိုင်းရံတိုက်ခိုက်ကြလေသည်။

ပထမတွင် လေက တယောက်နှင့်လေးယောက် တိုက်ခိုက်လိုက်ရသည်။

ယခုတကြိမ်မှာမူ တယောက်နှင့် ရှစ်ယောက် ရင်ဆိုင်တိုက်ခိုက်ရမည်ဖြစ်သည်။

ထို့ကြောင့် လေကပေါ့ပေါ့တန်တန်မထားဝံ့တော့ပါချေ။

ခက်သည်မှာ သူက မည်သည့် လက်နက်ကိုမျှ မဆောင်ထားသဖြင့် သူ၏ လက်နှစ်ဘက်ဖြင့်သာ ရန်သူများကို ရင်ဆိုင်တိုက်ခိုက်ရသောကြောင့် သူသည် အတော် သတိထား၍ ပြန်လည်တိုက်ခိုက်နေရလေသည်။





ယင်း ရှစ်ယောက်တို့သည် လုရင်းကျေးရွာမှ အားထားရသော သိုင်းသမားများ ဖြစ်ကြလေသည်။

တော်ရုံတန်ရုံသိုင်းသမားနှင့် ယှဉ်လိုက်လျှင် သူတို့က အသာစီးသာ ရခဲ့သည်က များလေသည်။

ယခုမှာမူ သူတို့သည် သိုင်းပညာတွင် အလွန်အတွေ့အကြုံရင့်ကျက်သော လေနှင့် ရင်ဆိုင်နေရသဖြင့် မကြာမီ အချိန်မှာပင်....

'အား....'

ဟူသော အသံများသည် အဆက်မပြတ် ထွက်ပေါ်လာပြီး သူတို့၏ ခန္ဓာကိုယ်များသည် တယောက်ပြီးတယောက် အဝေးသို့ လွင့်ထွက်သွားကြကုန်လေသည်။

အဖြူရောင်မိန်းကလေးအား ဟန့်တားနေသော လူနှစ်ယောက်မှာ သူတို့လူများ အခြေအနေမဟန်မှန်းသိလိုက်ရသဖြင့် နောက်သို့ဆုတ်သွားကြလေသည်။

မုတ်ဆိတ်ဗလပြစ် ဖြစ်နေသောလူက မျက်နှာဘာခုလုံး ညိုမဲနေ၏။

'ဒီမှာမိတ်ဆွေ အခု ခင်ဗျားရဲ့လုပ်ရပ်တွေကို လုရင်း ကျေးရွာက ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ဘူးဆိုတာ ခင်ဗျား မှတ်ထားပါ'

လေက အေးတိအေးစက်ဖြင့်—

'ခင်ဗျားတို့ မကျေနပ်ယင် နောက်ထပ် ကျုပ်ကိုလိုက်ရှာပြီး တိုက်ခိုက်နိုင်တယ်၊ ဒါပေမယ့် ခင်ဗျားတို့ အပေါ်တွေက

တယောက်မှ မသေသေးပါဘူး သူတို့ကို ခဏ အိပ်ခိုင်းထားတာပါ'

သူသည် ထိုသို့ပြောပြီးသည်နှင့် အင်္ကျီများကို အသာအယာ ပြင်ဝတ်လိုက်ပြီး အဖြူရောင်မိန်းကလေးအား လုံးဝလှည့်မကြည့်ပဲ ထိုနေရာမှ ချာကနဲလှည့်ကာ ခြေလှမ်းကျဲကျဲဖြင့် လမ်းမကြီးဘက်သို့ ဦးတည်လျှောက်သွားလေသည်။

အဖြူရောင်ဝတ်ထားသော မိန်းကလေးက သူ၏ မြင်းပေါ်သို့ ခုန်တက်လိုက်ပြီး မြင်းကို ခြေဖနှောင့်နှင့် အသာကလေးတို့လိုက်ရာတွင် မြင်းသည် ခြေလှမ်းမှန်မှန်နှင့် လမ်းမကြီးဘက်သို့ ဦးတည်သွားလေတော့သည်။

* * *

လေသည် ရှေ့သို့ ခြေလှမ်းသုတ်သုတ် လျှောက်သွားလေသည်။

အဖြူရောင်ဝတ်ဆင်ထားသောမိန်းကလေးက မြင်းကို မှန်မှန်မောင်းနှင်၍ လေ၏နောက်မှ လိုက်လာနေသည်။

သူတို့သည် တယောက်နှင့်တယောက် လုံးဝ စကားမပြောကြပဲ တိတ်ဆိတ်စွာဖြင့် လျှောက်နေကြလေသည်။

သူတို့သည်နေဝင်ချိန်သို့ ရောက်သောအခါ အိချင်မြို့အားစတင် တွေ့မြင်ရပြီး ဖြစ်လေသည်။

* * *





လေသည်ဆက်၍လျှောက်သွားရာ မကြာမီမှာပင် လဘက်ရည်နှင့် သွားရေစာများ ရောင်းချသောဆိုင်တဆိုင်အား တွေ့မြင်လိုက်ရလေသည်။

လေသည် ဆက်၍မလျှောက်တော့ပဲ ဆိုင်ထဲသို့ဝင်လိုက်လေသည်။

အဖြူရောင် မိန်းကလေးအား ကြည့်ကာ အနည်းငယ် ကြောင်အံ့အံ့ ဖြစ်သွားလေသည်။

လေက မိမိအား သူ၏ နောက်သို့ မလိုက်စေလို၍သာ ယခုကဲ့သို့ မြို့ထဲသို့မဝင်ပဲ လဘက်ရည်ဆိုင်ထဲသို့ ဝင်သွားခြင်း ဖြစ်သည်ဟု သဘောပေါက်လာသည်။

သူမသည် တချက်မျှပြုံးလိုက်ပြီး မြင်းကိုလှည့်လိုက်ပြီးလျှင် လေလှမ်းဝင်သွားသောလဘက်ရည်ဆိုင်ရှေ့၌ မြင်းကို ရပ်တန့်လိုက်လေသည်။

သူမသည် လေနှင့်ကပ်လျက်ရှိသော စားပွဲတခုအနီး၌ ထိုင်ချလိုက်သောအခါတွင် လေက မနေနိုင်တော့ပါ။

'ဒီမှာ လုချန်းချန်း...၊ မင်းက ဘာဖြစ်လို့ ငါ့နောက်ကို တကောက်ကောက်လိုက်ပြီး နှောက်ယှက်နေရတာလဲ'

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက ပြုံးလိုက်သည်။

'ဒီလိုမပြောပါနဲ့ အစ်ကိုကြီးရယ်၊ ကျွန်မက အစ်ကို့ကို လိုက်ပြီး နှောင့်ယှက်နေတာ မဟုတ်ပါဘူးရှင်'

လေက သူမအား စိုက်ကြည့်လိုက်သည်။

'ဒါဖြင့် မင်း ဘာဖြစ်လို့ငါ့နောက်ကို တကောက်ကောက် လိုက်နေရတာလဲ'

အဖြူရောင်မိန်းကလေးက ပြုံးလိုက်၍—

'အော် – ဒါကတော့ အစ်ကိုကြီးက ကျွန်မကို နှစ်ကြိမ်တိတိ အသက်ကယ်ခဲ့တယ် မဟုတ်လား'

လေက ဆတ်ကနဲ မတ်တတ်ရပ်လိုက်သည်။

'ဒီမှာ လုချန်းချန်း လုရင်းကျေးရွာဆိုတာ မင်းအသိဆုံး ဖြစ်မှာပါ။ လုရင်းကျေးရွာဟာ သူတို့ရဲ့ရန်သူကိုတော့ ဘယ်တော့မှ လက်လွှတ်မခံဘူးဆိုတာ မင်းသိတယ်မဟုတ်လား'

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက ခေါင်းညိတ်လိုက်လေသည်။

'ကျွန်မ နားလည်ပါတယ်'

လေက ဒေါသကြီးစွာဖြင့်—

'နားလည်ယင် ဘာဖြစ်လို့ မင်းရဲ့ အရှုပ်အထွေးပြဿနာထဲမှာ ငါ့ကို ဆွဲသွင်းရတာလဲ'

အဖြူရောင် ဝတ်ဆင်ထားသော မိန်းကလေးက လေ၏ စကားကြောင့် ပုခုံးတချက် တွန့်လိုက်လေသည်။

'ပထမအကြိမ်တုံးကတော့ ဒီပြဿနာထဲမှာ အစ်ကိုကြီးဟာ အစ်ကိုကြီး ဝင်ရှုပ်မိတာပါ'





မိန်းကလေး၏စကားကြောင့် လေသည် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'မင်းပြောတဲ့အတိုင်းပဲ ထားပါတော့လေ၊ အခု မင်းက ဘာဖြစ်လို့ ငါ့နောက်ကို တကောက်ကောက် လျှောက်လိုက်နေရတာလဲ'

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက သက်ပြင်း တချက်ချလိုက်သည်။

'ဒီလိုပါရှင်၊ အခု ရှင်က ဒီအရှုပ်အထွေး ပြဿနာထဲမှာ ပါနေပြီမဟုတ်လား။ ဒါကြောင့် ကျွန်မရှင်နဲ့လက်တွဲပြီးရင်ဆိုင် သင့်တယ်လို့ ယူဆလို့ ရှင့်နောက်ကို တကောက်ကောက် လိုက်နေရတာပါ'

လေက မိန်းကလေး၏စကားကြောင့် ဒေါသအမျက်ချောင်း ချောင်းထွက်လာသည်။

'ဒီမှာ လုချန်းချန်း ကျုပ် မင်းကို ရှင်းရှင်းပြောလိုက်မယ်၊ မင်း ငါ့နောက်ကို တကောက်ကောက်လျှောက်လိုက်နေယင် ငါ့အတွက် ပိုပြီးအန္တရာယ်များတယ်ဆိုတာကော မင်းနားလည် ရဲ့လား'

မိန်းကလေးက ပြုံးလိုက်သည်။

'ကျွန်မနာမည် လုချန်းချန်း မဟုတ်ပါဘူးရှင်— တကယ်တော့ လုချန်းချန်းဟာ ကျွန်မရဲ့အမွှာညီအစ်မပါ ကျွန်မရဲ့နာမည်က လုယန်းယန်းပါ၊ ကျွန်မ အခုဒီကိုရောက်လာတာကလဲ နှစ်

ပေါင်းများစွာပျောက်ဆုံးနေတဲ့ ကျွန်မရဲ့အမွာညီအစ်မ လုချန်းချန်းကို လာရှာတာပါ’

လေက အေးတိအေးစက်ဖြင့်—

‘မင်းဟာ လုချန်းချန်းပဲဖြစ်ဖြစ် လုယန်းယန်းပဲဖြစ်ဖြစ် ငါ သတိပေးရလိမ့်မယ်’

မိန်းကလေးက—

‘ဟုတ်ကဲ့ … ပေးပါရှင်’

လေက အံကိုတင်းတင်းကြိတ်လိုက်သည်။

‘မင်းက ငါ့နောက်ကို တကောက်ကောက်လိုက်နေအုံးမယ်ဆိုယင်တော့ ငါသတ်ပစ်ရလိမ့်မယ်’

လုံယန်းယန်းက ပုခုံးတချက်တွန့်လိုက်သည်။

‘ဒါဖြင့်လဲ ရှင်ကြိုက်သလိုလုပ်ပါ။ ကျွန်မကတော့ … ရှင့်နောက်ကို လိုက်နေမှာပဲ’

မိန်းကလေး၏စကားကြောင့် လေက မျက်မှောင်ကုပ်သွားလေသည်။

‘မင်းက ဘာသဘောလဲကွ’

လုယန်းယန်းက—

‘ရှင်းပါတယ်လေ.... ကျွန်မက ရှင့်နောက်ကို မလိုက်လို့ မဖြစ်တော့ပါဘူး။ ဒါကြောင့် ရှင်ကကျွန်မကိုသတ်ချင်ယင်လဲ သတ်လိုက်ပါလို့ ပြောနေတာပဲ’





လေက ဒေါသချောင်းချောင်း ထွက်လာလေသည်။

‘မင်းက ဒီလောက်တောင် ခေါင်းမာနေယင် ကျုပ်က မင်းကို ညှာမယ်များ ထင်နေသလား’

သူသည် ထိုသို့ ပြောပြီးသည်နှင့် ရုတ်တရက် လက်ဝါးဖြင့် လုယန်းယန်း၏ ငယ်ထိပ်သို့ ခုတ်ချလိုက်လေသည်။

သူသည် ဒေါသကြီးစွာဖြင့် ခုတ်ချလိုက်သဖြင့် သူ၏ လက်ဝါးသာ လုယန်းယန်းသာ ထိမှန်သွားလျှင် သူ၏ အသက်မှာ ဆုံးရှုံးသွားမည်ကို သူမက သိရှိထားလေသည်။

သို့သော် သူမက လေ၏တိုက်ခိုက်မှုကို လုံးဝ ရှောင်တိမ်းခြင်းမရှိပဲ မျက်လုံးများကို အသာအယာ မှိတ်ထားလိုက်လေသည်။

‘ဝုန်း’

လေ၏လက်ဝါးက ခုတ်ချလိုက်ပြီး ဖြစ်လေသည်။

သို့သော် သူ၏လက်ဝါးသည် လုယန်းယန်း၏ခေါင်းပေါ်သို့ ရောက်လုဆဲဆဲမှ ဘေးသို့ချော်၍ ခုတ်ချလိုက်သဖြင့် သူတို့ ဘေးနားတွင်ရှိသော စားပွဲအား ထိမှန်သွားပြီး စားပွဲမှာ လေ၏လက်ဝါးဒဏ်ကြောင့် ထက်ပိုင်းကျိုးပဲ့သွားလေသည်။

လေက ဒေါသကြီးစွာဖြင့်—

‘ဒီမှာ လုယန်းယန်း မင်းကို ငါတကယ် မသတ်ဘူးလို့ မင်းထင်နေသလား’

လုယန်းယန်းက ခေါင်းကို အသာအယာ ယမ်းခါပြလိုက်သည်။

'မထင်ပါဘူးရှင်'

လေက မျက်မှောင်ကုပ်သွားလေသည်။

'ဒါဖြင့် မင်းက ငါ့လက်ဝါးနဲ့ ခုတ်ချတာကို မရှောင်တာလဲ'

လုယန်းယန်းက သက်ပြင်းတချက်ချလိုက်သည်။

'ကျွန်မရဲ့ အခုလက်ရှိ အခြေအနေကို ရှင်အသိဆုံးပါ။ အခုဆိုယင် လုရှင်းကျေးရွာဟာ ကျွန်မကို မရမကလိုက်သတ်တော့မှာပဲ။ ရှင့်နောက်ကိုမှမလိုက်ရယင် ကျွန်မဟာ သူတို့ရဲ့အသတ်ခံရမှာတော့ အမှန်ပါပဲ။ ဒါကြောင့် ကျွန်မဟာ သေရမယ့်အတူတူ ရှင့်လက်ချက်နဲ့ သေရတာကမှ ပိုကောင်းလိမ့်မယ်လို့ထင်ပါတယ်'

လေက သူမအား စိုက်ကြည့်လိုက်ပြီး—

'မင်း'

သူသည် စကားကို မည်သို့ဆက်ပြောရမှန်း မသိတော့ပဲ စကားတပိုင်းတစဖြင့် ရပ်တန့်သွားလေသည်။

လုယန်းယန်းက ပြုံးပြလိုက်လေသည်။

'ကဲပါ— အချိန်မရှိတော့ဘူးရှင့်— ကျွန်မတို့ မြို့ထဲဝင်ယင်ကောင်းလိမ့်မယ် ထင်တယ်'

လေသည် လုယန်းယန်းအား တချက်မျှစိုက်ကြည့်လိုက်ပြီး မည်သည့်စကားမျှ မပြောမတော့ပဲ ဆိုင်ထဲမှ လှမ်းထွက်လိုက်လေတော့သည်။





လုယန်းယန်းက ဆိုင်ထဲမှ ထွက်ခွာသွားနေသောလေအား ကြည့်၍ တချက်ပြုံးလိုက်ပြီး နောက်မှ လိုက်သွားလေတော့သည်။

စာမှတ် ၁၅ / ၁၃၈၊ ဖိုခန်း
ရုံး ၂၁၇၄၄

လေနှင့်လုယန်းယန်းတို့သည် မြို့ထဲသို့ အချိန်မီဝင်ရောက်သွားလေသည်။

သူတို့သည် တည်းခိုခန်းတခုတွင်းသို့ ဝင်ရောက်သွားကြပြီးလျှင် အခန်းနှစ်ခန်းငှား၍ အနားယူကြလေသည်။

နောက်တနေ့ နံနက်စောစော သူတို့သည် ယင်းမြို့မှ ပြန်လည် ထွက်ခွာလာပြီး လုယန်းမြို့သို့ ဦးတည်သွားကြလေသည်။

ယင်းတလျှောက်လုံးတွင် လုယန်းယန်းကသာ ပြုစုလုပ်ကိုင်ပေးသဖြင့် လေသည် လုယန်းယန်းအပေါ်တွင် တင်းထားသောစိတ်များသည် လျော့ကျသွားလေတော့သည်။

ထိုနေ့ညနေ အချိန်လောက်တွင် သူတို့သည် လုယန်းမြို့သို့ရောက်ရှိလာကြလေသည်။

လုယန်းမြို့သည် အလွန်စည်ကားပြီး သာယာသောမြို့တမြို့ဖြစ်သည်။

တချိန်တုန်းက ယင်းလုယန်းမြို့သည် နေပြည်တော်အဖြစ် သတ်မှတ်ခြင်းခံရသောကြောင့် ထိုမြို့တွင်ရှိသော အဆောက်အအုံများသည် အလွန်ပင်ခန့်ညား ထယ်ဝါကြလေသည်။

လေသည် ထိုမြို့တွင်းရှိ လူအတည်းနည်းပါးသော တည်းခိုခန်းတခုသို့ လှမ်းဝင်လိုက်ပြီး အခန်းနှစ်ခန်း ငှားရန်း တည်းခိုကြလေသည်။

ယခုအခါတွင် သူတို့နှစ်ယောက်သည် အတော်ကလေးရင်းနှီးလာပြီ ဖြစ်လေသည်။

ထို့ကြောင့် သူတို့သည် ထမင်းစားသောက်ပြီးနောက် သူတို့သည် ဧည့်ခန်းတွင်း၌ ထိုင်၍ စကားပြောနေကြသည်။

'ဒါနဲ့ အိမ်က ဘယ်မှာလဲ'

လေသည် လုယန်းယန်း၏အကြောင်းအား စတင်မေးမြန်းလိုက်လေသည်။ လုယန်းယန်းက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မမှာ အိမ်ဆိုတာ မရှိပါဘူးရှင်'

လေက လုယန်းယန်း၏ စကားကြောင့် မျက်မှောင်ကုပ်သွားလေသည်။

'ဘယ်လို– မင်းမှာ အိမ်မရှိဘူး ဟုတ်လား၊ ဒါဖြင့်ယင် မင်းရဲ့မိဘတွေကော'

လုယန်းယန်းက သက်ပြင်းတချက်ချလိုက်သည်။





'ကျွန်မ ငယ်ငယ်ကလေးထဲက မိဘနှစ်ပါးစလုံး ဆုံးရှုံးသွားပါတယ်ရှင်၊ ကျွန်မက ကျွန်မအစ်မ လုချန်းချန်းနဲ့နေထိုင်ပြီး ကြီးပြင်းလာရပါတယ်'

လေက မျက်မှောင်ကုပ်လိုက်လေသည်။

'ဒါဖြင့် မင်းတို့နှစ်ယောက်က ဘယ်သူနဲ့အတူ နေတာလဲ'

လုယန်းယန်းက–

'ကျွန်မတို့ဟာ သိုင်းဆရာတယောက်နဲ့ အတူ နေပါတယ် သူက ကျွန်မတို့ကို ကျွေးမွေးပြုစုပြီး သိုင်းပညာတွေ သင်ပေးခဲ့ပါတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက ကျွန်မရဲ့ အစ်မ လုချန်းချန်းဟာ ဘာမှမပြောဆိုပဲ အိမ်ကထွက်သွားလို့ ကျွန်မက တယောက်ထဲ ကျန်ရစ်ခဲ့တာပါ'

လုယန်းယန်းက စကားကို ခေတ္တခဏရပ်တန့်လိုက်ပြီး အတန်ကြာမှ စကားကို စလိုက်ပြန်သည်။

'ကျွန်မဆရာရဲ့ နာမည်က အိတန်းလို့ခေါ်ပါတယ်'

လေက–

'အခု မင်းထွက်လာတာကိုရော သူ့ကို ပြောခဲ့ရဲ့လား'

လုယန်းယန်းက ခေါင်းညိတ်လိုက်သည်။

'သူလဲ ကွယ်လွန်သွားပြီဖြစ်လို့အခုလိုကျွန်မက လုချန်းချန်းကို လိုက်ရှာခဲ့တာပါ'

လေက မျက်မှောင်ကုပ်လိုက်သည်။

'မင်းရဲ့အဖြစ်က ဒီလိုကိုး– မင်းတို့မှာ ဆွေမျိုးတယောက်တလေမှ မရှိဘူးလား'

လုယန်းယန်းက အတန်ကြာ စဉ်းစားလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

'ဦးလေးတယောက်ကတော့ ချီကူးမြို့မှာရှိတယ်လို့ ပြောတာပါပဲ၊ ဒါပေမယ့် ကျွန်မတို့က တခါမှ အသွားအလာမရှိပါဘူးလေ'

လေက—

'ဒါဖြင့် တို့က ချီကူးမြို့ကိုအယင်ဆုံးသွားပြီး မင်းရဲ့ ဦးလေးကို လိုက်ရှာကြတာပေါ့'

လုယန်းယန်းက လေအား စိုက်ကြည့်လိုက်သည်။

'ဘာလဲ အစ်ကိုက ကျွန်မကိုပစ်သွားချင်လို့ပေါ့ဟုတ်လား'

လေက သက်ပြင်းတချက်ချလိုက်သည်။

'ဘာပဲဖြစ်ဖြစ် မင်းဦးလေးဆီကို အယင်ရောက်အောင် သွားပြီးမှ ဘာကိုဆက်လုပ်သင့်တယ်ဆိုတာကို တိုင်ပင်ယင် ကောင်းပါတယ်'

လုယန်ယန်းက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ အဲဒီကိုမသွားချင်ဘူး၊ လုချန်းချန်းကို အယင်လိုက်ရှာရအုံးမယ်'

လေက ခေါင်းညိတ်လိုက်သည်။

'အေးပါ လုချန်းချန်းကိုလဲ လိုက်ရှာမှာပေါ့၊ ဒါပေမယ့် မင်းဦးလေးဆီကိုတော့ အယင်ရောက်အောင် သွားရလိမ့်မယ်၊ မင်းအစ်မ လုချန်းချန်းလဲ ဟိုကိုရောက်ချင်ရောက်နေမှာပါ'





လုယန်းယန်းက သဘောတူကြောင်း ခေါင်းညိတ်လိုက်လေသည်။

* * *

နောက်တနေ့တွင် လေနှင့် လုယန်းယန်းတို့သည် လမ်းမကြီးအတိုင်း အရှေ့ဘက်သို့ ဦးတည်၍ သွားကြလေသည်။

မကြာပါချေ။

သူတို့သည် ချီကူးမြို့၏ နယ်စပ်ကလေးသို့ ရောက်ရှိသွားကြလေသည်။

ထိုမှတဆင့် သူတို့သည် တောအုပ်တခုသို့ ဖြတ်ကျော်ခဲ့မိသောအခါတွင် ရုတ်တရက်သွားလက်စ ခြေလှမ်းကို ရပ်တန့်လိုက်လေသည်။ လုယန်းယန်းက အံ့အားသင့်သွားသည်၊

'အစ်ကိုကြီးဘာဖြစ်လို့ ရပ်လိုက်ရတာလဲ'

လေက ပုခုံးတချက်တွန့်လိုက်လေသည်။

'တို့သွားနေတဲ့လမ်းမှာ အနှောက်အယှက်ကလေးတွေ တွေ့ရမြန်ပြီလေ..'

လုယန်းယန်းသည် လေ၏စကားကြောင့် တုန်လှုပ်သွားလေသည်။

ထိုစဉ်မှာပင် လူတစုသည် ပုန်းကွယ်ရာမှ ထွက်ပေါ်လာလေသည်။

တို့နောက် သူတို့နှစ်ယောက်အား ဝိုင်းရံ ထားလိုက်လေသည်။

ကျန်လူများသည် လူရင်းကျေးရွာက လူများဖြစ်ကြသည်ကို လေကာ နားလည်လိုက်လေသည်။

လူအယောက်နှစ်ဆယ်ခန့်သည် ဓားရှည်ကိုယ်စီ ကိုင်ဆောင်ထားပြီး သူတို့၏ သွားရာလမ်းကို ပိတ်၍ ရပ်ထားလေသည်။ သူတို့၏ ဝဲဘက်၌ လှံတံ ကိုင်ဆောင်ထားသော လူဆယ်ယောက်ခန့် ရပ်နေ၏။

ယာဘက်တွင်မူ လေးသည်တော်ဆယ်ယောက်ခန့်က အသင့်စောင့်ကြပ်နေ၏။ လေကာ ထိုဝိုင်းရံထားသော လူများအားကြည့်ကာ မဲ့ပြုံးပြုံးလိုက်လေသည်။

'သူတို့ကတော့ တို့ကို မရ ရတဲ့နည်းနဲ့ဖမ်းဖို့တော့ ကြိုးစားနေပြီကွ'

လုယန်းယန်းက လေသံတိုးတိုးဖြင့်—

'အစ်ကိုကြီး ကျွန်မတို့ ပြေးကြမယ်လေ"

လေကာ အေးတိအေးစက်ဖြင့် ပြုံးလိုက်သည်။

'တို့ပြေးလို့ လွယ်မလို့ မင်းကထင်သလား'

လုယန်းယန်းက မည်သို့မျှပြန်မပြောတော့ပဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

ဓားရှည်ကို ကိုင်ဆောင်ထားသောအတိုးအိုက ရှေ့သို့ တိုးလာလေသည်။





သူသည် လုယန်းယန်းအား လက်နှစ်ဖက်ဆုပ်၍ အလေးပြုလိုက်လေသည်။

'ကျုပ်က သခင်မကြီးကို ဂါရဝပြုပါတယ်'

လုယန်းယန်းက မျက်မှောင်ကုပ်သွားသည်။

'ရှင်က ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျွန်မကို သခင်မလို့ ခေါ်ရတာလဲ'

လုယန်းယန်း၏စကားကြောင့် အတိုးအိုက ပြုံးလိုက်သည်။

'ကျုပ်က လူရင်းကျေးရွာက အုပ်ချုပ်ရေးမှူး 'မင်ဝမ်' ပါ၊ သခင်မကြီးကို နေ့စဉ်နဲ့အမျှ တွေ့မြင်နေရလို့ သခင်မကြီးလို့ ခေါ်တာပေါ့'

လုယန်းယန်းက သက်ပြင်းတချက် ချလိုက်သည်။

'ရှင် လူမှားနေပြီရှင့်၊ ကျွန်မနာမည်က လုယန်းယန်းပါ၊ ရှင်တို့ ပြောနေတဲ့ လုချန်းချန်း မဟုတ်ပါဘူး'

မင်ဝမ်က ပြုံးလိုက်လေသည်။

'သခင်မကြီးက ရယ်စရာပြောနေတာကိုး၊ ကဲပါလေ ဘာပဲဖြစ်ဖြစ် ကျုပ်တို့နောက်ကိုတော့ လိုက်ခဲ့ပါ'

လုယန်းယန်းက ခေါင်းခါယမ်းလိုက်သည်။

'ရှင့်ကို ကျွန်မရှင်းရှင်းပဲပြောမယ်၊ လုချန်းချန်းဟာ ကျွန်မရဲ့ အစ်မ၊ ကျွန်မနာမည်က လုယန်းယန်းပါ၊ ရှင်တို့ ကျွန်မကို လူမမှားစေချင်ဘူး'

မင်ဝမ်က ခေါင်းညိတ်လိုက်သည်။

'ဒါဖြင့် ကျုပ်တို့နောက်ကို ခဏလေးဖြစ်ဖြစ် လိုက်ခဲ့ပါ၊ ဟိုကျယင် မှားတယ် မမှားဘူးဆိုတာ တခါတည်း ရှင်း သွားမှာပါ'

လူယန်းယန်းက ခေါင်းခါယမ်းလိုက်သည်။

'ရှင်တို့ခေါ်တဲ့နောက်ကို လုံးဝမလိုက်နိုင်ဘူး'

မင်ဝမ်က မျက်မှောင်ကုတ်သွားသည်။

'ဒီမှာ လူချန်းချန်း၊ ခင်ဗျားဟာ ကျုပ်တို့ရဲ့ လူရင်းကျေးရွာကို သစ္စာဖောက်တယ်ပေါ့ ဟုတ်လား၊ ဒါကြောင့်လဲ သခင်ကြီးက ကျုပ်တို့ကိုဖြစ်တဲ့နည်းနဲ့ပြန်ခေါ်ခဲ့ရမယ်လို့ အမိန့် ပေးထားတယ်၊ အဲဒီတော့ တယောက်နဲ့တယောက် မျက်နှာ မပျက်ရအောင် ကျုပ်တို့နောက်ကို အသာတကြည် လိုက်ခဲ့ ပါခင်ဗျာ...'

လူယန်းယန်းက ခေါင်းကိုသာ တွင်တွင် ယမ်းလိုက်သည်၊ ထို့နောက်—

'ကျွန်မဟာ လူချန်းချန်းမဟုတ်ပါဘူးလို့ ရှင်တို့ကို ဘယ် နှစ်ခါ ပြောရမလဲ'

မင်ဝမ်က လက်နှစ်ဘက်ဆုပ်ရန် မြှောက်လိုက်သည်။

'ဒါဖြင့်လဲ နောက်မှ ကျုပ်အဆိုးမဆိုပါနဲ့'

သူသည် ပြောယင်း လက်တချက် ဝှေ့ယမ်းလိုက်သည်။

သူ့နောက်တွင် ဓားသမား (၂၀) ခန့်က လူယန်းယန်း အား ဝိုင်းရံတိုက်ခိုက်ကြလေသည်။





လူယန်းယန်းက ဓားနှစ်လက်ကို ဆွဲထုတ်လိုက်ပြီးလျှင် သူမ အား ဝိုင်းရံထားသော ဓားသမားများအား ခုခံတိုက်ခိုက် နေလေသည်။

သူမသည် ပျော့ပြောင်းနွဲ့နှောင်းသည့်ဟုထင်ရသော်လည်း သူမ၏ ဓားနှစ်လက်ဖြင့် ဝှေ့ယမ်းတိုက်ခိုက်သောအခါ ဓား သမားများက သူမအနီးသို့ မကပ်နိုင်ပဲဖြစ်သွားလေသည်။

တဖက်က လှံတံကိုင်ထားသော လူ (၁၀)ယောက်ခန့် နှင့် ဓားရှည်ကိုင်ထားသော လူ ရှစ်ယောက်ခန့်တို့ကလဲ လေ အား ဝိုင်းရံ၍တိုက်ခိုက်ကြလေသည်။

ယင်းသို့ တိုက်ခိုက်ကြသောအခါတွင် ထို လှံတံကိုင်ထား သော လူ (၁၀) ယောက်တို့သည် လူရင်းကျေးရွာမှ အထူး လေ့ကျင့်ထားသောသိုင်းသမားဖြစ်ကြသည်ကို လေကသဘော ပေါက် နားလည်လိုက်လေသည်။

ထို့ကြောင့် သူသည် ထိုလူများအား ပေါ့ပေါ့တန်တန် မထားဝံ့တော့ပဲ သူ၏ခါးတွင်စည်းထားသော အပြာရောင် ခါးစည်းအား ဖြုတ်လိုက်သည်။

ထို့နောက် သူသည် ခါးစည်းအား ဝှေ့ယမ်း၍ လက်နက် သဖွယ် အသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

ယခု လူနှစ်စုသည် လူယန်းယန်းနှင့် လေတို့ နှစ်ယောက် အား နေရာခွဲ၍ သဲသဲမဲမဲ တိုက်ခိုက်နေကြရာတွင် လေ၏ ခါး စည်းသည် ဝင်ရောက်တိုက်ခိုက်လာသော ရန်သူများ၏ လှံ တံများအား ရစ်ပတ် တအားဆွဲလိုက်ရာ—

လှံတံများသည် တလက်ပြီးတလက် အခဝေးသို့ လွင့်၍ ကျသွားလေသည်။

လှံတံကိုင်ထားသောလူများသည် သူတို့၏ လှံတံများ အဝေးသို့လွင့်ကျသွားသဖြင့် ထိတ်လန့်တုန်လှုပ်ကာ နောက်သို့ ဆုတ်သွားကြလေသည်။

ဓားရှည်များ ကိုင်ဆောင်ထားသောလူများသည် လေအား ဆက်၍မတိုက်ခိုက်ဝံ့တော့ပဲ ရပ်တန့်သွားခဲ့လေတော့သည်။

မင်ဝမ်၏ မျက်နှာတခုလုံးမှာ ညိုမည်းသွားလေသည်။

'ဟေ့—မင်းတို့အားလုံး နောက်ဆုတ်...'

မင်းဝမ်၏ အမိန့်ပေးသံကြောင့် သူ၏လူများသည် အားလုံးနောက်သို့ဆုတ်သွားကြလေတော့သည်၊

ထိုအခါမှ လေသည် သူ၏ခါးစည်းအား ခါးတွင်ပြန်လည်စည်းထားလိုက်လေသည်။

ထို့နောက် မင်ဝမ်အား အတန်ကြာစိုက်ကြည့်နေ၏။ မင်ဝမ်ကလည်း သူ့ကိုပြန်လည်စိုက်ကြည့်နေ၏။ အတန်ကြာမှ လေက မဲ့ပြုံးပြုံးလိုက်လေသည်။

'ခင်ဗျားတို့ အခုလိုအလိုက်သိတာ ခင်ဗျားတို့အဖို့ ကံကောင်းတယ်လို့ ဆိုရမှာပေါ့ဗျာ'

သူသည် ပြောပြီး နောက်သို့လှည့်လိုက်ရာ လုယန်းယန်း၏ ထိတ်လန့်စွာ အော်ဟစ် သတိပေးလိုက်သောအသံကို ကြားလိုက်ရလေသည်။





'သတိထား အစ်ကိုကြီး...'

ထိုစဉ်မှာပင် မြားတစင်းသည် လေ၏နောက်ကျော တည့်တည့်သို့ ပစ်လွှင့်လာလေသည်။

လုယန်းယန်း၏ သတိပေးသံကြောင့် လေက ရုတ်တရက် လျင်မြန်စွာ ရှောင်တိမ်းလိုက်လေသည်။

သူ နောက်ကျသွားချေပြီ။ မြားတစင်းသည် သူ၏ ဝဲဘက်ပုခုံးသို့ ထိမှန်သွားလေလည်။

'အွန်း...'

လေသည် မည်သို့မျှမဟန်နိုင်တော့ပဲ မြေပေါ်သို့ လဲကျသွားလေသည်။

* * *

'ယား....'

မင်ဝမ်သည် ဤသို့ ညာသံပေးပြီး လေရှိရာသို့ ပြေးဝင်လာရာ လုယန်းယန်းက လက်တချက် ဝေ့ယမ်းလိုက်သည်။

ကြက်ဥခန့်ရှိသော အနက်ရောင်အလုံးလေးတလုံးကို သူမ၏ လက်မှ ပစ်လွှင့်လိုက်ရာ ထိုအနက်ရောင် အလုံးလေးသည် ပြေးဝင်လာသော မင်ဝမ်နှင့် လေ၏ အကြားသို့ ကျသွားလေသည်။

'ဖောက်...'

ယင်းအလုံးကလေးသည် မြေပြင်နှင့် ထိမှန်ပြီး ပေါက်ကွဲသွားသည်။

သူတို့၏ ဝန်းကျင်တွင် မီးခိုးလုံးများသည် တမုဟုတ်ချင်း ထောင်တက်လာလေသည်။

မင်ဝမ်သည် ယင်းမီးခိုးလုံးများတွင် အဆိပ်များ ပါရှိမည်ဟု ထင်မှတ်ကာ လှမ်းနေသော ခြေလှမ်းကို ရပ်တန့်လိုက်ပြီး နောက်သို့ ကမန်းကတန်း ဆုတ်သွားလေသည်။

ထိုနောက်တွင် လုယန်းယန်းသည် လေတချက်ချွန်၍ အချက်ပေးလိုက်ရာ သူမ၏ မြင်းဖြူသည် သူမထံသို့ ပြေးလွှားလာလေသည်။

လုယန်းယန်းသည် မြေပြင်ပေါ်၌ ဒဏ်ရာ ရရှိနေသော လေအား ဖေးမလိုက်သည်။

ထို့နောက် လေအား သူမ၏မြင်းပေါ်သို့ တင်လိုက်ပြီးနောက် သူမကိုယ်တိုင်လဲ လွှားကနဲခုန်တက်ကာ ထိုနေရာမှ ဒုန်းစိုင်းမောင်းနှင်၍ ပြေးလွှားသွားလေတော့သည်။

* * *



## သံ ယော ဇဉ်

ဤနေရာသည် လှိုဏ်ဂူတခုဖြစ်သည်။

လေက သတိရလာသောအခါတွင် ရှေးဦးစွာ သူတွေ့လိုက်ရသည်မှာ ကြယ်ကလေးပမာ တောက်ပနေသော မျက်ဝန်းအစုံအား တွေ့လိုက်ရလေသည်။

သူသည် လှဲနေရာမှ ဆတ်ကနဲ ထထိုင်လိုက်သည်။

'အား…'

သူ၏ ဝဲဘက်ပုခုံးမှ ပြင်းထန်သောဝေဒနာကို ခံစားလိုက်ရသဖြင့် ပြန်လည်လဲကျသွားလေသည်။

'မထနဲ့အုံးလေ—အစ်ကို'

လုယန်းယန်းက ချိုလွင်သောအသံနှင့် လေအားပြောလိုက်လေသည်။

ထို့နောက် သူမသည် လေကို ပြုံးပြလိုက်ပြီး—

'ရှင့်ပခုံးမှာ မြားတစင်းထိမှန်သွားလို့ ကျွန်မက ဆွဲနုတ်လိုက်ပြီး ကျွန်မဘတ်သမျှ မှတ်သမျှတော့ အစ်ကို့ကိုပြုစုထားတာပဲ'

လေက သက်ပြင်းတချက်ချလိုက်သည်။

'အစ်ကို့ကို ပြုစုပေးတာ ကျေးဇူးတင်ပါတယ် ညီမရယ်'

လုယန်းယန်း ခေါင်းခါယမ်းလိုက်သည်။

'ကျေးဇူးတင်စရာမလိုပါဘူးရှင် … အစ်ကို အခုလိုဖြစ်သွားရတာကလဲ ကျွန်မကြောင့်ပါပဲ'

သူမသည် ထိုသို့ပြောယင်းမှ သူမ၏ မျက်ဝန်းအစုံမှ မျက်ရည်များသည် စီးဆင်းကျလာလေသည်။

လေက မျက်မှောင်ကုပ်သွားလေသည်။

'မင်းက ငါ့ကို တကယ် ကျေးဇူး သိတတ်တယ်ဆိုယင် ငါပြောတဲ့အချက်နှစ်ချက်ကို မင်းလိုက်နာရမယ်၊ ဘယ့်နှယ်လဲ မင်းလိုက်နာနိုင်ပါ့မလား'

လုယန်းယန်းက လေအား တချက်စိုက်ကြည့်လိုက်ပြီး—

'ဘာများလဲ အစ်ကိုရယ် …'

လေက လုယန်းယန်းအား ပြန်လည်စိုက်ကြည့်လိုက်ပြီး—

'ပထမအချက်ကတော့ ကျုပ်ဟာ မိန်းမတွေ မျက်ရည်ကျတာ မကြိုက်ဘူး၊ ဒါကြောင့် ကျုပ်ရှေ့မှာ မင်းဘယ်တော့မှ မျက်ရည်မကျပါနဲ့'





'ဟုတ်ကဲ့ အစ်ကို ကျွန်မ မငိုတော့ပါဘူး'

သူမသည် ထိုသို့ပြောယင်း ကျလာသော မျက်ရည်များကို ကမန်းကတန်း သုတ်ပစ်လိုက်လေသည်။

လေက ပြုံးလိုက်လေသည်။

'နောက်တချက်ကတော့ ကျုပ် အခု ဗိုက်အရမ်းဆာနေတယ်၊ အဲဒါ မင်းက စားဖို့ တခုခုကြံဖန်ပါအုံး'

လုယန်းယန်းက ပြုံးလိုက်သည်။

'ကောင်းပါပြီရှင် ကျွန်မ စားစရာတခုခု သွားရှာ လိုက်ပါအုံးမယ်'

* * *

ညအချိန်ရောက်လာသောအခါတွင် ဝန်းကျင်တခုလုံးသည် အေးချမ်းလာလေသည်။

လိုဏ်ဂူထဲသို့ တိုးဝှေ့ဝင်ရောက်လာသော လေများသည် အရိုးခိုက်လိုက်လောက်အောင်ပင် အေးစိမ့်နေ၏။

လေသည် လုယန်းယန်းရှာလာသော ယုန်သား ကင်အား ဗိုက်အဝစားထားသော်လည်း သူ့ကိုယ်ပေါ်မှ အကျီပါးလွှာမှုနှင့် လှဲလျောင်းသောနေရာမှာ စိုထိုင်း၍ အေးစက် နေသောကြောင့် သူ၏တကိုယ်လုံးသည် တောင့်တင်းသွားမတတ် ခိုက်ခိုက်တုန်အောင်ချမ်းနေလေသည်။

ထို့ထက် ပို၍ဆိုးဝါးနေသည်မှာ သူ၏ပုခုံးတွင် ရရှိထားသော ဒဏ်ရာများက နာကျင်သောဝေဒနာမှာလည်း ခံစားနေရ၏။

သူသည် နာကျင်သောဝေဒနာကို ကြိတ်၍ တောင့်ခံနေသော်လည်း ကြာရှည်ခံနိုင်စွမ်းမရှိပါ။

ထို့ကြောင့် သူသည် တညည်းညည်း တညူညူ ဖြစ်နေသည်။

လုယန်းယန်းမှာလည်း လေကဲ့သို့ပင် တကိုယ်လုံး ခိုက်ခိုက်တုန်အောင် ချမ်းနေလေသည်။

လေက ယင်းကဲ့သို့ ချမ်းလှသောဒဏ်ကို ပြင်းထန်စွာခံစားနေရသည်ကို တွေ့မြင်ရသဖြင့် သူမသည် အံကိုတင်းတင်းကြိတ်ကာ လေ၏အနီးသို့ ထိုင်ချပြီး လေနှင့် ကျောခြင်း ကပ်ထားလိုက်လေသည်။

သူမသည် သူမ၏ ကိုယ်ငွေ့ဖြင့် လေ၏ ခံစားနေရသောဝေဒနာအား အနည်းငယ်သက်သာလာစေရန် ယင်းကဲ့သို့လေ၏အနီးသို့ ချည်းကပ်ထားခြင်းဖြစ်လေသည်။

လေသည် သူမ၏ ကိုယ်ငွေ့အား ထိတွေ့လိုက်တော့မှပင် အေးချမ်းမှုဒဏ်မှ အနည်းငယ် သက်သာရာရသွားလေသည်။

'ကျေးဇူးတင်လိုက်တာ ညီမရယ်'

သူသည် လုယန်းယန်းအပေါ်တွင် တကယ်ပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်လိုက်ခြင်းဖြစ်သည်။





'ကျေးဇူးတင်စရာ မလိုပါဘူးရှင်၊ အစ်ကို အခုလို ဒုက္ခရောက်ရတာ ကျွန်မကြောင့်ပါ၊ ဒါကြောင့် ကျွန်မမှာ အစ်ကို့ကို အစွမ်းကုန်ပြုစုရမယ့် တာဝန်ရှိနေပါတယ်'

လေသည် သက်ပြင်းရှည်တချက်ကို ရှည်လျားစွာ ချလိုက်လေသည်။

ထို့နောက် လေသည် မျက်လုံးကို အသာအယာမှိတ်ထားလိုက်လေသည်။

* * *

နွေးထွေးသော နေရောင်ခြည်သည် လှိုဏ်ဂူထဲသို့ ထိုးကျနေ၏။ လေသည် သူ၏ မျက်နှာပေါ်သို့ နေရောင်ထိုးကျလာမှ အိပ်ယာမှ နိုးလာလေသည်။

လေသည် အိပ်ယာမှ နိုးလာချိန်တွင် သူသည် သူ၏နဘေးတွင် အိပ်နေသော လုယန်းယန်း၏ ကိုယ်လုံးအား တင်းကြပ်စွာ ပွေ့ဖက်ထားသည်ကို သတိပြုမိ လိုက်လေသည်။

သူသည် ရင်ထဲ၌ တချက် လှုပ်ရှားသွားလေသည်။

ထို့နောက် သူသည် အိပ်နေရာမှ ကမန်းကတန်းလူးလှိမ့်၍ ထထိုင်လိုက်သည်။

ထိုအချိန်တွင် လုယန်းယန်းကလည်း နိုးလာလေသည်။

လေက မိမိအား သေချာစွာ စူးစိုက် ကြည့်နေသည်ကို တွေ့မြင်လိုက်ရသောအခါတွင် သူမ၏ ပါးပြင်တခုလုံးမှာ နီရဲသွားလေသည်။

'အစ်ကိုရယ် အတော်သက်သာသွားပြီလားဟင်'

သူမက ထိုသို့ပြောယင်း ထထိုင်လိုက်သည်။ လေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ကနေ့တော့ နည်းနည်းသက်သာသွားပါပြီ'

လုယန်းယန်းသည် လေ၏ ပုခုံးမှဒဏ်ရာအား သေချာစွာကြည့်လိုက်လေသည်။

'အင်း ဟုတ်တယ် ဒဏ်ရာကတော့ အခြေအနေတော်တော်ကလေးကို ကောင်းသွားပါပြီ၊ ဒါပေမယ့် လှုပ်ရှားလို့မရသေးဘူးရှင့်'

လေက သက်ပြင်းတချက် ချလိုက်လေသည်။

'အင်း—ကြည့်ရတာ အစ်ကိုတို့ နောက်ထပ် ဒီမှာ ၃–၄ ရက်လောက် အနားယူရအုံးမယ်နဲ့တူတယ်'

လုယန်းယန်းက ပြုံးလိုက်လေသည်။

'ဟုတ်တယ်လေ၊ ဒါမှလည်း အစ်ကိုရဲ့ဒဏ်ရာက လုံးလုံးပျောက်သွားမှာပေါ့'

သူမသည် ပြောယင်း လေ၏ ရှုပ်ပွနေသော ဆံကေသာအား လက်ကလေးဖြင့် ပြုပြင်ပေးနေလေသည်။

'ကဲ....အစ်ကို ခဏနေလိုက်အုံး၊ ကျွန်မ စားစရာတွေ သွားပြီး ရှာဖွေလိုက်အုံးမယ်'





သူမသည် ထိုသို့ပြောပြီးသည်နှင့် လေ၏အနီးမှ ထွက်ခွာသွားလေတော့သည်။

* * *

လေသည် လှိုဏ်ဂူအတွင်း၌ တယောက်ထဲ ထိုင်နေသည်။

သူသည် တသက်နှင့်တကိုယ် မည်သည့်အခါမှ မိန်းကလေးတယောက်အပေါ်တွင် တခါမျှ သံယောဇဉ်မငြိတွယ်ဘူးပေ။

မည်သည့် မိန်းကလေးကိုမှလည်း မေတ္တာမရှိခဲ့ပါချေ။

ဤသို့ဆိုလျှင်—

သူ၏ အသည်းက ကျောက်တုံးကျောက်ခဲကဲ့သို့ မာကျောနေ၍လား မဟုတ်ပါ။

သူသည် သာမန်လူသားတယောက်ဖြစ်ပြီး သူ့တွင် ချစ်တတ်သော အသည်းနှလုံးလည်းရှိပါသည်။

မေတ္တာကိုလည်း အခြားလူများနည်းတူ ခံစား တတ်ပါသည်။

သို့သော် သူ၏တာဝန် သူ၏လုပ်ဆောင်ရမည့် လုပ်ငန်းသည် သူ၏ အသည်းနှလုံးအား မာကျောစေခဲ့သည်။

သူ၏ ခံစားချက်များကိုလည်း ပြတ်သားစေခဲ့သည်။

သူသည် သင်တန်းဆင်းကာနီးတွင် သူ့အား လေ့ကျင့်သင်ကြားပေးလိုက်သော ဆရာ၏စကားကို ယခုတိုင်ပင် သူ၏နားထဲ၌ ကြားယောင်နေမိသည်။

'ဒီမှာ မင်းတို့ကို ဆရာက အပင်ပန်းခံပြီး လေ့ကျင့် သင်ကြားပေးခဲ့တာဟာ တိုင်းပြည်ရဲ့တာဝန်ကို တာဝန်ကျေပြွန်စွာ ထမ်းဆောင်နိုင်ဖို့အတွက်ဖြစ်ပါတယ်၊ မင်းတို့ မှတ်ထားရမှာက မင်းတို့ဟာ နေပြည်တော်က အားထားရတဲ့ လက်ရွေးစင် ထောက်လှမ်းရေးသမားတယောက် ဖြစ်တယ်၊ ထောက်လှမ်းရေးသမားတယောက်ဆိုတာ ဘယ်တော့မှ သံယောဇဉ်မရှိရဘူး၊ ဘယ်မိန်းကလေးကိုမှလည်း မချစ်မိဖို့ အလွန့်အလွန်သတိထားရလိမ့်မယ်၊ နောက်ပြီး မင်းတို့ရဲ့ အသည်းနှလုံးကိုလည်း သံမဏိလို မာနိုင်သမျှ မာထားရမယ်၊ အေး—တကယ်လို့ မင်းတို့ကသာ သံယောဇဉ် ဖြစ်လာမယ်၊ မေတ္တာရှိလာမယ်ဆိုယင်တော့ မင်းတို့ရဲ့ လည်ပင်းကို မင်းတို့ဖာသာ ကြိုးကွင်းစွပ်လိုက်သလိုပဲ မှတ်ပေတော့....'

* * *

လေသည် လွင့်ပျံ့နေသော အတွေးများကိုရပ်လိုက်သည်။

အေးစိမ့်သော လေများသည် တသွင်သွင် တိုက်ခတ် လာသည်ကို တွေ့ရှိရသဖြင့် ပြုံးမိလေသည်။ လေသည် သူ၏အမည်အရင်းမဟုတ်ပါချေ။





သင်တန်းတက်စဉ်တုန်းက သူတို့အား ပေးထားသော နာမည်သာ ဖြစ်သည်။

ထိုသင်တန်းတွင် သူတို့ ရဲဘော်ရဲဘက်သင်တန်းသားလေးယောက် ရှိသည်။

ယင်း သင်တန်းသားလေးယောက်အား သင်တန်း ဆရာက 'မိုး—လေ—ဆောင်း—နွေ' ဟူသော သင်္ကေတကိုသာ အမည်အဖြစ် အသုံးပြုရန်ပေးခဲ့သည်။

သို့မှသာလျှင် ထောက်လှမ်းရေးဌာနချုပ်က သူတို့ရဲ့ လှုပ်ရှားမှုများကို အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုနိုင်မည် မဟုတ်ပါလော။

လေသည် သင်တန်းမှ ဆင်းလာပြီးကတဲက လေ ဟူသော အမည်ကိုသာ အသုံးပြုခဲ့လေသည်။

ယခု သူသည် မိမိ၏ နာမည်ရင်းကိုပါ စိမ်းနေ သယောင်ယောင်ဖြစ်နေသည်။

'ဟော့ – အစ်ကိုကြီး ဘာတွေတွေးပြီး ငေးနေတာလဲ'

လုယန်းယန်းအသံကြောင့် လေ၏အတွေးများမှာ ရုတ်ဘရက် ပြတ်သွားလေသည်။

လုယန်းယန်းသည် ယုန်ငယ်နှစ်ကောင်နှင့် ငှက်တကောင် ဆွဲယူလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လေက ဝင်လာသော လုယန်းယန်းအား ပြုံးပြလိုက်လေသည်။

'ဘာမှ မငေးပါဘူးကွာ... မင်းကို စိတ်မချလို့ပါ'

လေ၏ စကားကြောင့် လုယန်းယန်း၏ မျက်နှာ တခုလုံးမှာ ပီတိဖြာသွားလေသည်။

လေသည် မိမိအပေါ် သံယောဇဉ်ကြီး တွယ်မိနေသည်ကို သူက ကောင်းစွာရိပ်စားလိုက်မိလေသည်။

'ကဲ—အစ်ကိုရေ မီးမွှေးကြပါစို့. ကျွန်မတောင် ဗိုက်ဆာလာလို့'

ထို့နောက် သူတို့သည် မီးမွှေး၍ ယုန်သားများကို ကင်ကာ စားသောက်ကြလေသည်။

* * *

အချိန်သည် မသိမသာ တရွေ့ရွေ့ဖြင့် ကုန်မှန်းမသိ ကုန်သွားလေသည်။

လေ၏ ဒဏ်ရာသည်လည်း တဖြည်းဖြည်းနှင့် ပျောက်လုပျောက်နည်း ရှိလာလေသည်။

နောက်တရက် နှစ်ရက်ဆိုလျှင် ဒဏ်ရာများ လုံးဝပျောက်ကင်းသွားပြီး ပြန်လည်လှုပ်ရှားလာနိုင်တော့မည်ဖြစ်သည်။

လုယန်းယန်းသည် နံနက် အိပ်ရာမှ နိုးလာသည်နှင့် စားသောက်ဖို့အတွက် သူမ၏ မြင်းကိုစီးကာ တောရိုင်း တိရိစ္ဆာန်များကို သွားရောက်ဖမ်းယူပြီး သစ်သီးဝလံများကို ရှာဖွေယူလာရလေသည်။





ညနေဆည်းဆာအချိန်တွင်မူ သူမသည် လေနှင့်အတူ လိုဏ်ဂူထဲမှ ထွက်လာပြီး အနီးတနားတဝိုက်တွင် လမ်းလျှောက်တတ်ကြသည်။

ထိုသို့နေယင်းမှ သူတို့နှစ်ယောက်သည် သမီးရည်းစားမက လင်မယားမကျသောဘာဝသို့ပင် ရောက်ရှိလာကြလေသည်။ လေ၏ အသည်းနှလုံးမှာလည်း ကျောက်တုံး ကျောက်ခဲကဲ့သို့ မာကျောခြင်းမရှိတော့ပဲ အရည်ပျော်နေလေသည်။

တခါတရံတွင် သူသည် မည်သည့်နေရာမှ မသွားတော့ပဲ လုယန်းယန်းနှင့်အတူ ယခုကဲ့သို့ လူသူမရှိသည့်နေရာ၌ပင် အတူတကွ ပျော်ရွှင်စွာနေထိုင်ရန်ကိုပင် စိတ်ကူးပေါက်မိလေသည်။

* * *

## သံယောဇဉ်ပျောက်ဆုံးခြင်း

နောက်တနေ့ နံနက်—

လုယန်းယန်းသည် ခါတိုင်းနေ့ကဲ့သို့ပင် သူမ၏ လက်စွဲတော်မြင်းကိုစီးကာ စားသောက်ဖွယ်ရာများကို ရှာဖွေရန်အတွက် လှိုဏ်ဂူအတွင်းမှ ထွက်ခွာသွားလေသည်။

လေသည် လုယန်းယန်း ပြန်လာလျှင် သားကောင်များကို အသင့်ချက်ပြုတ်နိုင်ရန် အနီးတဝိုက်တွင်ရှိသော သစ်ခြောက်သစ်ကိုင်းများကို စုဆောင်းရှာဖွေနေ၏။

ထိုစဉ်မှာပင် သူ၏နားထဲတွင် မြင်းဟီသံတချက်ကြားလိုက်ရပြီး မြင်းခွာသံစိတ်စိတ် ပြေးလွှားနေသောအသံများကိုကြားလိုက်ရလေသည်။





လေသည် ထိုမြင်းခွာသံမှာ လုယန်းယန်း ပြန်လာသည့်မြင်းခွာသံဟု တထစ်ချယုံကြည်လိုက်လေသည်။

သို့သော် သူသည် သစ်ကိုင်းခြောက်များ ကောက်နေရာမှမော့ကြည့်လိုက်သောအခါ ပြုံးနေသော သူ၏ မျက်နှာသည်ရုတ်တရက် ရပ်တန့်သွားလေသည်။

တဆက်တည်းမှာပင် သူ၏မျက်နှာပေါ်တွင် အံ့သြသည့်အသွင်များ ပြောင်းလဲလာသည်။

အကြောင်းမှာ လုယန်းယန်း၏ မြင်းဖြူသည် သူ့ထံသို့ဒုန်းစိုင်းပြေးလာနေသည်။

သို့သော် မြင်းပေါ်၌ လုယန်းယန်း မပါလာခဲ့သောကြောင့်ဖြစ်သည်။

သူ၏ ရင်ထဲတွင် ထိတ်ကနဲဖြစ်သွားသည်။

ထို့နောက် သူသည် ပြေးဝင်လာသောမြင်းအား ဇက်ကြိုးမှနေ၍ ဖမ်းဆွဲထားလိုက်လေသည်။

သူသည် အခြေအနေမဟန်မှန်း ချက်ခြင်း သိလိုက်သည်။

သူသည် မည်သို့ပြုလုပ်ရမည်ကို အနည်းငယ် စဉ်းစားလိုက်လေသည်။

ထို့နောက် သူသည် မြင်းပေါ်သို့ လွှားကနဲ ခုန်တက်လိုက်ပြီး—

'ကဲ ဖေ့သားကြီးရေ့၊ မင်းရဲ့သခင်ဘယ်မှာရှိတယ်ဆိုတာငါ့ကိုအမြန်ဆုံး လိုက်ပို့ပေးပါကွာ'

ဟု ပြောလိုက်လေသည်။ ထို့နောက် မြင်းဇက်ကို ဆွဲလိုက်လေသည်။

ထိုအခါ မြင်းဖြူသည် သူ၏စကားကို သဘောပေါက်နားလည်သည့်အလား လည်တချက်ဆန့်၍ ရှည်လျားစွာ ဟီလိုက်ပြီး လာလမ်းအတိုင်း အရှိန်အဟုန်ပြင်းစွာဖြင့် ပြေးလွှားသွားလေတော့သည်။

မြင်းဖြူသည် အရှိန်အဟုန်ပြင်းစွာဖြင့် တောင်ကုန်းတခုနှင့် တောအုပ်တခုသို့ ဖြတ်ကျော်လာပြီးနောက် တောင်စောင်းကလေးတခုသို့ရောက်ရှိလာပြီး ထိုတောင်စောင်းကလေးမှာပင် ရပ်တန့်လိုက်လေသည်။

လေသည် မြင်းပေါ်မှဆင်းလိုက်ပြီး လုယန်းယန်းအား ထိုတောင်စောင်းအနီးတဝိုက်သို့ ရှာဖွေအကဲခတ်ကြည့်လိုက်သောအခါ ထိုနေရာတွင်ရှိ မြက်ပင်များ သစ်ကိုင်းများတို့သည် ကျိုးပဲ့ပျက်စီးနေသည်ကိုသာ တွေ့လိုက်ရလေသည်။

အချို့သောနေရာများတွင်မူ သွေးကွက်များကိုပင် တွေ့ရှိလိုက်ရသောကြောင့် သူ၏ရင်ထဲတွင် လုယန်းယန်းအတွက် စိုးရိမ်ပူပန်သွားလေသည်။

ဤနေရာတွင် လုယန်းယန်းသည် လူအချို့နှင့် တွေ့ဆုံတိုက်ခိုက်ခဲ့ခြင်း ဖြစ်ခဲ့သည်မှာ ထင်ရှားနေ၏။

ထို့နောက်တွင် သူသည် မြင်းပေါ်သို့ ပြန်လည်ခုန်တက်လိုက်ပြီး အနီးတဝိုက်တွင် လှည့်ပတ်မောင်းနှင်ကာ—





'လုယန်းယန်း—လုယန်းယန်း....'

ဟု တကြော်ကြော်ဖြင့် ကျယ်လောင်စွာ အော်ခေါ်နေ၏။

သို့သော် သူ၏ပဲ့တင်သံမှအပ အခြား မည်သည့်အသံကိုမှ မကြားရပါတော့ချေ။

ထို့ကြောင့် လေသည် မြင်းကို ရပ်တန့် လိုက်လေသည်။

ဤအတိုင်းသာဆိုလျှင် လုယန်းယန်းအား လူတစုက ဖမ်းဆီးခေါ်ဆောင်သွားသည်မှာ သေချာနေလေသည်။

ဤသို့ဆိုလျှင် မည်သူတို့က လုယန်းယန်းအား ဖမ်းဆီးခေါ်ဆောင်သွားသနည်း၊ သူသည် အဖြေမရှာပဲ သိပြီးဖြစ်လေသည်။

အမှန်တကယ် လုယန်းယန်းအား ဖမ်းဆီးခေါ်ဆောင်သွားသောလူစုမှာ လုရှင်းကျေးရွာက လူများဖြစ်ရမည်ဟု တထစ်ချ ယုံကြည်ထားလိုက်လေသည်။

* * *

လင်းစာပေ
အမှတ် ၁၅/၁၃၈၊ ၆ လမ်း
တောင် ဥ မြို့
ဖုန်း ၂၁၇၄၄

## လျှို့ဝှက်သော လူရင်း ကျေး ရွာ

လူရင်းကျေးရွာသည် ကျော်ကြားသော သိုင်းသမားများ နေထိုင်သောအုပ်စုတခုဖြစ်သည်။

သိုင်းလောကသားအားလုံးတို့သည် ထိုလူရင်းကျေးရွာ၏ အကြောင်းကို မသိသူမရှိသလောက်ပင် ရှားပါးနေသည်။

သို့သော် ထိုလူရင်းကျေးရွာသည် မည်သည့်နေရာ၌ ရှိသနည်း၊ ထိုလူရင်းကျေးရွာသည် မည်သည့်နေရာ၌ရှိနေသည် ကို မည်သူတဦးတယောက်ကမျှ သေချာစွာ မသိရှိကြပါချေ။

ဤအချက်သည်သိုင်းလောက၏ အလျှို့ဝှက်ဆုံးသောလျှို့ဝှက်ချက်တခုပင်ဖြစ်လေသည်။





ယင်းလျှို့ဝှက်ချက်အား အချို့သော သိုင်းသမားများက ရှာဖွေဖော်ထုတ်ရန် ကြိုးစားကြလေသည်။

အချို့သိုင်းသမားမှာမူ ထိုလူရင်းကျေးရွာအား လိုက်လံရှာဖွေခဲ့ကြလေသည်။

သို့သော် ထိုလူများသည် နှစ်ပေါင်း အတော်ကြာခဲ့သည့်တိုင်အောင် ရှာဖွေဖော်ထုတ်သော်လည်း လူရင်းကျေးရွာသည် မည်သည့်နေရာတွင်ရှိသည်ကို မည်သူကမျှ မသိရသေးပါချေ။

ယင်းလျှို့ဝှက်ချက်အား ရှာဖွေဖော်ထုတ်ရန် ကြိုးစားခဲ့သောသိုင်းသမားများသည် တယောက်မကျန် အားလုံးသည် လူ့လောကအတွင်းမှ စွန့်ခွာသွားကြရလေသည်။

ထို့ကြောင့် နောက်ထပ် မည်သူတဦးတယောက်မျှ ယင်းလျှို့ဝှက်ချက်အား မဖော်ထုတ်ဝံ့တော့ပဲ ဖြစ်သွားကြလေသည်။

လေသည် ယခုကဲ့သို့ သိုင်းလောကတွင် တကိုယ်တည်းသွားလာ လှည့်ပတ်နေလည်မှာလည်း ထိုလျှို့ဝှက်ချက်အား ဖော်ထုတ်ရန်ပင် ဖြစ်လေသည်။

သို့သော် ယခု အချိန်ထိအောင်ပင် ဒီ လူရင်းကျေးရွာ အကြောင်းကိုသာ ကြားနေရသည်။ လူရင်းကျေးရွာကလူဟု ဆိုသော လူများနှင့်လည်း တွေ့ဆုံရလေသည်။

ထို့အပြင် လူရင်းကျေးရွာ၏ အရှင်သခင်ဖြစ်သူ လုချန်းချန်းအား လိုက်လံရှာဖွေနေသော လုယန်းယန်းနှင့်လည်း တွေ့ဆုံခဲ့ရသည်။

သူသည် လုရှင်းကျေးရွာအကြောင်းကို ရင်ထဲ၌အလွန်မင် စိတ်ဝင်စားလာသည်ဖြစ်သော်လည်း လုရှင်းကျေးရွာအပေါ် လုံးဝစိတ်မဝင်စားသည့် တကိုယ်တော်သိုင်းသမား တယောက်၏ ဘဝဖြင့် ဟန်ဆောင်နေခဲ့ရလေသည်။

ထိုအချိန်မှာမူ သူသည် သတင်းကျော်ကြားနေသော လုရှင်းကျေးရွာကို လိုက်လံရှာဖွေရတော့မည်ဖြစ်သည်။

သို့သော် သူရရှိခဲ့သော သဲလွန်စများမှာ မသေချာမရေရာဖြစ်နေပါသဖြင့် ဤအတိုင်းသာဆိုလျှင် သူသည် သူသိချင်နေသော လုရှင်းကျေးရွာအား ရှာဖွေနိုင်ပါ့မည်လော။

*　　*　　*



### စီး မင်း ယု

နေဝန်းနီသည် တောင်စွယ်၏ နောက်ကွယ်သို့ ငုံ့လျှိုးသွားပြီ ဖြစ်သည်။

လေသည် မြင်းဖြူအား စီးကာ မြင်းဇက်ကြိုးအား လွှတ်ထားပြီး မြင်း၏ခေါင်းဆောင်ရာနောက်သို့ စီးနင်းလိုက်ပါလာလေသည်။

တောအုပ်တခုသို့ ဦးတည်နေသော လမ်းကလေးတခုပေါ်သို့ ရောက်ရှိလာသောအခါတွင် မြင်းဖြူက ရပ်တန့်သွားလေသည်။ မြင်းဖြူက သူ့အလိုအလျောက် ရပ်တန့်လို၍ ရပ်တန့်သွားခြင်းမဟုတ်ပါ။

လူနှစ်ယောက်က မြင်းအား ဟန့်တားလိုက်ခြင်းကြောင့် ဖြစ်လေသည်။

မြင်းအား ဟန့်တားလိုက်သော လူနှစ်ယောက်မှာ ကိုယ်ကြပ်အင်္ကျီများကိုဝတ်ဆင်ထားကြသောလူများဖြစ်လေသည်။

သူတို့၏ ခေါင်းပေါ်၌ ခမောက်များကိုဆောင်းထားကြပြီး သူတို့၏ခြေထောက်ပေါ်တွင်မူ မြက်ဖိနပ်များကို ဝတ်ဆင်ထားကြလေသည်။

အပေါ်ယံအားဖြင့်ကြည့်လျှင် သူတို့မှာ လယ်သမားများဖြစ်ကြသည်ဟု ထင်နေရသော်လည်း အတွေ့အကြုံရင့်ကျက်နေပြီဖြစ်သော လေက အကဲခတ်ကြည့်လိုက်သည်နှင့် ထို လူနှစ်ယောက်မှာ သိုင်းသမား ဖြစ်ကြသည်ကိုအကဲခတ်မိလေသည်။

'ဒီမှာမိတ်ဆွေ၊ ခင်ဗျားတို့က ကျုပ်သွားနေတာကို ခင်ဗျားတို့က ဘာဖြစ်လို့ တားထားရတာလဲ'

လေက ပြုံး၍မေးလိုက်ခြင်းဖြစ်သည်။

ထိုလူနှစ်ယောက်အနက် အသားညိုညိုရှိသော လူတယောက်က—

'ဒီလမ်းဟာ ကျုပ်တို့ရဲ့ကိုယ်ပိုင်လမ်း ဖြစ်ပါတယ်၊ ဒါကြောင့်မို့လဲ ခင်ဗျားကို ကျုပ်တို့က ဟန့်တားရတာပါ'

လေက ရှေ့သို့လှမ်းကြည့်လိုက်ရာ သူတို့နှင့် မနီးမဝေးတွင် အိမ်တလုံးရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

'အော်—ခင်ဗျားတို့က ဒီအိမ်ထဲကလူတွေပေါ့ဟုတ်လား'

အသားညိုသောလူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျုပ်တို့က အဲဒီအိမ်ထဲက လူတွေပါ'





လေက ပြုံးလိုက်သည်။

'ဟာ— ဒါဆိုယင် အတော်ပဲဗျာ၊ ခင်ဗျားတို့အိမ်မှာပဲ ကျုပ်ကို တညလောက်တည်းခိုခွင့်တောင်းရမှာပဲ'

အသားညိုသောလူက မျက်မှောင်ကုပ်သွားသည်။

'ခင်ဗျားကို ကျုပ်တို့အနေနဲ့ကတော့ လက်ခံလို့မရဘူး၊ ခင်ဗျား ဒီမှာခဏစောင့်နေပါ၊ ကျုပ်တို့သခင်ကို သွားပြောပြီး ခွင့်တောင်းပေးပါမယ်'

သူသည် ထိုသို့ပြောပြီး နေရာမှလှည့်ကာ လျှောက်သွားလေသည်။ လေကမြင်းပေါ်မှဆင်းလိုက်ပြီး ကျန်ရှိသောလူအား ပြုံးပြလိုက်လေသည်။

'ဒါနဲ့ ဒီအနီးတဝိုက် အိမ်တွေမရှိဘူးလား၊ ခင်ဗျားတို့ အိမ်တလုံးပဲရှိတယ်ဟုတ်လား'

ထိုစဉ်မှာပင် အသားညိုသောလူက ပြန်လည် ရောက်ရှိလာလေသည်။

'ဟုတ်ပါတယ်၊ ဒီအနီးတဝိုက်မှာရှိတဲ့ လယ်တွေလဲ ကျုပ်တို့ရဲ့လယ်တွေပါ၊ ကဲကဲ ကျုပ်တို့ရဲ့သခင်က ခင်ဗျားကိုဖိတ်ခေါ်နေပါတယ်၊ ကျုပ်တို့နဲ့ အိမ်ထဲကိုသွားကြမယ်'

လေက ပြုံးပြလိုက်လေသည်။

'ကျေးဇူးတင်ပါတယ်ဗျာ...'

ထို့နောက် သူသည် မြင်းကိုဆွဲကာ ထိုလူနှစ်ယောက်၏ ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေသည်။

* * *

လေ၏စိတ်ထဲ၌ သံသယများစွာ ဖြစ်ပေါ်နေ၏။ သူ့အား လာရောက် ဟန့်တားနေသော လူနှစ်ယောက်မှာ တမင်သက်သက် သူ့အား လာရောက်စောင့်နေသည်မှာ သေချာနေ၏။

ထိုလူနှစ်ယောက်၏ မျက်လုံးများမှာလည်း သူစီးလာသော မြင်းဖြူအား အကြိမ်ကြိမ် အကဲခတ်ကြည့်နေသည်ကို သူသတိပြုမိလေသည်။

ထို့ကြောင့် သူသည် ထိုလူတို့၏နောက်မှ သတိကြီးစွာဖြင့် လိုက်ပါလာရလေသည်။

မကြာပါချေ။

သူတို့ အားလုံးသည် ထိုအိမ်ရှေ့သို့ ရောက်ရှိလာကြလေသည်။

ထိုအိမ်ကလေးအနီးသို့ ရောက်ရှိသွားတော့မှ ယင်း အိမ်ကလေးသည် အိမ်တလုံးတည်းမဟုတ်ပဲ အိမ်တန်းလျား သုံးလုံး ဖြစ်နေသည်ကို တွေ့ရှိလိုက်ရလေသည်။

ယင်း အိမ်တန်းလျားသုံးလုံးတို့၏ အနေအထားကို အကဲခတ်ကြည့်လျှင် တကယ့် လယ်သမားတယောက်၏ အိမ်ဖြစ်သည်မှာ သေချာလှသည်။

သို့သော်– လေ၏စိတ်ထဲ၌ သူ့အား လာရောက် ဟန့်တားသော လူနှစ်ယောက်မှာ ယင်းအိမ်တန်းလျားနှင့် မည်သို့မျှ မဟပ်စပ်ဟု စိတ်ထဲ၌ ခံစားမိလေသည်။

ထိုလူနှစ်ယောက်သည် လေအား အလယ်ခန်းတွင်းသို့ ပို့ပေးလေသည်။





လေသည် သူ၏မြင်းကို အိမ်ရှေ့၌ ချည်နှောင်ထားခဲ့ပြီး အခန်းထဲသို့ လှမ်းဝင်လိုက်သောအခါတွင် သူ၏ မျက်ခုံးမွေး အစုံသည် နဖူးပေါ်သို့ မသိမသာ တွန့်တက်သွားလေသည်။

ထိုအိမ်ခန်းထဲ၌ လူသုံးယောက်ရှိနေသည်။ ထိုလူသုံးယောက်မှာ ယောကျ်ားတယောက်နှင့် မိန်းမနှစ်ယောက် ဖြစ်သည်။ ယောကျ်ားသည် အသက် (၄၀) ခန့် ရှိလိမ့်မည်ဟု ထင်မှတ်ရသည်။

သို့သော် ထိုလူ၌ နှုတ်ခမ်းမွေးများမရှိသဖြင့် သူ၏မျက်နှာ တခုလုံးမှာ နူးညံ့နေ၏။ သူ၏ကိုယ်ပေါ်တွင် ခရမ်းရောင် ပိုးဖဲ အင်္ကျီရှည်ကို ဝတ်ဆင်ထားလေသည်။

သူ၏မျက်လုံးအစုံမှာလည်း အရောင်တောက်ပ၍ စူးရှ နေလေသည်။

အကယ်၍ ထိုလူသည် လယ်သမားတယောက်သာ ဖြစ်ပါက ယင်းကဲ့သို့ ဝတ်စားဆင်ယင်မည် မဟုတ်ပါချေ။

ဤသို့ဆိုလျှင် ထိုလူကား မည်သူနည်း။

သို့သော် လေက သူ့အား စိတ်ဝင်စားခြင်း မရှိပါ။

သူစိတ်ဝင်စားသည်မှာ ထိုအခန်းတွင်း၌ရှိသော မိန်းကလေး နှစ်ယောက်ကိုပင် ဖြစ်သည်။

သူသည် ခရမ်းရောင်ဝတ်ဆင်ထားသော လူနှင့် ပုခုံးချင်း ယှဉ်၍ ရပ်နေသော မိန်းကလေးအား တွေ့မြင်လိုက်သည်နှင့် သူ၏ ခြေလှမ်းများသည် ထိုမိန်းကလေးဆီသို့ အမှတ်မထင် ရှေ့သို့လှမ်းမိသွားသည်။

သူ၏နှုတ်မှလည်း နာမည်တခုကို လွတ်ကနဲ ခေါ်မိလိုက်လေသည်။

'ယန်းယန်း ယန်းယန်း.... မင်းကို ငါ လိုက်ရှာနေလိုက်ရတာကွယ်၊ မင်း ဘယ်ကိုပျောက်သွားနေတာလဲဟင်'

ထိုမိန်းကလေးသည် သူ့အား ကြောင်အမ်းအမ်းနှင့် ကြည့်နေသည့်အပြင် လေက ရှေ့သို့လှမ်းလာသည်ကိုပင် ကြောက်ရွံ့ကာ သူမ၏ဘေးနားတွင်ရှိသော လူ၏နောက်ကွယ်သို့ မသိမသာ ဆုတ်သွားလေသည်။

ထိုလူက ရယ်မောလေသည်။

'ဒီမှာမိတ်ဆွေ၊ မင်းလူမှားနေပြီ....၊ သူက ကျုပ်ရဲ့ ဇနီးချန်းချန်းပါ'

လေသည် လှမ်းနေသော ခြေလှမ်းကို တုန့်ကနဲရပ်လိုက်ပြီး မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ထိုမိန်းကလေးအား ငေးကြည့်နေလေသည်။

ထိုလူက ရယ်မောလိုက်လေသည်။

'ခင်ဗျားပြောတဲ့ လုယန်းယန်းဟာ ကျုပ်ဇနီးရဲ့ညီမပါ၊ ခင်ဗျားက ယန်းယန်းကို သိနေလို့လား'

လေက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့၊ ကျုပ်က သူနဲ့သိနေတာ ကြာပါပြီ'

ထိုလူက ပြုံးလိုက်သည်။

'ဒါဖြင့် ခင်ဗျားက ယန်းယန်းရဲ့ မိတ်ဆွေဆိုတော့ ကျုပ်တို့ရဲ့ မိတ်ဆွေပေါ့၊ ဒါနဲ့ ခင်ဗျားနာမည်က'

လေက လက်နှစ်ဘက်ဆုပ်၍ အလေးပြုပြီး—





'ကျုပ်နာမည် လေ လို့ ခေါ်ပါတယ်'

ထိုလူက ပြုံးလိုက်သည်။

'ဟုတ်ကဲ့-- အခုလို ခင်ဗျားနဲ့တွေ့ရတာ ကျုပ်သိပ်ဝမ်းသာပါတယ်၊ ကျုပ်နာမည်ကတော့ စီးမင်းယုပါ'

'ဗျာ'

လေ၏ မျက်လုံးအစုံသည် ပြူးကျယ်သွားလေတော့သည်။

'ခင်ဗျားက စီးမင်းယု ဟုတ်လား'

ထိုလူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်— ကျုပ်က စီးမင်းယုပါ ဘာဖြစ်လို့လဲဗျ'

လေက မျက်မှောင်ကုပ်သွားသည်။

'နေပါအုံး၊ ခင်ဗျားဟာ လုရင်းကျေးရွာက စီးမင်းယု ဟုတ်လား'

ထိုလူက လေ၏စကားကြောင့် ပုခုံးတချက်တွန့်သွားသည်။

'ဟုတ်ပါတယ် ဘာဖြစ်လို့လဲ'

လေ၏ရင်ထဲ၌ အကြီးအကျယ် တုန်လှုပ်သွားလေသည်။

'ဒါဖြင့် ဒီနေရာဟာ လုရင်းကျေးရွာပေါ့ ဟုတ်လား'

စီးမင်းယုက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူးကွာ၊ ကျုပ်တို့က ရှောင်လင်ကျောင်းကို သွားသည်ယင်း လုရင်းကျေးရွာကို အပြန်မှာ မိုးချုပ်သွားလို့ ဒီကို ဝင်လာပြီး တည်းလာတည်းခိုတာပါ'

လေက မျက်မှောင်ကုပ်သွားသည်။

'ဒါနဲ့ နေပါအုံး၊ လုယန်းယန်းဟာ ခင်ဗျားဇနီးရဲ့ အမွာညီအစ်မဆိုတာ ဟုတ်တယ်မဟုတ်လား'

စီးမင်းယုက ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ'

လေက မျက်မှောင်ကုပ်သွားလေသည်။

'ဒီလိုပါ– ဒါဖြင့်ခင်ဗျားတို့က ဘာဖြစ်လို့ လုယန်းယန်းကို လုချန်းချန်းလို့ အထင်မှားပြီး လိုက်ပြီး ဖမ်းဆီး ခေါ်ဆောင်နေရတာလဲ'

လေ၏စကားကြောင့် စီးမင်းယု၏ မျက်လုံးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွားလေသည်။

'ဟောဗျာ၊ ဘယ်လိုဖြစ်ကုန်ကြတာလဲ'

သူသည် လုချန်းချန်းအား တချက်ကြည့်လိုက်ပြီး–

'ကျုပ်က ကျုပ်ဇနီးနဲ့အတူ လုရင်းကျေးရွာက ထွက်လာပြီး ရှောင်လင်ကျောင်းကို သွားလည်ကြတယ်၊ အခုလဲအတူတူ ပြန်လာကြတယ်၊ ဘယ်ကလာပြီး လုယန်းယန်းကို မရမကလိုက်ပြီး ဖမ်းဆီးရမှာလဲဗျ'

လေက စိတ်ရှုပ်သွားသည်။

'ဒါတော့ ကျုပ်လဲမသိဘူး၊ ခင်ဗျားတို့ လုရင်းကျေးရွာက အုပ်ချုပ်ရေးမှူး မင်ဝမ်ဆိုတဲ့လူက လူတစုကို ဦးဆောင်ပြီး လုယန်းယန်းကို အတင်းလိုက်ပြီး ဖမ်းနေတယ်ဗျ'

စီးမင်းယုက ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားပြောတာ မဖြစ်နိုင်ဘူး၊ မင်ဝမ်ဟာ ကျုပ်ရဲ့ လူယုံတော်တယောက်ပါ၊ ကျုပ်သွားနေတဲ့ နေရာမှန်သမျှကို ခေါ်သွားတဲ့ လူတယောက်ပါ၊ မင်ဝမ်ဟာ ကျုပ်အနားမှာ အမြဲတမ်း ရှိနေပါတယ်'





လေသည် ထိုစကားကို ကြားလိုက်ရသောအခါ အတော်ပင် အံ့ဩသွားလေသည်။

'အခုလဲ လုယန်းယန်းကို သူတို့ ဖမ်းခေါ်သွားလို့ ကျုပ်က လိုက်ရှာနေတာဗျ'

စီးမင်းယုက လေ၏ စကားကြောင့် မျက်မှောင်ကုပ်သွားသည်။

'ကဲ... တယောက်ယောက်က မင်ဝမ်ကို သွားခေါ်လိုက်စမ်းပါ'

ကိုယ်ကြပ် အင်္ကျီ ဝတ်ဆင်ထားသော လူတယောက်က စီးမင်းယုအား ဦးညွှတ်ပြီး အတွင်းဘက်သို့ဝင်သွားလေသည်။

စီးမင်းယုက လေအား ကုလားထိုင်တလုံးအား ညွှန်ပြကာ ထိုင်ခိုင်းလိုက်သည်။

'ကဲ_ထိုင်ပါ မိတ်ဆွေ'

လေက ကြောင်အမ်းအမ်းဖြင့် စီးမင်းယု ညွှန်ပြသော ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်လေသည်။

မကြာပါချေ–

ကိုယ်ကြပ်အင်္ကျီ ဝတ်ဆင်ထားသောလူက အသက် (၄၀) ခန့်အရွယ်ရှိသော လူတယောက်အား ခေါ်ဆောင်၍ အခန်းထဲသို့ ပြန်လည်ရောက်ရှိလာလေတော့သည်။

လေက ဝင်လာသောလူအား လှမ်းကြည့်လိုက်သောအခါ သူတွေ့ခဲ့သော မင်ဝမ် မဟုတ်မှန်း သိလိုက်ရလေတော့သည်။

မင်ဝမ်သည် စီးမင်းယုအား ဦးညွှတ်၍ အရိုအသေပြုလိုက်သည်။

'သခင်ကြီးက ကျုပ်ကိုခေါ်တယ်ဆိုလို့ ဘယ်လိုအမိန့်များရှိပါသလဲ ခင်ဗျာ'

စီးမင်းယုက လေအားညွှန်ပြလိုက်သည်။

'မင်ဝမ်— မင်း သူ့ကို တွေ့ဖူးသလား'

ဟု မေးလိုက်လေသည်။

မင်ဝမ်ဆိုသောသူသည် နားမလည်နိုင်သော မျက်လုံးအစုံဖြင့် လေအား စိုက်ကြည့်လိုက်သည်။

ထို့နောက် သူသည်ခေါင်းကို တွင်တွင်ခါရမ်းလိုက်သည်။

'သူ့ကို ကျုပ် တခါမှ မတွေ့ဖူးပါဘူး သခင်ကြီး'

စီးမင်းယုက ပြုံး၍ လေဘက်သို့ လှည့်လိုက်သည်။

'ကဲ— မိတ်ဆွေ၊ မင်ဝမ်ဆိုတာ သူပဲ၊ ခင်ဗျား တွေ့ခဲ့တဲ့လူကကော သူဟုတ်ရဲ့လား'

လေက ခေါင်းတွင်တွင်ခါရမ်းလိုက်သည်။

'သူမဟုတ်ပါဘူး ခင်ဗျာ'

စီးမင်းယုက လေ၏စကားကြောင့် မျက်မှောင်ကုပ်သွားသည်။

'အင်း— ဒါဖြင့် လုယန်းယန်းကို လုချန်းချန်းနဲ့အထင်မှားပြီး လူတစုက လိုက်ပြီး ဒုက္ခပေးနေတယ်နဲ့တူတယ်'

သူသည် ယင်းသို့ပြောလိုက်ပြီး မင်ဝမ်အား လက်တချက်ဝှေ့ယမ်းပြလိုက်သည်။

'မင်းကိစ္စ မရှိတော့ဘူး— သွားနိုင်ပြီ'

မင်ဝမ်သည် စီးမင်းယုအား အလေးပြုလိုက်ပြီး အတွင်းခန်းဖက်သို့ ပြန်လည်ဝင်သွားလေသည်။





စီးမင်းယုက နားမလည်နိုင်စွာဖြင့်မျက်မှောင်ကုပ်၍ လေအားစိုက်ကြည့်လိုက်သည်။

'လုယန်းယန်းဟာ ကျုပ်ရဲ့ ခယ်မတယောက်ပါပဲ၊ အခုသူဖြစ်နေတဲ့ ကိစ္စမှာလဲ ကျုပ်ဟာ ကူညီရမယ့်တာဝန် ရှိပါတယ်။ အဲဒီတော့ မိတ်ဆွေက ဒီမှာပဲတညလောက်တည်းလိုက်ပါ။ ကျုပ်တို့အနေနဲ့ သူ့ကို ဘယ်ကိုလိုက်ရှာရမယ်ဆိုတာကိုလဲ အေးအေးဆေးဆေး ဆွေးနွေးတိုင်ပင်ကြတာပေါ့'

သူသည် ထိုသို့ပြောနေယင်းမှ နောက်တွင်ရပ်နေသော အနီရောင် ဝတ်ထားသော မိန်းကလေးဖက်သို့ လှည့်လိုက်ပြီး—

'ရှောင်ဟုန်း— ဧည့်သည်ကို ထမင်းကျွေးဖို့ သွားပြင်လိုက်စမ်း'

* * *

## အ ရက် ၏ တန် ခိုး

လေသည် အရက်သမားတယောက် မဟုတ်ပါ။

သို့သော် သူသည် အရက်ကို ကောင်းစွာ သောက်နိုင်လေသည်။

သို့သော် သူသည် စီးမင်းယု ချပေးသောအရက်ကို (၃-၄)ခွက်လောက် သောက်ပြီးသည်နှင့် သူ၏ခေါင်းထဲတွင်မဟုတ်နိုင်တော့ပဲ မူးနောက်နောက် ဖြစ်လာလေသည်။

အရက်ဟူသည် လူကိုဒုက္ခပေးနိုင်သည့် အရာတမျိုး ဖြစ်လေသည်။

ထို့ပြင် အရက်သည် လူတယောက်အားလည်း စည်းစိမ်ပေးနိုင်သည့် အရာတမျိုး ဟူ၍လည်း ဆိုနိုင်သည်။





ယခု လေသည် အရက်သောက်ပြီး၍ စည်းစိမ် ရစ်နေ၏။ သူသည် အိပ်မက်များ တခုပြီးတခု ဆက်၍မက်နေလေသည်၊

သူသည် အလွန်ရှည်လျားပြီး ကြီးမားသောမြေဘကောင်နှင့် လုံးထွေးသတ်ပုတ်ပြီး အဆိပ်မိသွားသည်ဟု အိပ်မက်တွင် ခံစားခဲ့ရသည်။

သူသည် မြင်းဖြူကိုစီးကာ ကြီးမားသော တောင်များကို တလုံးပြီးတလုံး မောင်းနှင် ဖြတ်ကျော် သွားသည်ကိုလည်း ခံစားရမိလေသည်။

ထို့နောက် သူသည် ရွှက်လှေတစင်းအား ပင်လယ်ပြင်သို့ ရွှက်လွှင့်၍ လိုက်ပါနေသည်ကိုလည်း အိပ်မက်မက် နေမိလေသည်။

ယင်းသည် အိပ်မက်များပင် ဖြစ်ကြသည်။

သို့သော် အိပ်မက်ဆိုသည်မှာ ကောင်းသည့် အိပ်မက်ဖြစ်စေ၊ မကောင်းသည့်အိပ်မက်ဖြစ်စေ ယင်းအိပ်မက်သည် နောက်ဆုံးတော့ အိပ်ယာမှနိုးလာလျှင် ပျောက်ဆုံးသွားမည် မဟုတ်ပါလော။

*   *   *

လေသည် အိပ်မက်ထဲမှ နိုးလာပြီးဖြစ်လေသည်။

သူ၏ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်နှင့် အခန်းဝတွင်ရှိသော အဖြူရောင်အင်္ကျီစမှာ လျပ်တပျက် အခန်းဝမှ ထွက်ပြေးပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရလေသည်။

သူသည် ခေါင်းကို ပိုမိုကြည်လင် သွားစေရန် ခါယမ်းလိုက်သည်။

ယခု သူသည် အိပ်နေယင်းမှ အိပ်မက်မက်နေခြင်း မဟုတ်ပဲ၊ အိပ်ယာမှ နိုးနေသည်ကို သိရှိရလေသည်။

အခန်းမှာ လျပ်တပျက် ထွက်ခွာသွားသော အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးမှာ လုယန်းယန်းပင်ဖြစ်ရမည်ဟုလည်း သူက ယုံကြည်သည်။

'ယန်းယန်း....ယန်ယန်း ...ယန်းယန်း'

သူသည် အိပ်နေရာမှ ထထိုင်လိုက်ယင်း လှမ်းအော်လိုက်လေသည်။

တချိန်ထဲမှာပင် သူသည် လုယန်းယန်းနောက်သို့ လိုက်သွားရန် ထလိုက်လေသည်။

သူသည် မတ်တပ်ရပ်ရန် လိုက်သွားရန် ဟန်ပြင်လိုက်သောအခါတွင် သူ၏ တကိုယ်လုံးမှာ ခွန်အားများ လုံးဝမရှိတော့ပဲ ပျော့ခွေနေသည်ကို ခံစားလိုက်ရလေသည်။

'ဟင်....'

သူသည် တချက် ထိတ်လန့်တုန်လှုပ် သွားလေသည်။

ထို့နောက် သူသည် ဝန်းကျင် တခုလုံးအား တချက်ဝေ့ကြည့်လိုက်ပြီးသောအခါ အံ့သြဖွယ်ရာများကို တခုပြီး တခုဆက်တိုက်တွေ့ရှိလာပြန်လေသည်။

သူ ပထမဆုံး အံ့သြနေရသည့်အရာမှာ သူ၏ တကိုယ်လုံးသည် အပြင်းဖျားပြီး နလံထခါစ လူများကဲ့သို့ ဖြစ်နေသည့် ခံစားချက်များအတိုင်း ခံစားလိုက်ရသည်။





သူ ဒုတိယအံ့သြရခြင်းအချက်မှာ သူသည် လယ်သမား၏ အခန်းတွင် ရှိနေသည်မဟုတ်တော့ပဲ၊ အလွန်ထယ်ဝါခန့်ငြားသော အခန်းတခုထဲသို့ ရောက်ရှိနေသည်ကို တွေ့ရှိလိုက်ရခြင်းကြောင့်ဖြစ်လေသည်။

ထို့ကြောင့် ဤနေရာသည် မည်သည့်နည်းနှင့်မဆို လယ်သမားအိမ်မဟုတ်သည်ကိုတော့ သူကနားလည်လိုက်လေသည်။

'အိမ်ရှင်တို့....အိမ်ရှင်တို့'

သူသည် အသံကျယ်လောင်စွာဖြင့် အော်ဟစ်၍ခေါ်လိုက်သည်။

သို့သော် သူက အကြိမ်ကြိမ် အော်ဟစ် ခေါ်လိုက်သော်လည်း မည်သူတဦးတယောက်မှ ပြန်ထူးသည့်အသံကိုမူ သူမကြားလိုက်ရပါ။ ထို့ကြောင့် သူသည် အိပ်နေရာမှ လူးလိမ့်၍ ထလိုက်လေသည်။

ထို့နောက် သူသည် အခန်းတံခါးအား ဆွဲဖွင့်လိုက်သည်နှင့် ပင်လယ်ပြင်ပေါ်မှ ဖြတ်ကျော် တိုက်ခတ်လာသော လေသည် သူ့ထံသို့ တိုးဝင်လာလေသည်။

သူသည် ဝန်းကျင်အား လှမ်းကြည့်လိုက်သော အခါတွင် သူ၏ မြင်ကွင်းတခုလုံးမှာ ပင်လယ်ရေများကိုသာတွေ့ရှိရလေသည်။

သူ၏ တကိုယ်လုံးသည် ပျော့ခွေနေသဖြင့် သူ၏ အတွင်းအားများကို ရှုရှိုက်ကြည့်လိုက်လေသည်။

သို့သော် သူ၏ အတွင်းအားများသည် မည်သည့် နေရာသို့ လျော့ကျသွားမှန်းမသိပဲ လုံးဝကွယ်ပျောက်သွားသည်ကို ရိပ်စားမိလိုက်လေသည်။

သိုင်းလောကတွင် ရှိသော သိုင်းသမားတိုင်းသည် သူ၏ သိုင်းပညာရပ်များနှင့် အတွင်းအားတို့ အားလုံး ပျောက်ပျက်သွားသည်ကို သူတို့ကိုယ်တိုင် သေဆုံးသွားရမည်ထက် ပို၍ ကြောက်ရွံ့ကြလေသည်။

ယခု လေသည် မိမိကိုယ်တိုင် သေရမှာထက်၊ အလွန် ကြောက်မက်ဖွယ်ရာကောင်းသော အဖြစ်အပျက်များနှင့် ကြုံတွေ့နေရပြီ မဟုတ်ပါလော။

• • •



ကျန်း

လေသည် သဲသောင်ပြင်ရှိ ကျောက်တုံးတတုံးပေါ်သို့သွား ရောက် ထိုင်နေ၏။

ပင်လယ်မှတိုက်ခတ်လာသော လေများသည် လေ၏ ကိုယ်ပေါ်သို့ တသွင်သွင်တိုက်ခတ်နေသောကြောင့် သူ၏ နောက်ကျနေသော ဦးနှောက်တခုလုံးမှာကြည်ကြည်လင်လင်ဖြစ်လာလေသည်။

ယခု သူတွေ့ကြုံခဲ့ရသော အဖြစ်အပျက်မှာ အိပ်မက်မဟုတ်မှန်း သိလိုက်ရလေသည်။

သူသည် အလွန်ကြောက်မက်ဖွယ်ရာကောင်းသော လူတစု၏ ထောင်ချောက်တခုထဲသို့ တိုးဝင်နေမိသည်ကို ရိပ်စား မိလိုက်လေသည်။

သူသည် စီးမင်းယုနှင့် တွေ့ဆုံခဲ့ရခြင်းမှာ တိုက်တိုက် ဆိုင်ဆိုင်တွေ့ဆုံမိခြင်းမဟုတ်ပဲ၊ တွေ့ဆုံနိုင်ရန် ကြိုတင်အကွက် ဆင်ထားခြင်းဖြစ်ရမည်ဟု သူကယုံကြည်မိလေသည်။

စီးမင်းယု၏ဇနီး လုချန်းချန်းသည် တကယ်ပင်လုယန်းယန်း၏ အမွှာအစ်မပင် ဖြစ်နေသလော...။

သို့မဟုတ် လုချန်းချန်းနှင့် လုယန်းယန်းတို့မှာ အမွှာညီအစ်မ မဟုတ်ပဲ တယောက်တည်းပဲ ဖြစ်နေပြီလော။

ဤသို့ဆိုလျှင် အဘယ်ကြောင့် လူတစုက လုယန်းယန်းအား လိုက်၍ နှောက်ယှက်နေရသနည်း။

ထိုလူစုသည် လုရင်းကျေးရွာက လူများဟု ပြောကြသည်။

သို့သော် စီးမင်းယုမှာမူ ယင်းကိစ္စကို လုံးဝမသိပါဟု ဆိုခဲ့လေသည်။

စီးမင်းယုပြောသော စကားသည် မှန်ကန်ပါမည်လော။

ထို့အပြင် လုရင်းကျေးရွာသည် မည်သည့် အဖွဲ့စည်းနှင့်မှ အဆက်အသွယ်ပြုလုပ်ခြင်းမရှိဟု လောက သိရှိထားလေသည်။

အကယ်၍သာ သူတို့သည် အခြားဂိုဏ်းမှ အဖွဲ့အစည်းတခုနှင့် ဆက်သွယ်မှုရှိနေလျှင်၊ လုရင်းကျေးရွာသည် လျှို့ဝှက်စွာ နေနိုင်မည် မဟုတ်တော့ချေ။

ထို့ကြောင့် စီးမင်းယု၏ စကားမှာလည်း လေအဖွဲ့ ယုံနိုင်စရာအကြောင်း လုံးဝမရှိပါပေ။

ယခု သူသည် လုရင်းကျေးရွာနှင့် ရင်ဆိုင် နေရသည်မှာ သိသာလှပေသည်။





မိမိ၏ အကြံကိုလည်း လုရင်းကျေးရွာက သိရှိသွားကြပြီလော။ အကယ်၍ လုရင်းကျေးရွာက မိမိ၏အကြံကို သိသွားလျှင် သူတို့အနေနှင့် မိမိအား အသေသတ်ပစ်နိုင်သည် မဟုတ်ပါလော။

ယခုမှာမူ မိမိအား အသေမသတ်ပစ်ခဲ့ပဲ မိမိ၏ သိုင်းပညာရပ်များကိုသာ ဖျက်ဆီးလိုက်ပြီး ဤကျွန်းသို့ အဘယ်ကြောင့် လာရောက်ထားပစ်ခဲ့ရသနည်း။

သူသည် စီးမင်းယုတို့၏ ပြုမူချက်ကို နားမလည်နိုင်ပဲ ဖြစ်နေ၏။

သူသည် ထိုသို့တွေးယင်းမှ သက်ပြင်းတချက်ချလိုက်သည်။

ယခု သူ့အနေနှင့် အရေးကြီးဆုံးမှာ သူ၏သိုင်းပညာရပ်များ ပြန်လည်ရရှိရန်ပင် ဖြစ်သည်။

ထို့ကြောင့် သူသည် တင်ပလ္လင်ခွေထိုင်ကာ ပျောက်ကွယ်ငုံလျှိုးသွားသော သူ၏အတွင်းအားများကို ပြန်လည်ဖော်ထုတ်ရန် ကြိုးစား၍ နေလေသည်။

* * *

အချိန်မည်မျှကြာသွားမှန်းပင်မသိ။ သူသည် အာရုံစူးစိုက်စွာဖြင့် သူ၏အတွင်းအားများကိုကြိုးစား၍ရှာဖွေဖော်ထုတ်နေရာမှ သူ၏ဝမ်းဗိုက်တွင် ချက်ရှိသောနေရာတဝိုက်တွင် အပူငွေ့ကလေးတခုကို စမ်းသပ်တွေ့ရှိလိုက်ရလေသည်။

သူသည် အလွန်ဝမ်းသာသွားလေသည်။

ထို့နောက် သူသည် ယင်းအပ္ပငွေအား အစထုတ်ယူနေ၏။ ထိုစဉ်မှာပင် အနောက်အယှက်တခုက ပေါ်လာ လေတော့သည်။

'ရှင်က ဒီကို ရောက်နေတာကိုး၊ ကျွန်မဖြင့် လိုက်ရှာနေလိုက်ရတာ၊ နေရာအနှံ့ပဲ'

လေသည် မိန်းကလေးတယောက်၏ စကားသံကြောင့် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ မိမိအား လယ်သမားအိမ်တွင် ထမင်းဟင်းနှင့် အရက်တို့ကို ညှော်ခံကျွေးမွေးခဲ့သော အနီဆောင်ဝတ်ဆင်ထားသော မိန်းကလေးဖြစ်နေသည်ကို တွေ့ရလေသည်။

သူသည် ထိုမိန်းကလေးအပေါ်တွင် အတော်ပင် သတိထားနေရလိမ့်မည်ဟု သိထားလိုက်သည်။

သို့သော် သူသည် မည်သည့်ကိစ္စကိုမှ မဖြစ်သည့်အလားတည်ငြိမ်သောအသံဖြင့်—

'ကျုပ်အိပ်ရာကနိုးလာတဲ့အခါ အိမ်ထဲမှာ ဘယ်သူ့ကိုမှ မတွေ့ရတာနဲ့ ကျုပ် တယောက်တည်း ဒီကိုလာထိုင်နေမိတာပါ—'

မိန်းကလေးက ပြုံးလိုက်သည်။

'ကျွန်မနာမည် ရှောင်ဟုန်းပါ၊ ဒီနေရာမှာက လေ သိပ်တိုက်ပါတယ်၊ အိမ်ထဲပြန်ကြရအောင်'





လေသည် ခေါင်းညိတ်လိုက်ပြီး သူမခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေတော့သည်။

* * *

သူတို့သည် အိမ်ခန်းထဲသို့ ရောက်ရှိလာသည်နှင့် စားပွဲပေါ်တွင် ထမင်းဟင်းများအသင့်ပြင်ထားသည်ကို တွေ့လိုက်ရလေသည်။

'ကဲ—ရှင်လဲ ဗိုက်ဆာနေရော့မယ်၊ ထမင်းစားလိုက်ပါအုံးရှင်—'

လေသည် ခေါင်းညိတ်လိုက်ပြီး မိန်းကလေး ကျွေးသောထမင်းဟင်းများကို စားသောက်လိုက်လေသည်။ သူသည် ထိုသို့စားသောက်ယင်းမှ—

'ဒါနဲ့ ညီမကို အစ်ကိုတခု မေးရအုံးမယ်၊ အခု ကျုပ်တို့ရောက်နေတဲ့နေရာဟာ ပင်လယ်ကျွန်းတကျွန်းနဲ့တူတယ်၊ ဟုတ်လား'

ရှောင်ဟုန်းက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ကဲ့၊ ဒါလုရင်းကျွန်းလို့ ခေါ်ပါတယ်'

လေက မျက်မှောင်ကုပ်သွားလေသည်။

'ဟုတ်လား၊ ကျုပ်ကတော့ လယ်သမား အိမ်တအိမ်မှာ ထမင်းဟင်း စားသောက်နေတယ် ဆိုတာကိုပဲ၊ သတိရလိုက်

တယ်၊ ဒါပေမယ့် ကျုပ် အိပ်ရာကနေနိုးလာတဲ့အခါမှာ ဘယ့်နှဲ့ ဒီကျွန်းကိုရောက်လာတာလဲ'

ရှောင်ဟုန်းက ပြုံးလိုက်သည်။

'ဟုတ်ပါတယ်၊ ဒါက ဒီလိုရှိပါတယ်၊ အစ်ကိုကြီးက ထမင်းစားသောက်ပြီးတဲ့နောက် အရက်ကို အလွန်အကျွံ သောက်ပြီး အပြင်တခေါက် ထွက်သွားပါသေးတယ်'

လေက ရှောက်ဟုန်း၏စကားကြောင့် မျက်မှောင်ကုပ်သွားသည်။

'ဟုတ်လား…'

ရှောင်ဟုန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ အဲ့ဒီအချိန်မှာ သခင်မရောက်လာလို့ အခန်းထဲမှာ ရှင့်ကို မတွေ့လို့၊ ကျွန်မကို လိုက်ရှာခိုင်းတာနဲ့ ကျွန်မက ရှင့်ကိုလိုက်ရှာတဲ့အခါမှာ ရှင်ဟာ မြွေနှစ်ကောင်နဲ့ ထွေးလုံးသတ်ပုတ်နေတာကိုတွေ့ရလို့ ကျွန်မကပဲ ရှင့်ကိုပြန်ကယ်ခဲ့ရတာပါ၊ ဒါပေမယ့် အဲ့ဒီအချိန်မှာ ရှင်က မြွေရဲ့ အဆိပ်ကြောင့် သတိမေ့နေပါတယ်'

လေသည် အံ့ဩစွာဖြင့် ရှောင်ဟုန်း၏ စကားကို နားစွင့်နေ၏။

ရှောင်ဟုန်းက သူ၏စကားကို ဆက်လိုက်ပြန်သည်။

'ရှင့်မှာလဲ မြွေအဆိပ် တော်တော် ပြင်းပြင်းရထားတယ်၊ နောက်ပြီး ဆေးဝါးကလဲ အဆင်သင့်မရှိတာနဲ့ ရှင့်ကို ဒီနေရာခေါ်လာရတာပါပဲရှင်'





လေက သက်ပြင်းတချက် ချလိုက်သည်။

'ဒီလိုဆို ခင်ဗျားတို့ရဲ့သခင်ကို ကျုပ်က ကျေးဇူးတင်ရမှာပေါ့၊ ဒါနဲ့ ကျုပ်သတိရလာတဲ့အခါမှာ ခင်ဗျားတို့ သခင်မကို တွေ့လိုက်သလိုပဲ'

ရှောင်ဟုန်းက ခေါင်းညိတ် လိုက်လေသည်။

'ဟုတ်ကဲ့ရှင့် သူက ရှင့်ကို လာကြည့်သွားပါတယ်'

လေက ရှောင်ဟုန်းအား သူနားမလည်သည့် အရာများကို ဆက်၍ မေးလိုက်သည်။

'အော်….ဒါနဲ့ ဒီလုရှင်းကျွန်းဆိုတာ ဘယ်နေရာပါလိမ့်၊ ကျွန်တော်လဲ တခါမှ မကြားဘူးပါလား'

ရှောင်ဟုန်းက ပြုံးလိုက်လေသည်။

'ဟုတ်ကဲ့ရှင့်၊ ကျွန်မလဲ သူတို့ခေါ်လာလို့သာရောက်လာရတာပါ၊ ဘယ်နေရာလဲဆိုတာ ကျွန်မလဲ မသိပါဘူးရှင်'

လေက ပုခုံးတချက်တွန့်လိုက်သည်။

'ဟုတ်ကဲ့ ဒါနဲ့ ကျုပ်တကိုယ်လုံး အတော် အားနည်းနေတယ်၊ အားရှိအောင် တခုခုကျွေးပါလားဗျာ'

ရှောင်ဟုန်းက ခေါင်းညိတ်လေသည်။

'ဟုတ်ကဲ့ ရှင်ကောင်းကောင်းအနားယူလိုက်၊ ကျွန်မ အားရှိတဲ့ အစားအစာကိုသွားယူပြီး ပို့ခိုင်းလိုက်ပါ့မယ်'

* * *

အမှတ် ၁၅/၁၃၈၊ ၆ လမ်း
ဖုန်း ၂၁၇၉၉

## လု ယန်း ယန်း

နေဝန်းနီသည် ပင်လယ်၏ရေပြင်ပေါ်သို့ ထွက်ပေါ်လာနေ၏။ လေကအိပ်ယာမှ ထလာသော အချိန်တွင် အိမ်ဖေါ်ရှောင်ဟုန်းက ရောက်ရှိလာလေသည်။ သူမသည် လေအားပြုံးပြလိုက်လေသည်။

'အစ်ကိုကြီး သခင်မက ရှင့်ကိုလာကြည့်မလို့တဲ့'

လေက အိပ်ယာမှ ကမန်းကတန်းထလိုက်လေသည်။

'အားနာစရာကြီးဗျာ'

ထိုစဉ်မှာပင် လုချန်းချန်းက လေအိပ်နေသောအခန်းထဲသို့ လှမ်းဝင်လာလေသည်။

'ဘယ့်နှယ်လဲ ရှင်နေကောင်းသွားပြီလား'





လေက လက်နှစ်ဖက်ဆုပ်၍ အလေးပြုလိုက်သည်။

'ဟုတ်ကဲ့ ကျွန်တော် အတော်နေကောင်းသွားပါပြီ၊ ကျွန်တော့်ကို အခုလို ပြုစုပေးတာကိုလဲ အထူးပဲ ဝမ်းသာပါတယ် ကျေးဇူးလဲတင်ပါတယ်'

လုချန်းချန်းက သက်ပြင်းတချက်ချလိုက်သည်။

'ရှင်ဟာ ကျွန်မညီမရဲ့ မိတ်ဆွေဆိုတော့ လူရင်းတွေပါပဲ ဘာမှ အားနာစရာမလိုပါဘူး'

သူမသည် သက်ပြင်းရှည်တချက်ကိုချလိုက်သည်။

ပြီး စကားဆက်ပြောပြန်သည်။

'ညီမလေးတယောက်လဲ ဘယ်ကိုရောက်နေမှန်းမသိဘူး သူ့အတွက် ကျွန်မစိတ်ပူလိုက်တာရှင်'

လေက လုချန်းချန်းအားကြည့်လိုက်ပြီး—

'ခင်ဗျားက သူ့ကို လူလွှတ်ပြီး လိုက်မရှာဘူးလား'

လုချန်းချန်းက ခေါင်းညိတ် လိုက်လေသည်။

'ဟုတ်ကဲ့ ကျွန်မမှာ ဒီညီမလေးတယောက်ထဲရှိတယ် လိုက်ရှာတာပေါ့'

လေက မျက်မှောင်ကုပ်သွားပြီး—

'ဒါနဲ့ လုယန်းယန်းကို လိုက်ပြီး ဖမ်းဆီးနေတဲ့ လူတစုဟာ ခင်ဗျားတို့ လုရင်းကျေးရွာက လူတွေ မဟုတ်ဘူး ဆိုတာအကောာ သေချာတယ်နော်'

လုချန်းချန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင် ဒီသတင်းကိုကြားရလို့ ကျွန်မက ညီမလေးအတွက် ပိုပြီးစိတ်ပူနေရတာပေါ့'

ထိုစဉ်မှာပင် ရှောင်ဟုန်းက ထမင်းဟင်းများကို လာရောက်ပို့ထားသဖြင့် လုချန်းချန်းက ထိုင်ရာမှ ထလိုက်လေသည်။

'ကဲ့ ရှင်လဲအားရှိသွားအောင် ထမင်း စားလိုက်ပါအုံး၊ ကျွန်မလဲ ကိစ္စကလေးနဲ့နဲ့ရှိသေးလို့ နောက်မှပဲ လာခဲ့ပါအုံးမယ်'

သူမသည် ပြောယင်း အခန်းထဲမှ ထွက်သွား လေတော့သည်။

* * *

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

လေသည်လည်း ဤ လုရင်းကျွန်းသို့ ရောက်ရှိခဲ့သည်မှာ (၇)ရက်တိုင်တိုင်ရှိသွားပြီဖြစ်သည်။

သူသည် နံနက်စောစော ထ၍ သူ၏ ပျောက်ကွယ် သွားသော အတွင်းအားများကို ပြန်လည်ရရန် လေ့ကျင့်ပြီး မိုးလင်းကာနီးမှ ပြန်လည်၍ တရေးအိပ်လိုက်လေသည်။ ထို့ကြောင့် သူသည် တနေ့တခြားကျန်းမာလာပြီး ခွန်အားလည်းအနည်းငယ် ထိုးတက်လာသည်။

ထိုနေ့ညနေ အချိန်တွင် ရှောင်ဟုန်းက ပြာယီပြာယာဖြင့် လေ၏ အခန်းထဲသို့ ပြေးဝင်လာလေသည်။

'အစ်ကိုကြီး ကြည့်စမ်း ဟိုမှာ ဘယ်သူလာနေလဲလို့'





ထိုစဉ်မှာပင် လုချန်းချန်းက လေ၏အခန်းထဲသို့ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရသဖြင့် လေက ကမန်းကတန်းထိုင်ရာမှ ထလိုက်ပြီး လက်နှစ်ဖက်ဆုပ်၍ အလေးပြုလိုက်လေသည်။

'သခင်မကို လေးစားပါတယ်'

ရှောင်ဟုန်းက ပြုံးလိုက်သည်။

'သူ့ကို သေသေချာချာကြည့်လိုက်ပါအုံး၊ ရှင် လူမှားနေပြီ'

ရှောင်ဟုန်း၏ စကားကြောင့် လေက အံ့အားသင့်သွားလေသည်။

ထို့နောက် သူသည် လုချန်းချန်းအား သေသေ ချာချာ စိုက်ကြည့်လိုက်သည်။

ရှောင်ဟုန်းက ပြုံးလိုက်လေသည်။

'သူ့ကို မမှတ်မိတော့ဘူးလား အစ်ကို၊ သူက ကျွန်မတို့ သခင်မရဲ့ အမွှာညီအစ်မ လုယန်းယန်းလေ...'

လေ၏ မျက်လုံးအစုံသည် အံ့သြလွန်း၍ ပြူးကျယ်သွားလေသည်။

သူသည် သေချာစွာ ထပ်မံကြည့်လိုက်လေသည်။

သို့သော် ယခု မိန်းကလေးမှာ ဝမ်းနည်းကြေကွဲသည့် ဟန်မူယာရှိနေသည်ကိုသာ တွေ့လိုက်ရသည်။ လုချန်းချန်းနှင့် ခွဲမရအောင် အလွန်ဆင်နေသဖြင့် ယခု သူ့ရှေ့၌ ရောက်နေသော မိန်းကလေးသည် လုချန်းချန်းလော၊ လုယန်းယန်းလောဟုပင် သူခွဲခြားမရတော့ပေ။

လေ၏ဟန်မူယာကြောင့် မိန်းကလေး၏ မျက်လုံးအစုံသည် မျက်ရည်ဥများ လိမ့်ဆင်းကျလာလေတော့သည်။

'အစ်ကို ကျွန်မကို တကယ်မမှတ်မိတော့ဘူးလား ဟင်...'

သူမသည် ထိုသို့ပြောယင်း လေ၏ ရင်ခွင်ထဲသို့ တိုးဝင်လာလေသည်။ လေက သူမအား ပြန်လည်သိုင်းဖက်ထားလေသည်။

ယန်းယန်း....ယန်းယန်း...ယန်းယန်းရယ် ...'

ဟု အသံတိုးတိုးဖြင့် အဆက်မပြတ် ခေါ်လိုက်မိလေသည်။

လုယန်းယန်းက လေအား မော့ကြည့်လိုက်ပြီး—

'အစ်ကို ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲဟင်....'

လေက ပြုံးပြလိုက်လေသည်။

"ညီမ ပျောက်ဆုံးနေတာကိုတွေ့ရလို့ ရှာယင်းက ညီမရဲ့ အစ်မနဲ့တွေ့ပြီး ဒီကိုရောက်လာတာပါ'

သူသည် လုယန်းယန်း၏ ပုခုံးအား အသာအယာ ဆုပ်ကိုင်ထားလိုက်လေသည်။

'ပြောစမ်းပါအုံး၊ မင်းကို ဘယ်သူတွေက ဖမ်းသွားတာလဲလို့—'

လုယန်းယန်းက ခေါင်းခါယမ်းလိုက်လေသည်။

'မပြောတတ်ဘူးရှင့်၊ သူတို့ကိုယ်သူတို့တော့ လုရင်းကျေးရွာကလူတွေလို့ ပြောနေကြတာပဲ'

လေက လုယန်းယန်း၏ အဖြစ်အပျက်ကို ဆက်၍မေးလိုက်လေသည်။

'ဒါနဲ့ မင်းဘယ်လိုလုပ် လွတ်မြောက်လာရတာလဲ'





လုယန်းယန်းက လေအား စိုက်ကြည့်လိုက်ပြီး—

'ကျွန်မကို ခေါ်သွားပြီး အခန်းထဲမှာ ပိတ်လှောင်ထားပါတယ်၊ ကျွန်မက သူတို့အလစ်မှာ ဒီကို ထွက်ပြေးလာတာပါ...'

သူမသည် လေအား မျက်နှာပျက်စွာဖြင့် ကြည့်လိုက်လေသည်။

'အစ်မက ညီမကိုပြောတယ်၊ အစ်ကို မိထားတဲ့အဆိပ်ဟာ အတော့်ကို ဆိုးဝါးတယ်တဲ့၊ သူက အစ်ကို့ကို အစွမ်းကုန်ကုပေမယ့် အသက်ကိုသာ မသေအောင် ဟန့်တားနိုင်မယ်၊ ခုအစ်ကို့မှာရှိတဲ့သိုင်းပညာတွေကိုတော့ပြန်ကောင်းလာအောင်ကုနိုင်လိမ့်မယ် မဟုတ်ဘူးလို့ ပြောတယ်အစ်ကို၊ အခုလိုဖြစ်ရတာ ကျွန်မစိတ်မကောင်းပါဘူး'

သူမသည် ပြောယင်း ဝမ်းနည်းစွာဖြင့် ငိုကြွေးလိုက်လေသည်။

လေက သူမ၏ ဆံကေသာအား အသာအယာ ပွတ်သပ်ယင်း—

'မငိုပါနဲ့ ညီမရယ်— အစ်ကို စိတ်မကောင်းအောင် မလုပ်ပါနဲ့ကွာ'

လုယန်းယန်းက ရုတ်တရက် တစုံတခုကို သတိရလာလေသည်။

'အော်— ခုမှသတိရတယ်၊ မမက ပြောတယ်၊ အဆိပ်တွေကို ကုသတဲ့နေရာ အလွန်ကောင်းတဲ့ သမားတော် တယောက်

ရှိတယ်လို့ ပြောတယ်၊ အဲဒါ သူ့ကိုသွားပင့်ပြီးကုယင် အစ်ကို့မှာ မျှော်လင့်ချက်ရှိတယ်လို့ ပြောတယ်'

လေသည် လုယန်းယန်း၏စကားကြောင့် ဝမ်းသာ သွားလေသည်။

'ဟုတ်လား၊ ဘယ်သူများပါလိမ့်'

လုယန်းယန်းက လေအား ကြင်နာစွာ ကြည့်လိုက်ပြီး–

'သမားတော်ကြီး ကျွမ်းစုလို့ ပြောပါတယ်'

လေက မျက်မှောင်ကုပ်လိုက်ပြီး–

'သမားတော်ကြီး ကျွမ်းစုဟုတ်လား၊ ဒီပုဂ္ဂိုလ်က အတော့်ကို နာမည်ကြီးတယ်၊ မင်းအစ်မ အခုလိုအစ်ကို့အတွက် ကြိုးစားတာကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါ'

လုယန်းယန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့အစ်ကို၊ ကဲ–ညီမလဲ အစ်မဆီသွားလိုက်အုံးမယ်၊ အစ်ကိုလဲ ကောင်းကောင်း အနားယူနေနော်'

လေကပြုံး၍ ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ကဲ့ပါ ခင်ဗျာ–'

လေသည် လုယန်းယန်း၏နောက်ကျောကို ငေးကြည့်ကာ ကျန်ရစ်ခဲ့လေသည်။

* * *





လုယန်းယန်းထွက်ခွာသွားပြီးနောက် အိမ်ဖော် မိန်းကလေး တယောက်သည် လေ စားသောက်ပြီးသော ထမင်းဟင်း ပန်းကန်များကို လာရောက်သိမ်းဆည်းနေ၏။

သူမသည် လေအား ဤအိမ်သို့ ရောက်ရှိလာသည့်အချိန်မှ စ၍ လာရောက် ပြုစုပေးနေရသော အိမ်ဖော်ဖြစ်သည်။ သူမ၏ အမည်မှာ ရှောက်ဆွေ့ ဖြစ်သည်၊ ရှောက်ဆွေ့သည် အသက် (၁၅)နှစ်လောက် ရှိလိမ့်မည်ဟု ထင်ရသည်။ သူမသည် အလွန် ရိုးသား၍ စိတ်စေတနာကောင်းသော မိန်းကလေးတယောက် လည်းဖြစ်သည်။

လေက အကဲခတ်လိုက်မိလေသည်။

ထို့ကြောင့် လေသည် ယင်း မိန်းကလေးထံမှ အကူအညီ တခုကို တောင်းခံလျှင် ရလိမ့်မည်ဟု ထင်လေသည်။

'ရှောက်ဆွေ့ ...'

သူသည် အသံကို အချိုသာဆုံးထား၍ ယင်းမိန်းကလေး အား လှမ်းခေါ်လိုက်လေသည်။

သူမသည် ပန်းကန်ကို သိမ်းဆည်းနေယင်း မော့ကြည့် လိုက်လေသည်။

သူမသည် ပန်းကန်သိမ်းယင်းမှ ပြန်မေးလိုက်လေသည်။

'ဘာအလိုရှိပါသလဲ အစ်ကိုကြီး –'

လေက ခေါင်းခါယမ်းလိုက်သည်။

'ဘာမှမလိုပါဘူးကွာ၊ မင်းကို အစ်ကိုစကားတခွန်းလောက် မေးချင်လို့ပါ'

ရှောက်ဆွေ့က သူ့အား မျက်လုံးပြူးကျယ်စွာဖြင့် ကြည့်လိုက်သည်။

'ကျွန်မကို ဘာများမေးမလို့လဲ အစ်ကိုကြီး'

လေက သူမ၏မျက်နှာအား စိုက်ကြည့်လိုက်သည်။

'ခုနက ရောက်လာတဲ့ လုယန်းယန်းဟာ မင်းတို့ရဲ့သခင်မ လုချန်းချန်းပဲ မဟုတ်လား'

လေ၏စကားကြောင့် ရှောက်ဆွေ့၏ မျက်နှာတခုလုံးသည် ထိတ်လန့်အံ့ဩသည့် အရိပ်အယောင်များ ပေါ်လွင်လာသည်။ သူမသည် အံ့ဩစွာဖြင့် လေအား ငေးကြည့်နေသော်လည်း စကားကိုမူ တလုံးမှမပြောပါချေ။

လေက သူမအားပြုံးပြလိုက်လေသည်။

'ဘယ်လိုလဲ ငါပြောတာ ဟုတ်တယ်မဟုတ်လား'

ရှောက်ဆွေ့က—

'အစ်ကိုကြီး ဘယ်လိုလုပ်သိသလဲ'

သူသည် ချက်ခြင်းပင် သူမ၏စကားမှားသွားမှန်းသိသဖြင့် ဟင်းပန်းကန်များကိုယူကာ အခန်းတွင်းမှ လျင်မြန်စွာပြေးထွက်သွားလေသည်။

* * *

လေသည်ကုတင်ပေါ်၌ လဲလျောင်းနေ၏။
သို့သော် မျက်လုံးအစုံသည် ပြူးကျယ်နေ၏။





သူသည် ကူးတို့ဆိပ်၌ လုယန်းယန်းအား မမျှော်လင့်ပဲ တွေ့ဆုံလိုက်ရသောအချိန်မှ စ၍ သူသည် အလွန်ရှုပ်ထွေးလှသော ခရုအိမ်တခုတွင်းသို့ ဝင်ရောက်မိသည့်အလား ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရလေသည်။

သူသည် ခေါင်းအေးအေးထားပြီး စဉ်းစား ချင့်ချိန်တတ်သော လူတယောက်ဖြစ်သည်။

သူသည် မည်သည့်အရာများကိုမဆို ခွဲခြား သိမြင်နိုင်သော အစွမ်းလဲ ရှိသည်။ ယခုမှာမူ သူ တွေ့ကြုံ ရင်ဆိုင်ခဲ့ရသော အကြောင်းအရာများအားလုံးတို့သည် တခုမှ ပီပီပြင်ပြင်မရှိပဲ အလွန်ပင် ရှုပ်ထွေးခြင်းမက ရှုပ်ထွေးလာနေသည်ကို တွေ့ရလေသည်။

လုယန်းယန်းနှင့် လုချန်းချန်းတို့သည် တကယ်ပင် ရုပ်ချင်းခွဲမရလောက်အောင် တူနေသော အမွှာညီအစ်မ ဖြစ်နေသလော။ သို့မဟုတ် လုချန်းချန်းသည် လုယန်းယန်းပင် ဖြစ်သည်။ ထို့အပြင် လုယန်းယန်းသည် လုချန်းချန်းပင် ဖြစ်နေသလော။

လုချန်းချန်းသည် လုရင်းကျေးရွာ၏ အရှင်သခင် စီးမင်းယု၏ ဇနီးဖြစ်သည်မှာ တကယ်ပင် ဟုတ်မှန်နေသလော။ လုရင်းကျေးရွာ၏ အရှင်သခင် စီးမင်းယုသည် မိမိအား ယခုကဲ့သို့ လုပ်ကြံရန် လုရင်းကျွန်းပေါ်သို့ လာရောက် ပို့ဆောင်ထားရသနည်း။

လှုရင်းကျေးရွာသည် မည်သည့်နေရာ၌ ရှိနေသည်ကို ယခု အချိန်ထိ သဲလွန်စ စိုးစဉ်းမျှ မရခဲ့သေးပါ။ သူသည် ရှေ့သို့မည် သို့ဆက်လက်လုပ်ဆောင်ရမည်နည်း။

ယင်းသို့ တွေးယင်း လေသည် တညလုံး အိပ်မပျော်နိုင်ပဲ မိုးစင်စင် လင်းခဲ့လေတော့သည်။

* * *



# ၉

အာရှုဏ်ဦး၏ နေရောင်သည် ပြတင်းပေါက်မှတဆင့် အခန်း ထဲသို့ တိုးဝင်နေ၏။ လေသည် နေရောင်ခြည်များ သူ့ကိုယ် ပေါ်သို့ ထိုးကျနေသဖြင့် အိပ်ယာထဲမှ ပြင်းရိစွာဖြင့် ထထိုင် လိုက်သည်။

ထိုစဉ် ရုတ်တရက် အရာဝတ္ထု တခုကို တွေ့မြင်လိုက်ရသော ကြောင့် သူ၏ မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။ အကြောင်းမှာ သူအိပ်နေသော အခန်းတွင်း၌ အဝတ်ထုပ် ကလေးတထုပ် ရောက်ရှိနေသောကြောင့် ဖြစ်သည်။

သူသည် ထိုအထုပ်အား ဖြည်ကြည့်လိုက်သောအခါ ၎င်း အထုပ်ထဲ၌ အဝတ်အစား တစုံနှင့် ကြေးဗူးကလေး တဗူးကို

တွေ့ရှိလိုက်ရလေသည်။ ထိုအဝတ်အစားများမှာ တံငါသည်များသာ ဝတ်ဆင်တတ်သော အဝတ်အစားများဖြစ်လေသည်။

ထို့ပြင် ထိုအထုပ်အောက်၌ စာတစောင်ကိုလည်း တွေ့ရှိရလေသည်။ သူသည် ထိုစာကိုကြည့်၍ မျက်မှောင်ကုပ်သွားလေသည်။

'ဒီအထုပ်ကို ဘယ်သူကများ အခန်းထဲ လာပို့သွားပါလိမ့်'

သူသည် ယင်းသို့တွေးယင်း စာကို ဖောက်ဖတ်လိုက်လေသည်။

'လေ—'

'ကြွေဗူးထဲမှာ ပါရှိတဲ့ ဆေးရည်ကိုသောက်လိုက်ပါ။ ရှင့်မှာ လျော့သွားတဲ့ ခွန်အားတွေ ပြန်ရှိလာပါလိမ့်မယ်။ ဒီနေ့ည သန်းကောင်ယံရောက်တဲ့အချိန်မှာ ဒီအဝတ်အစားများကိုဝတ်ဆင်ပြီး အိမ်ရဲ့အရှေ့ဘက်ကို ဦးတည်ပြီး ရေကူးသွားပါ။ ရေကူးသွားတဲ့အခါမှာ အသုံးပြုဖို့ ရှင်ထိုင်နေကျ ကျောက်တုံးအနီးမှာ အထူးပြုလုပ်ထားတဲ့ ပျဉ်ပြားတချပ်ကို တွေ့ရှိရပါလိမ့်မယ်။ ဒီပျဉ်ပြားကိုအသုံးပြုပြီး ရေကူးသွားနိုင်ပါတယ်။ တဘက်ကမ်းကို ရောက်သွားတာနဲ့ကျွန်းနယ်ကိုရှင်အရောက်သွားပါ—

ပုံ—နွေ





လေသည် ထိုစာအား ဖတ်ပြီးလိုက်သည်နှင့် အလွန်အံ့သြသွားလေသည်။

နွေသည် မိမိနှင့်အတူ သင်တန်းဆင်းလာသော မိန်းကလေးတယောက်၏ အမည်သကေ်တပင် ဖြစ်သည်။

ဤစာကိုဖတ်ကြည့်ခြင်းအားဖြင့် နွေသည် လျှို့ဝှက်စွာဖြင့် ဤလုရင်းကျွန်းကို ရောက်ရှိနေသည်မှာ ထင်ရှားလှပေသည်။

ဤသို့ဆိုလျှင် နွေသည် ဤအိမ်ပေါ်ရှိ အိမ်ဖော်မလေးရှောင်ဟုန်းလော၊ သို့မဟုတ် ရှောက်ဆွေ့လော၊ သို့တည်းမဟုတ် အခြားအခြားသော လူတယောက်ပင်လော။

သူတို့နှစ်ယောက်သည် သင်တန်းအတူတက်ခဲ့ကြသော်လည်း တယောက်နှင့် တယောက် ရုပ်ဖျက်ထားကြသဖြင့် မည်သူက မည်သူ့ကို မှတ်မိလိမ့်မည် မဟုတ်ချေ။

နွေရောက်ရှိလာသည်မှာ သူ၏အထက်အရာရှိ တယောက်ကကြိုတင် စီမံပေးထားခြင်း ဖြစ်သည်။

သူသည် နွေရောက်ရှိလာသည့်ကို သိလိုက်ရသောကြောင့် သူ၏ စိတ်အစဉ်သည် ပြန်လည်တက်ကြွလာလေသည်။

သူသည် ယင်းစာကို ဖတ်ပြီးသည့်နောက်တွင် စာကိုမီးရှို့ပစ်လိုက်လေသည်။ ထို့နောက်သူသည် အထုပ်ထဲမှကြွေဗူးအားယူလိုက်သောအချိန်တွင်—

'ဒေါက်....ဒေါက်....ဒေါက်'

အခန်းတံခါးခေါက်သံကို ရုတ်တရက် ကြားလိုက်ရလေသည်။

သူသည် ကြေဖူးအား အိပ်ထဲ၌ လျင်မြန်စွာ ပွက်ထားလိုက်ပြီး အင်္ကျီအား ကုတင်အောက်သို့ ကမန်းကတန်း ပစ်သွင်းလိုက်လေသည်။

ထိုစဉ်မှာပင် အခန်းတံခါးမှာပွင့်သွားပြီး ရှောက်ဆွေ့က နံနက်စာများ ယူဆောင်၍ အခန်းတွင်းသို့ ရောက်ရှိလာသည်ကို တွေ့ရလေသည်။

သူသည် ရှောက်ဆွေ့ကို အကဲခတ်ကြည့်နေမိသည်။

သို့သော်... ရှောက်ဆွေ့သည် ခါတိုင်းကဲ့သို့ပင် မျက်နှာထား ပြုံးရွှင်ရွှင်ဖြင့် ထမင်းဟင်းများကို နေရာတကျထားပြီး စားပွဲကုလားထိုင်များအား သန့်ရှင်းပေးနေ၏။

'ရှောက်ဆွေ့'

လေသည် အသံတိုးတိုးဖြင့် ခေါ်လိုက်သည်။

ရှောက်ဆွေ့ကလေ၏ခေါ်သံကြောင့်သူ့အား မော့ကြည့်လိုက်လေသည်။

လေက ပြုံးပြလိုက်လေသည်။

'အော်... ဒါနဲ့ နွေဆိုတာကို သိသလားဟင်'

ရှောက်ဆွေ့က နားမလည်သော မျက်လုံးဖြင့် လေအား မော့ကြည့်လိုက်လေသည်။

'ရှင် အစ်ကို ဘာပြောတာလဲဟင်'

လေက သက်ပြင်းတချက်ချလိုက်လေသည်။

'အော်... နွေဆိုတာကို သိသလားလို့ မေးတာ'





ရှောက်ဆွေ့က ခေါင်းခါယမ်းလိုက်လေသည်။

'အစ်ကိုမေးတာ လူနာမည်လား၊ ဒါမှမဟုတ် ဘာကိုမေးတာလဲ'

'အော်... နွေရာသီမှာ ဒီကျွန်းမှာလာပြီး နေရတာ တော်တော်ကောင်းတယ်လို့ ပြောမိတာပါ'

ရှောက်ဆွေ့က ပုခုံးတချက် တွန့်လိုက်လေသည်။

'အစ်ကိုကလဲ ကြံကြံဖန်ဖန် ပြောတော့မယ်'

သူမသည် စားသောက်ဖွယ်ရာများကို ထားခဲ့ပြီး ပြန်လှည့်ထွက်သွားလေသည်။

* * *

'ဒီမှာ ခဏလောက်နေပါအုံးဗျ'

လေက ဟန့်တားလိုက်လေသည်။

ရှောက်ဆွေ့က လှည့်ကြည့်လိုက်သည်။

'ဘာပြောစရာရှိလို့လဲ အစ်ကိုကြီး'

လေက ပြုံးပြလိုက်လေသည်။

'ဒါနဲ့ ရှောင်ဟုန်းတယောက်ကော ဒီကနေ့လာတာမတွေ့ရသေးပါလား၊ ဘယ်သွားနေသလဲ'

ရှောက်ဆွေ့က လေ၏စကားကြောင့် ပြုံးလိုက်သည်။

'ရှင်မသိသေးပဲကိုး၊ သူတို့ ဒီကနေ့မနက်ကပဲ ဒီကျွန်းပေါ်ကနေ ထွက်သွားကြပြီရှင့်'

လေက အံ့သြသွားလေသည်။

'ဗျာ'

လေက အံ့သြသွားသဖြင့် လွတ်ကနဲပင် အသံထွက်သွားလေသည်။

ရှောက်ဆွေ့က ပြုံးလိုက်လေသည်။

'သူတို့မရှိလဲ ကိစ္စမရှိပါဘူး။ ရှင့်ကိုပြုစုဖို့ ကျွန်မ တာဝန်တွေအားလုံး လွှဲပေးသွားတယ်ရှင့်'

လေက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ ဒါနဲ့ သူတို့ ဘယ်သူတွေနဲ့ သွားကြတာလဲဗျ'

ရှောက်ဆွေ့က—

'ရှောင်ဟုန်းနဲ့ သခင်မတို့ပေါ့'

ထိုစကားကို ကြားလိုက်ရသောအခါ လေသည် ရင်ထဲ၌ လေးလံ၍သွားလေသည်။

ရှောက်ဆွေ့သည် အခန်းဝနားသို့ ရောက်ရှိပြီးမှ လေအား ပြန်လှည့်ကြည့်လိုက်လေသည်။

'အစ်ကိုကြီးကို သတိတခု ပေးရအုံးမယ်'

လေက မျက်မှောင်ကုပ်၍ မေးလိုက်လေသည်။

'ဘာများလဲ'

ရှောက်ဆွေ့က ပြုံးလိုက်လေသည်။

'အစ်ကိုကြီး.... ဒီကျွန်းကနေ ထွက်ပြေးဖို့ မကြိုးစားပါနဲ့နော်'

လေက ရယ်မောလိုက်လေသည်။





'ကျုပ်က ဒီကျွန်းက ထွက်ပြေးနိုင်လောက်အောင် အင်အားမရှိသေးပါဘူးဗျာ'

ရှောက်ဆွေ့က ပြုံး၍ ပြောလိုက်လေသည်။

'ဒါပဲကောင်းပါတယ်လေ၊ တချိန်တုန်းက လူတယောက် ဒီကျွန်းက ထွက်ပြေးသွားလို့ နောက်တော့ ငါးမန်းကိုက်လို့ မရှုမလှ ဆုံးသွားတော့တာပေါ့ရှင်....'

လေက မျက်မှောင်ကုပ်သွားလေသည်။

'မြစ်ထဲမှာ ငါးမန်းတွေရှိတယ် ဟုတ်လား'

ရှောက်ဆွေ့က ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့၊ မြစ်ထဲမှာ ငါးမန်းတွေအများကြီး ရှိတယ်ရှင့်'

လေသည် ရှောက်ဆွေ့၏စကားကြောင့် စိတ်ဓာတ်အကြီးအကျယ် ကျသွားလေသည်။

* * *

## ငါးမန်း

လေသည် ကြွေဗူးလေးထဲမှ ဆေးရည်များကို သောက်သုံးလိုက်ပြီး နောက်အတန်ကြာလာသောအခါတွင် သူ၏ ခန္ဓာကိုယ်မှ သွေးကြောများသည် အတားအဆီးမရှိပဲ လည်ပတ်သွားနိုင်လာနိုင်လေသည်။

သူ၏ခန္ဓာကိုယ်တွင်း လျှော့သွားသော ခွန်အားများလည်း အခြေအနေများစွာ တိုးတက်လာလေသည်။

ထို့နောက် သူသည် တံငါသည် အဝတ်အစားများ ဝတ်ဆင်ထားလိုက်လေသည်။

သူသည် သူ၏ဓားကို သေချာစွာ စစ်ဆေးပြီးနောက် ပြတင်းပေါက်အား လက်ဖြင့် အသာအယာ တွန်းဖွင့်လိုက်





လေသည်။ အပြင်ဘက်တွင် လ ရောင်သည် ထိန်ထိန်လင်းနေ၏။

ဝန်းကျင်တခုလုံးမှာ လေတဟူးဟူး တိုက်ခတ်နေသော အသံမှအပ ပကတိတိတ်ဆိတ်ပြီး ငြိမ်သက်နေ၏။

လေသည် ဝန်းကျင်သို့ တချက် အကဲခတ် ကြည့်လိုက်ပြီးနောက် ပြတင်းပေါက်မှ အပြင်သို့ ခုန်ထွက်လိုက်လေသည်။

ထို့နောက် သူသည် သူအမြဲထိုင်နေသော ကျောက်တုံးရှိရာသို့ ဦးတည်ပြေးလွှားသွားလေသည်။

စာရွက်ပေါ်မှ ဖော်ပြထားသည့်အတိုင်း ထိုကျောက်တုံးအောက်၌ ရှည်လျားသော ပျဉ်ပြားတချပ်ကို တွေ့ရှိလိုက်ရလေသည်။

ယင်းပျဉ်ပြားသည် အထူး မွမ်းမံထားသဖြင့် လှေ၏ဦးပိုင်းပုံစံနှင့် တူလှပေသည်။

သူသည် ထိုပျဉ်ပြားအား ကောက်ယူလိုက်ပြီး ရေစပ်ရှိရာသို့ ဦးတည်ပြီး တဟုန်ထိုး ပြေးလွှားသွားလေသည်။

ရေစပ်သို့ ရောက်ရှိသွားသောအခါ သူသည် ယူဆောင်လာသော ပျဉ်ပြားပေါ်သို့ မှောက်လျက် ရေထဲသို့ ခုန်ဆင်းလိုက်လေသည်။ ထို့နောက် သူသည် ခြေလက်များကိုအသုံးပြုကာ စာထဲတွင် ညွှန်ပြသည့်အတိုင်း အရှေ့ဘက်သို့ တိုးလျှိုကာ ကူးခတ်သွားလေတော့သည်။

ထိုပျဉ်ပြားသည် အထူးစီမံ ပြုလုပ်ထားသဖြင့် ရေပေါ်၌ သူ၏ ခန္ဓာကိုယ်တခုလုံးအား ခံထားနိုင်စွမ်းရှိလေသည်။ ရေပြင်

ပေါ်တွင် လှိုင်းတံပိုးများသည် တစထက်တစ လုရှင်းကျန်းနှင့် ဝေး၍ဝေး၍ သွားလေသည်။

* * *

မည်မျှအချိန်ကြာမြင့်စွာ ကူးခတ်နေရမှန်းမသိ။

နီရဲသောနေဝန်းသည် ပင်လယ်ရေပြင်ပေါ်မှတက်လာလေသည်။ ယခုမှ လေသည် စားသောက်ဖွယ်ရာများကို ယူမလာမိသည်ကို နောင်တကြီးစွာ ရနေလေသည်။

ထိုစဉ်မှာပင်—

ရေပြင်ပေါ်၌ အရာဝတ္ထုနှစ်ခုသည် သူ့ထံသို့ ဦးတည်၍ ရွေ့လျားလာနေသည်ကို တွေ့လိုက်ရလေသည်။ ယင်း အရာဝတ္ထုနှစ်ခုသည် ငါးမန်းနှစ်ကောင်၏ အမြီးပိုင်းများ ဖြစ်နေသည်ကို လေက ချက်ခြင်းပင်ရိပ်စားမိလိုက်လေသည်။

သူသည် ရင်ထဲ၌ ထိတ်ကနဲ ဖြစ်သွားလေသည်။ ငါးမန်းဟူသည့် သတ္တဝါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါဖြစ်လေသည်။ သို့သော်လည်း သူ၏လက်ထဲတွင် ငါးမန်းအားတိုက်ခိုက်ရန်အတွက် လက်နက်များမပါရှိပါချေ။

သူသည် ငါးမန်းအား မည်သို့ခုခံရမည်ကို တွေးတောနေစဉ်မှာပင် ငါးမန်းသည် သူ့ထံသို့ ချဉ်းကပ် လာလေသည်။





လေသည် ရင်ထဲ၌ ချောက်ချား တုန်လှုပ်သွားလေသည်။ သူသည် ထို ငါးမန်းနှစ်ကောင်အား မည်သို့ရင်ဆိုင်ရမည်နည်း။

* * *

လေသည် ခွန်အားရှိသမျှ လျင်မြန်စွာ ကူးခတ်သွားလေသည်။ ငါးမန်းနှစ်ကောင်သည် သူ့နောက်မှ ဖြေးညှင်းစွာဖြင့် လိုက်လာနေသည်။

ထိုစဉ် လူသံတခုကို ကြားလိုက်ရလေသည်။

'ဖေဖေ ဟိုမှာ ငါးမန်းတွေ လူတယောက်ရဲ့ နောက်ကို လိုက်နေကြတယ်'

တဆက်တည်းမှာပင် အခြားလူတယောက်အသံက ထပ်မံထွက်ပေါ်လာပြန်သည်။

'ဟုတ်တယ်ဟေ့ ငါ့လှံတံ မြန်မြန်သွားယူခဲ့စမ်း'

လေသည် ခေါင်းမော့ ကြည့်လိုက်သောအခါ သူ့ထံသို့ ရွက်လှေတစင်း လျင်မြန်စွာဦးတည်လာနေသည်ကို တွေ့ရလေသည်။

သူသည် ထိုရွက်လှေကလေးအား တွေ့မြင်လိုက်ရသောကြောင့် လွန်စွာမှ ဝမ်းသာသွားလေသည်။

ထိုစဉ်မှာပင် ရွက်လှေငယ်ပေါ်မှ လူသည် လေ၏ နောက်သို့ လိုက်လံနေသော ငါးမန်း၏နောက်သို့ လှံတံတလက်ဖြင့် ပစ်လွှတ်လိုက်လေသည်။

ရှေ့ဆုံးမှ လိုက်လာနေသော ငါးမန်းသည် ထိုလူပစ်လွှတ်လိုက်သောလှံတံနှင့် ထိမှန်သွားသဖြင့် သွေးများသည် နီရဲ၍လာလေသည်။

နောက်မှလိုက်နေသော ငါးမန်းသည် လေ၏ နောက်သို့မလိုက်တော့ပဲ သွေးညှီနံ့ရနေသော ငါးမန်းအားဝင်ရောက်တိုက်ခိုက် ကိုက်ဖြတ်နေလေသည်။

ဤသို့ဖြင့် ဒဏ်ရာရထားသော ငါးမန်းနှင့် နောက်ထပ်ရောက်နေသော ငါးမန်းတို့သည် ထွေးလုံး တိုက်ခိုက်နေလေသည်။

ထိုစဉ်—

လေသည် ရှက်လှေအနီးသို့ရောက်လာသောအခါ ရှက်လှေပေါ်မှ လူငယ်တဦးက ကြိုးကို လေရှိရာသို့ ချပေးလိုက်ရာလေသည် ရှက်လှေပေါ်သို့ ကြိုးကိုဆွဲ၍ ခုန်တက် လိုက်လေသည်။

ရှက်လှေပေါ်၌ အဘိုးအိုတယောက်နှင့် (၁၀)နှစ် (၁၇)နှစ်ခန့်လူငယ်တယောက်ပါရှိလေသည်။

သူတို့သည် တံငါသည်များဖြစ်ကြလေသည်။ လေက အဘိုးအိုအားကြည့်ကာ ဦးညွှတ်လိုက်လေသည်။

'အခုလို ကျုပ်ကို ကယ်တင်လိုက်တဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်ဗျာ'

အဘိုးအိုက လက်ကာပြလိုက်လေသည်။





'ကိစ္စမရှိပါဘူးကွာ ဒါနဲ့ မင်းက ဘာ့ကြောင့် ပင်လယ်ထဲမှာ ရောက်နေရတာလဲ'

လေက ပြုံးပြလိုက်သည်။

'ကျွန်တော်က လှေငယ်တစင်းနဲ့ ထွက်လာတာပါ အဲဒါလှိုင်းပုတ်ပြီး လှေငယ်က မှောက်သွားလို့ပါ'

အဘိုးအိုသည် စားသောက်ဖွယ်ရာများကိုယူ၍ လှမ်းပေးလိုက်လေသည်။

'ကဲ—အားရှိသွားအောင် စားလိုက်ပါအုံး'

သူသည် လူငယ်ဖက်သို့ လှည့်ကြည့်လိုက်ပြီး—

'သား.... ဒီညွှေ့သည့်အတွက် အဝတ်အစား တစုံလောက်ထုတ်ပေးလိုက်စမ်းပါ'

လေသည် အဘိုးအို ယူလာသော စားသောက်ဖွယ်ရာများကို ကူညီချပေးယင်း—

'ဒါနဲ့ ဦးတို့က ဘယ်သွားမှာလဲဗျ...'

အဖိုးအိုက—

'ကျုပ်တို့က ငါးသွားဖမ်းမလို့ပါ'

လေက အဖိုးအိုအား ကြည့်လိုက်ပြီး—

'ဦးတို့ ငါးဖမ်းယင်၊ တနေ့ ငွေဘယ်လောက်—လောက်ရသလဲဗျ'

အဖိုးအိုက သက်ပြင်းတချက်ချလိုက်သည်။

'ဘယ်လောက်မှ သိပ်မရပါဘူးကွာ၊ အများဆုံးရယင် ငွေတစ်ကျပ်သားပေါ့'

လေသည် အိတ်ထဲမှ ငွေ(၅)ကျပ်အားထုတ်ယူ၍ အဖိုးအို အား လှမ်းပေးလိုက်လေသည်။

'ဒါဖြင့် ဦးတို့က ငါးသွားပြီး ဖမ်းမနေပါနဲ့တော့ ကျွန်တော့်ကို ကုန်းပေါ်ထိ လိုက်ပြီး ပို့ပေးပါ'

အဖိုးအိုက ငွေ(၅)ကျပ် ရရှိလိုက်သဖြင့် လွန်စွာ ဝမ်းသာသွားသည်။

'ကောင်းပါပြီလေ'

သူသည် ရွက်လှေအား နောက်သို့ ပြန်လည်ကွေ့လိုက်လေတော့သည်။

* * *



၁၅/၁၃၈
၂၁၇၄၄

## မိန်းကလေး ရှောက်ဆွဲ့

ဤနေရာသည် ဆန်တုံးနယ်၏ ဆိပ်ကမ်းမြို့တမြို့ဖြစ်သည်။

ဤမြို့ကလေးသည် အချက်အချာကျသော မြို့ကလေး တမြို့လည်းဖြစ်သည့်အားလျော်စွာ အလွန်စည်ကားလှပေသည်။

လေသည် ထိုမြို့ထဲတွင်ရှိသော တည်းခိုခန်းတခု၌ အခန်းငှား နေလိုက်လေသည်။

ထိုနောက် ဆိုင်လုလင်အား အဝတ်အစားတစုံ ဝယ်ပေးပါရန် မှာကြားလိုက်လေသည်။

ထို့နောက် သူသည် စားသောက်ဖွယ်ရာများကို မှာကြားပြီးနောက် အခန်းထဲ၌ အိပ်၍ အနားယူလေသည်။

သူသည် နောက်တနေ့ နေ့လည်ထိ အိပ်ပျော် သွားလေသည်။

သူအိပ်ရာမှ နိုးလာသောအခါတွင် သူ၏ တကိုယ်လုံးမှာ ခွန်အားများ မမျော်လင့်ပဲ ပြန်လည် ရရှိလာသည်ကို တွေ့ရသောကြောင့် လွန်စွာဝမ်းသာသွားလေသည်။

တဆက်တည်းမှာပင် သူသည် ခံပြင်းသောစိတ်များ တဖွဖွ ပေါ်ပေါက်လာလေသည်။

သူသည် မည်သည့်နည်းနှင့်မဆို လုရင်းကျေးရွာအား မတွေ့တွေ့အောင် လိုက်ရှာမည်ဟု ဆုံးဖြတ်လိုက်လေသည်။

နေ့လည်စာ စားပြီးနောက်၊ သူသည် တည်းခိုခန်းမှ ထွက်လာလေသည်။

သူသည် ဆိုင်ထဲမှ မထွက်ခွာမီ ဆိုင်လုလင်အား—

-ဒီမှာ မိတ်ဆွေ....လုရင်းကျေးရွာ ဘယ်မှာ ရှိသလဲ ဆိုတာ မင်းသိသလား'

ဆိုင်လုလင်က အနည်းငယ်စဉ်းစားလိုက်ပြီး ခေါင်းခါရမ်းလိုက်သည်။

'ခင်ဗျားပြောတဲ့လုရင်းကျေးရွာကိုကျွန်တော်မကြားဖူးဘူးဗျ၊ ဒီနယ်တဝိုက်မှာတော့၊ဒီကျေးရွာနာမည်ကို မကြားဖူးဘူး'

လေသည်မေး၍ မရသည့်နောက်၊ တည်းခိုခန်းမှ ထွက်လာပြီး၊ ဟိုက်ယန်းမြို့သို့ ဦးတည်ထွက်ခွာသွားလေသည်။

* * *





လေသည်ဟိုက်ယန်းမြို့သို့ရောက်ရှိလာသောအခါတွင်လည်း လုရင်းကျေးရွာ၏အကြောင်းကို စုံစမ်းမေးမြန်းကြည့်သည်။

သို့သော်မည်သူကမှထိုကျေးရွာကိုမသိသဖြင့်လုရင်းကျေးရွာကို စုံစမ်း၍မရသည့်အဆုံး လက်မှိုင်ချလိုက်လေသည်၊

ထို့နောက်လေသည် ကျီနန်းမြို့သို့ ဦးတည် ထွက်ခွာသွားပြန်လေသည်။

* * *

ကျီနန်းနယ်သည် အလွန်သာယာသောနယ်တနယ်ဖြစ်သည်။

ထိုနယ်ရှိ အိမ်တိုင်းအိမ်ဘိုင်းမှာ ကိုယ့်ခြံဝင်းနှင့် ပန်းမျိုးစုံလင်စွာစိုက်ထားကြလေသည်။

လေသည် ကျီနန်းမြို့သို့ ရောက်ရှိလာသောအခါ၊ ညနေဆည်းဆာအချိန်ပင် ဖြစ်နေလေသည်။

သူသည် ကျီနန်းမြို့တွင်းရှိ တည်းခိုခန်းတွင်းသို့ဝင်၍ အခန်းတခန်းငှားပြီးနောက်၊ အပြင်ဘက်ရှိ စားသောက်ဆိုင် တဆိုင်သို့သွားရောက်ကာ တယောက်ဘည်းစားသောက်နေလေသည်။

သူသည် ထိုသို့ တယောက်တည်း စားသောက်နေယင်းမှ သူ့စားပွဲအနီးရှိ ဝိုင်းဖွဲ့စားသောက်နေသောလူများက ပုံပြင် အကြောင်းများကိုစိတ်ဝင်စားစွာပြောနေကြသည်ကို ကြားလိုက်ရလေသည်။

အချို့လူများက ပုံပြင်ကိုလာရောက် နားထောင် ကြသူများဖြစ်ကြသည်။

ထို့အပြင် ယင်းလူများသည် ပုံပြင်လာရောက်နားထောင်လို၍ နယ်ပေါင်းများစွာကရောက်ရှိလာခြင်းဖြစ်သည်ဟုလည်း လေကကြားမိလိုက်လေသည်။

သူသည် နားမလည်သောကြောင့် အစားအသောက်များလာရောက်ချပေးသော ဆိုင်လုလင်အား စုံစမ်းလိုက်သည်။

'နေပါအုံးဗျ၊ ပုံပြင်ပြောတယ်ဆိုတာ ဘာကို ဆိုလိုတာလဲဗျ'

ဆိုင်လုလင်က သူ့အားအကဲခတ်ကြည့်လိုက်သည်။

'အစ်ကိုကြီးက ဒီနယ်က မဟုတ်ဘူးနဲ့တူတယ်'

လေက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ် ခရီးသည်တယောက်ပါ'

ဆိုင်လုလင်က ခေါင်းညိတ်လိုက်သည်။

'ဒါကြောင့် အစ်ကိုက ဒီအကြောင်းတွေကိုမသိတာကိုး'

ဆိုင်လုလင်သည် ခေါင်းတချက်ငြိမ့်လိုက်ပြီး—

'ဒီလိုဗျ၊ ကျွန်တော်တို့ ကျီနန်းနယ်မှာ ပုံပြင်ပြောတဲ့ အလေ့တခုရှိပါတယ်။ ဒါကြောင့်မို့ ပုံပြင်ပြောတဲ့နေရာဟာ သုံးလေးခုလောက်ရှိပါတယ်။ ဒီနယ်မှာရှိတဲ့ လူတိုင်း လူတိုင်းဟာ ပုံပြင်ပြောတဲ့အရပ်မှာ သွားနားထောင်ကြတယ်ဗျ၊အဲ့ ဒီမှာပရိသတ်တွေနဲ့ တော်တော်စည်ကားတယ်ဗျ၊ တခါတလေ ပြောတဲ့ပုံပြင်က အလွန်ကောင်းတဲ့အခါမှာဆိုယင်တော့ ဒီနယ်အနီးတဝိုက်မှာရှိကြတဲ့ မြို့ရွာကလူတွေပါလာပြီး နားထောင်ကြတယ်ဗျ—'





လေက ရယ်မောလိုက်သည်။

'ဒါဖြင့် ဒီနေ့ညတော့ ကျုပ်လဲ ဗဟုသုတရအောင် နားထောင်မှနဲ့တူတယ်'

ထိုစဉ်မှာပင် သူ၏ဝဲဘက်စားပွဲမှ လူတယောက်က သူ့အားကြည့်ကာ လက်နှစ်ဖက်ဆုပ်လိုက်ပြီး—

'ဒီက နောင်ကြီးက ပုံပြင် သွားနားထောင်မယ် ဆိုယင်၊ ကျုပ်နဲ့ အဖော်လိုက်ခဲ့ပါလားဗျာ၊ ကျုပ်ကလဲ ပုံပြင်နားထောင်ချင်လို့ အခြားနယ်က ရောက်လာတာပါ'

လေက ပြန်လည်ဦးညွတ်လိုက်သည်။

'ဟာ—ဒါဆိုအတော်ပဲ၊ ဟန်ကျလိုက်တာ၊ အဖော်ပါတော့ ပိုကောင်းတာပေါ့ဗျာ...'

ထိုလူကရယ်မောလိုက်သည်။

'ကျုပ်နာမည်က ဝူးရှောက်ဖုန်းလို့ ခေါ်ပါတယ်၊ မိတ်ဆွေကို ကျုပ်က ခင်မင်ထတ်ပါတယ်'

လေက ဦးညွတ်လိုက်သည်။

'ဟုတ်ကဲ့—ကျုပ်ကလဲ ခင်မင်တတ်ပါတယ်၊ ကျုပ် နာမည်ကတော့ 'လေ' လို့ခေါ်ပါတယ်'

ဝူးရှောက်ဖုန်းသည် လေ၏ စားပွဲရှိရာသို့ လျှောက်လာသည်။

ထို့နောက် သူသည် ဆိုင်လုလင်ဘက်သို့ လှည့်လိုက်ပြီး–

'ကဲ–ကျုပ်စားပွဲပေါ်က ဟင်းခွက်တွေကို ဒီဘက်စားပွဲ ရွှေ့ခဲ့ပေးပါ'

ဆိုင်လုလင်သည် ဦးရှောက်ဖုန်း၏ ဟင်းပန်းကန်များကို လေ၏ စားပွဲပေါ်သို့ ရွှေ့ပြောင်းပေးလိုက်လေသည်။

* * *

ဦးရှောက်ဖုန်းသည် လေ၏ရှေ့သို့ အရက်တခွက်ကို ငှဲ့ပေးလိုက်ယင်း–

'ကျုပ်တို့ ဆန်တောင်းနယ်မှာ ပုံပြင်ပြောတဲ့ အလေ့တခု ရှိတယ်ဗျ၊ ပုံပြောတဲ့လူဟာ ဗိုတခု နဲ့စည်းဝါးနှစ်ခုနဲ့ အချက်ကျကျတီးပြီး ရှေးရှေးတုန်းက အကြောင်းအရာများကို အသံနေ အသံထားနဲ့ ပြောပြလေ့ရှိပါတယ်၊ တခါတခါပြောမယ့် ပုံပြင်က လူကြိုက်များတဲ့ပုံပြင်ဖြစ်တယ်ဆိုယင် ရွာနီးချုပ်စပ်က လူတွေဆောင် အစုလိုက် အပြုံလိုက်လာပြီး ပုံပြင်ကို စိတ်ဝင်စားစွာ နားထောင်ကြတယ်လေ'

ဦးရှောက်ဖုန်း၏ ပြောစကားကို လေက စိတ်ဝင်စားစွာ နားစွင့်နေ၏။

ဦးရှောက်ဖုန်းက စကားဆက်လိုက်ပြန်သည်။





'အခု ဒီမြို့မှာ ပုံပြင်ပြောတဲ့နေရာ (၃) နေရာရှိပါတယ်၊ ဒါပေမယ့် လူထုဥယျာဉ်မှာ အခုပုံပြင်ပြောတဲ့ မိန်းကလေး တယောက် ရောက်လာတယ်။ အဲ့ဒီမိန်းကလေးဟာ အသံကလဲ ကောင်း၊ အပြောကလဲ သိပ်ပိုင်တဲ့အတွက် ကျုပ်တို့ပါနေ့စဉ် ရက်ဆက်လာပြီး နားထောင်နေရတယ်ဗျ'

လေက ပြုံးလိုက်သည်။

'တယ်ဟုတ်ပါလားဗျ၊ ခင်ဗျားပြောတာနဲ့ ကျုပ်တောင်မှ တော်တော် နားထောင်ချင်လာပြီ'

ဦးရှောက်ဖုန်းက သူ့ရင်ဘတ်ကို လက်ဖြင့်ပုတ်လိုက်သည်။

'စိတ်ချ၊ ကနေ့ည ခင်ဗျားကို ကျုပ်လိုက်ပို့ပေးပါ့မယ်'

လေက ဦးညွှတ်လိုက်သည်။

'ဒါဆိုယင် ခင်ဗျားကို ကျေးဇူးတင်လိုက်တာဗျာ'

ဦးရှောက်ဖုန်းသည် ဆိုင်လုလင်အား လှမ်းခေါ်လိုက်သည်။

ဆိုင်လုလင်က ရောက်ရှိလာသောအခါတွင် သူက ငွေတုံးကလေးတတုံးကို ထုတ်ပေးလိုက်ပြီး–

'ဟောဒီက ရပ်ဝေးက မိတ်ဆွေအတွက် ခုံနေရာလေးတခုကို တဆိတ်ကြိုတင်ထားပေးပါဗျာ'

ဆိုင်လုလင်သည် ဦးရှောက်ဖုန်းပေးသော ငွေတုံးကလေး ယူကာ ဆိုင်ထဲမှ ပြေးလွှားထွက်ခွာသွားလေသည်။

လေက မျက်မှောင်ကုပ်သွားသည်။

'ပုံပြင်သွားနားထောင်တာတောင်မှ ခုံနေရာ ကြိုတင်ဝယ်ထားရတယ်၊ ဟုတ်လားဗျ'

ဦးရှောက်ဖုန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ နို့မဟုတ်ယင် နေရာမရပဲ ကျုပ်တို့ မတ်တတ်ရပ်ပြီး နားထောင်နေရမယ်ဗျ'

လူထုဥယျာဉ်သည် သိတ်မဝေးလှပါ။

လေတည်းခိုနေထိုင်နေသောတည်းခိုခန်းနှင့်ဆိုလျှင် နှစ်လမ်းထဲသာခြားသည်။

လေသည် ညနေအချိန်ရောက်လာသောအခါတွင် ဦးရှောက်ဖုန်းအား တည်းခိုခန်းထဲ၌ အသင့်ပြင်ကာစောင့်နေလေသည်။

မကြာပါချေ။

ဦးရှောက်ဖုန်းကရောက်ရှိလာပြီး သူတို့ နှစ်ယောက် သည် လူထုဥယျာဉ်ရှိရာသို့ လမ်းလျှောက်သွားကြလေသည်။

သူတို့သည် လမ်းထဲသို့ ချိုးဝင် လိုက်သည်နှင့် လေ သည် ခတ်လှမ်းလှမ်း၌ လူထုဥယျာဉ်ဟူသောဆိုင်းဘုတ်တခုအား တွေ့မြင်လိုက်ရလေသည်။

ယင်းဥယျာဉ်၏ရှေ့တွင် မြင်းများ၊ မြင်းလှည်းများနှင့် ခြေလျင်ဖြင့်ရောက်ရှိလာကြသောလူများမှာ အလွန် များပြား နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဦးရှောက်ဖုန်းနှင့်လေသည် ထိုလူထုဥယျာဉ်ထဲသို့ တိုးဝင်သွားပြီးနောက် ကြိုတင်မှာထားသော ထိုင်ခုံနေရာသို့ ရောက်ကာ ထိုင်ချလိုက်လေသည်။

ထိုသို့ရရှိထားသောထိုင်ခုံနေရာသည် တတိယတန်း ဖြစ်၍ အလွန်အဆင်ပြေလေသည်။





လေသည် သူတို့၏ထိုင်ခုံနေရာတွင်ထိုင်ချလိုက်ပြီး စင်ပေါ်သို့ အကဲခတ်ကြည့်လိုက်ရာ၊ စင်မြင့်ပေါ်၌ စားပွဲ တလုံး နှင့် ကုလားထိုင်နှစ်လုံးကိုတွေ့ရှိပြီး ထိုစားပွဲပေါ်၌ ဗုံ တလုံး တင်ထားသည်ကိုပါ တွေ့ရှိရလေသည်။

ထို့အပြင် စင်ပေါ်တွင် ကြိုးတပ်တူရိယာတခုရှိသည်မှအပ စင်မြင့်တခုလုံးမှာ မည်သည့်အရာဝတ္ထုတခုမှမရှိပါချေ။

ထို့နောက်သူသည် ဘေးဘီသို့တချက် အ ကဲ ခတ် ကြည့်လိုက်လေသည်။

ပုံပြင်နားထောင်ရန် လာရောက်ကြသည့် ပရိသတ်များမှာ များသောအားဖြင့် သိုင်းသမားများသာဖြစ်ကြသည်ကို တွေ့ရှိရလေသည်။

လူများသည် တဖြေးဖြေးနှင့် လူထုဥယျာဉ် ထဲတွင် ပြည့်နှက်လာလေသည်။

မကြာပါချေ။

အပြာရောင်ဝတ်ဆင်ထားသောမိန်းကလေးတယောက်သည် စင်မြင့်ပေါ်သို့တက်လာလေသည်။

သူမ၏နောက်တွင် အသက်(၄၀)ကျော်ခန့် လူတယောက်လည်း ပါလာနေ၏။ ထိုလူသည် စင်မြင့်ပေါ်တွင် ရှိနေသော ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ပြီးလျှင်၊ ကြိုးတပ် တူရိယာအား ယူလိုက်ပြီး အသံညှိနေ၏။

မိန်းကလေးသည် လက်တဘက်မှာ ဗုံတီးသောဒုတ်အား ကောက်ကိုင်လိုက်ပြီး ကျန်လက်တဘက်ဖြင့် ဝါးချပ်ကိုယူလိုက်လေသည်။

ထိုစဉ်အော်ဟစ်ဆူညံနေသော ပရိသတ်များသည် မီးအား ရေဖြင့် ဖြန်းသပ်လိုက်သကဲ့သို့ တိတ်ဆိတ် ငြိမ်သက် သွားကြ လေသည်။

ထို့နောက် မိန်းကလေးသည် ဗုံအားတချက်တီးလိုက်ပြီး အသံနေအသံထားဖြင့် သူမပြောပြမည့်ပုံပြင်အား စတင်ပြော ပြလေတော့သည်။

လေသည် ထိုအမျိုးသမီး၏ သာယာနေသောအသံကိုကြား လိုက်ရသဖြင့် သူ၏စိတ်ထဲ၌ အလွန်ပင် ကြည်လင်သာယာလေ သည်ဟု ထင်မိလေသည်။

ဝူးရှောက်ဖုန်းက တချက် ပြုံးလိုက်လေသည်။

'ဘယ့်နှဲ့လဲ မိတ်ဆွေ၊ ဒီမိန်းကလေးအသံ နားထောင်လို့ မကောင်းဘူးလား'

လေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ အဲဒီ မိန်းကလေးရဲ့ အပြောအဆိုကတော်တော် လေး ပိုင်ပါတယ်'

ဝူးရှောက်ဖုန်းက ပြုံးပြလိုက်သည်။

'သူ့ကို ဒီလောက်တောင် သဘောကျနေတယ်ဆိုယင်တော် ကြာ ရှောက်ဆွေ့ပြောရမယ့်အလှည့် ရောက်လာတဲ့အခါကျ ယင်၊ ခင်ဗျား ပိုပြီး သဘောကျမှာပဲ'

လေက ပြုံးလိုက်သည်။

'တော်တော်ဆိုတဲ့ စာပါလားဗျ၊ တော်ကြာ ကြည့်သေး တာပေါ့'





မကြာပါချေ။

ထိုမိန်းကလေးသည် အလှည့်ကုန်ဆုံးသွားပြီးဖြစ်၍ ပရိသတ် အား ဦးညွှတ်၍နေလေသည်။

ပရိသတ်များ၏ လက်ခုပ်သံများသည် ဆူညံစွာထွက်ပေါ် လာကြလေသည်။

* * *

လက်ခုပ်သံများ တိတ်ဆိတ်သွားပြီး နောက်မှ ထိုမိန်းက လေးသည် စင်မြင့်ပေါ်မှ ဆင်းသွားလေသည်။

ထိုစဉ် အခမ်းအနားကြေညာသူက ထပ်မံကြေညာ လိုက် သည်။

'ခုတခါ အများမျှော်လင့် တောင့်တနေတဲ့ ရှောက်ဆွေ့ အလှည့် ကျရောက်လာပါပြီခင်ဗျာ၊ သူ့ရဲ့ အသံနဲ့ သူ့ပြော ဟန်များကို ပရိသတ်များ အကဲဖြတ်ကြည့်ကြပါအုံးခင်ဗျာ'

ကြေညာသံပြီးဆုံးသွားသည်နှင့် ပရိသတ်များ၏ လက်ခုပ် သံများသည် ဝန်းကျင်တခုလုံးသို့ ဆူညံစွာ ဟိန်းထွက်လာ လေသည်။

လက်ခုပ်သံများ ဆူညံစွာထွက်လာပြီး နောက်တွင်၊ ဝန်း ကျင်တခုလုံးမှာ တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်သွားလေသည်။

တကိုယ်လုံး အဖြူရောင်အဝတ်အစားများကို ဝတ်ဆင်ထားသော မိန်းကလေး တယောက်က စင်မြင့်ပေါ်သို့ ကိုယ်ဟန်နွဲ့နှောင်းကာ တက်ရောက်လာသည်။

ပရိသတ်များသည် အားလုံး ငေးငိုင်သွားကြသည့်အလား အသံမထွက်ကြတော့ပါချေ။

ပရိသတ်၏ ရာပေါင်းများစွာသော မျက်လုံးများသည် ထိုမိန်းကလေးထံသို့စုရုံးရောက်ရှိသွားကြလေသည်။

လေ၏ မျက်လုံးအစုံသည် ထိုမိန်းကလေး၏ မျက်နှာပေါ်မှ လုံးဝ မခွာတော့ပါချေ။

သူ၏ ပါးစပ်မှာလည်း ဟောင်ဖွာဟောင်ဖွာနှင့် သူ့မျက်နှာတခုလုံးမှာလည်း အကြီးအကျယ် အံ့ဩနေသည့် အရိပ်အယောင်များက ပေါ်လွင်နေ၏။

လေသည် မိန်းကလေးပေါင်း မြောက်များစွာတို့ကို တွေ့မြင်ခဲ့ဖူးသူဖြစ်သည်။

သို့သော် မည်သည့်မိန်းကလေးမှ သူယခုကဲ့သို့ ဣန္ဒြေ ပျက်အောင် ကြည့်ခဲ့ခြင်းမရှိခဲ့ပါချေ။

ယင်းသို့ ဖြစ်ရခြင်းမှာလည်း ထိုရွှောက်ဆွေ့ဆိုသော မိန်းကလေးသည် လှယန်းယန်း၊ သို့မဟုတ် လှချွန်းချွန်းတို့နှင့် ရွေးမရအောင် ရုပ်ချင်းတူနေသောကြောင့် ဖြစ်လေသည်။

ဦးရွှောက်ဖုန်းက လေ၏ ဟန်မူရာမှာ ထူးခြားနေသည်ကို တွေ့ရှိရသဖြင့်—





'ဘယ်လိုလဲဗျ— ခင်ဗျား သူ့ကိုသိနေလို့လား'

ထိုအသံ ကြားလိုက်တော့မှပင် လေက သတိ ပြန်လည်ရလာလေသည်။

သူသည် ခေါင်းခါယမ်းလိုက်ပြီး—

'မသိပါဘူးဗျာ… ခင်ဗျားပြောတဲ့ ရွှောက်ဆွေ့ဆိုတာ သူဟုတ်လား'

လေက ခေါင်းညိတ်လိုက်သည်။

'အင်း… တော်တော့ကို လှတဲ့ မိန်းကလေး တယောက်ပါပဲ'

ထိုစဉ် စင်မြင့်ပေါ်မှ ရွှောက်ဆွေ့သည် သူပြောရမည့် ပုံပြင်ကို စတင်ပြောဆိုနေလေသည်။

သူမ၏ အသံသည် သာယာပြီး ချိုလွင်နေသည်။

သံစဉ် အနိမ့်အမြင့်လိုက်၍ ပုံပြင်တခုကို ပြောဆိုနေလိုက်သည်နှင့် ကြားလိုက်ရသောလူများသည် စိတ်ထဲ၌ အလွန်ပင်သာယာကြည်နူးလာသည်ဟု ခံစားလိုက်ရလေသည်။

သူမ၏ပုံပြင် ပြီးဆုံး၍ ရပ်တန့်လိုက်တော့မှပင် ပရိသတ်များ၏ လက်ခုပ်သံများသည် ဆူညံစွာ ဟိန်းထွက် လာကြလေသည်။

*       *       *

လေသည် တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိလာသည့်တိုင်အောင် သူသည် ပုံပြင်ပြောနေသောရှောက်ဆွေ့၏အကြောင်းကို တလမ်းလုံး စဉ်းစားလာနေလေသည်။

ဤပုံပြင် ပြောဆိုနေသော ရှောက်ဆွေ့မှာ လုယန်းယန်းပင် ဖြစ်ရမည်ဟု သူက တထစ်ချ ယုံကြည်ထားလေသည်။

သို့သော် လုယန်းယန်းက ရှောက်ဆွေ့ ဖြစ်နေလျှင် သူက အဘယ်ကြောင့် ဤနေရာသို့လာရောက်၍ ပုံပြင်ကိုပြောကြားနေရပါသနည်း။

သူသည် ယင်းသို့ စဉ်းစားယင်း အိပ်မပျော်ပဲ ဖြစ်နေလေသည်။

ရှတ်တရက် သူသည် လုချန်းချန်းနှင့် လုယန်းယန်းမှာ ခွဲခြားနိုင်သော အမှတ်အသားတခုကို သူသည် လုယန်းယန်းနှင့် သမီးရည်းစားမကာ၊ လင်မယားမကျ ပေါင်းသင်း နေထိုင်ခဲ့ဖူးသဖြင့် သူက လုယန်းယန်းကို သေချာစွာ မှတ်မိနေ၏။

ထို့ကြောင့် လုချန်းချန်းက လုယန်းယန်းအဖြစ်ဟန်ဆောင်၍ သူ့ထံသို့ ရောက်ရှိလာသော အခါတွင် လုချန်းချန်း၏ ဝဲဘက်ရှိ နားရွက်ပေါ်၌ သေးငယ်သော အမာရွတ် တခုကို တွေ့ရှိလိုက်ရသောကြောင့် လုယန်ယန်းမဟုတ်ဟု သူက ခွဲခြားသိရှိနိုင်လေသည်။

ထို့ကြောင့် လုချန်းချန်းနှင့် လုယန်းယန်းတို့နှစ်ယောက်မှာ တကယ်ပင် အမြွှာပူးညီအစ်မဖြစ်သည်မှာ သေချာနေ၏။





သို့သော် လုယန်းယန်းအား နောက်ထပ်တကြိမ် ထပ်မံ၍ တွေ့မြင်နိုင်ခဲ့လျှင် သူသည် လုယန်းယန်းနှင့် လုချန်းချန်းတို့အား ပို၍ ခွဲခြားနိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

ယခုစင်မြင့်ပေါ်တွင် ပုံပြင်ပြောသွားသော ရှောက်ဆွေ့သည် လုယန်းယန်းနှင့် တပုံထဲရွေးမရလောက်အောင်ပင် ရုပ်ချင်း ဆင်တူနေသည်ကို တွေ့ရှိလိုက်ရသောအခါတွင် ရှောက်ဆွေ့သည် လုချန်းချန်းပင် ဖြစ်နေသလော၊ သို့မဟုတ် လုယန်းယန်းပင် ဖြစ်နေသလော၊ သို့မဟုတ် သုံးယောက်စလုံးသည် သုံးမြွှာပူးများဖြစ်နေသလော။

* * *

နောက်တနေ့ညနေ....။

လေသည် ရှောက်ဆွေ့နှင့်ပတ်သက်ပြီး သူ၏ စိတ်ထဲတွင် မတင်မကျနှင့်ဖြစ်ပေါ်နေသော သံသယများမှ ရှင်းရှင်းလင်းလင်း ဖြစ်သွားစေရန် ပုံပြင်ပြောသောနေရာသို့ ထပ်မံရောက်ရှိသွားလေသည်။

သူသည် ရှောက်ဆွေ့ပုံပြင်ပြောပြီးသည့်အချိန်ထိ စောင့်ပြီးနောက် ရှောက်ဆွေ့နေထိုင်သောအခန်းထဲသို့ရောက်ရှိသွားလေတော့သည်။

ရှောက်ဆွေ့သည် သူ့အား မြင်တွေ့လိုက်သည်နှင့် သူမ၏ မျက်နှာမှာ အနည်းငယ်ပျက်သွားလေသည်။

သို့သော်လည်း သူမသည် ချက်ချင်းပင် ဣန္ဒြေဆယ်လိုက်လေသည်။

'ဘယ့်သူ့ကိုတွေ့ချင်လို့လဲရှင့်—'

လေက ပြုံးပြလိုက်သည်။

'ကျုပ်နာမည်က လေ ပါ၊ ခင်ဗျားရဲ့ပရိသတ်တယောက် ပါ၊ ခင်ဗျားနဲ့ မိတ်ဆက်ချင်တာနဲ့ အခုလို စုံစမ်းပြီး ရောက်လာတာပါ'

ရှောက်ဆွေ့သည် လေအား နေရာထိုင်ခင်းပေးလိုက်ပြီး—

'ထိုင်ပါရှင်၊ ကျွန်မလို အနုပညာသည်တယောက်ကို အခုလို လေးလေးစားစားလာပြီး မိတ်ဆက်တာကို ကျွန်မအနေနဲ့ သိပ်ပြီး ဝမ်းသာပါတယ်ရှင်'

လေသည် ရှောက်ဆွေ့အား အတန်ကြာစိုက်ကြည့်ပြီးမှ—

'ဒီမှာ ခင်ဗျားဟန်ဆောင် မနေပါနဲ့တော့၊ ခင်ဗျားတို့ အခုဘာလုပ်နေတယ်ဆိုတာ ကျုပ်ကို ဖွင့်ပြောပြယင် ကောင်းမယ်ထင်တယ်'

ရှောက်ဆွေ့က ရယ်မောလိုက်သည်။

'ရှင်က ဘာတွေလာပြောနေတာလဲ'

လေသည် သူမအား သေသေချာချာ စိုက်ကြည့် နေ၏။ သူမ၏ နားရွက်သည် ဆံကေသာများက ဖုံးကွယ်ထားသဖြင့်





သေချာစွာမမြင်နိုင်သော်လည်း ရှောက်ဆွေ့သည် လုယန်း၊ ကွယ် သို့မဟုတ် လုချန်းချန်းတယောက်ယောက်တော့ ဖြစ်ရမည် တွင် တွေ့ သူက ယုံကြည်ထားလေသည်။

သူသည် မရှောက်ဆွေ့အား အတန်ကြာ စိုက်ကြည့်လိုက် ပြီးမှ —

'ပြောပါ၊ ခင်ဗျားက လုချန်းချန်းလား၊ ဒါမှမဟုတ်— လုယန်းယန်းလား'

ရှောက်ဆွေ့က တခစ်ခစ် ရယ်မောလိုက်လေသည်။

'ရှင်ဟာ တော်တော် ရယ်စရာကောင်းတဲ့ လူတယောက်ပါ လား၊ ကျွန်မဟာ ပုပြင်ပြောတဲ့ရှောက်ဆွေ့ဆိုတာကို ဒီမြို့ ကလူတွေအားလုံး သိကြပါတယ်ရှင်'

လေက မျက်မှောင်ကုပ်လိုက်သည်။

'ဘယ်သူကပဲ ခင်ဗျားကို ရှောက်ဆွေ့လို့ သိသားကြပေ မယ့် ကျုပ်ကတော့ ခင်ဗျားကို လုယန်းယန်း၊ ဒါမှမဟုတ် လုချန်းချန်းဆိုတာပဲ သိထားတယ်၊ ဒါကြောင့် ကျုပ်ကိုလိမ် မနေပါနဲ့တော့၊ အမှန်အတိုင်းသာပြောစမ်းပါ'

ရှောက်ဆွေ့က သက်ပြင်းတချက်ချလိုက်သည်။

'ကဲ—ကျွန်မဟာ ရှောက်ဆွေ့ပဲဖြစ်ဖြစ်၊ လုယန်းယန်းပဲ ဖြစ်ဖြစ် ရှင် ဘာကိုသိချင်နေတယ်ဆိုတာကိုပဲ ပြောပြပါ'

လေသည် သူမအား တချက်ကြည့်လိုက်ပြီး—

ကျုပ်က လုရင်းကျေးရွာအကြောင်းကို သိချင်တယ်၊လုရင်း ကျေးရွာဟာ ဘယ်မှာရှိသလဲ'

ရှောက်ဆွေ့က ပခုံးတချက် တွန့်လိုက်သည်။

မျက်… ရှင့်မေးခွန်းကို ကျွန်မ မဖြေနိုင်လို့ ဝမ်းနည်းပါတယ်ရှင်

… လေက မျက်မှောင်ကုပ်သွားလေသည်။

လေ ‘ဘာဖြစ်လို့လဲဗျ’

ရှောက်ဆွေ့က လေအားကြည့်လိုက်ပြီး သက်ပြင်းတချက် ချလိုက်လေသည်။

‘ကျွန်မဟာ ရှင် ထင်ထားတဲ့ လုယန်းယန်း မဟုတ်လို့ပါ’

လေသည် သူမ၏လက်ကောက်ဝတ်အား လျှပ်တပျက် ဖမ်းဆွဲထားလိုက်လေသည်။

ရှောင်ဆွေ့၏ မျက်နှာတခုလုံးမှာ ကွက်ကနဲ ပျက်သွားလေသည်။

‘ရှင်….ရှင်…ကျွန်မကို ဘာလုပ်မလို့လဲ’

ထိုစဉ်မှာပင် အသံဗလံကြား၍ လူ(၃)ယောက်က အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။

သူတို့သည် လေက ရှောက်ဆွေ့အား အတင်းဖမ်းချုပ်ထားသည်ကို တွေ့ရသဖြင့်—

‘ဟေ့-ဒါဘာလုပ်တာလဲ၊ လွှတ်လိုက်’

ဟုပြောယင်း လေအား စတင်တိုက်ခိုက်လိုက်လေသည်။

လေက ထိုလူများ၏ တိုက်ခိုက်မှုကို အလွယ်တကူ ရှောင်တိမ်းလိုက်ပြီး၊ သူ့ခြေထောက်ဖြင့် ဆက်တိုက် ကန်ချလိုက်ရာ ထိုလူ(၃)ယောက်သည် အခန်း၏ အပြင်ဖက်သို့လွင့်စင်ထွက်ကျသွားလေတော့သည်။





လေသည် ရှောက်ဆွေ့၏ ဝဲဖက်နားရွက်ပေါ်မှာ ဖုံးကွယ်ထားသော ဆံကေသာများကို ဖယ်ရှားပစ်လိုက်သောအခါတွင် သူမ၏ နားရွက်ပေါ်၌ သေးငယ်သော အနာရွတ်တခုကို တွေ့မြင်လိုက်ရလေသည်။

သူသည် မဲ့ပြုံးပြုံးလိုက်ပြီး သူမအား စေ့စေ့ ကြည့်လိုက်လေသည်။

‘ကဲ..လုချန်းချန်း၊ ခင်ဗျားဟာ လုချန်းချန်း ဆိုတာကိုတော့ ကျုပ်သေသေချာချာမှတ်မိတယ်၊ ကဲ ခင်ဗျား ဘာပြောချင်သေးသလဲ’

လုချန်းချန်းက မည်သို့မျှမပြောတော့ပဲ ခေါင်းငုံ့သွားလေတော့သည်။

အတန်ကြာသောအခါ လေသည် သတိရလာပြီး ဆုပ်ကိုင်ထားသော လုချန်းချန်း၏လက်အားလွှတ်ပေးလိုက်ရလေသည်။

ထို့နောက် သူသည် သက်ပြင်းတချက်ချလိုက်ပြီး၊ ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

‘ကဲ..လုချန်းချန်း၊ မင်းတို့က ဘာဖြစ်လို့ ကျုပ်ကို အမျိုးမျိုး ကလိန်ဉာဏ်ဆင်ပြီး ခုလို ဟန်ဆောင်နေကြတာလဲ’

လုချန်းချန်းက ကုလားထိုင်ပေါ်သို့ ထိုင်ချ လိုက်သည်။

‘ရှင်က အမှန်အတိုင်း သိချင်နေမှတော့၊ ကျွန်မက ပြောပြရမှာပေါ့’

လေက နားစွင့်နေ၏။ လုချန်းချန်းသည် လေအား တချက်ကြည့်လိုက်ပြီး—

'ရှင်က ဗိုလ်မင်းရဲတိုက်က ထွက်လာတဲ့အချိန်ကစပြီး ရှင့်နဲ့ ရွှေဆက်ပြီး လုပ်ဆောင်မဲ့ လုပ်ငန်းက ဘာတွေလဲ ဆိုတာကို ကျွန်မတို့က အမြဲမပြတ် ရှင့်ကိုအကဲခတ်ကြည့်နေပါတယ်'

လေက ရင်ထိတ်သွားသည်။

'ကျုပ် ဗိုလ်မင်းရဲတိုက်က ထွက်လာတယ်ဆိုတာကို မင်းတို့ ဘယ်လိုလုပ်ပြီး သိနေကြတာလဲ'

လုချန်းချန်းက—

'သိတာပေါ့ရှင်... ကျွန်မတို့က လုရင်းကျေးရွာနဲ့ အမြဲမပြတ် အဆက်အသွယ် ရှိနေပါတယ်'

လုချန်းချန်း၏စကားကြောင့် လေသည် လွန်စွာမှ စိတ်ဝင်စားလာလေတော့သည်။

* * *

လေသည် နေပြည်တော်က အလွန် အားထားရသော ထောက်လှမ်းရေးသမားတယောက် ဖြစ်လေသည်။

အထက်က လျှို့ဝှက်စွာဖြင့် ပေးလိုက်သော တာဝန်အရ ဗိုလ်မင်းရဲတိုက်သို့ ရောက်ရှိသွားလေသည်။

သို့သော်... ဗိုလ်မင်းရဲတိုက်သို့ ရောက်ရှိသွားသောအခါ ဗိုလ်မင်းရဲတိုက်တွင် ကောင်းစွန်းပေ၊ အုပ်စုနှင့် ရှာဟူတိတ်တို့ အချင်းချင်း တဖက်နှင့်တဖက် အာဏာ လုနေကြသည်ကို အမှတ်မထင် တွေ့လိုက်ရသည်။

ဝဏ္ဏထွန်း စာပေ



ထို့နောက် သူသည်အခွင့်အရေးတခုကြောင့် ဗိုလ်မင်းရဲတိုက်သို့ လူယုံတော်တယောက်အဖြစ် ရောက်ရှိသွားလေသည်။

သူသည် ယင်း အုပ်စုနှစ်ခု အင်အားကို အချင်းချင်း အပြန်အလှန် ပြိုကွဲသွားစေရန် ပရိယာယ်ဆင်လိုက်လေသည်။

သူမျှော်လင့်ထားသည့်အတိုင်းပင် နောက်ဆုံးတွင် ဗိုလ်မင်းရဲတိုက်ကို ဖြိုခွင်းနိုင်ခဲ့လေသည်။

ထို့နောက် သူသည် ထုံးစံအတိုင်း အထက်က ပေးသောတာဝန်တခုကို ကျေပွန် အောင်မြင်စွာ လုပ်ဆောင်ပြီးလျှင် အနည်းဆုံး သုံးလခန့် အလုပ်မလုပ်ရပဲ အေးအေးစွာအနားယူနိုင်လေသည်။

သို့သော် ဤတကြိမ်တွင် သူသည် လုံးဝ အနားယူ၍ မရပါချေ။

အကြောင်းမှာ သူ၏အထက်အရာရှိက သူ့အား နေပြည်တော်သို့ မပြန်ခိုင်းပဲ လုရင်းကျေးရွာကို စုံစမ်း ထောက်လှမ်းပြီး ဖြိုခွဲရန် ထပ်ဆင့် အမိန့်ပေးလိုက်လေသည်။

ထို့ကြောင့် သူသည် မလွှဲမရှောင်သာတော့ပဲ အထက်က အမိန့်အတိုင်း လုရင်းကျေးရွာအား လိုက်လံ စုံစမ်းရှာဖွေခဲ့ရလေသည်။

ဤအကြောင်းသည် နေပြည်တော်အာဏာပိုင်နှင့် မိမိက လွဲ၍ အခြားမည်သူကမှ မသိကြပါချေ။

ဝဏ္ဏထွန်း စာပေ

ယခုမှာမူ လုချန်းချန်းက မိမိ၏ လှုပ်ရှားမှုများအားလုံးကို သိထားသဖြင့် သူသည် မအံ့သြပဲ မနေနိုင်တော့ပါချေ။

*　　　*　　　*

လေက အံ့သြစွာဖြင့်—

'နေပါအုံး.... ကျုပ်က လုရင်းကျေးရွာအကြောင်းကို လိုက်ပြီးစုံစမ်းနေတာကို မင်းကို ဘယ်သူက ပြောတာလဲ'

လုချန်းချန်းက—

ဒါကတော့ ဗိုလ်မင်းရဲတိုက်က လူတယောက်က ကျွန်မတို့ လုယင်းကျေးရွာနဲ့ဆက်သွယ်မိလို့ သူ့ဆီက ကျွန်မတို့ သတင်းရလိုက်တာပါ'

လေက ပုခုံးတချက်တွန့်လိုက်လေသည်။

'ခင်ဗျားတို့ ရထားတဲ့ သတင်းက တော်တော်လေး စုံစုံလင်လင် ရထားတာကိုး'

လုချန်းချန်းက ပြုံးလိုက်လေသည်။

'ဟုတ်ကဲ့.. လုရင်းကျေးရွာကို အထင်မသေးပါနဲ့၊ အထင်သေးယင်တော့ ရှင် ဒုက္ခရောက်သွားနိုင်တယ်'

လေက ပုခုံးတချက် တွန့်လိုက်ပြန်သည်။

'ကျုပ်က အထင်မသေးဝံ့ပါဘူးဗျာ'

လေသည် မျက်မှောင်တချက်ကုပ်လိုက်ပြီး—





'ဒါနဲ့ လုယန်းယန်းဟာ ခင်ဗျားရဲ့ အမွှာညီအစ်မဟုတ်လား'

လုချန်းချန်းက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်ရှင်၊ သူဟာ ကျွန်မရဲ့ အမွှာညီအစ်မပါ'

လေက မျက်မှောင်ကုပ်လိုက်ပြီး—

'ဒါနဲ့ လုရင်းကျေးရွာက ဘာဖြစ်လို့ သူ့ကို လုချန်းချန်းဆိုပြီး လိုက်ပြီး လုပ်ကြံနေရတာလဲ'

လုချန်းချန်းက သက်ပြင်းတချက်ချလိုက်သည်။

'လုရင်းကျေးရွာက ဘာဖြစ်လို့ သူ့ကို လုပ်ကြံတယ်ဆိုတာကို ခုလောက်ဆို ရှင် နားလည်သဘောပေါက်ဖို့ကောင်းပြီထင်တယ်'

ထို့နောက် သူမသည် ရုတ်တရက် မျက်နှာထား တင်းမာလာသည်။

'ဒီမှာ— ရှင်မှန်မှန်ပြောစမ်း၊ ရှင်က ကျွန်မတို့လုရင်းကျေးရွာကို လိုက်ပြီး စုံစမ်းထောက်လှမ်းတဲ့ မင်းမှုထမ်းတယောက်မဟုတ်လား'

လုချန်းချန်း၏ မျက်နှာမှာ ရုတ်တရက်တင်းမာခက်ထန်လာသည့် ဟန်မူယာကိုကြည့်ကာ လေသည် အံ့သြသွားလေသည်။

ထိုစဉ်မှာပင် အေးစက်စွာပြောလိုက် အသံတခုကို ကြားလိုက်ရလေသည်။

'ဘာမှ သံသယ မရှိပါနဲ့သခင်မ၊ သူဟာ နေပြည်တော်က စေလွှတ်လိုက်တဲ့ ထောက်လှမ်းရေးမှူးတယောက် ဖြစ်တယ် ဆိုတာ ကျုပ်ကိုယ်တိုင် သေသေချာချာ သတင်းရထားပြီးပါပြီ'

လေသည် အသံလာရာ ဘက်သို့ လှည့်ကြည့်လိုက်သော အခါ လူတယောက်သည် ခေါင်းရှည်အား လက်တွင် ဆုပ်ကိုင်လျက် ရောက်ရှိလာသည်ကို တွေ့ရလေသည်။

လေအနေဖြင့် ပို၍ အံ့ဩသွားသည်မှာ၊ ယင်း ရောက်ရှိလာသောလူသည် ဦးရှောက်ဖုန်းပင် ဖြစ်နေလေသည်။

လေက မျက်မှောင် ကုပ်လိုက်သည်။

'သက်စသတ်ထော့ မိတ်ဆွေက လုရင်းကျေးရွာက လူကိုး'

ဦးရှောက်ဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

'ဟုတ်ပါဗျာ — ခင်ဗျားသွားရာနောက်ကို ခြေရာခံပြီး စုံစမ်းနေတဲ့လူတယောက်ပါ'

လေက ပြုံးလိုက်သည်။

'နေပါအုံး၊ ကျုပ်က ထောက်လှမ်းရေး တယောက်ဖြစ်တယ် ဆိုတာကို ခင်ဗျားက ဘယ်လိုလုပ်ပြောနိုင်သလဲ'

ဦးရှောက်ဖုန်းက မဲ့ပြုံးပြုံးလိုက်ပြန်သည်။

'ခင်ဗျားဟာ ရောက်တဲ့နေရာတိုင်းမှာ လုရင်းကျေးရွာနဲ့ လုရင်းကျွန်းကိုလိုက်ပြီး စုံစမ်းမေးမြန်းနေတယ်ဆိုတာကို ကျုပ် မသိတာ မှတ်လို့'

လေက သက်ပြင်းတချက်ချလိုက်သည်။

'ခင်ဗျား ကျုပ်ကို အထင်မှားနေပြီဗျ၊ လုရင်းကျေးရွာကို လိုက်စုံစမ်းနေရတာက ကျုပ်မှာ အကြောင်းတခုရှိလို့ပါ'

ဦးရှောက်ဖုန်းက သူ့အား အကဲခတ်ကြည့်လိုက်သည်။

'ဘာအကြောင်းလဲကွ၊ ပြောစမ်းပါအုံး'





လေသည် သူ၏အိတ်ထဲမှ ခေါက်ထားသောစာရွက်တရွက်ကို ထုတ်ယူလိုက်လေသည်။

'ဟောဒီမှာ နေပြည်တော်အာဏာပိုင်ကဖြန့်ဝေတဲ့ ကြေငြာစာကို ခင်ဗျားတို့ဖတ်ကြည့်ယင် ကျုပ်အကြောင်းကို သိလာမှာပါ'

ဦးရှောက်ဖုန်းသည် လေ၏ လက်ထဲမှ စာရွက်အား လှမ်းယူပြီးဖြန့်၍ဖတ်ကြည့်လိုက်သည်။

ယင်းစာရွက်သည် နံရံပေါ်မှ ဆုပ်ခွာလာသောစာရွက်တခု ဖြစ်နေ၏။

ယင်းစာရွက်သည် နေပြည်တော်မှ ဆုငွေထုတ်ထားသော ကြေငြာစာရွက်စာတမ်းတခုပင် ဖြစ်လေသည်။

ယင်းစာရွက်ပေါ်၌—

'အများပြည်သူ သိသာစေရန် ကြေငြာ အပ်ပါသည်။

နေပြည်တော်၏ ဘဏ္ဍာတော်ငွေများကို လုယူပြီး ထွက်ပြေးတိမ်းရှောင်နေသော လူဆိုး လေ အား တွေ့ရှိခဲ့ပါက ထိုလူဆိုးအား နေပြည်တော်သို့ အရောက် ဖမ်းပို့နိုင်ခဲ့လျှင် ဆုတော်ငွေ (၅၀၀၀) ချီးမြှင့်မည်ဖြစ်ကြောင်း ကြေငြာအပ် ပါသည်။

ပုံ/ × × ×

မြို့တော်ဝန်

(ချန်းအန်းမြို့)

မှတ်ချက်။ ။

ငင်းလူဆိုး လုသွားသောငွေများကို ပြန်လည် ရရှိနိုင်ရန်အတွက်—

ငင်းလူဆိုးအား အရှင်လတ်လတ်ဖမ်းမိရန် သတိပြုရပေမည်။

အကယ်၍ ယင်းလူဆိုးသေဆုံးသွားပါက ဖော်ပြပါ ဆုငွေများကို ရရှိလိမ့်မည် မဟုတ်ပါ။

ဝူးရှောက်ဖုန်းသည် ယင်းကြေညာစာအား ဖတ်ပြီးသောအခါတွင်မူ တဟားဟားဖြင့် အားရပါးရ ရယ်မောလိုက်သည်။

'အမယ်လေးဗျာ၊ တို့သခင်ကလဲ အတော့်ကို စိတ်ပူတတ်ရန်ကော၊ နေပြည်တော်က ဘဏ္ဍာတော်ကို လုပြီးထွက်ပြေးတဲ့ လူဆိုးကို ထောက်လှမ်းရေးမှူးထင်ပြီး ကြိုးစားပမ်းစားနောက်ကနေ ခြေရာခံ လိုက်နေရတာ တွေးယင်း ရယ်စရာကောင်းလိုက်တာ'

သူသည်ရယ်မောရာမှ ရပ်တန့်လိုက်ပြီး လေအား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်လိုက်သည်။

'ဟုတ်သားပဲ၊ မင်းရုပ်က ထောက်လှမ်းရေးရုပ်မပေါက်ပါဘူး။ သူခိုးရုပ်ပေါက်နေတာ သေချာတယ်'





လုချန်းချန်းက အေးတိအေးစက်သောအသံဖြင့်—

'ဒါဖြင့် ရှင်ကလုရင်းကျေးရွာကိုလိုက်ပြီးစုံစမ်းနေရတာလဲ'

လေက ပုခုံးတချက် တွန့်လိုက်သည်။

'ကျုပ်တို့လို နေပြည်တော်ရဲ့ ဘဏ္ဍာတော်ငွေကို ခိုးထွင်းလုယူနိုင်တဲ့ လူတယောက်ကို လုရင်းကျေးရွာက အလိုရှိမယ်ထင်လို့ပါ'

လုချန်းချန်းက မျက်မှောင်ကုပ်လိုက်သည်။

'ဒါနဲ့ပဲ ရှင်က ဘာဖြစ်လို့ လုရင်းကျေးရွာကိုသွားပြီး အသုံးတော်ခံမယ်ဆိုပါတော့'

လေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်မှာ အခု သွားစရာလဲ မြေမရှိတော့တဲ့ အခြေအနေဖြစ်နေပြီ မဟုတ်လား'

သူသည်ပြောယင်းမှ ပုခုံးတချက် တွန့်လိုက်ပြီး—

'ဒါပေမယ့် အခုတော့ ခင်ဗျားတို့ လုရင်းကျေးရွာကို ကျုပ် အတော် စိတ်ကုန်သွားပါပြီ'

ဝူးရှောက်ဖုန်းက ပုခုံးတချက်တွန့်လိုက်ပြီး—

'ဘာဖြစ်လို့လဲ'

လေက—

'ကျုပ်က သုံးလတိတိ အချိန်ကုန်ခံ စုံစမ်းလို့ သိခဲ့ရတာ လုရင်းကျေးရွာကို ဘယ်လိုလုပ်ပြီး သွားရမှန်း ခုထက်ထိ မသိသေးဘူးဗျ'

ဝူးရှောက်ဖုန်းက အနည်းငယ်စဉ်းစားလိုက်ပြီး လုချန်းချန်းဖက်သို့ လှည့်လိုက်သည်။

'သခင်မ… ဒီကိစ္စကို သခင်ကြီးကို သွားပြန်ပြောပြယင် ကောင်းလိမ့်မယ်လို့ ထင်တယ်။ သခင်မသဘောက ဘယ်လိုလဲ'

လုချန်းချန်းက အနည်းငယ်စဉ်းစားပြီး ခေါင်းညိတ်လိုက်သည်။

'ဒါပဲကောင်းပါတယ်'

ဝူးရှောက်ဖုန်းက ခေါင်းခါရမ်းလိုက်သည်။

'ကောင်းတယ်'

သူသည် လေဘက်သို့ လှည့်လိုက်ပြီး—

'ကနေ့ည သန်းကောင်ကျော်အချိန်မှာ ခင်ဗျားမြို့ပြင်မှာရှိတဲ့ ဘုံကျောင်းပျက်မှာ စောင့်နေပါ။ ကျုပ်တို့ ခင်ဗျားကို အကြောင်းပြန်ပါ့မယ်'

လေက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ၊ ကျုပ် အဲ့ဒီက ခင်ဗျားတို့ကိုစောင့်နေပါ့မယ်'

*　*　*





ချန်းအန်းမြို့သို့ ဦးတည်သွားသော လမ်းမပေါ်တွင် မြင်းတကောင်သည် အရှိန်ပြင်းစွာ ဒုန်းစိုင်း ထွက်ပြေးသွားနေ၏။

ထိုမြင်းပေါ်၌ အဖြူရောင်အဝတ်အစားများကို ဝတ်ဆင်ထားသော မိန်းကလေးတယောက်က စီးနင်းလိုက်ပါလာ၏။

သူတို့သည် ဝေးလံသောခရီးမှ အပြင်း နှင်လာခဲ့သည်မှာ သူတို့၏ တကိုယ်လုံးတွင် ဖုံအလိမ်းလိမ်းက ခရီးဝေးမှလာကြောင်း သက်သေပြနေ၏။

သူမသည် ချန်းအန်းမြို့ထဲသို့ဝင်ရောက်လာသည်နှင့် မြို့တော်ဝန်ဂေဟာရှိရာသို့ ဦးတည်၍ သွားနေလေသည်။

သူမသည် မြို့တော်ဝန်ဂေဟာရှေ့သို့ ရောက်မှ မြင်းပေါ်မှ လှသားကနဲ ခုန်ဆင်းလိုက်လေသည်။

မြို့တော်ဝန်ဂေဟာ၏ တံခါးမရှေ့တွင် ရဲမက်နှစ်ယောက်သည် လှံတံကိုယ်စီဖြင့် ဝဲယာတဘက်တချက်တွင် ရပ်နေလေသည်။

သူတို့သည် မြင်းပေါ်မှ မိန်းကလေးတယောက် ဆင်းလာသည်ကို တွေ့ရသောအခါ လက်ထဲမှ လှံတံဖြင့် ကန့်လန့်ဖြတ်ဟန့်တားလိုက်လေသည်။

'ဟေ့ — ရပ်လိုက်'

မိန်းကလေးက ပြုံးပြလိုက်ပြီး သူမ၏လက်ထဲတွင် ပါလာသော ရွှေရောင်ကြေးပြားတခုကို ထုတ်ပြလိုက်လေသည်။

ရဲမက်တို့သည် ထိုမိန်းကလေး ထုတ်ပြလိုက်သော ရွှေရောင် ကြေးပြားအား တွေ့မြင်လိုက်သည်နှင့် ရိုသေ လေးစားသော အသွင်သို့ ချက်ချင်းပြောင်းသွားပြီး လမ်းဖယ်ပေးလိုက်သည်။

သူမသည် မြင်းအားတိုင်ပေါ်တွင်ချည်လိုက်ပြီး အဆောက် အအုံသဲသို့ လှမ်းဝင်သွားလေသည်။

* * *

ဤနေရာသည် မြို့တော်ဝန် ဂေဟာအတွင်းရှိ အဆောက် အအုံများစွာရှိသည့်အနက်မှ သီးသန့်စွာထားရှိသော ဧည့်ခန်း တခု ဖြစ်သည်။

ထို့ပြင် ဤနေရာသည် အလွန်လျှို့ဝှက်သော တိုင်းရေး ပြည်ရေး ကိစ္စများကို ဆွေးနွေးတိုင်ပင် စီမံသည့်နေရာ ဖြစ် သည်။

ယခု ဧည့်ခန်း၏အလယ်ရှိ ကျွန်းသစ်သားရေဖုံးထားသော ကုလားထိုင် တလုံးပေါ်တွင် မြို့တော်ဝန်က စကားတခွန်းမှ မပြောပဲ တိတ်ဆိတ်စွာ ထိုင်နေ၏။

မြို့တော်ဝန်သည် အသက် (၄၀) ကျော်ခန့်သာ ရှိသော လူလတ်ပိုင်းတယောက် ဖြစ်လေသည်။





မြို့တော်ဝန်သည် လေးနက်တည်ကြည်သောမျက်နှာ စူးရှ တောက်ပသော မျက်လုံး ကျယ်ပြန့်သောနဖူး စသည့် ရုပ်သွင် ကို ပိုင်ဆိုင်သူတယောက်ဖြစ်သည်။

တနည်းဆိုရလျှင် မြို့တော်ဝန်သည် ရဲရင့်သည်၊ အသိဉာဏ် ကြွယ်ဝသည်၊ ဖြတ်ဖြတ်လတ်လတ် လှုပ်ရှားတတ်သော လူ တယောက်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

သူ၏ ရှေ့တွင်မူ တကိုယ်လုံး ဖုံအလိမ်းလိမ်းရှိသော မိန်း ကလေးတယောက် ထိုင်နေ၏။

မြို့တော်ဝန်သည် မိန်းကလေးက ပြောပြလိုက်သော စကား များကို တလုံးမကျန် စိတ်ဝင်စားစွာ နားထောင်နေ၏။

သူမ၏ စကားဆုံးသွားသောအခါကျမှ—

'ဒါဖြင့် မင်းအခုထိ လုရင်းကျေးရွာဆိုတာ ဘယ်မှာရှိတယ် ဆိုတာကို မသိရသေးဘူးပေါ့ ဟုတ်လား'

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

မြို့တော်ဝန်က ထပ်မံမေးလိုက်သည်။

'လုရင်းကျေးရွာရဲ့ သခင်ဟာ စီးမင်းယု ဆိုတာကိုတော့ ကျုပ်လဲ ကြားမိပါတယ်။ စီးမင်းယု ဘယ်သူလဲ ဆိုတာကော သူ့ရဲ့ နောက်ကြောင်းရာဇဝင်သမိုင်းကိုစုံစမ်းလို့ ရခဲ့သလား'

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

'အတော့ကို ထူးဆန်းပါတယ်ရှင်၊ စီးမင်းယုဆိုတာ မြေပေါ်ကနေပေါက်ဖွားလာသလိုပါပဲ၊ သူ့ရဲ့မိဘ ဇာတိ မျိုးရိုးတို့ကို တခုမှ စုံစမ်းလို့ကို မရခဲ့ပါဘူးရှင်—'

မြို့တော်ဝန်က အနည်းငယ်စဉ်းစားလိုက်သည်။

'မင်းကကော သူ့ကိုဘယ်လိုများ သုံးသပ်မိသလဲ'

မိန်းကလေးက ပြတ်သားသောလေသံဖြင့်—

'သူဟာ စီးမင်းယု ဆိုပြီး အမည်ခံထားတဲ့ တခြား လူတယောက်ဖြစ်လိမ့်မယ်လို့ ကျွန်မယူဆတယ်'

မြို့တော်ဝန်က မျက်မှောင်ကုပ်လိုက်သည်။

'မင်းဆိုလိုတာက သူဟာရုပ်ဖျက်ထားတယ်လို့ ဆိုချင်လို့လား'

ထို့နောက် မြို့တော်ဝန်က အလေးအနက် စဉ်းစားလိုက်ပြီး

'မင်းပြောတာ ဖြစ်တော့ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် လူတယောက်ဟာ အခြားလူတယောက်ကို ရေရှည်ရုပ်ဖျက်ထားလို့မဖြစ်ဘူးကွယ့်'

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင့်၊ ဒါကြောင့်လဲ သူက ကျွန်မတို့ကို အမြဲတမ်း အတွေ့မပေးပဲ အချိန်တော်ကြာမှ ဒါမှမဟုတ်ယင် အကြောင်းကြီးငယ်ရှိတဲ့အခါမှ အတွေ့ခံတယ်ရှင့်'

မြို့တော်ဝန်က ခေါင်းညိတ်လိုက်သည်။





'ဒါဆိုယင်တော့ ဖြစ်နိုင်တယ်၊ ဒါနဲ့နေပါအုံး၊ သူက ဘယ်လိုလုပ်ပြီး မင်းကို သိသွားတာလဲ'

မိန်းကလေးက တချက်ပြုံးလိုက်ပြီး—

'ဟုတ်ကဲ့၊ ပထမ လပိုင်းလောက်က သူနဲ့ လုချွန်းချွန်းဟာ ကျွန်မကို အတော်ယုံကြည်နေကြပါတယ်၊ အခုထိလဲ လုချွန်းချွန်းဟာ ကျွန်မက သူ့ရဲ့ အမှာညီအစ်မအရင်းလို့ပဲ ထင်နေပါတယ်'

မြို့တော်ဝန်က မိန်းကလေး၏စကားကြောင့် မျက်မှောင်ကုပ်လိုက်လေသည်။

'ဒါဖြင့် စီးမင်းယုက မင်းကိုဘာဖြစ်လို့ အသေသတ်ဖို့ ကြိုးစားနေရတာလဲ'

မိန်းကလေးက ပြုံးလိုက်လေသည်။

'ကျွန်မက လူကြီးမင်းဆီကို ခိုနဲ့သတင်းပို့တုန်းက ကျွန်မကို သူသံသယဖြစ်နေတာပါ'

မြို့တော်ဝန်က သက်ပြင်းတချက် ချလိုက်လေသည်။

'အင်း—အဲဒီနောက်တော့ မင်းကို စီးမင်းယုက လုချွန်းချွန်း မသိအောင် အမျိုးမျိုး လုပ်ကြံနေတယ်ဆိုပါတော့'

လုယန်းယန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ ကျွန်မလဲ အခြေအနေမဟန်လို့ ထွက်ပြေးလာတာ၊ ဒါတောင် လမ်းမှာ လူတယောက်နဲ့ တွေ့ပြီး

အဲဒီလူက ကျွန်မကို ဝင်ကယ်လိုက်လို့ ကျွန်မအခုလို သူတို့လက်ထဲက လွတ်လာတာပါ'

မြို့တော်ဝန်က ပြုံးလိုက်သည်။

'အေး- အဲဒီလူက မင်းကို ဘုမသိ ဘမသိ ဝင်ကယ်သွားတာဟာ မှန်ကန်သွားတယ်ကွ'

လုယန်းယန်းက မြို့တော်ဝန်၏စကားကြောင့် အံ့အားသင့်သွားသည်။

'ဘာဖြစ်လို့လဲရှင့်'

မြို့တော်ဝန်က ပြုံးလိုက်သည်။

'မင်းဆီကနေ သတင်းတွေရလို့ သတင်းတွေ အခြေအနေ မကောင်းမှန်း သုံးသပ်မိတာနဲ့ သူ့ကို ကျုပ်ကဆက်ပြီး တာဝန်လွှဲပေးလိုက်တာပါ'

လုယန်းယန်းက မျက်မှောင်ကုပ်သွားလေသည်။

'ဒါဖြင့် သူက—'

လုယန်းယန်း၏စကားကြောင့် မြို့တော်ဝန်က ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်၊ သူက ကျုပ်တို့ရဲ့လုပ်ငန်းတွေကိုလာပြီး ကူညီဆောင်ရွက်ပေးတဲ့ လူတယောက်ဆိုပါတော့၊ သူ့ကိုတော့ တို့က 'လေ' လို့နာမည်ပေးထားတယ်'

လုယန်းယန်းက သက်ပြင်းရှည်တချက် ချလိုက်သည်။

'အင်း—လက်စသတ်တော့ သူကလဲ ကျွန်မတို့လိုပဲကိုး'





မြို့တော်ဝန်က ခေါင်းညိတ်လိုက်သည်။

'ကဲ မင်းလဲ ခရီးပန်းလာပြီး ဒီလောက်ပြောရယင် လုံလောက်ရောပေါ့၊ ပြီးတော့ အနားယူနိုင်ပါတယ်'

မိန်းကလေးက ဦးညွှတ်ပြီး ထိုင်ရာမှ ထလိုက်လေသည်။

'ဟုတ်ကဲ့ ကျွန်မ ဘာကိုဆက်ပြီး တာဝန်ယူရအုံးမှာလဲ...'

မြို့တော်ဝန်က အနည်းငယ် စဉ်းစားလိုက်ပြီး—

'သူတို့က မင်းကို လုယန်းယန်းအစစ်နဲ့ ထင်ထားတုန်းပဲမဟုတ်လား'

မိန်းကလေးက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်ရှင်—'

မြို့တော်ဝန်က မိန်းကလေးအားကြည့်၍—

'သေချာတယ်နော်'

မိန်းကလေးက ခေါင်းကို ထပ်မံညိတ်ပြလိုက်သည်။

'သေချာပါတယ်'

မြို့တော်ဝန်က လေးလေးနက် စဉ်းစားလိုက်ပြီး—

'ကောင်းပြီ၊ မင်းအနားယူလိုက်အုံး၊ အချိန်တန်ယင် မင်းအမှုကိုဆက်ပြီး ဖော်ထုတ်နိုင်ဖို့အတွက် မင်းတာဝန်ဆက်ယူရလိမ့်မယ်'

မိန်းကလေးက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့၊ ဒါဖြင့် ကျွန်မလဲ နဂိုလ်ရုပ်သွင်အတိုင်း ပြန်ပြီး နေရမှာလား'

မြို့တော်ဝန်က ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်တယ်၊ အခုချိန်ကစပြီး လုယန်းယန်း အဖြစ်ကနေ 'နှင်းဆီ' အဖြစ်ကို ပြန်ပြောင်းလိုက်အုံး'

မိန်းကလေးက ခေါင်းညိတ်၍ အပြင်သို့ထွက်ခွာသွားလေသည်။

* * *



## နှင်း ဆီ

နှင်းဆီသည် အလွန်လှပသော ပန်းကလေးဖြစ်သည်။

သို့သော် နှင်းဆီသည် အရောင်အဆင်း လှပသလောက် ဆူးတွေက များလှပေသည်။

ယခုဖော်ပြသော နှင်းဆီမှာ နှင်းဆီပန်းကို ဆိုလိုခြင်း မဟုတ်ပါ။

ထိုနှင်းဆီမှာ မိန်းကလေးတယောက်၏ အမည် ဖြစ်ပေသည်။

နှင်းဆီသည် အထူးလေ့ကျင့်ထားသော အမျိုးသမီးထောက်လှမ်းရေးမှူးတယောက်ဖြစ်လေသည်။

နှင်းဆီသည် ရုပ်ဖျက်သည့်နေရာဘွင် အလွန်ကျွမ်းကျင်ပြီး သိုင်းပညာလည်း ထူးချွန်သည်။

အသူးအခွင့်အရေးကို အမြန်ဆုံး သုံးသပ်နိုင်သော မိန်းကလေးတယောက် ဖြစ်သည်။

ထို့ကြောင့်လည်း အာဏာပိုင်တို့က လုရင်းကျေးရွာအား ဖော်ထုတ်ဖြိုခွဲရန် ဆုံးဖြတ်ချက် ချပြီးသည်နှင့် နှင်းဆီအား လုချန်းချန်း၏ အမှာညီအစ်မ လုယန်းယန်းအဖြစ် ဟန်ဆောင်စေပြီး လုချန်းချန်းထံသို့ စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။

နှင်းဆီသည် ရုပ်ဖျက်သည့် နေရာတွင်သာရုံမက အခြေအနေ ပတ်ဝန်းကျင်ကိုကြည့်၍ အလိုက်သင့်ဖြေရှင်းတတ်သဖြင့် သူမသည် လုချန်းချန်းနှင့် တွေ့ဆုံပြီးလျှင် လုရင်းကျေးရွာ၏ အကြီးအကဲဖြစ်သူ စီးမင်းယုထံသို့ ရောက်ရှိလေသည်။

သို့သော် သူမသည် စီးမင်းယုနှင့် လုချန်းချန်းထံတွင် (၃) လတိုင်တိုင် နေထိုင်ခဲ့သူဖြစ်၍ စီးမင်းယုနှင့် လုချန်းချန်းတို့မှာ တိကျသောနေရာတခုတည်း၌ နေထိုင်ခြင်းမရှိပဲ တနေရာနှင့် တနေရာ ရွှေ့လျားသွားလာနေကြသည်ကို တွေ့ရှိရလေသည်။

တခါတခါတွင် စီးမင်းယုမှာ တကိုယ်တည်း ထွက်ခွာသွားပြီး ဆယ်ရက် ဆယ့်ငါးရက်ကြာမှ ပြန်လည်ရောက်ရှိလာတတ်ပေသည်။

စီးမင်းယုက မည်သည့်နေရာသို့ ရောက်သွားပါသနည်း။

---





သူမက စီးမင်းယုသည်မည်သည့်နေရာသို့ သွားသည်ကိုမသိသော်လည်း လုရင်းကျေးရွာသို့ သွားခြင်းသာ ဖြစ်ရမည်ဟု နှင်းဆီက နားလည်လိုက်လေသည်။

သူမသည် စီးမင်းယုနောက်သို့ ခြေရာခံလိုက်ကြည့်ရန် ကြိုးစားခဲ့သေးသည်။ သို့သော် မအောင်မြင်ခဲ့ပါ။

ထို့နောက် စီးမင်းယုက သူမအပေါ်တွင် သံသယဖြစ်လာပြီးလျှင် အမျိုးမျိုး လုပ်ကြံလာရာ နှင်းဆီသည် ထိုနေရာ၌ ဆက်၍မနေတော့ပဲ ယခုကဲ့သို့ နေပြည်တော်သို့ပြန်လည်ရောက်ရှိလာရခြင်းဖြစ်သည်။

* * *

မြို့တော်ဝန်သည် အမှန်အားဖြင့် လူအများရှေ့တွင်မြို့တော်ဝန်အမည်ခံ၍ နေသော ထောက်လှမ်းရေး အဖွဲ့ဝင် ခေါင်းဆောင်တဦးပင် ဖြစ်လေသည်။

သူ၏အမည်ရင်းကို မည်သူကမှ မသိပါချေ။

သူ၏ အဖွဲ့သားများပင် သူ၏အမည်ရင်းကို မသိပါချေ။ အားလုံးက သူ့အား သိမ်းငှက်ဟုသာ သိထားလေသည်။

သူသည် အမှန်ပင် သိမ်းငှက်တကောင်ကဲ့သို့ အလွန်ထက်မြက်လေသည်။

---

လူဆိုးလူမိုက်များနှင့် ဒုစရိုက်ကောင်များကို အနည်းငယ်မျှ မငဲ့ညှာသော ဥပဒေဘက်တော်သားတယောက် ဖြစ်လေသည်။

ယခု သူ၏လုပ်ဆောင်ရမည့် တာဝန်မှာ လုရင်းကျေးရွာ၏ လုပ်ရပ်များကို ဖြိုခွဲရန်ဖြစ်သည်။

လုရင်းကျေးရွာ၏လူစုသည် ကြီးမားသော အကြံအစည် တခုကို လျှို့ဝှက်စွာ ကြံစည်နေရမည်ဟု ကြိုတင်တွက်ဆထားသဖြင့် သူသည် လုရင်းကျေးရွာအား ဖော်ထုတ်ရန် ကြိုးစားလုပ်ကိုင်နေရလေသည်။

သို့သော်...သူသည်သုံးနှစ်တိုင်တိုင် အချိန်ကုန်ခံ၍ ကြိုးစားခဲ့သော်လည်း လုရင်းကျေးရွာ၏သတင်းအစအနကိုပင် မတွေ့ရှိရပါသဖြင့် ထိုလုပ်ရပ်အား စိတ်ပျက်၍ လာလေတော့သည်။

ထိုသို့ စိတ်ပျက်နေစဉ်မှာပင် သူ့အဖို့ သဲလွန်စတခု မမျှော်လင့်ပဲ ရရှိခဲ့လေသည်။

ထိုသဲလွန်စမှာ သူသည် တနေ့တွင် မမျှော်လင့်ပဲလုချန်းချန်းအား လိုက်လံရှာဖွေနေသော လုယန်းယန်းကို တွေ့ရှိခဲ့ရသောကြောင့် ဖြစ်သည်။

လုယန်းယန်းအား တွေ့ရှိလိုက်သော အခါတွင် သူသည် လုရင်းကျေးရွာ အကြောင်းကို ဖော်ထုတ်ရန် စီမံကိန်းတရပ်ရေးဆွဲ ဖော်ထုတ်နေလေသည်။

သူသည် သူ၏အားအထားရဆုံးသော အမျိုးသမီးထောက်လှမ်းရေးသမား နှင်းဆီကို လုယန်းယန်းအဖြစ် ရုပ်ဖျက်ဟန်ဆောင်စေခဲ့လေသည်။





လုယန်းယန်းထံမှ လုချန်းချန်း၏အကြောင်းကို မေးမြန်းရန် ကြံမတ်ခဲ့လေသည်။

ထို့နောက် လုယန်းယန်းအား သူတို့ထံတွင် ခေါ်ထားပြီးလျှင် နှင်းဆီအား လုယန်းယန်းအဖြစ် လုချန်းချန်းရှိရာသို့ စေလွှတ်လိုက်လေသည်။

ထို့နောက် သူသည် စီမံထားသည့်အတိုင်း ထောက်လှမ်းရေးသမား လေနှင့် နှင်းဆီအား စေလွှတ်ခဲ့လေသည်။

သို့သော်.... ယခုအချိန်ထိ လုရင်းကျေးရွာ၏ ဌာနချုပ်မှာ မည်သည့်နေရာတွင် ရှိသည်ကို သူက သတင်းလုံးဝမရရှိခဲ့ပါ။ လုရင်းကျေးရွာ၏ အရှင်သခင်ဖြစ်သူ စီးမင်းယုသည် မည်သူမည်ဝါ ဖြစ်သည်ကိုလည်း ယခုအချိန်ထိ သူမသိနိုင်ခဲ့သေးသည့်အတွက် ဘဝင်မကျ ဖြစ်ခဲ့ရလေသည်။

သို့သော် ... လေ၏စွမ်းရည်ကို သူသိထားလေသည်။ လေသည် ဗိုလ်မင်းရဲတိုက်အား ဖြိုခွဲနိုင်သည်ကို ကြည့်ခြင်းအားဖြင့် ယခု လုရင်းကျေးရွာကိုလည်း ဖြိုခွဲနိုင်လိမ့်မည်ဟု ယုံကြည်ထားသဖြင့် သူက လေကို အားအထားရဆုံးဖြစ်သည်။

လေ၏ အခက်အခဲဆုံးမှာ လုရင်းကျေးရွာနှင့် ဆက်သွယ်ရန်အတွက်ပင် ဖြစ်သည်။

ထို့နောက် လေသည် လုရင်းကျေးရွာမှ လူအများသိစေရန် ကြေညာစာတမ်းများကို အရွက်ပေါင်း မြောက်များစွာ

ရေးဆွဲကာ မြို့ကြီးပြကြီး လမ်းဆုံလမ်းခွမကျန် ချိတ်ဆွဲထားရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။

* * *

လေသည် ဝူးရှောက်ဖုန်း၏ စီစဉ်ပေးချက်အရ စီးမင်းယုနှင့် ဒုတိယအကြိမ် ပြန်လည်တွေ့ဆုံခဲ့လေသည်။

စီးမင်းယုသည် လေအား နှုတ်ဆက်လိုက်လေသည်။

'ခင်ဗျားရဲ့ အဖြစ်မှန်ကို အမှန်အတိုင်း ဖွင့်ပြောတာ သိရတဲ့အတွက် ဝမ်းသာပါတယ်။ ဒါကြောင့် ခင်ဗျားကို ကျုပ်တို့ရဲ့ လုပ်ငန်းတွေထဲမှာ ပါဝင်ဆောင်ရွက်ဖို့ ကျုပ် ဆုံးဖြတ်လိုက်ပါပြီ'

လေက ပြုံးလိုက်သည်။

'ဝမ်းသာလိုက်တာဗျာ၊ အခုမှပဲ ကျွန်တော့်လည်း အားတက်မိတော့တယ်'

စီးမင်းယုက ပြုံးလိုက်သည်။

'မင်း အားငယ်မနေပါနဲ့ ကျုပ်တို့ အခုလုပ်မယ့် လုပ်ငန်းဟာ အတော့်ကိုအောင်မြင်မယ်လို့ ကျုပ်ထင်ပါတယ်။ကျုပ်တို့ တသက်လုံး မပူမပင်ပဲ စားရတာပေါ့'

ထိုစကားကို ကြားရသောအခါ လေသည် ရင်ထဲတွင် အနည်းငယ် ထိတ်သွားလေသည်။





သို့သော်... သူက လိုက်လံစွာသောအသွင်ဖြင့်—

'ဟုတ်လား၊ ဒါကြောင့်လည်း ကျုပ်ကလုရင်းကျေးရွာကို မရမက လိုက်ရှာနေတာပါ'

ထိုစဉ် လုချန်းချန်းက အနားသို့ ရောက်ရှိလာလေသည်။

သူသည် စီးမင်းယုတို့သောက်ရန် အရက်ခွက်များကို လာရောက် ချပေးခြင်းဖြစ်သည်။

လေက ပြုံးလိုက်လေသည်။

'ခင်ဗျားအရက်ကိုတော့ ကျုပ် မသောက်ရဲပါဘူးဗျာ'

စီးမင်းယုက ရယ်မောလိုက်လေသည်။

'စိတ်ချလက်ချသာ သောက်ပါဗျာ၊ အခု မင်းဟာ ကိုယ်တို့ အဖွဲ့ဝင်တယောက်ဖြစ်ပြီ မဟုတ်လား ဘာမှ စိုးရိမ်မနေပါနဲ့'

သူသည် စကားကို ခေတ္တရပ်တန့်လိုက်ပြီးမှ ပြန်ပြီး စကားဆက်လိုက်လေသည်။

'အခုတော့ရှိတယ်၊ ကျုပ်တို့ လုရင်းကျေးရွာကို သစ္စာဖေါက်သွားတယ်ဆိုယင်တော့ ခင်ဗျား သက်သာမှာ မဟုတ်ဘူးဆိုတာ မှတ်ထားပါ'

လေက ပါးစပ်ပိတ်ထားလိုက်လေသည်။

စီးမင်းယုသည် လုချန်းချန်းဘက်သို့ လှည့်လိုက်လေသည်။

'ကဲ... မင်းက သူ့ကို နေရာထိုင်ခင်း လုပ်ပေး လိုက်ပါ နောက်ပြီး သူတို့သုံးဖို့ လိုအပ်တဲ့ငွေကိုလည်း ထုတ်ပေး လိုက်ပါ...'

လုချန်းချန်းက ပြုံးလိုက်လေသည်။

ပြီး လေကိုစိုက်ကြည့်လိုက်လေသည်။

'သူက လောလောဆယ် ငွေ လိုအပ်လိမ့်မယ် မထင်ပါဘူး ရှင့်'

လေက ပြုံးလျက်—

'ဘာဖြစ်လို့လဲဗျ—'

လုချန်းချန်းက ပြုံး၍—

'ရှင့်ကိုတောင် ငွေငါးထောင်အထိ ဆုငွေ ထုတ်ပေးထားတယ်ဆိုတော့ ရှင် ခေါးပြအိုက်လာတဲ့ငွေတွေဟာ အနည်းဆုံးတော့ ငွေငါးသောင်းလောက်တော့ ရှိနေမှာပါ—'

လေက ပုခုံးတချက် တွန့်လိုက်လေသည်။

'ကျုပ်သာ ငွေငါးသောင်းလောက်ရှိယင်တော့ ခင်ဗျားတို့ဆီကို မလာတော့ဘူး'

စီးမင်းယုက မျက်မှောင်ကုပ်သွားလေသည်။

'ဒါဖြင့် ခင်ဗျား လုယူလာတဲ့ ငွေတွေက ဘယ်ရောက်သွားကုန်ပြီလဲ'

လေက မချိပြုံး ပြုံးလိုက်လေသည်။

'ကျုပ်က ဘဏ္ဍာတော်တိုက်ကို ဖေါက်လိုက်တဲ့ အခါမှာ ဘဏ္ဍာတော်တိုက်ထဲမှာ ငွေစာပြားမှ မရှိတော့ဘူးဗျ'

စီးမင်းယုက မျက်မှောင်ကုပ်သွားပြန်သည်။





'ဒါဖြင့် အဲဒီငွေတွေက ဘယ်ရောက်သွားတာလဲ'

လေက ပြုံးလိုက်သည်။

'ကျုပ်ကို လာသတင်းပို့တဲ့သူက အကွက် ဆင်ထားလို့ဗျ'

လုချန်းချန်းက မျက်မှောင်တချက်ကုပ်သွားလေသည်။

'ရှင့်စကားက မရှင်းပါလားရှင့်'

လေက ပုခုံးတချက် တွန့်လိုက်လေသည်။

'ရှင်းပါတယ်၊ သူတို့ဟာ သူတို့ဘဏ္ဍာတော် ငွေတွေကို ခိုးထားပြီးမှ ကျုပ်ကို ဟန်ပြ ဖောက်ထွင်းခိုင်းတာဗျ'

သူ့စကားကြောင့် လုချန်းချန်းနှင့် စီးမင်းယု တို့သည် တဟားဟား ရယ်မောကာ ပွဲကျသွားလေတော့သည်။

လေသည် စီးမင်းယု၏ရယ်မောသံအား ကြားလိုက်ရသော အခါတွင် ယင်းအသံသည် သူကြားဖူးနားဝရှိသည့် အသံဟု သတိပြုမိလိုက်လေသည်။

သူသည် စီးမင်းယု၏မျက်နှာအား သေသေချာချာ စူးစိုက်စွာ အကဲခတ်ကြည့်လိုက်ရာ စီးမင်းယု၏ မျက်နှာပေါ်တွင် အလွန်လက်ရာပြောင်မြောက်သော လူသားရေ မျက်နှာဖုံးတခုကို ဖုံးအုပ်ထားသည်ကို တွေ့ရှိလိုက်ရလေသည်။

သူသည် စီးမင်းယု၏ လျှို့ဝှက်ချက်အား တွေ့ရှိလိုက်ရသည်နှင့် မိမိ၏မျက်နှာကိုလည်း အမှတ်မထင် စမ်းသပ်မိလေသည်။

အကြောင်းမှာ သူ၏ မျက်နှာပေါ်တွင်လည်း အလွန် လက်ရာပြောင်မြောက်သော သားရေမျက်နှာအတုတခုကို တပ် ဆင်၍ ရုပ်ဖျက်ထားသောကြောင့် ဖြစ်လေသည်။

*　　　*　　　*

လေသည် အဆောက်အအုံတခုထဲ၌ နေရာရထားလေသည်။ ယင်းအဆောက်အအုံတခုလုံးမှာ အိမ်ဖော် တယောက်နှင့် အတိုးအိုတယောက်သာ ရှိကြလေသည်။

သူသည် ဝန်းကျင်တခုလုံးသို့ သွားလာနေထိုင် လှုပ်ရှား သည့်အခါတွင် မည်သူကမှ သူ့အား စစ်ဆေးမေးမြန်းခြင်း မရှိသော်လည်း သူ၏စိတ်ထဲ၌ မျက်လုံးပေါင်းများစွာက သူ့ အား တနေရာမှကြည့်နေကြသည်ကို စိတ်ထဲ၌ ခံစားနေရလေ သည်။

ထို့ကြောင့် သူသည် မြို့တော်ဝန်ထံသို့ သတင်းမပို့နိုင်ပဲ ရှိနေ၏။ ဤသို့ဖြင့် ဤနေရာသို့ သူရောက်ရှိပြီး ဆယ်ရက်ခန့် အကြာတွင် စီးမင်းယုသည် သူ့ထံသို့ ရောက်ရှိလာလေတော့ သည်။

စီးမင်းယုသည်....

*　　　*　　　*





လေသည် စီးမင်းယုထိုင်ရန်အတွက် ကုလားထိုင်တလုံးအား ထိုးပေးလိုက်သောအခါ စီးမင်းယုသည် ထိုကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေသည်။

စီးမင်းယုသည် သူ့လက်ထဲတွင် အသင့်ပါလာသော စာ ရွက်အား စားပွဲပေါ်သို့ ဖြန့်ချလိုက်လေသည်။

'ဒီမှာ ခင်ဗျား လုပ်ဆောင်ရမယ့် လုပ်ငန်းတာဝန်ကတော့ ပေါ်လာပြီ'

လေသည် စိတ်ထဲ၌ တချက်ထင့်သွားလေသည်။

လုရင်းကျေးရွာသည် သူတို့၏ ကြီးမားသော အကြံစည် ကို စတင် အကောင်အထည် ဖော်တော့မည်ဟု သူက နား လည်လိုက်လေသည်။

သူသည် ဂူနွေ့မပျက်စေရန် စိတ်ကို တင်းထားလိုက်ရပြီး—

အမိန့်ရှိပါ၊ ကျုပ်က ဘာလုပ်ဆောင်ရမှာလဲ'

စီးမင်းယုသည် စာရွက်ကို စားပွဲပေါ်သို့ ဖြန့်ချလိုက် သည်။

'အော်— ဒီမြေပုံကို ခင်ဗျား သေသေချာချာ ကြည့်ထား ပါ...'

လေသည် ယင်းမြေပုံအား သေသေချာချာ ကြည့်လိုက် သောအခါ ချန်းအန်းမြို့၏ ပထဝီ မြေပုံဖြစ်နေသည်ကို တွေ့ လိုက်ရလေသည်။

F.20

ယင်းမြေပုံပေါ်၌ တချို့နေရာတွင် မှင်နီဖြင့်ဝိုင်းထားပြီး တချို့နေရာတွင် မှင်နီဖြင့် လိုင်းတားထားသည်ကို တွေ့လိုက်ရလေသည်။

'ဒါဟာ မြို့ရဲ့မြေပုံပဲ'

စီးမင်းယုက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်လေ'

သူသည် မှင်နီတားသောနေရာသို့ လက်ညှိုးထောက်ကာ ပြလိုက်သည်။

'အဲဒီနေရာဟာ နေပြည်တော်ရဲ့ ဘဏ္ဍာတော်ငွေတွေထားတဲ့ ရတနာသိုက်ပါပဲ'

လေသည် ယင်းစကားကို ကြားလိုက်ရသည်နှင့် စီးမင်းယုတို့လူစုသည် ရတနာတိုက်အား ဖောက်ယူကြံစည်နေခြင်း ဖြစ်သည်ဟု သဘောပေါက် နားလည်လိုက်လေသည်။

'ကျုပ် သဘောပေါက်ပြီ၊ ဒီဘဏ္ဍာတော်ကို ဖောက်ယူမလို့ဟုတ်လား'

စီးမင်းယုက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်လေ'

လေက ပုခုံးတချက်တွန့်လိုက်လေသည်။

'ဖြစ်ပါ့မလားဗျာ— ဒီဘဏ္ဍာတော်ဟာ ငွေအများဆုံးနဲ့ ရွှေတုံးအများဆုံးရှိနေတဲ့ ရတနာသိုက်ပဲ၊ သူတို့ဟာ အဲဒီနေရာကို အခေစာင့်အထပ်ထပ် ချထားမှာပေါ့ဗျ'





စီးမင်းယုက ပြုံးပြလိုက်လေသည်။

'ဒါတွေ ကျုပ်သိထားပါတယ်၊ ဒါကြောင့်လဲ သုံးနှစ်လောက် အချိန်ယူပြီးတော့ ဒီစီမံကိန်းကို ရေးဆွဲထားရတာပေါ့ဗျ'

လေက ရင်ခုန်သွားလေသည်။

'ဟုတ်လားဗျာ၊ ခင်ဗျားတို့က ဒီလောက်တောင်ပဲ ခက်ခက်ခဲခဲ လုပ်နေရသလား'

စီးမင်းယုက ပြုံးလိုက်လေသည်။

'ဒီဘဏ္ဍာစောင်တိုက်ထဲမှာ ရွှေငွေတွေ ဘယ်လောက်များများရှိနေသလဲဆိုတာ မင်းသိသလား'

လေက ခေါင်းခါယမ်းလိုက်လေသည်။

စီးမင်းယုက စကားဆက်လိုက်လေသည်။

'ကျုပ်အသေးစိတ်သိထားတယ်၊ ရွှေငွေတွေအားလုံး စုစုပေါင်းဟာ ကာလတန်ဖိုးအနေနဲ့ဆိုယင် ကုဋေငါးရာလောက်ရှိလိမ့်မယ်ထင်တယ်ဗျ'

ထိုစကားကို ကြားလိုက်ရသောအခါ လေ၏ မျက်လုံးအစုံသည် အံ့ဩလွန်းသဖြင့် ဝိုင်းစက် ပြူးကျယ် သွားလေတော့သည်။

'ဗျာ— ခင်ဗျားက ဒီအထိသိရအောင် ဘယ်လိုလုပ်ပြီး အသေးစိတ် သိထားတာလဲဗျ'

စီးမင်းယုက ပြုံးလိုက်လေသည်။

'ဒီလိုပေါ့ဗျာ– သုံးနှစ်ဆိုတဲ့ အချိန်လောက်ကို ယူတယ်ဆိုတာက ဒါတွေကို သိချင်လို့ပေါ့၊ နို့မဟုတ်ယင် ကျုပ်တို့က အမင်ပန်းခံပြီး လုပ်နေတယ်မဟုတ်လား၊ တော်ကြာကျုပ်တို့က ရတာနဲ့ ပင်ပန်းတာနဲ့မကာမိပဲ ဖြစ်နေမှာပေါ့'

လေက လေပူတချက်ကို မှုတ်ထုတ်လိုက်ပြီး–

'ဒါတွေကို ကျုပ်မှတ်မိပါတယ်၊ အဲဒီတော့ ကျုပ်အနေနဲ့ ဘာဆက်လုပ်ရမလဲဆိုတာကိုသာ ပြောပါ'

စီးမင်းယုက ပြုံးလိုက်လေသည်။

သူသည် မြေပေါ်မှ မှင်နီဖြင့် ဝိုင်းထားသော နေရာကို ညွှန်ပြလိုက်လေသည်။

'ဟောဒီနေရာက အလွန်ကျယ်ဝန်းတဲ့ ခြံဝင်းတခုရဲ့ တည်နေရာတခုပါ၊ ကျုပ်က ဒီအကြံအစည်ကို လုပ်မယ်လို့ ဆုံးဖြတ်ကတဲက ဒီခြံဝင်းကို အများကြီးပေးဝယ်ခဲ့ရတယ်'

လေက စီးမင်းယု၏ ဆက်ပြောမည့်စကားကို နားစွင့်နေ၏။

စီးမင်းယုက စကားဆက်လိုက်သည်။

'နောက်ပြီး သုံးနှစ်ကြာ အချိန်ကုန်ခံပြီး ဟောဒီအဆောက်အအုံကနေ ဥမင်လှိုဏ်ခေါင်းတခုကိုလဲ ဖောက်ထားခဲ့ပါတယ်





လေ၏ မျက်လုံးအစုံသည် ဝိုင်းစက် ပြူးကျယ် သွားလေသည်။

'ဒီဥမင်လှိုဏ်ခေါင်းကနေ ဘဏ္ဍာတော်တိုက် ရှိရာကိုရောက်အောင်တူးထားခဲ့တယ်ဆိုပါတော့'

စီးမင်းယုက ကျေနပ်စွာ ပြုံးလိုက်လေသည်။

'ဟုတ်တာပေါ့ဗျာ၊ အခုလောက်ဆိုယင် အပေါ်ကမြေကို ကော်ပြီး ဖောက်လိုက်ယင် ဘဏ္ဍာတော်ထဲကို ရောက်နိုင်ပါပြီ'

လေသည် အကြီးအကျယ် ရင်ထိတ်သွားလေသည်။

စီးမင်းယု၏ အကြံသည် အလွန့်အလွန်ပိုင်သော အကြံဖြစ်သည်။

ထို့ပြင် သူသည် စီးမင်းယုအပေါ်တွင်လဲ လုံးဝ အဆင်မသေးဝံ့တော့ပါချေ။

စီးမင်းယုသည် တစုံတခုကို လုပ်ကြံရာ၌ ခေါင်းအေးအေးဖြင့် အချိန်ယူစဉ်းစားပြီး ပိပိရိရိလုပ်တတ်သော လူတယောက်ဟု သူက နားလည်လိုက်လေသည်။

ထို့ကြောင့် ယခု မိမိအပေါ်တွင် တကယ်ယုံကြည်စွာခိုင်းနေသည်မှာလည်း မိမိအပေါ်တွင် တကယ်ယုံကြည်၍လော။

သို့မဟုတ် အခြား အကြံအစည်တခုပင် ရှိနေ၍လော။ စီးမင်းယုကသူ့အား ကြည့်၍–

'ဘာငိုင်နေတာလဲဗျ၊ ကျုပ် ပြောလိုက်တာနဲ့ ခင်ဗျားကြောက်သွားပြီလား'

ထိုအခါ လေသည် တွေဝေရာမှ ကဗျာကယာပြုံးလိုက်လေသည်။

'ကျုပ်က ကြောက်တဲ့ လူတယောက် မဟုတ်ဘူးဆိုတာ ခင်ဗျားလဲ အကဲခတ်နိုင်ပါတယ်'

စီးမင်းယုက သူ့အားကြည့်၍ ပုခုံးတချက် အသာအယာ ပုတ်လိုက်လေသည်။

'အေး.... ဒီလိုလူမျိုးကိုမှ ကျုပ်က သဘောကျတာဗျ'

လေသည် သူ့အား တချက်ကြည့်လိုက်ပြီး—

'ကဲ— ကျွန်တော် လုပ်ဆောင်ပေးရမယ့် တာဝန်ရယ်၊ နောက်ပြီး လုပ်ရမယ့် အချိန်ရယ်ကို ပြောပါတော့ဗျာ'

စီးမင်းယုက လက်ကာပြလိုက်ပါသည်။

'မလောပါနဲ့ဗျာ၊ ခင်ဗျားကို ကျုပ် အေးအေးဆေးဆေး ပြောပြပါ့မယ်'

ထို့နောက် သူသည်လက်နှစ်ဘက်ကို နောက်ပစ်ပြီး ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေလေသည်။

သူ၏မျက်နှာမှာလည်း တစုံတခုကိုစဉ်းစားချင့်ချိန်နေသည့်ဟန် ပေါ်လွင်နေ၏။

သူသည် သုံးလေးခေါက် လမ်းလျှောက်လိုက်ပြီးနောက် ခြေလှမ်းကို တုန့်ကနဲ ရပ်တန့်လိုက်လေသည်။

တဖန် စားပွဲအနီးသို့ ပြန်လည် လျှောက်လာလေသည်။ သူသည် မြေပုံပေါ်သို့ညွှန်ပြလိုက်ပြီး—





'မင်းလုပ်မယ့် အလုပ်က တို့အခုရရှိထားတဲ့ ရွှေငွေတွေကို ကျုပ်အထူးစီမံထားတဲ့ မြင်းလှည်းတွေပေါ်မှာ တင်ထားပြီး'

ထို့နောက်သူသည် မြေပုံပေါ်မှ အပြာရောင်မှင်ဖြင့် ရေးဆွဲထားသော နေရာကို ညွှန်ပြလိုက်လေသည်။

'မင်းက ဟောဒီလမ်းအတိုင်း မြို့ရဲ့တောင်ဘက်ကနေ ထွက်ရလိမ့်မယ်'

လေက ခေါင်းညိတ်လိုက်လေသည်။

'မင်းကမြို့ပြင်ရောက်သွားယင် ကူးတို့ဆိပ်ကိုဆက်ပြီးမောင်းသွားပါ။ အဲဒီမှာ ကူးတို့တစင်းရှိမယ်။ မင်း မှတ်ထားရမှာက ကူးတို့ပေါ်မှာ အစိမ်းရောင် အလံစိုက်ထားတဲ့ ကူးတို့ပေါ်ကို မြင်းလှည်းကိုပါ တပါတည်း မောင်းပြီးတင်လိုက်ရမယ်'

လေက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့၊ ဟိုဘက်ကမ်းကိုရောက်သွားယင် ကျုပ်ဘာဆက်လုပ်ရမှာလဲ'

စီးမင်းယုက ပြုံးလိုက်သည်။

'ဟိုဘက်ကမ်းမှာ ကျုပ်တို့လူတွေက မင်းကို အဆင်သင့်စောင့်နေလိမ့်မယ်၊ မင်းကသာ ဒီမြင်းလှည်းကိုသူတို့ရဲ့လက်ထဲ အပ်လိုက်ယုံပါပဲလေ'

လေက ခေါင်းညိတ်လိုက်လေသည်။

'နောက်ကော'

စီးမင်းယုက ရယ်မောလိုက်သည်။

'မင်းက မြင်းလှည်းကိုသူတို့လက်ထဲအပ်လိုက်တာနဲ့မင်းရသင့်ရထိုက်တဲ့ ဝေစုကိုတော့ သူတို့ကအဆင်သင့် မင်းကို ပေးလိုက်မှာပါ'

သူသည် လေအား တချက်ဝေ့ကြည့်လိုက်သည်။

'ကဲ… မင်းမရှင်းတာရှိယင် ခုကထဲက ထပ်ပြီးမေးနိုင်ပါတယ်'

လေက အနည်းငယ် စဉ်းစားလိုက်သည်။

'ကျုပ် ပထမ အချက်မေးချင်တာကတော့ ဘဏ္ဍာတော်ငွေကို မြင်းလှည်းပေါ်ရောက်တာနဲ့ ကျုပ်က မြင်းလှည်းကို တယောက်ထဲမောင်းသွားရမှာလား'

စီးမင်းယုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

လေက မျက်မှောင်ကုပ်သွားလေသည်။

'ကျုပ်က တယောက်ထဲ ဒီငွေတွေကို တခြားမောင်းပြေးသွားမှာကိုကော ခင်ဗျား မစိုးရိမ်ဘူးလား'

စီးမင်းယုက ရယ်မောလိုက်လေသည်။

'မစိုးရိမ်ပါဘူးဗျာ… ဒီလောက်များတဲ့ငွေတွေကို ခင်ဗျား တယောက်ထဲ ယူသွားလို့ကော ဘာများ အသုံးချနိုင်မှာလဲဗျ'





လေက ပြုံးလိုက်လေသည်။

'ဟုတ်ကဲ့… နောက်တခု မရှင်းတာက ခင်ဗျားရဲ့ လက်အောက်မှာ ယုံကြည်ရမယ့်လူတွေ အများကြီးရှိတယ်မဟုတ်လား၊ ဒီတာဝန်ကို သူတို့ကိုမပေးပဲ ဘာဖြစ်လို့ ကျုပ်ကို လာပေးရတာလဲ'

စီးမင်းယုက လေ၏ ပုခုံးအား အသာအယာပုတ်လိုက်လေသည်။

'ဒါ မင်းအနေနဲ့ မေးသင့်မေးထိုက်တဲ့ မေးခွန်းပဲကွ'

သူသည် လက်နှစ်ဘက်ကို နောက်ပစ်၍ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေပြန်သည်။

ထို့နောက် လေ၏ ရှေ့တွင် ခြေလှမ်းကို ရပ်တန့်လိုက်ပြီး

'ဒီတာဝန်တွေဟာ မင်းဟာ ကျုပ်တို့လူတွေထက် ထမ်းဆောင်နိုင်တဲ့ တာဝန်ဖြစ်နေလို့ပါ။ အေး…. ဒါမှ မင်း နားမလည်သေးဘူးဆိုယင် ကျုပ်သေသေချာချာ ရှင်းပြမယ်'

သူသည် လက်ညှိုးတချောင်းထောင်လိုက်ပြီး—

'ပထမအချက်ကတော့ မင်းအခု ဒီမြင်းလှည်းတွေကို မောင်းနှင်သွားရမယ့် လမ်းတလျှောက်လုံးမှာ နေပြည်တော်ကလွတ်ထားတဲ့ ထောက်လှမ်းရေးသမားတွေနဲ့ တွေ့ကြုံပြီး ရင်မဆိုင်ရဘူးလို့ မပြောနိုင်ဘူး၊ အဲဒီထောက်လှမ်းရေးသမားတွေဟာသိုင်းပညာအနေနဲ့ အဆင့်ဘယ်လောက် မြင့်တယ်ဆိုတာကို ကျုပ်က

အသေးစိတ် သိထားတယ်။ ကျုပ်တို့ လူတွေထဲမှာ သူတို့ကို ယှဉ်ပြိုင်နိုင်မယ့်လူဟာ တယောက်မှမရှိဘူး။မင်းကသာ သူတို့ကို နိုင်လိမ့်မယ်လို့ ကျုပ်တို့က ယုံကြည်နေတဲ့ အတွက် မင်းကို ဒီတာဝန်ပေးလိုက်တာပေါ့ကွာ'

လေက ခေါင်းညိတ်လိုက်သည်။

'အေး— ဟုတ်ပြီ၊ ဒုတိယအချက်ကကော'

စီးမင်းယုက ပြုံးလိုက်သည်။

ကျုပ်တို့မှာ အဲဒီထက်ပိုပြီး အရေးကြီးတဲ့ တာဝန်တခုကို လုပ်စရာ ရှိသေးလို့ပါ'

လေက မျက်မှောင်ကုပ်သွားသည်။

'အဲဒီတာဝန်ကို ကျုပ်မသိရဘူးလား'

'ခင်ဗျားသိချင်ယင်တော့ ကျုပ်ပြောပြပါ့မယ်၊ မင်း အခု သယ်ဆောင်သွားမယ့် ရွှေငွေတွေကို လိုရာနေရာကိုချောချော မောမော ရောက်သွားဖို့ သိပ်အရေးကြီးတယ် မဟုတ်လား'

လေက ခေါင်းညိတ်လိုက်လေသည်။

'ဒါကြောင့် တို့ကမင်းမောင်းသွားမယ့် မြင်းလှည်းတစီးနဲ့ တပုံစံထဲတူအောင် မြင်းလှည်းတစီးကို မင်းသွားမည့် လမ်းနဲ့ ဆန့်ကျင်ဘက်နေရာကို မောင်းသွစးရမယ်'

လေက မျက်မှောင် ကုပ်သွားသည်။

ဝဏ္ဏထွန်းစာပေ



'အဲ့ဒါ ဘာသဘောလဲဗျ'

စီးမင်းယုက ပြုံးလိုက်သည်။

'ဘယ်ကိစ္စမျိုးမဆို အလုပ်တခုကို လုပ်တော့မယ် ဆိုယင် ကိုယ်ဘယ်လောက်ပဲ ပိုပိရိရိ စုံစုံစိစိ တွက်ထားပေမယ့်လဲ အမှားအယွင်း မပေါ်လာနိုင်ဘူးလို့ မပြောနိုင်ဘူးမဟုတ်လား'

လေက ထောက်ခံသောသဘောနှင့် ခေါင်းတချက် ညိတ်လိုက်သည်။

'ဟုတ်တာပေါ့ဗျာ'

စီးမင်းယုက စကားဆက်လိုက်သည်။

'မတော်တဆ တို့က ရွှေငွေတွေကို သွားသယ်တုန်း သူတို့က သိသွားယင် လမ်းကြောင်းလွဲလိုက်တဲ့ သဘောပါပဲ'

လေက ခေါင်းညိတ်လိုက်လေသည်။

'အင်း....ခင်ဗျားရဲ့ အကြံက အတော့်ကို ပိရိတာပဲဗျ'

စီးမင်းယုက ပြုံးလိုက်လေသည်။

'ကဲ... ခင်ဗျား မေးစရာ ကျန်သေးလား....'

လေက လက်ညှိုးတချောင်း ထောင်ပြလိုက်သည်။

'တခုပဲ ကျန်ပါတော့တယ်ဗျာ—'

စီးမင်းယုက ခေါင်းညိတ်လိုက်သည်။

'ဒါဖြင့်ယင် မေးပါ'

ဝဏ္ဏထွန်းစာပေ

လေက စီးမင်းယုအား စိုက်ကြည့်လိုက်ပြီး—

'မြင်းလှည်းနှစ်စင်းဆိုတော့ ကျုပ်က ဘယ်မြင်းလှည်းကို မောင်းရမှာလဲ၊ အဲဒါကိုတော့ ကြိုတင်ပြောထားပါ တော်ကြာ မှားပြီး မောင်းသွားမိလိမ့်မယ်'

စီးမင်းယုက ခေါင်းညိတ်လိုက်လေသည်။

'အေး...ဒါကိုတော့ မင်းက မမေးယင်လဲ ကျုပ်က အထူး သတိထားပြီး ပြောရမယ့်အချက်ပဲ'

သူသည် စကားကို ခေတ္တရပ်နားပြီး စကားဆက်လိုက်ပြန် သည်။

'တို့ ပုံစံခြင်းတူအောင် လုပ်ထားတဲ့ မြင်းလှည်း နှစ်စင်း ယှဉ်ပြီးထားပါမယ်၊ မြင်းလှည်းတစင်းမှာ အစိမ်းရောင် အလံ တခုစိုက်ထားတယ်၊ မြင်းလှည်းတစင်းမှာ အနီရောင် အလံတခု စိုက်ထားတယ်။ ရရှိလာတဲ့ ရွှေငွေတွေကို အစိမ်းရောင် အလံ မြင်းလှည်းပေါ်ကို တင်ရမယ်လို့ စီစဉ်ထားတယ်၊ မင်းကလဲ ကိစ္စတွေပြီးသွားတာနဲ့ အစိမ်းရောင် အလံစိုက်ထားတဲ့ မြင်း လှည်းကို အမြန်ဆုံးမောင်းနှင်သွားရမယ်၊ ကျုပ်တို့က ကျန်တဲ့ မြင်းလှည်းနဲ့ မောင်းသွားမယ်၊ အဲဒီနောက်တော့ ကျုပ်တို့က မင်းရဲ့မြင်းလှည်းကို ဟိုဘက်ကမ်းကနေ ကြိုတင်စောင့်နေမယ်'

လေက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့ ဒီလောက်ဆို ကျုပ် သဘောပေါက်ပါပြီဗျာ'





စီးမင်းယုသည် လေ၏ ပုခုံးအား အသာအယာ ပုတ်လိုက် သည်။

'ကဲ— မင်းလဲ အိပ်ရေး၀၀ အိပ်လိုက်ပါအုံး၊ မနက်ဖြန် ကျယင်တော့ တို့လုပ်ငန်းတွေ စမယ်'

* * *

## ဘဏ္ဍာ တော် တိုက် ဖောက် ထွင်း ခြင်း

လရောင်သည် ပြတင်းပေါက်မှတဆင့် လေ အိပ်နေသော ကုတင်ပေါ်သို့ ထိုးကျနေ၏။

လေသည် လုံးဝအိပ်မပျော်ပဲ သူ၏မျက်လုံးသည် အခန်း၏ မျက်နှာကျက်ပေါ်သို့သာ ငေးကြည့်နေ၏။

သူသည် ယခုအချိန်တွင် ဤမျှ တုန်လှုပ်ဖွယ်ကောင်းသော သတင်းကို ရရှိနေ၏။

ယင်းသတင်းအား သူ၏အထက်အရာရှိထံ အချိန်မီ ပို့နိုင်ခဲ့လျှင် ဘဏ္ဍာတော်ငွေကို အချိန်မီ ကာကွယ်နိုင်မည့် အပြင် ဒုစရိုက်မှုများကို အမျိုးမျိုးကျူးလွန်နေသော လုရင်းကျေးရွာ အဖွဲ့သားများအား ဖမ်းဆီးနိုင်မည် ဖြစ်သည်။





သို့သော် သူသည် အထက်အရာရှိထံသို့ မည်သို့ဆက်သွယ်ရမည်ကို တွေးတောနေလေသည်။

သူသည် စီးမင်းယုနှင့် တွေ့ဆုံပြီးနောက် ယင်းသတင်းများကို အထက်အာဏာပိုင်ထံသို့ အချိန်မီပေးပို့နိုင်ရန် နည်းလမ်း အမျိုးမျိုး ရှာဖွေခဲ့လေသည်။

သို့သော် အချိန်သာ ကုန်ခဲ့သည်။ အကြံကားလုံးဝမရပဲ ဖြစ်နေသည်။

ယခုအချိန်တွင် စီးမင်းယုက မိမိလှုပ်ရှားမှုများကို ကြပ်မတ်စွာ စောင့်ကြည့်နေမည်မှာ မလွဲပါချေ။

အကယ်၍ မိမိက အထက်အာဏာပိုင်ထံသို့ ကိုယ်တိုင် သတင်းသွားရောက် ပို့နေလျှင် စီးမင်းယုက သိရှိသွားသည် မှာ သေချာသည်ဟု သူယုံကြည်သည်။

သူသည် အကြံမရသည့် နောက်ဆုံးတွင် သူကိုယ်တိုင် စီမံ ချက်တခု ချမှတ်လိုက်လေသည်။

ယင်းစီမံချက်မှာ သူသည် ထိုမြင်းလှည်းအား ကူးတို့ဆိပ် အထိ ရောက်အောင် မပို့တော့ပဲ မြို့တော်ဝန်ဂေဟာသို့သာ တောက်လျှောက်မောင်းသွားရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေ သည်။

* * *

မည်မျှအချိန်ကြာသွားမှန်းမသိ။

လေသည် အိပ်ယာမှ နိုးလာသောအခါတွင် ညနေဆည်းဆာအချိန်သို့ ဝင်ရောက်လာလေသည်။

'ဒုက္ခပဲ၊ ငါအအိပ်ကြီးလိုက်တာနဲ့ တော်ကြာအားလုံးဒုက္ခရောက်သွားတော့မှာပဲ'

သူသည် ကိုယ့်ကိုကိုယ် အပြစ်တင်ယင်း အိပ်ယာမှ ကမန်းကတန်းထလိုက်သည်နှင့် သူ၏ကုတင်အနီးရှိ စာပွဲပေါ်၌ စာတစောင် ချထားသည်ကို တွေ့ရလေသည်။ သူသည် ထိုစာအား ကောက်ယူဖတ်ကြည့်လိုက်သေသည်။

'မင်းအိပ်ပျက်မှာစိုးလို့ တမင်မနိုးတာ၊ ညသန်းခေါင်ကျော် အချိန်လောက်မှာ မြင်းလှည်း တစီးကို တည်းခိုခန်းရှေ့မှာ ရပ်ထားလိမ့်မယ်၊ မင်းက အဲဒီမြင်းလှည်းကို မောင်းပြီး ကျုပ်ပြတဲ့ မြေပုံပေါ်မှာ ဖော်ပြထားတဲ့နေရာကို ရောက်အောင်မောင်းခဲ့ပါ'

လေသည် ယင်းစာအား ဖတ်ကြည့်ပြီးသည်နှင့် ယင်းစာမှာ လေ အိပ်ပျော်နေသောအချိန်တွင် စီးမင်းယုကလာရောက်ပေးသွားခဲ့သော စာဖြစ်ကြောင်းကို သိလိုက်ရလေသည်။

သူသည် စိတ်မောစွာဖြင့် သက်ပြင်းတချက် ချလိုက်လေသည်။





လေသည် စီးမင်းယုမှာ အလွန်ကြောက်စရာကောင်းသောလူတယောက် ဖြစ်သည်ကိုလည်း ပို၍ သတိပြုမိလေတော့သည်။

*  *  *

'ဒေါင်...ဒေါင်...ဒေါင်'

အုန်းမောင်းခေါက်သံ သုံးချက်တိတိ ကြားလိုက်ရသည်နှင့် လေသည် အိပ်ယာမှ ကမန်းကတန်းထလိုက်လေသည်။

ထို့နောက် တည်းခိုခန်းတံခါးကိုဖွင့်ကာ အပြင်သို့ ထွက်လာလေသည်။

လရောင်အောက်ဝယ် တည်းခိုခန်းရှေ့၌ အလွန်ကျယ်ဝန်းသော မြင်းလှည်းတစင်း ရပ်သျက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

မြင်းလှည်းမောင်းသော ထိုင်ခုံ နေရာပေါ်၌ လူသူ တစုံတယောက်မှ မရှိပါချေ။

သူသည် မြင်းလှည်းမောင်းသော ထိုင်ခုံပေါ်သို့ ခုန်တက်လိုက်ပြီး စီးမင်းယု ညွှန်ပြသောနေရာသို့ စတင် မောင်းနှင်သွားလေသည်။

အတန်ကြာ မောင်းနှင်လာသောအခါ မြင်းလှည်းသည် အဆောက်အအုံတခု ရှေ့သို့ ရောက်ရှိလာလေသည်။

သူသည် အဆောက်အအုံအား အကဲခတ်ကြည့်လိုက်သည်။

ယင်းအဆောက်အအုံသည် ကျဉ်းမြောင်းလှသည် မဟုတ်သော်လည်း ကျယ်ဝန်းခြင်းမရှိပါ။

ယင်းအဆောက်အအုံ၏ရှေ့တွင် ကြီးမားသော တံခါးကြီး ပိတ်နေ၏။

သို့သော် မြင်းလှည်းသည် အဆောက်အအုံရှေ့သို့ ရောက်ပြီး ရပ်တန့်လိုက်သည်နှင့် ယင်းအဆောက်အအုံ၏ တံခါးက အလိုအလျောက် ပွင့်သွားသည်ကို တွေ့လိုက်ရလေသည်။

'မောင်းပြီး အထဲကို ဝင်ခဲ့ပါ'

တံခါးဖွင့်သောသူက ပြောလိုက်ခြင်း ဖြစ်သည်။

လေသည် မြင်းလှည်းအား အဆောက်အအုံတွင်းသို့ မောင်းနှင်၍ဝင်သွားလေသည်။

တံခါးတွင်းသို့ ဝင်ရောက်သွားသည်နှင့် ယင်း အဆောက်အအုံမှာ အလွန်ကျယ်ဝန်းသော အဆောက်အအုံတခု ဖြစ်နေသည်ကို တွေ့ရှိရလေသည်။





အကယ်၍သာ လမ်းမဘက်မှ ထိုအဆောက်အအုံအားကြည့်လိုက်လျှင် ဤခြံဝင်းတခုလုံးသည် ဤမျှကျယ်ဝန်းခြင်း ရှိလိမ့်မည်ဟု မည်သူကမှ ယုံကြည်လိမ့်မည် မဟုတ်ပါချေ။

လေသည် အံ့ဩစွာဖြင့် လှမ်း၍ အဆောက် အအုံအား အကဲခတ်ကြည့်နေ၏။

ထို့နောက် ခြံဝင်းတခုလုံးအား လေသည် အကဲခတ်ကြည့်လိုက်သည်။

ယင်းခြံဝင်းသည် အနည်းဆုံး (၁၀) ဧကမက ကျယ်ဝန်းပေမည်။ အဆောက်အအုံများမှာလည်း ခြံဝင်းတခုလုံး၏ သုံးချိုး နှစ်ချိုးခန့် ရှိလိမ့်မည်ဟု ထင်ရပေမည်။

သူသည် မြင်းလှည်းမောင်းယင်း ခြံဝင်းတခုလုံးအား အကဲခတ်ကြည့်နေစဉ်မှာပင် လူတယောက်၏ ဟန့်တားသံကိုကြားလိုက်ရလေသည်။

'ဟေ့–ဒီမြင်းလှည်းကို ဘယ်သွားမလို့လဲ၊ ရပ်လိုက်စမ်း'

ထိုမြင်းလှည်း ဟန့်တားလိုက်သောလူမှာ အသက် (၄၀) ကျော်ခန့် ရှိမည်ဟု ထင်ရသည်။

လေက မြင်းလှည်းအား ရပ်တန့်လိုက်လေသည်။

သူ၏မျက်လုံးအစုံသည် ဝန်းကျင်အား တချက်ဝေ့ကြည့်လိုက်ရာ ဝန်းကျင်တခုလုံးတွင် တကိုယ်လုံးတွင် အနက်ရောင် အဝတ်အစားများကို ဝတ်ဆင်ထားကြသော လူအမြောက်အများ သွားလာလှုပ်ရှားနေကြသည်ကို တွေ့ရှိရလေသည်။

ထိုလူများသည် လုပ်ငန်းတခုအား စနစ်တကျဖြင့် လျင်မြန်စွာ လုပ်ကိုင်ဆောင်ရွက် နေကြသည်ကိုလည်း တွေ့ရှိရလေသည်။

ထိုစဉ်မှာပင် အနက်ရောင် ဝတ်ဆင်ထားသောလူတယောက်က သူ့ဆီကို ရောက်လာသည်။

'ကဲ—မိတ်ဆွေ၊ မြင်းလှည်းပေါ်က ခဏလောက် ဆင်းခဲ့ပါ'

လေသည် မြင်းလှည်းပေါ်မှ ဆင်းလိုက်သည်။

'ကျုပ်နောက်လိုက်ခဲ့'

ထိုလူသည် ယင်းသို့ပြောပြီး တဘက်သို့ လျှောက်သွားလေသည်။

လေသည် ထိုလူ၏နောက်မှ လိုက်ပါသွားလေတော့သည်။

* * *

လေအား ရွှေမှ ထမ်းပြခေါ်ဆောင်သွားသော လူသည် အလွန်ကျယ်ဝန်းသော အခန်းတခုတွင်းသို့ လှမ်းဝင်သွားလေသည်။





လေက ထိုလူ၏နောက်မှလိုက်၍ ဝင်သွားလေသည်။

ယင်းအခန်း၌ မည်သည့်အရာမှမရှိပဲ ဟာလာဟင်းလင်း ရှိနေ၏။

ထိုအခန်းထဲတွင် လူတစုသည် စားပွဲဝိုင်းတခုတွင် ဝိုင်းဖွဲ့၍ ရပ်နေကြသည်။

ထိုလူစုသည် အခန်းတွင်းသို့ လေ ဝင်လာသည်ကို တွေ့ရှိလိုက်သောအခါ သူတို့သည် လေ အား လှည့်ကြည့်ကြလေသည်။

ထိုစဉ်အနက်ရောင် ဝတ်ဆင်ထားသော လူတယောက်က သူတို့အား လှမ်းခေါ်လိုက်လေသည်။

'ကဲကဲ— မင်းရောက်လာယင် လူစုံသွားပြီ'

ထိုလှမ်းခေါ်လိုက်သောလူမှာ စီးမင်းယုပင် ဖြစ်သည်။

လေသည် သူတို့လူစုထံသို့ လျှောက်သွားလေသည်။

သူတို့ဝိုင်း၍ရပ်နေကြသော စားပွဲဝိုင်းပေါ်၌ မြေပုံစာရွက်တရွက် ချထားသည်ကို တွေ့ရလေသည်။

စီးမင်းယုက သူ့အား အနက်ရောင်ဝတ်စုံများကို လှမ်းပေးလိုက်သည်။

'ကဲ—မင်းလဲ ဒီအဝတ်အစားတွေကိုလဲ ဝတ်လိုက်ပါ'

သူသည် ပြောပြီးသည်နှင့် လူစုအား လက်တချက်မြှောက်ပြလိုက်သည်။

'အားလုံး အသင့်ရှိကြပြီလား'

အနက်ရောင်ဝတ်ဆင်ထားကြသောလူများက ပြိုင်တူ လက်တဖက်စီ မြှောက်ပြလိုက်ကြလေသည်။

'အားလုံးအဆင်သင့်ဖြစ်နေကြပါပြီ'

စီးမင်းယုက လေအား တချက်ကြည့်လိုက်သည်။

လေသည် အဝတ်အစားများအား လျင်မြန်စွာ လဲယင်းလက်မြှောက်လိုက်လေသည်။

ထိုအခါ စီးမင်းယုက ကြေနပ်စွာ ပြုံးလိုက်လေသည်။

'ကဲ–ဒါဖြင့် တို့လုပ်ရမယ့် လုပ်ငန်းစကြမယ်'

သူသည် ပြောပြီးသည်နှင့် အနက်ရောင် ဝတ်ဆင်ထားသောလူများသည် ထိုစားပွဲဝိုင်းနဘေးသို့ ဖယ်ရှား ပစ်လိုက်လေသည်။

ထို့နောက် မြေပေါ်မှ ကျောက်ပြားအား ရွှေ့ မ, လိုက်ရာ ရှစ်ပေပတ်လည်ခန့်ရှိသော ဝင်ပေါက်တခုအား တွေ့ရှိရလေသည်။

စီးမင်းယုက ထိုအပေါက်မှ အောက်သို့ ရှေ့ဆုံးမှဦးဆောင်၍ ဆင်းသွားလေသည်။

အနက်ရောင်ဝတ်ဆင်ထားသော လူများသည် စီးမင်းယုနောက်သို့ အစီအရီ တယောက်ပြီးတယောက် လိုက်၍ ဆင်းသွားကြလေသည်။





လေသည် ထိုအနက်ရောင်ဝတ်ဆင်ထားသော လူများအား စိတ်ထဲမှကြိတ်၍ ရေတွက်ကြည့်လိုက်ရာ (၁၀) ယောက်တိတိရှိသည်ကို သိလိုက်ရသည်။

သူသည် ထိုအနက်ရောက် ဝတ်ဆင်ထားသော လူများ၏နောက်ဆုံးမှဆင်း၍ လိုက်သွားရာ လှေကားထစ်ဆုံးသွားသည်နှင့် သူတို့သည် မြေအောက် ဥမင်လှိုင်ခေါင်းလမ်းအား တွေ့မြင်လိုက်ရလေသည်။

ယင်းဥမင်လှိုင်ခေါင်းသည် ဝဲယာတဘက်တချက်ဆီမှ မြေများ ပြိုမကျစေရန် သစ်လုံးများဖြင့် ထောက်ကာထားသည်ကို တွေ့လိုက်ရလေသည်။

ထောက်ထားသော သစ်လုံးနှစ်လုံးကြားတွင် မီးအိမ်တလုံး ထွန်းညှိထားသည်ကိုလည်း တွေ့ရသည်။

မီးရောင်မှာ ဝါဖန့်ဖန့် ဖြစ်နေသော်လည်း လှိုင်ဂူ၏ဘေးဝန်းကျင်ရှိအရာများအား ကောင်းစွာ တွေ့နိုင်ပေသည်။

စီးမင်းယုသည် ရှေ့ဆုံးမှ ဦးဆောင်သွားနေ၏။ကျန်ရှိသောလူများသည် စီးမင်းယု၏နောက်မှ တန်းစီ၍ လိုက်သွားလေတော့သည်။

လေသည် လျှောက်သွားယင်း ခြေလှမ်း ဘယ်နှစ်လှမ်းမျှရှိနေပြီကို စိတ်ထဲမှ ကြိတ်၍ရေတွက်နေ၏။

သူသည် ထိုသို့ ရေတွက်နေယင်းမှ ခြေလှမ်း (၄၀၀)ခန့် လျှောက်မိလာသောအခါ သူ့ ရှေ့မှလျှောက်နေသောလူများသည် ခြေလှမ်း ရပ်တန့်သွားကြလေသည်။

စီးမင်းယုသည် သူ့ခေါင်းပေါ်သို့ ညွှန်ပြလိုက်သည်။

'ကျုပ်တို့ မြေပုံကို တိုင်းထွာ တွက်ချက်ထားတဲ့ အတိုင်းဆိုယင် အခု ကျုပ်တို့ရပ်နေတဲ့ ခေါင်းပေါ် တည့်တည့်မှာဆိုယင် ဘဏ္ဍာတော်တိုက်နေရာဖြစ်တယ်ဆိုတာသေချာတယ်'

သူသည် ယင်းသို့ပြောပြီး လက်တချက် ဝှေ့ယမ်းလိုက်ရာ လူ(၄)ယောက်သည် မျက်နှာချင်းဆိုင် ရပ်လိုက်ကြလေသည်။

ထို့နောက် လူ(၄)ယောက်က ထို လူ(၄)ယောက်၏ ပခုံးပေါ်သို့တက်၍ ထိုင်ချလိုက်လေသည်။

တို့နောက် အပေါ်မှာရှိနေသော လူသည် သူတို့၏လက်ထဲတွင် အသင့်ပါလာသော လက်နက်မျိုးဖြင့် ခေါင်းပေါ်ရှိမြေများအား တူးဆွ၍ နေလေသည်။

ထိုအနက်ရောင်ဝတ်ဆင်ထားသော သူများ၏ မျက်နှာတခုလုံးအား ပါးလွှာသော ဇာပုဝါတခုစီဖြင့် ဖုံးအုပ်ထားကြသည်။

လေကလည်း သူ့အင်္ကျီအိတ်ထဲတွင် အသင့်ပါလာသော ဇာပုဝါတထည်ဖြင့် သူ၏မျက်နှာအား စီးထားလိုက်လေသည်။

မြေကို တူးဆွနေကြသောသူများသည် အထူးတီထွင်ထားသော ကိရိယာများနှင့် တူးနေကြသောကြောင့် တိုတောင်းလှစွာသော အချိန်တွင် လူတကိုယ်စာ ဝင်ဆန့်သောအပေါက်ကလေး တပေါက်အဖြစ်သို့ ဖြစ်ပေါ် လာလေတော့သည်။





နောက်ဆုံး စီးမင်းယုနှင့် လေတို့ကလည်း ထို အပေါက်မှပင် အပေါ်သို့ တက်သွားကုန်ကြလေသည်။

* * *

လေသည် အပေါ်သို့ ရောက်ရှိလိုက်သည်နှင့် သူ၏မျက်လုံးအစုံသည် အံ့သြလွန်းသဖြင့် ပြူးကျယ်ဝိုင်းစက်သွားသည်။

အကြောင်းမှာ သူရောက်ရှိနေသောနေရာသည် လေးဘက်လေးတန်တွင် အလွန်ထူသော သံမဏိပြားများဖြင့်ပြုလုပ်ထားသော အခန်းတခုဖြစ်နေသောကြောင့်ဖြစ်လေသည်။

အခန်း၏ မျက်နှာကျက်များမှာလည်း သံမဏိပြားများနှင့် ကာရံထားသည်ကို တွေ့ရှိရလေသည်။

ထိုအခန်း၏ (၃)ဖက် သုံးတန်တွင် သံသေတ္တာများ အစီအရီ ရှိနေသည်ကို တွေ့ရလေသည်။

စီးမင်းယုသည် သေတ္တာပေါ်မှ ခတ်ထားသော သော့အားရိုက်ချိုးပြီး ဖွင့်လိုက်သောအခါတွင် ထိုသေတ္တာထဲ၌ ရွှေတုံးများ ပြည့်နှက်လျက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

သေတ္တာကိုကြည့်နေကြသော အနက်ရောင်ဝတ်ထားသော လူ(၁၀)ယောက်တို့၏ မျက်လုံးများမှာ လောဘတက်နေသော အရိပ်အယောင်များ တွေ့ရှိလိုက်ရလေသည်။

အားလုံးသော လူများသည် ရွှေငွေ ကြောက်များစွာ တွေ့မြင်လိုက်ရသဖြင့် ထခုန်မတတ် ဝမ်းသာသွားကြလေသည်။

လေရင်ထဲမှာမူ ပူပင်သောကများ တောက်လောင်နေ၏။

အကယ်၍သာ ဘဏ္ဍာတော်ထဲမှ ရွှေငွေများကိုသာ အခိုးခံလိုက်ရလျှင် တိုင်းပြည်အတွက် မည်မျှနစ်နာမည်ကို တွေးမိ၍ စိုးရိမ်ပူပန်သွားမိသည်။

'ကဲ… ကျုပ်စီစဉ်ထားတဲ့အတိုင်း ဒီရွှေတွေကို သယ်သွားကြမယ်'

သူသည် ထိုသို့ပြောပြီး လေအား တချက်ကြည့်လိုက်သည်။

'မင်း လုပ်ဆောင်ရမယ့် တာဝန်ကို မင်း သိတယ်မဟုတ်လား'

လေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့– သိပါတယ်'

စီးမင်းယုက ခေါင်းညိတ်လိုက်သည်။

'ကောင်းတယ်၊ ပိုသေချာသွားအောင် မင်း လုပ်ဆောင်ရမယ့် တာဝန်တွေကို ကျုပ်ကို ပြန်ပြောစမ်းပါ'

လေက အနည်းငယ်စဉ်းစားလိုက်သည်၊

'ကျုပ်ရဲ့တာဝန်က အစိမ်းရောင်အလံ စိုက်ထူထားတဲ့ မြင်းလှည်းကို မောင်းပြီး မြို့ရဲ့တောင်ဘက်တံခါးကနေ ထွက်သွားရမယ်၊ ရောက်တာနဲ့ ကူးတို့ဆိပ်ကို အရောက်သွားပြီး ကူးတို့ပေါ်ကို မြင်းရောလှူပါ တက်ပြီး တဘက်ကမ်းကို ကူးသွားရမယ် မဟုတ်လား'





စီးမင်းယုက ကြေနပ်စွာ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပြီ၊ မင်း ဒီအတိုင်းသာ သတိကြီးစွာနဲ့ မမှားရအောင် လုပ်ပါ'

လေက ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ'

ထို့နောက် စီးမင်းယုသည် ကျန်ရှိသော လူ(၁၀)ယောက်ဘက်သို့ တချက်ဝေ့ကြည့်လိုက်သည်။

'ကဲ…မင်းတို့ကကော ကိုယ့်တာဝန်ကိုယ် မှတ်မိကြရဲ့လား'

ထိုလူ (၁၀)ယောက်အနက် အရပ်ရှည်ရှည်ရှိသော လူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့– ကျုပ်တို့အားလုံး မှတ်မိပါတယ်'

စီးမင်းယုက ခေါင်းညိတ်လိုက်သည်။

'ပိုပြီးသေချာသွားအောင် ကျုပ်ကို ပြန်ပြောပြစမ်းပါ'

ထိုလူက–

'ဒီကရရှိတဲ့ ပစ္စည်းတွေကို အစိမ်းရောင်အလံ စိုက်ထူထားတဲ့ မြင်းလှည်းပေါ်ကို တင်ပေးရမယ်၊ အဲ့ဒီနောက်တော့…. မြင်းလှည်းထွက်ခွာသွားတဲ့အထိ စောင့်ကြည့်နေရမယ်၊ အဲ့ဒီ မြင်းလှည်းလမ်းထိပ်ကိုရောက်တော့မှ ကျုပ်တို့ကအသင့်ရှိတဲ့မြင်းပေါ်တက်ပြီး အလံနီစိုက်ထူထားတဲ့ မြင်းလှည်းနောက်ကိုလိုက်သွားရမယ် မဟုတ်လား'

စီးမင်းယုက ကျေနပ်စွာဖြင့် ပြုံးလိုက်သည်။

'ဟုတ်တယ်၊ မင်းတို့အားလုံး ဒီအတိုင်း တသွေမတိမ်း လုပ်ဆောင်ကြရမယ်၊ နားလည်ကြရဲ့လား'

ထိုလူက ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ ဆရာ'

* * *

စီးမင်းယုသည် အခြားသေတ္တာ၏ သော့များကို ရိုက်ချိုးပြီး ဖွင့်ကြည့်နေပြန်သည်။

သူသည် ငွေတုံးများကိုသာ ထည့်ထားသော သေတ္တာများကိုမူ လုံးဝမယူပဲ ရွှေတုံးများထည့်ထားသော သေတ္တာ(၃)လုံးနှင့် ကျောက်သံ ပတ္တမြား ထည့်ထားသော သေတ္တာ(၃)လုံးကိုသာ ရွေးယူလိုက်လေသည်။

ထိုနောက် ဘဏ္ဍာတော်တိုက်၏ ထောင့်တနေရာတွင် ထိုသေတ္တာများကို စုပုံထားသည်။

ထို့နောက် သူသည် ဂုံနီအိတ်များကို ယူလိုက်ပြီး

'ကဲ - ၊ ဟောဒီ သေတ္တာထဲက ရွှေတုံးများနဲ့ ကျောက်သံပတ္တမြားတွေကို လွယ်လွယ်ကူကူ သက်သက်သာသာ သယ်နိုင်အောင် အိတ်ကလေးထဲကို မျှထည့်ပါ'





စီးမင်းယုက ထိုသို့ ပြောပြီးသည်နှင့် ထိုလူများသည် ရွှေတုံးများနှင့် ကျောက်သံ ပတ္တမြားတို့အား အိတ်ငယ်ကလေးများထဲတွင် ထည့်ပြီး ကြိုးချည်ကြလေသည်။

ထို့နောက် သူတို့သည် လူစုခွဲ၍ ထိုအိတ်ကလေးများကို အချို့ကအပေါ်ကနေ၍ ချပေးကြပြီး အချို့ကလက်ဆင့်ကမ်း ယူဆောင်၍ အစိမ်းရောင်အလံ စိုက်ထူထားသည့် မြင်းလှည်းပေါ်သို့ သွားရောက် တင်ထားကြလေသည်။

ထိုလူများသည် အကြိမ်ကြိမ်လေ့ကျင့်ထားကြသည့်လူများဖြစ်ကြ၍လား မသိ၊ သူတို့၏လုပ်ရှားပုံမှာ အလွန်ကျွမ်းကျင်ပြီး လျင်မြန်လှပေသည်။

မကြာမီ သူတို့သည် ရွှေတုံးထည့်ထားသော စုစုပေါင်း အိတ်ငယ် (၂၀)နှင့် ကျောက်သံပတ္တမြား ထည့်ထားသော အိတ်ငယ်ပေါင်း (၂၁)အိတ် တို့အား ချောမောစွာဖြင့် အစိမ်းရောင်အလံ စိုက်ထူထားသော မြင်းလှည်းပေါ်သို့ တင်နိုင်ခဲ့လေသည်။

စီးမင်းယုက ထိုကဲ့သို့ ရွှေတုံးများ တင်ပေးသည်အထိ မည်သည့်အခက်အခဲမှ မတွေ့ရှိသဖြင့် အလွန်ဝမ်းသာသွားသည်။

'ကဲ.... အားလုံး ခဏလေးနေကြအုံး၊ ကျုပ်သွားပြီးအခြေအနေကြည့်လိုက်ပါအုံးမယ်'

သူသည် ယင်းသို့ ပြောပြီးသည်နှင့် ဥမင်လိုဏ်ခေါင်းထဲမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

လေသည် ရင်ထဲ၌ တချက်လှုပ်ရှားသွားလေသည်။

သူသည် စီးမင်းယု၏ အပြုအမူအား သံသယဖြစ်လာလေသည်။

'အင်း- သူက ကျုပ်တို့ကိုပင်ခဲ့ပြီး တယောက်တည်းမောင်းပြေးသွားယင်တော့ ဒုက္ခပဲ'

သူသည် မည်သူ့ကိုမှ ဖွင့်မပြောပါ။ သူ၏ ရင်ထဲ၌သာ ကြိတ်၍ စိုးရိမ်ပူပန်နေ၏။

* * *

စီးမင်းယုထွက်သွားသောအချိန်သည် အလွန်ကြာသွားပြီဟု ထင်လိုက်ရလေသည်။

အားလုံးသောလူများသည်လည်း စီးမင်းယု ထွက်ခွာသွားသောနေရာသို့ အာရုံစူးစိုက်စွာ စောင့်ကြည့်နေကြလေသည်။

'ဟာ... ခေါင်းဆောင်ကြီး ထွက်သွားတာ အတော်ကြာသွားပြီ၊ ခေါင်းဆောင်ကြီးက ပစ္စည်းတွေကို သူတယောက်ထဲ အပိုင်စီးသွားယင်တော့ ဒုက္ခပဲ'

လေသည် အခြေအနေများ ရှုပ်ထွေးသွားစေရန် လှုံ့ဆော်ပြောဆိုလိုက်ခြင်း ဖြစ်သည်။

သူထင်ထားသည့်အတိုင်း ထိုလူ(၁၀) ယောက်သည် သူ၏ပြောစကားကြောင့် အနည်းငယ်လှုပ်လှုပ်ရှရှ ဖြစ်လာကြလေသည်။





ထိုစဉ်မှာပင် စီးမင်းယုသည် ပြုံး၍ ပြန်လည်လျှောက်လာနေသည်ကို တွေ့ရလေသည်။

ထို့ကြောင့် သူတို့အားလုံးသည် သူတို့၏ရင်ထဲ၌ ဖြစ်ပေါ်နေသော သံသယစိတ်များမှာ ချက်ခြင်းပင် ကွယ်ပျောက်သွားလေသည်။

သူသည် လှုပ်လှုပ်ရှရှ ဖြစ်နေကြသော သူ့လူများအား မျက်လုံးတချက်ဝေ့ကြည့်လိုက်သည်။

'မင်းတို့ လှုပ်လှုပ်ရှရှနဲ့ ဘာတွေဖြစ်နေကြလဲ'

အားလုံးသောလူများသည် မည်သူကမျှ စကားပြန်မပြောပဲ ပါးစပ်ပိတ်ထားကြလေသည်။

စီးမင်းယုက အခြေအနေကို အကဲခတ်မိ၍ ပြုံးလိုက်သည်။

'ဘာလဲ၊ မင်းတို့စိတ်ထဲမှာ ဒီပစ္စည်းတွေကို ကျုပ်တယောက်ထဲ အပိုင်စီးသွားမယ်လို့များ သံသယ ဖြစ်နေကြသလား'

ထိုလူ(၁၀) ယောက်သည် မည်သို့မျှ ပြန်မပြောပဲ ခေါင်းငုံ့သွားကြလေသည်။

စီးမင်းယုက ပြုံးလိုက်သည်။

'ဒါ မင်းတို့မှာ ဘာမှ အပြစ်မရှိပါဘူးကွာ...၊ ငွေကလဲ အတော်များတယ်ဆိုတော့ သံသယဖြစ်စရာပါပဲလေ'

သူသည် ယင်းသို့ပြောပြီး လေ ဘက်သို့ တချက်ကြည့်လိုက်သည်။

'ကဲ—အခြေအနေတော့ အလွန်ကောင်းနေပါတယ်၊ မင်းကပါပြောထားတဲ့အတိုင်းသာ သွားပေတော့'

လေ သည် ခေါင်းညိတ်လိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့် ထို နေရာမှ ထွက်ခွာသွားလေတော့သည်။

* * *

စီးမင်းယုသည် စကားတခွန်းမျှမပြောပဲ တိတ်ဆိတ်စွာဖြင့် ရပ်နေ၏။

ကျန်ရှိသော လူ ဆယ်ယောက်တို့ကလည်း သူ့အား စိုက် ကြည့်နေကြသည်။

အတန်ကြာမှ သူသည် လက်တချက် ဝှေ့ရမ်းလိုက်ပြီး—

'ကဲ _ အားလုံး အသင့်ဖြစ်ပြီလား၊ သွားကြမယ်'

သူသည် ပြောပြီးသည်နှင့် ခြေလှမ်းတုတ်တုတ်ဖြင့် ရှေ့ ဆုံးမှ ဦးဆောင်ထွက်သွားရာ သူ့နောက်မှ လူဆယ်ယောက် တို့က ထပ်ချပ်မကွာ လိုက်ပါသွားကြလေသည်။

သူတို့အားလုံးတို့သည် အပြင်သို့ရောက်ရှိလာကြသောအခါ လေသည် အစိမ်းရောင်အလံ စိုက်ထူထားသော မြင်းလှည်း ပေါ်သို့ တက်သွားလေသည်။

သူ၏ လူဆယ်ယောက်ကလည်း အသင့်ရှိနေသော မြင်း ဆယ်ကောင်ပေါ်သို့ လွှားကနဲ ခုန်တက်သွားကြသည်။





စီးမင်းယုသည် မြင်းဇက်ကြိုးအား တချက်လှုပ်ခါလိုက်ရာ မြင်းလှည်းသည် အရှေ့ဘက်သို့ ဦးတည်၍ လျှင်မြန်စွာဖြင့် မောင်းနှင် ထွက်ခွာသွားလေတော့သည်။

သူ့နောက်မှ လူဆယ်ယောက်တို့သည် မြင်းကိုယ်စီဖြင့် သူ၏ မြင်းလှည်းနောက်မှ ထပ်ချပ်မကွာ လိုက်ပါသွားကြလေတော့ သည်။

* * *

## လှည့် ကွက်

လေသည် မြင်းလှည်းအားအရှိန်ပြင်းစွာဖြင့် မောင်းနှင်သွားလေသည်။

သူသည် သက်ဆိုင်ရာ အာဏာပိုင်တို့နှင့် မည်သို့မျှအဆက်အသွယ် မပြုလုပ်နိုင်ခဲ့သောကြောင့် တယောက်တည်းစိတ်အားငယ်နေမိလေသည်။

သို့သော် သူ၏အထက်အရာရှိဖြစ်သူသိမ်းငှက်၏အကြောင်းကို သူကောင်းစွာ သိထားသည်။

သိမ်းငှက်၏ အရည်အချင်းများကို အပြည့်အ၀ ယုံကြည်ထားသည်။





မိမိက သူ့အား အခြေအနေ အမျိုးမျိုးကြောင့်ဆက်သွယ်နိုင်ခြင်း မရှိခဲ့သော်လည်း သိမ်းငှက်သည် မိမိ၏ လှုပ်ရှားမှုကို အမြဲမပြတ် စောင့်ကြည့်နေမည်မှာ မလွဲချေ။

အကယ်၍ သူ့အနေနှင့် အရေးကြုံလာလျှင် သိမ်းငှက်ကလည်း လက်ပိုက်ကြည့်မည် မဟုတ်ဟုလည်း သူက ယုံကြည်နေမိသည်။

ထို့ကြောင့် သူသည် သူလုပ်သင့် လုပ်ထိုက်သည့်လုပ်ဆောင်ချက်များကို ဆက်၍ လုပ်ကိုင်သွားလေသည်။

စီးမင်းယုက သူ့အား ပေးထားသည့် တာဝန်မှာ အစိမ်းရောင်အလံကိုစိုက်ထူထားသော မြင်းလှည်းအား ကူးတို့ဆိပ်သို့ မောင်းနှင်သွားရန် ဖြစ်လေသည်။

သို့သော်… သူသည် ဥမင်လှိုဏ်ခေါင်းမှ ထွက်လာသောအခါတွင် အစိမ်းရောင်အလံနှင့် အနီရောင်အလံတခုစီ စိုက်ထူထားသော မြင်းလှည်းနှစ်စင်းအား တွေ့ရှိရလေသည်။

သူသည် လျှပ်တပျက် ထိုအလံနှစ်ခုအားဖြုတ်ယူ၍ လဲလှယ်လိုက်လေသည်။

ထို့ကြောင့် ယခု သူသည် အစိမ်းရောင်အလံ စိုက်ထူထားသော မြင်းလှည်းအား မောင်းနှင်သွားနေသည် ဖြစ်သော်လည်း အမှန်မှာမူ သူမောင်းနှင်နေသော မြင်းလှည်းမှာ မူလက အနီရောင်အလံ စိုက်ထူထားသော မြင်းလှည်းပင်ဖြစ်သည်။

သူက အဘယ်ကြောင့် မြင်းလှည်းကို ယင်းကဲ့သို့ လဲလှယ်လိုက်ရပါသနည်း။

သူသည် စီးမင်းယုအပေါ်တွင် မယုံကြည်၍ ဖြစ်သည်။

စီးမင်းယုသည် မည်သည့်နည်းနှင့်မဆို ဤမျှအချိန် သုံးနှစ်တာ အပင်ပန်းခံ၍ ရယူထားသောရွှေငွေများကိုမိမိအပေါ်တွင် ယုံယုံကြည်ကြည်ဖြင့် တပါတည်း အပ်နှင်းလိမ့်မည် မဟုတ်ဟု တွေးမိထားပြီ ဖြစ်လေသည်။

ထို့ကြောင့် လေက မြင်းလှည်းကို ယင်းကဲ့သို့ ဖလှယ်လိုက်ခြင်း ဖြစ်လေသည်။

ယခု သူသည် စီးမင်းယုပြောထားသည့်အတိုင်း မြင်းလှည်းကို ကူးတို့ဆိပ်သို့ ဦးတည်၍ မောင်းနှင်သွားနေ၏။

ထိုသို့ ကူးတို့ဆိပ်သို့ မောင်းနှင်သွားရခြင်းမှာလည်း ယင်းနေရာတွင် စီးမင်းယုက မည်သို့ အစီအစဉ်များ ထားရှိသည်ကို သိချင်သေး၍ ဖြစ်လေသည်။

ဤသို့ဖြင့် သူသည် ကူးတို့ဆိပ်သို့ တဖြေးဖြေး ရောက်ရှိလာလေသည်။

ထို့နောက် သူသည် ဘေးဘီသို့ သတိကြီးစွာဖြင့် အကဲခတ်ကြည့်လိုက်လေသည်။

သို့သော်… ကူးတို့ဆိပ်တွင် လူရိပ်တခုမှ မတွေ့ရပါချေ။ သူသည် မြင်းလှည်းအား ဆက်၍မောင်းနှင်သွားရာ မကြာမီမှာပင် သူသည် စီးမင်းယုပြောထားသည့် ကူးတို့ဆိပ်သို့ရောက်ရှိသွားလေသည်။

ကူးတို့ဆိပ် တခုလုံးမှာလည်း တိတ်ဆိတ် ငြိမ်သက်လျက်ရှိနေသည်ကို တွေ့ရလေသည်။





ထို့ကြောင့် သူ၏ရင်ထဲ၌ သံသယစိတ်များပို၍ ဖြစ်သွားခဲ့လေသည်။

ထိုစဉ်မှာပင် လူနှစ်ယောက်သည် သူ့ထံသို့ ချဉ်းကပ်လာလေတော့သည်။

*   *   *

လေသည် သူ့ထံသို့ လာနေသော လူနှစ်ယောက်အားတွေ့မြင်လိုက်ရသဖြင့် မြင်းလှည်းအား မောင်းနှင်နေရာမှ ရပ်တန့်လိုက်သည်။

ထိုလူနှစ်ယောက်မှာ လှေထိုးသားများ၏ အဝတ်အစားများကို ဝတ်ဆင်ကြသဖြင့် ကူးတို့ဆိပ် အလုပ်သမားများသာ ဖြစ်ရမည်သို့ ထင်မှတ်မိလေသည်။

'ကဲ… နောင်ကြီး၊ ကျုပ်ရဲ့လှည်းကို တဘက်ကမ်း ရောက်အောင် ကူးပေးပါ'

ထိုလူနှစ်ယောက်အနက် လူတယောက်က ခမောက်ချွတ်ချလိုက်လေသည်။

'ဟဲ့–ဟဲ–ဟဲ… ခင်ဗျား ဟိုဘက်ကမ်းကို ကူးနေဖို့ မလိုတော့ပါဘူးဗျာ'

လေသည် ထိုလူအား မြင်တွေ့လိုက်ရသည်နှင့် လွန်စွာအံ့သြသွားသည်။

အကြောင်းမှာ ထိုလူသည် ဦးရှောက်ဖုန်း ဖြစ်နေသောကြောင့် ဖြစ်လေသည်။

သူသည် မျက်မှောင်ကုပ်လိုက်သည်။

'လက်စသတ်တော့ ခင်ဗျားက လုရင်းကျေးရွာကလူကိုး'

ဦးရှောက်ဖုန်းက ပြုံးပြလိုက်လေသည်။

'ဟုတ်ပါတယ်ဗျာ၊ ကဲ... မိတ်ဆွေ အောက်ကို ခေတ္တခဏ ဆင်းခဲ့ပါ'

လေသည် မြင်းလှည်းပေါ်မှ ခုန်ချလိုက်ပြီး သူသည် မြင်းလှည်းအား လက်ဖြင့် ပုတ်ပြလိုက်လေသည်။

'ခေါင်းဆောင်ကြီးက ကျုပ်ကို မြင်းလှည်း ဟိုဘက်ကိုရောက်အောင်ကူးဖို့ တာဝန်ပေးလိုက်တယ်ဗျ'

ဦးရှောက်ဖုန်းက ပြုံးလိုက်ပြန်သည်။

'ဟိုဘက်ကမ်းကူးဖို့ မလိုတော့ပါဘူး။ ဒီမြင်းလှည်းကို ကျုပ်တို့လည်းအလိုမရှိတော့ပါဘူးဗျာ'

လေက မျက်မှောင်ကုပ်သွားသည်။

'နေပါအုံး... ခင်ဗျားက ဘာကို ဆိုလိုတာလဲ'

ဦးရှောက်ဖုန်းက သူ၏ခါးမှဓားကို ဆွဲထုတ်လိုက်ပြီး–

'ရှင်းရှင်းလေးပါ။ ကျုပ်တို့ခေါင်းဆောင်ကြီးကခင်ဗျားကို မယုံဘူး။ ခင်ဗျားဟာ နေပြည်တော်က ထောက်လှမ်းရေးမှူးတယောက် ဖြစ်တယ်ဆိုတာ အကုန်လုံးသိထားပြီပြီဗျ'

လေက ခေါင်းညိတ်လိုက်သည်။

'အော်... ဒါကြောင့် ခင်ဗျားကို ဒီမှာလာစောင့်ခိုင်းပြီး ကျုပ်ကို နှုတ်ပိတ်ခိုင်းမလို့ ဆိုပါတော့။ ဟုတ်လား'





ဦးရှောက်ဖုန်းက ရယ်မောလိုက်သည်။

'ခင်ဗျားလဲ ပညာရှင်တယောက်ပဲ၊ ကျုပ်အနေနဲ့ ပြောစရာ မလိုတော့ဘူး ထင်ပါတယ်'

လေက ပြုံးလိုက်သည်။

'ခင်ဗျားတို့ မသိတာ ရှိသေးတယ်ဗျ'

ဦးရှောက်ဖုန်းက သူ့အား စိုက်ကြည့်လိုက်သည်။

'ဘာများဘာလိမ့်၊ ပြောပါအုံးဗျာ'

လေသည် မြင်းလှည်းအား ညွှန်ပြလိုက်သည်။

'ခင်ဗျားတို့ ခေါင်းဆောင်ကြီးက ကျုပ်ကို အစိမ်းရောင် အလံ စိုက်ထူထားတဲ့ မြင်းကို မောင်းခိုင်းပေမယ့်၊ ကျုပ်က အလံအစိမ်းနဲ့ အနီကိုလဲ မောင်းနှင်ခဲ့တာပေါ့ဗျာ'

ဦးရှောက်ဖုန်းကမျက်မှောင်ကုပ်သွားသည်။

'ခင်ဗျားက ဘာကို ဆိုလိုတာလဲဗျ'

လေက ပြုံးလိုက်သည်။

'ကျုပ်အနေနဲ့ ဒါထက် ရှင်းရှင်း ပြောရမယ်ဆိုယင် အခု ကျုပ်မောင်းလာတဲ့ မြင်းလှည်းဟာ အစိမ်းရောင်အလံ စိုက်ထူထားပေမယ့် အနီရောင်အလံ စိုက်ထူထားတဲ မြင်းလှည်း ဖြစ်နေတယ်ဗျ'

ဦးရှောက်ဖုန်းက လေ၏ စကားကြောက် မျက်နှာကွက်ကနဲ ပျက်သွားလေသည်။

'ဗျာ– ဒါဖြင့် ခေါင်းဆောင်ကြီးတို့ မောင်းနှင်သွားတဲ့ မြင်းလှည်းဟာ အစိမ်းရောင်အလံ စိုက်ထူထားတဲ့ မြင်းလှည်း ပေါ့ ဟုတ်လား'

လေက ရယ်မောလိုက်သည်။

'ဟုတ်ပါ့ဗျာ၊ ခုလောက်ဆိုယင် ခင်ဗျားတို့ ခေါင်းဆောင်ကြီးဟာ ရွှေငွေတွေကို မတွေ့ရပဲ ဘယ်လောက်ဒေါပွနေမယ်ဆိုတာကို ကျုပ် မြင်ယောင်နေမိပါတယ်'

ဝူးရှောက်ဖုန်းသည် ယင်း စကားကို ကြားလိုက်ရသောအခါတွင် ရုတ်တရက် ကြောင်အံ့အံ့ ဖြစ်သွားလေသည်။

သို့သော် ချက်ချင်းပင် သူ၏မျက်လုံးအစုံသည် လောဘရမက်၏ အရိပ်အယောင်များ သန်းလာလေတော့သည်။

သူသည် စကားဆက်မပြောတော့ပဲ သူ၏ဓားဖြင့်လေအား စတင် ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

သူ့ အဖော်ကလည်း လေအား ညှပ်ပူးညှပ်ပိတ် ပြုလုပ်၍ ဝင်ရောက်တိုက်ခိုက်လိုက်သည်။

* * *

ဝူးရှောက်ဖုန်းသည် တကယ် တိုက်ခိုက် လာသောအခါ ကျွမ်းကျင်သော ဓားသမားတယောက် ဖြစ်နေသည်ကို လေက ရိပ်စားမိလိုက်လေသည်။

သူနှင့် အဖော်ပါလာသော လူများလည်း ဓားရေးတွင် မခေလှပါ။

သူတို့နှစ်ယောက်သည် လေအား ဝဲယာညှပ်၍ တိုက်ခိုက်လိုက်သောအခါ သူတို့နှစ်ယောက် တိုက်ခိုက်မှုသည် လွန်စွာ ပြင်းထန်လှပေသည်။





သူတို့နှစ်ယောက်သည် ဓားရေးတွင်အလွန်ထက်မြက်သဖြင့် သူတို့နှစ်ယောက်၏ တိုက်ကွက်ကိုပြန်လည် ခုခံနိုင်မည့်လူမှာ တယောက်မျှရှိလိမ့်မည်မဟုတ်ဟုပင် လေကယုံကြည်နေမိသည်။

သို့သော် ဝူးရှောက်ဖုန်းတို့အဖို့ ကံဆိုးသည်မှ ယခုသူတို့နှစ်ယောက် ဝိုင်းရံတိုက်ခိုက်သော လေမှာ ဓားပညာဘက်၌ အလွန့်အလွန် ကျွမ်းကျင်သော ဓားသမားတယောက် ဖြစ်နေခြင်းပင် ဖြစ်သည်။

လေ၏ ဓားပညာသည် သိုင်းလောကမှ အဆင့်(၄)တွင် ရှိနေသည်ကို သူတို့က မသိလိုက်ကြသောကြောင့် သူတို့၏ ပြုပြင်၍မရသော မဟာအမှားပင် ဖြစ်လေသည်။

သူတို့သည် သိုင်းကွက်ပေါင်း(၂၀)ကျော်မျှသာ တိုက်ခိုက်လိုက်ရသည်။

လေ၏ ဓားချက်ဖြင့် သူတို့သည် ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြလေသည်။

* * *

လေသည် သူ၏ လက်ချက်ကြောင့် ပြင်းထန်စွာ ဒဏ်ရာရထားသော ဝူးရှောက်ဖုန်းတို့အား သူ မောင်းနှင်လာသော မြင်းလှည်းပေါ်သို့ တင်ပြီး ကြိုးချည်ထားလိုက်လေသည်။

ထို့နောက် သူသည် မြင်းလှည်းမောင်းသည့် နေရာတွင် ထိုင်၍ မြင်းလှည်းအား မြို့တော်ဝန်ဂေဟာသို့ ဦးတည်၍ မောင်းနှင်သွားလေသည်။

* * *

မြင်းလှည်းသည် ရှေ့ဘက်သို့ ဦးတည်၍ မောင်းနှင်နေ၏။ မကြာမီအချိန်တွင် ထိုမြင်းလှည်းသည်ဆိပ်ကမ်းသို့ရောက်ရှိလာလေသည်။

မြင်းလှည်းက ဆိပ်ကမ်းတွင် ရပ်တန့်လိုက်သောအခါဋ်း နောက်တွင် မြင်း ဆယ်ကောင်ကလည်း ရပ်တန့် သွားလေသည်။

သူတို့အားလုံးသည် မြင်းပေါ်မှ ဆင်းလာကြပြီး မြင်းလှည်း၏ ဝဲယာတဖက်တချက်တွင် ဝန်းရံ၍ရပ်လိုက်ကြသည်။

သူတို့၏လက်ထဲတွင်လည်း ဓားကိုယ်စီဖြင့် လက်မှတင်းကြပ်စွာ ဆုပ်ကိုင်ထားသည်။

သူတို့၏ မျက်နှာမှာလည်း အလွန်မင် လေးနက်တည်ကြည်နေ၏။

မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်သူမှာ လုရင်းကျေးရွာ၏ အရှင်သခင် ဖြစ်သူ စီးမင်းယုပင်ဖြစ်သည်။





ထိုစဉ် အလွန်ကြီးမားသော ရွက်လှေဘစင်းပေါ်မှလူများသည် ကုန်းပေါ်သို့ တက်လာကြလေသည်။

ထိုလူများကို မြင်လိုက်ရသည်နှင့် စီးမင်းယုက မြင်းလှည်း တံခါးအား ဖွင့်လိုက်သည်။

'ကဲ... မင်းတို့ ဒီပစ္စည်းတွေကို လှေပေါ်ရောက်အောင် အမြန်ဆုံး တင်ကြစမ်း'

ရွက်လှေပေါ်မှ လူများသည် မြင်းလှည်းပေါ်မှ အထုပ်များ လျင်မြန်စွာဖြင့် သယ်ချပြီး ရွက်လှေပေါ်သို့ တင်ကြလေသည်။

စီးမင်းယု၏ မျက်နှာတခုလုံးတွင် ကောက်ကျစ်စဉ်းလဲသော အပြုံးများဖြင့် ပြည့်နှက်နေ၏။

'ဘယ်ရမလဲဗျာ.... ဒင်းက အလံချင်းလဲမယ်ဆိုတာကိုသိလို့ ကျုပ်က လှည့်ကွက် လုပ်ထားတာပေါ့'

သူသည် ရွှေငွေရတနာ အထုပ်များကိုကြည့်ယင်း အားရပါးရ ရယ်မောလိုက်လေတော့သည်။

မကြာပါချေ။ မြင်းလှည်းပေါ်မှ အထုပ်များသည် ရွက်လှေပေါ်သို့ ရောက်ရှိသွားပြီးဖြစ်ရာ သူတို့သည် မြင်းလှည်းနှင့် မြင်းများကို ကုန်းပေါ်၌ ထားရှိခဲ့ပြီးနောက် ရွက်လှင့်ကာ ထိုဆိပ်ကမ်းမှ လျင်မြန်စွာဖြင့် ထွက်ခွာသွား လေတော့သည်။

* * *

## င မန်း ကျွန်း

မြင်းလှည်းသည် မြို့တော်ဝန်ဂေဟာရှေ့၌ ရပ်တန့် သွားလေသည်။

လေသည် မြင်းလှည်းပေါ်မှ ဆင်းလိုက်လေသည်။

သူသည် လေးဒေါင့်ကြေးပြားကလေး တခုအား တချက်ဝှေ့ယမ်းပြလိုက်သည်နှင့် လှံတံ ကိုင်ဆောင်ထားသော အစောင့်နှစ်ယောက်က တံခါးမကြီးအားလာရောက်ဖွင့်ပေးလိုက်သည်။

ထိုနောက် လေသည် မြင်းလှည်းပေါ်သို့ ပြန်လည် တက်သွားပြီးလျှင် မြင်းလှည်းကို အထဲသို့မောင်းနှင်သွားလေသည်။

မြို့တော်ဝန်ဂေဟာ၏ အဆောက်အအုံသည် ခြံဝင်း၏ အလယ်ဗဟိုတွင် တည်ရှိနေသည်။





လေသည် မြင်းလှည်းအား ယင်းအဆောက်အအုံရှေ့၌ ရပ်တန့်လိုက်သည်နှင့် မြို့တော်ဝန်က အဆောင်ထဲမှထွက်လာလေသည်။

'မင်းရဲ့ လှုပ်ရှားမှုကို တို့က အချိန်မလပ် အမြဲစောင့်ကြည့်နေပါတယ်၊ ဒါပေမယ့် မင်းဆီက သတင်းကို လုံးဝမရတာနဲ့ တို့လဲ မင်းအတွက် သိပ်ပြီး စိတ်ပူနေတယ်ကွ'

လေက ဦးညွှတ်လိုက်သည်။

'ဟုတ်ကဲ့ ကျွန်တော်လဲ သူတို့ရဲ့အကြံအစည်ထဲမှာ ပါဝင်လှုပ်ရှားနေရတဲ့အတွက်၊ သူတို့က ကျွန်တော်အပေါ်မှာသံသယ မဖြစ်သွားအောင် ဆရာကြီးတို့နဲ့ အဆက်အသွယ် မလုပ်ပဲနေတာပါ'

မြို့တော်ဝန်က မြင်းလှည်းပေါ်မှ ဒဏ်ရာရထားသော လူနာအား တချက်ကြည့်လိုက်သည်။

လေက ပြုံးပြလိုက်သည်။

'ဆရာကြီး၊ သူတို့က လုရင်းကျေးရွာကအဖွဲ့သားတွေပါ'

မြို့တော်ဝန်က ခေါင်းညိတ်လိုက်သည်။

သူသည်လက်တချက်ဝှေ့ယမ်းလိုက်သည်နှင့်ရဲမက်နှစ်ယောက်သည် မြင်းလှည်းပေါ်မှ ဒဏ်ရာရလာသော ဝူးရှောက်ဖုန်းနှင့် သူ့အဖေအား အတွင်းသို့ဆွဲခေါ်သွားလေသည်။

လေသည် လုရင်းကျေးရွာ၏ အရှင်သခင်ဖြစ်သူ စီးမင်းယုနှင့် တွေ့ဆုံကြောင်း၊ စီးမင်းယုက မိမိအပေါ် ယုံကြည်ပြီး ဘဏ္ဍာတော်ငွေတိုက်အား ဖေါက်ထွင်းလုယက်ခဲ့တဲ့အကြောင်းများကို မြို့တော်ဝန်အား အကျဉ်းချုပ် ရှင်းပြလိုက်သည်။

လေ၏ စကားဆုံးသွားသောအခါ မြို့တော်ဝန်၏မျက်လုံးအစုံသည် အံ့ဩလွန်းသဖြင့် ဝိုင်းစက် ပြူးကျယ်သွားသည်။

သူ၏မျက်လုံးအစုံမှာလည်းလေးနက်တည်ကြည်သည့် အသွင်သို့ကူးပြောင်းသွားလေသည်။

'သူတို့အကြံအစည်က တော်တော်ကြီးပါလား'

လေက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ် သူတို့က ဒီဘဏ္ဍာတော်တိုက်ကို ဖေါက်ထွင်းဖို့ နှစ်ပေါင်းအတော်ကြာကတဲက ကြိုးစားခဲ့တယ်လို့ကြားပါတယ်'

မြို့တော်ဝန်သည် လေ၏ပုခုံးအား တချက် ပုတ်လိုက်လေသည်။

'အင်း....မင်းတော်ပေလို့ပေါ့ ဒါကြောင့်လဲ ဒီပစ္စည်းတွေ သူတို့လက်ထဲကိုပါမသွားတာပေါ့'

သူသည် စကားကိုပြောဆိုပြီးသည်နှင့် မြင်း လှည်းအနီး သို့ ချဉ်းကပ်သွားလေသည်။

လေသည် မြင်းလှည်းတံခါးအားဆွဲဖွင့်လိုက်သောအခါတွင် မြင်းလှည်းထဲ၌ အိတ်ကလေးများအစီအရီရှိသည်ကို တွေ့လိုက်ရလေသည်။

မြို့တော်ဝန်သည် မြင်းလှည်းထဲရှိ အိတ်ကလေးတလုံးအား ယူ၍ဖွင့်ကြည့်လိုက်ရာ သူ၏ မျက်နှာတခုလုံးသည် မှောင်၍ သွားလေသည်။

လေသည် မြို့တော်ဝန်က အိတ်ကိုကြည့်၍ ကြောင်အံ့အံ့ဖြစ်နေသည်ကိုတွေ့ရှိလိုက်သဖြင့် သူသည် မြို့တော်ဝန်အနီးသို့ကပ်





သွားပြီး ဖွင့်ထားသောအိတ်ကို လှမ်းကြည့်လိုက်သောအခါ သူ၏ဦးခေါင်းတခုလုံးအား မိုးကြိုးပစ်ချလိုက်သည့်အလား တွန့်ကနဲဖြစ်သွားလေတော့သည်။

သူသည် မယုံကြည်နိုင်စွာဖြင့် အိတ်လေးငါးလုံးအား ယူ၍ဖွင့်ကြည့်လိုက်သောအခါ ယင်းအိတ်ကလေးများ၌ ကျောက်သံပတ္တမြားမရှိပဲ ကျောက်ခဲများထည့်ထားသည်ကို တွေ့ရှိရလေသည်။ သူသည် အိတ်များကိုကြည့်၍ သူ၏ တကိုယ်လုံးသည် ကြက်သေသေသွားလေတော့သည်။

*　　　*　　　*

မြို့တော်ဝန်သည် အဆောင်ထဲ၌ လက်နှစ်ဖက်နောက်ပစ်၍ ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်နေလေသည်။

သူ၏မျက်နှာတခုလုံးသည် ညှိုမည်းနေလေသည်။ လေသည် ကြမ်းပေါ်တွင်ချထားသောအိတ်ကလေးများအား ကြည့်ယင်း ငေးငိုင်၍နေလေသည်။

အတန်ကြာမှ မြို့တော်ဝန်က လျှောက်နေသော ခြေလှမ်းကို ရပ်တန့်လိုက်လေသည်။ ထို့နောက်သူသည် စိတ်လှုပ်ရှားစွာဖြင့် လက်နှစ်ဖက်အားဆုတ်ထားယင်း—

'တို့ဘယ်လိုလုပ်ကြမလဲ'

မြို့တော်ဝန်၏အသံကြောင့် လေသည် ငေးငိုင်နေရာမှ လန့်ဖျန့်ကာ ပြန်လည် သတိရလာလေသည်။ သူသည်မြို့တော်ဝန်အား ဦးညွှတ်လိုက်ပြီး—

'ဆရာကြီးသူတို့သွားမယ့်နေရာကိုတော့ ကျွန်တော်သိထားပါတယ်၊ အဲဒါသူတို့ရှိရာကိုသွားပြီး ဝိုင်းထားယင် ကောင်းမလားလို့'

မြို့တော်ဝန်က ခေါင်းညိတ်လိုက်လေသည်။

'ဒါကတော့လုပ်ရမှာပဲ၊ ခက်တာက မင်းပြောတဲ့ စီးမင်းယုဟာ အလွန်ကောက်ကျစ်စဉ်းလဲဉာဏ်များတယ်ဆိုတာကို သူ့လုပ်ရပ်တွေကို ကြည့်ချင်းအားဖြင့် သိသာနိုင်တယ်၊ ဒါကြောင့် သူက မင်းပြောတဲ့နေရာမှာ ရှိမှာ မဟုတ်တော့ဘူး ဆိုတာကိုတော့ ကျုပ်ယုံကြည်တယ်'

သူသည် သက်ပြင်းတချက် ချလိုက်သည်။

'အေးပေါ့လေ၊ ကျုပ်တို့အနေနဲ့ လုပ်သင့် လုပ်ထိုက်တာတွေကိုတော့ လုပ်ထားရမှာပဲ'

သူသည် စားပွဲပေါ်မှ မောင်းထုသော ဘုကို ယူလိုက်ပြီး ဆင်စွယ်နှစ်ခုဖြင့် ချိတ်ဆွဲထားသော မောင်းကလေးအား ဘုဖြင့် ထုလိုက်လေသည်။

'ဒေါင်....'

မောင်းသံတချက် ထွက်ပေါ်လာပြီး နောက်တွင် ရဲမက်တယောက်က အခန်းထဲသို့ ပြေးဝင်လာလေသည်။

'ဟေ့ ... မင်းတို့ဗိုလ်မှူးကို သွားခေါ်လိုက်စမ်း'

ဝင်လာသော ရဲမက်က ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့... ဝန်မင်း'

ထိုရဲမက်သည် မြို့တော်ဝန်အား အရိုအသေပြုပြီး အခန်းထဲမှ လျင်မြန်စွာ ထွက်ခွာသွားလေသည်။





မကြာပါချေ။ ဗိုလ်မှူးတယောက်၏ အဆောင်အယောင်များကို ဝတ်ဆင်ထားသော လူတယောက်က အခန်းထဲသို့ လှမ်းဝင်လာလေသည်။

မြို့တော်ဝန်သည် သူ့အားအရိုအသေ ပေးနေသော ဗိုလ်မှူးအား တချက်ကြည့်ပြီး လေအား ညွှန်ပြလိုက်လေသည်။

'မင်း ရဲမက် တရာလောက်ကို ခေါ်ပြီး သူ့နောက်လိုက်သွား၊ အဲဒီမှာ ရှိသမျှ လူတွေနဲ့ ပစ္စည်းတွေကိုသိမ်းခဲ့'

ဗိုလ်မှူးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့... ဝန်မင်း'

ဗိုလ်မှူးက မြို့တော်ဝန်အား အရိုအသေ ပြုပြီးနောက် ဗိုလ်မှူးနောက်သို့ လိုက်ပါသွားလေတော့သည်။

* * *

စီးမင်းယု၏ လျှို့ဝှက်ခန်းတခုလုံးအား သိမ်းပိုက်လိုက်ပြီးဖြစ်ရာ လုရင်းကျေးရွာ၏ အဖွဲ့အားလုံးတို့ကိုလည်း ချောချောမောမောဖမ်းဆီးနိုင်ခဲ့လေသည်။

သို့သော် စီးမင်းယုနှင့် လုချွန်းချန်းပြီးလျှင် သူအားထားရသော သူ့တပည့် အဖွဲ့သားများကိုပါ မတွေ့ရှိပါချေ။

ထို့အပြင် ယင်းခြံဝန်းတခုလုံးတွင် တန်ဖိုးရှိသော ပစ္စည်းများဟူ၍ တစုံတခုမှ ကျန်ရှိသည်ကို မတွေ့ရပါချေ။ သို့သော် လုရင်းကျေးရွာ၏ ဌာနချုပ်မှာကား ဤနေရာပင် ဖြစ်သည်ကို မြို့တော်ဝန်(ဝါ)ထောက်လှမ်းရေးမှူးချုပ် သိမ်းငှက်က သိရှိရပြီးဖြစ်လေသည်။

သူသည် စီးမင်းယု၏ ဥာဏ်သွားပုံနှင့် ရဲရဲဝံ့ဝံ့ လုပ်ကိုင်ဆောင်ရွက်သွားပုံများကို မချီးကျူးပဲ မနေနိုင်တော့ပါချေ။

'အင်း ကျုပ်ကြုံတွေ့ရတဲ့ ဒုစရိုက် ကောင်တွေထဲမှာတော့ စီးမင်းယုလို ဥာဏ်ပညာထူးချွန်ပြီး သတ္တိရှိတဲ့လူမျိုးကို တခါမှ မတွေ့ခဲ့ပါဘူးကွာ'

လေက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် ရင်ဆိုင်ခဲ့ရတဲ့ မှုခင်းတွေမှာ ဗိုလ်မင်းရဲတိုက်နဲ့ ရင်ဆိုင်ခဲ့ရတာဟာ အခက်အခဲဆုံးလို့ ထင်မိခဲ့တာ၊ ဒါပေမယ့် အခုရင်ဆိုင်နေရတဲ့ လုရင်းကျေးရွာနဲ့ဆိုယင် မယှဉ်နိုင်လောက်အောင် ကွာခြားလှပါတယ် ဆရာ'

သိမ်းငှက်က စကားပြောနေယင်းမှ မျက်မှောင်ကုပ်လိုက်လေသည်။

သူသည် စားပွဲပေါ်တွင် ချထားသော မြေပုံအား သေချာစွာ ပြန်လည် စိုက်ကြည့်လိုက်ပြီး—

'သူတို့ မင်းကိုချုပ်ထားတဲ့ကျွန်းဟာ ဘယ်ကျွန်းလဲ ဆိုတာကို မင်းတွေးလို့ မရဘူးလားကွ'

လေသည် အနည်းငယ် စဉ်းစားလိုက်လေသည်။

'သူတို့ပြောတော့ အဲဒီကျွန်းကို လုရင်းကျွန်းလို့ ပြောနေကြတာပဲ၊ ဒါပေမယ့် ကျွန်တော်က စုံစမ်းလိုက်တဲ့ အခါမှာ လုရင်းကျွန်းဆိုတာကို ဘယ်သူကမှ မသိနိုင်ကြဘူး'

ထိုစဉ်မှာပင် အဖြူရောင် ဝတ်ဆင်ထားသော မိန်းကလေး တယောက် အခန်းထဲသို့ လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေ





သည်။ လေသည် ထိုမိန်းကလေးအား တွေ့မြင်လိုက်ရသည်နှင့် သူ၏မျက်လုံးအစုံသည် ဝင်းလက် တောက်ပသွားလေသည်။

'ဟင်… လုယန်းယန်း'

သူ၏ပါးစပ်မှ လွှတ်ကနဲ ခေါ်လိုက်လေသည်။ လုယန်းယန်းက လေအား တွေ့မြင်လိုက်သည်နှင့် ပြုံးပြလိုက်လေသည်။ ထို့နောက် သူမသည် မြို့တော်ဝန်ရှေ့သို့ ချဉ်းကပ်သွားလေသည်။ ထို့နောက် မြို့တော်ဝန်အား အရိုအသေပြုလိုက်လေသည်။

'ကဲ… ဆရာကြီး၊ ကျွန်မကို သေသေချာချာ ကြည့်လိုက်ပါအုံး'

လုယန်းယန်းက သိမ်းငှက်အား ကြည့်လိုက်ပြီး—

'ဘယ့်နှယ်လဲဆရာ တူရဲ့လား'

သိမ်းငှက်က သူမအား သေချာစွာ ကြည့်လိုက်လေသည်။

'ရပါတယ် ချွင်းချက်လုံးဝ မရှိပါဘူး၊ ဒါပေမယ့် —'

လုယန်းယန်းက သိမ်းငှက်က စကားကို ခေတ္တရပ်တန့်လိုက်သည်ကို နားစွင့်နေသည်။ သိမ်းငှက်က လုယန်းယန်းအား သေချာစွာ စိုက်ကြည့်နေလေသည်။

'အခုတကြိမ်မှာတော့ လုယန်းယန်းအစစ်ကို အသုံးပြုမှ ဖြစ်လိမ့်မယ်လို့ ကျုပ်ယူဆတယ် ဘယ့်နှယ်လဲ'

မိန်းကလေးက မျက်မှောင်ကုပ်သွားလေသည်။

'ဘာဖြစ်လို့လဲရှင်'

သိမ်းငှက်၏ မျက်နှာထားက လေးနက် တည်ကြည် သွားလေသည်။

'ကျုပ်အထင် မလွဲမှားဘူးဆိုယင် စီးမင်းယုဟာ သူခေါးပြုတိုက်လိုက်ရခဲ့တဲ့ ဘဏ္ဍာတော်ငွေတွေကို သူတို့ပြောတဲ့ လူရင်းကို သွားကြမှာ ဒါကြောင့် ကျုပ်က လုယန်းယန်းကိုလွှတ်လိုက်မယ်၊ အဲဒီလိုလွှတ်လိုက်ယင် လုရင်းကျေးရွာက လူတွေဟာ သူ့ကို မြင်သွားပြီး သူ့နောက်ကို ခြေရာခံလိုက်ကြမှာပဲ အဲဒီတော့ လူတွေက သူ့နောက်ကို ခြေရာခံပြီး မြှန်လိုက်ယင် သူတို့ရောက်ရှိနေတဲ့ကျွန်းကို သိနိုင်လိမ့်မယ်လို့ ထင်လို့ပါ'

လုယန်းယန်းက ပြုံးလိုက်သည်။

'ဒါဖြင့် ဆရာရယ်.... အခု ကျွန်မရုပ်ဖျက်ထားတာတွေကို ပြန်ပြင်လိုက်ရမှာပေါ့'

သိမ်းငှက်က ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ မင်းအနေနဲ့ ရုပ်ဖျက်ဖို့ မလိုတော့ပါဘူး'

လုယန်းယန်းသည် သူ၏မျက်နှာပေါ်မှ တပ်ဆင်ထားသော သားရေပါးအား ခွာချလိုက်ရာ လေသည် အံ့သြလွန်းသဖြင့် မျက်လုံးပြူးကျယ်သွားလေတော့သည်။

သူ ကြုံတွေ့ရသော လုယန်းယန်းမှာ လုချန်းချန်း ညီမ လုယန်းယန်းအစစ်မဟုတ်ပဲ သူတို့၏ ထောက်လှမ်းရေးတပ်ဖွဲ့မှ အမျိုးသမီးတယောက် ဖြစ်နေကြောင်းကို ယခုမှ သူက ကောင်းနားစွာ လည်လိုက်လေသည်။

သိမ်းငှက်က သူမအားလေနှင့်မိတ်ဆက်ပေးလိုက်လေသည်။

'သူ့နာမည်က နှင်းဆီပါ၊ သူက မင်းထက်သင်တန်းတနှစ်စောတာပေါ့လေ'

လေက ဦးညွတ်လိုက်လေသည်။

ဝတ္ထုတွန်းစာပေ



'ဟုတ်ကဲ့၊ အခုလိုတွေ့ရတာ ဝမ်းသာပါတယ်'

နှင်းဆီက ရယ်မောလိုက်လေသည်။

'အခြေအနေအရ ကျွန်မ ဟန်ဆောင်ခဲ့ရတာကို ခွင့်လွှတ်ပါရှင်'

လေက အားရပါးရ ရယ်မောလိုက်လေသည်။

'ခွင့်လွှတ်ပါတယ်ဗျာ၊ ခင်ဗျားရဲ့ ပီပီရိရိသရုပ်ဆောင်သွားနိုင်တာကိုတော့ ကျုပ်က ချီးကျူးလို့ မဆုံးပါဘူးကွာ'

သိမ်းငှက်က လက်အာပြလိုက်လေသည်၊

'ကဲ... နောက်မှပဲ ချီးကျူးကြ၊ အခုလောလောဆယ် တို့ဘဏ္ဍာတော်ငွေတွေကို အမြန်ဆုံး ပြန်ရအောင် ကြိုးစားဖို့တာဝန်ရှိသေးတယ်၊ ဒါကြောင့် မင်းတို့ လုယန်းယန်းနောက်ကို မင်းတို့နှစ်ယောက်စလုံး မျက်ခြေမပြတ်စေနဲ့'

လေနှင့် နှင်းဆီသည် ပြိုင်တူ ဦးညွတ်လိုက်လေသည်။

'ဟုတ်ကဲ့ပါ ဆရာ'

ထိုစဉ်မှာပင် ရဲမက်တယောက်က ကမန်းကတန်းဖြင့် အခန်းထဲသို့ ဝင်ရောက်လာလေသည်။

'ဝန်မင်းခင်ဗျာ၊ တံငါသည်တယောက်က အခန်းရှေ့မှာ အရေးတကြီး သတင်းတခု ပေးစရာရှိလို့တဲ့ ကိုယ်တိုင်တွေ့ချင်တယ်လို့ ပြောပါတယ်ခင်ဗျာ'

ရဲမက်၏ စကားကြောင့် သိမ်းငှက်၏ မျက်လုံးအစုံသည် ဝင်းလက်၍သွားလေသည်။

'ဟုတ်ပြီ နွေဆီက ပို့လိုက်တဲ့သတင်းနဲ့တူတယ်'

ဝတ္ထုတွန်းစာပေ

သူသည် ရဲမက်ဘက်သို့ လှည့်လိုက်လေသည်။
'ကဲ သူ့ကို အမြန်ဆုံးခေါ်ခဲ့စမ်း'

*　　　*　　　*

မကြာပါချေ။

တင်ါသည် အဆောင်အယောင် ဝတ်ဆင်ထားသော လူတယောက် အခန်းထဲသို့ ဝင်ရောက်လာလေသည်။ သူသည် သိမ်းငှက်၏ရှေ့တွင် ခြေစုံရပ်လိုက်ပြီး အရိုအသေ ပြုလိုက်လေသည်။

'ကျွန်တော့်နာမည် 'မိုး'ပါ နေ့က ကျွန်တော့်ဆီ စာတစောင် ပို့ပါတယ်၊ အဲဒီစာကို ဆရာကြီးဆီ အမြန်ဆုံး ပို့ပေးပါဆိုလို့ ကျွန်တော်မအိပ်မနေ လာပို့တာပါခင်ဗျာ'

သိမ်းငှက်က လက်ဖြန့်လိုက်လေသည်။

'အဲဒီစာ ဘယ်မှာလဲ ပေးစမ်း'

တင်ါသည်အဝတ်အစားများ ဝတ်ဆင်ထားသော သူသည် သူ၏အိတ်ထဲမှ စာတစောင်ကို သိမ်းငှက်အား လှမ်းပေးလိုက်လေသည်။ သိမ်းငှက်သည် ထိုစာကို ကမန်းကတန်းယူ၍ ဆုံးအောင် ဖတ်ပြီးနောက် သူ၏ မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားလေသည်။





သူသည် ထိုစာအား နှင်းဆီနှင့်လေတို့၏ရှေ့သို့ ထိုးပြလိုက်လေသည်။

ဇင်းစာရွက်ပေါ်တွင်—

'ကျွန်မ အခု ငါးမန်းကျွန်းပေါ်မှာရောက်ရှိနေပါတယ်၊ စီးမင်းယုတို့လူစု ငါးမန်းကျွန်းကို မနက်က ရောက်လာကြပါတယ်၊ သူတို့နဲ့အတူ ဘဏ္ဍာတော်ငွေများလဲ ပါလာကြပါတယ်၊ သူတို့ပြောဆိုတဲ့ အသံကို ကြားရတာကတော့ သူတို့ဟာ ဒီငွေတွေနဲ့ လက်နက်ခဲယမ်းမီးကျောက်တွေကို ဝယ်မယ်လို့ ရည်ရွယ်ထားတယ်ဆိုတာကို သိရတယ်၊ ဒါကြောင့် ဘဏ္ဍာတော်ငွေတွေကို မပျောက်မပျက်မီ အမြန်ဆုံးလှုပ်ရှားနိုင်ဖို့ သတင်းပို့လိုက်ပါတယ်....'

ပုံ + + +
ရှောင်ဟုန်းအမည်ခံ
' နေ့ '

ထေသည် ယင်းစာကိုဖတ်လိုက်ပြီးမှ ယင်းကျွန်းပေါ်မှာ မိမိလွှတ်မြောက်အောင် အကူအညီပေးသူမှ ရှောင်ဟုန်းအမည်ခံ နေ့ ဖြစ်သည်ကို ယခုမှပင် သဘောပေါက် နားသည် လာလေသည်။

*　　　*　　　*

ရှာဟူတိတ်

---

မေန်းကျွန်း—

မေန်းကျွန်းပေါ်၌ အဆောက်အအုံများကို တိုးချဲ့ဆောက်လုပ်ထားသဖြင့် မေန်းကျွန်း ယခင်ကထက် အတော်ကလေး စည်ကားလာသည်ကို တွေ့ရလေသည်။

ထို့ကြောင့် ညသန်းကောင်ယံအချိန်သို့ ရောက်နေပြီ ဖြစ်သော်လည်း အဆောက်အအုံများမှ ထွက်ပေါ်လာသော မီးရောင်များသည် ငါးမန်းကျွန်း၏ အလှကို ပို၍ ပဏ္ဏာဟပ်မိလေသည်။

ငင်းကျွန်း၏အလယ်ဗဟိုတွင် အခြား အဆောက်အအုံများထက် ကြီးမားသော အဆောက်အအုံတခုရှိသည်။





ယင်းအဆောက်အအုံထဲမှ မီးရောင်များက ထိန်ထိန်လင်းနေ၏။ ယင်းအဆောက်အအုံ၏ဧည့်ခန်းတခုလုံးမှာလည်း လူများဖြင့် ပြည့်ကြပ်နေ၏။ ယနေ့ညသည် လုရင်းကျေးရွာ၏ အကြီးအကဲခေါင်းဆောင်ဖြစ်သူ စီးမင်းယုက အောင်ပွဲခံသောအနေဖြင့် ညစာထမင်းစားပွဲကျင်းပနေသောအချိန်ဖြစ်သည်။

ထို့ကြောင့် ထိုအဆောက်အအုံမှ ယယ်မောသံများကမကြာမကြာ ထွက်ပေါ်လာနေခြင်း ဖြစ်သည်။

လုချန်းချန်းသည် သခင်မတယောက်၏ အသွင်ဖြင့် ဧည့်ပရိသတ်များထဲတွင် သွားလာနေကာ လူအများအား နှုတ်ဆက်အားပေးနေ၏။

ထိုစဉ် ရွက်လှေတစင်းသည် ယင်းငါးမန်းကျွန်းအနီးသို့ တိတ်ဆိတ်စွာဖြင့် ရောက်ရှိလာလေသည်။

ရွက်လှေများသည် ငါးမန်းကျွန်းနှင့် ၁ မိုင်ခန့်အကွာတွင် ရွက်တဲချ၍ ကျောက်ချနေသည်။

ထို့နောက် ထိုရွက်လှေပေါ်မှ လှေငယ်ကလေးများကို တစင်းပြီးတစင်း ရေပေါ်သို့ ချလိုက်လေသည်။ ကိုယ်ကြပ်အင်္ကျီများကို ဝတ်ဆင်ထားကြသောရဲမက်တို့သည် ခေါက်ကိုယ်စီဖြင့် ရွက်လှေကြီးပေါ်မှ လှေငယ်ပေါ်သို့ တယောက်ပြီးတယောက် ခုန်ချလိုက်ပြီး ကျွန်းရှိရာသို့ လှော်ခတ်သွားလေတော့သည်။

ပို၍ တိတိကျကျပြောရမည်ဆိုလျှင် ယခုငါးမန်းကျွန်းသို့ ရောက်ရှိလာသော ရွက်လှေကြီးများမှာ (၃)စင်းရှိသည်။ ထိုရွက်လှေကြီးပေါ်မှ ချလိုက်သော လှေငယ်များမှာ အစင်း

ပေါင်း (၃၀) ခန့်ရှိလည်။ လှေငယ်တစင်းပေါ်တွင် ရဲမက် (၁၀)ဦးစီ စီးနင်းလိုက်ပါလာကြလေသည်။

ထို့ကြောင့် စုစုပေါင်း ရဲမက် (၉၀)တို့သည် ထိုငါးမန်းကျွန်းအား တိုက်ခိုက် ဖြိုဖျက်ရန် ရောက်ရှိ လာကြလေသည်။ ထိုရဲမက်များထဲတွင် လေတယောက်လဲ ပါရှိလေသည့်။ လေသည် အသင့်ခေါ်ဆောင်လာသော လုယန်းယန်းအား အသံတိုးတိုးဖြင့်—

'ကဲ—ခင်ဗျား အစ်မကို ဟိုအဆောက်အအုံထဲမှာရှိနေတယ်၊ မင်းက အဲဒီကိုသွားပြီး သူ့ကိုရအောင် ခေါ်ထုတ်လိုက်ပါ၊ ဒါပေမယ့်...'

သူသည် လုယန်းယန်းအား စူးရှစွာ တချက်ကြည့်လိုက်ပြီး

'သူ့ကို တို့ပါလာတယ်လို့ မပြောရဘူး၊ ပြောယင်တော့—'

သူသည် စကားကို ခေတ္တရပ်တန့်လိုက်ပြီး လက်ထဲမှ ဓားဖြင့် တချက် ဝှေ့ယမ်းပြလိုက်လေသည်။

'မင်းနဲ့ မင်းအစ်မကို အသက်ချမ်းသာပေးမှာ မဟုတ်ဘူး'

လုယန်းယန်းက လေ၏လက်ထဲမှဓားကို ထိတ်လန့်စွာ ကြည့်လိုက်ပြီးနောက် ဆူညံစွာရယ်မောသံများ ထွက်ပေါ်နေသော အဆောက်အအုံတွင်းသို့ တလှမ်းချင်း လျှောက်သွားလေတော့သည်။

* * *





အခန်းထဲတွင် လူများက တယောက်တပေါက် ဆူညံစွာ အော်ဟစ်နေကြလေသည်။ ရယ်မောသံများကလည်း အခန်းထဲမှ အဆက်မပြတ် ကျယ်လောင်စွာထွက်ပေါ်လာလေသည်။ ထိုစဉ် ရုတ်တရက် အခန်းတံခါးက ပွင့်သွားလေသည်။

အခန်းထဲရှိ လူများသည် ရယ်မောသံများကလည်း တဖြည်းဖြည်း တိတ်ဆိတ်သွားလေသည်။ အားလုံးသောလူများသည် အခန်းဝတွင် ရပ်နေသော လုယန်းယန်းအား ငေး၍ ကြည့်နေကြလေသည်။

စီးမင်းယုက လုယန်းယန်းအား တွေ့မြင် လိုက်ရသည်နှင့် မျက်မှောင်ကုပ်သွားလေသည်။

ထို့နောက် သူသည် လုချန်းချန်းဘက်သို့ လှည့်ကြည့်လိုက်လေသည်။

'ကဲ—မင်းညီမရောက်လာပြီ၊ သွားခေါ်လိုက်ပါအုံးလေ'

လုချန်းချန်းကပြုံး၍ ခေါင်းညိတ်လိုက်လေသည်။

ထို့နောက် သူသည် လုယန်းယန်းထံ လျှောက်သွားလေသည်။ သူသည် လုယန်းယန်းအနီးသို့ ရောက်ရှိလာသောအခါ ရုတ်တရက် တံခါးကြားမှ လူရိပ်တခုရပ်နေသည်ကို တွေ့ရလေသည်။

'မအော်နဲ့ ဣန္ဒြေမပျက်ပါနဲ့၊ လုယန်းယန်းခေါ်တဲ့နောက်ကို ခင်ဗျားလိုက်သွားပါ'

လူရိပ်က ယင်းသို့ပြောလိုက်သောကြောင့် လုချန်းချန်းသည် ကြောင်အံ့အံ့ဖြစ်သွားလေသည်။

'လုချန်းချန်း ကျုပ်ပြောနေတာ မကြားဘူးလား'

လုချန်းချန်းသည် အခြေအနေမဟန်တော့မှန်း သိလိုက်လေသည်။ ထို့ကြောင့် သူမသည် ရပ်နေသောလုယန်းယန်း၏ လက်ကိုဆွဲကာ အပြင်သို့ ခြေလှမ်း လှမ်းလိုက်လေသည်။ သူတို့ နှစ်ယောက်အပြင်သို့ ရောက်ရှိသွားသည်နှင့် တဆက်တည်းမှာပင် လေသည် အခန်းထဲသို့ ပြေးဝင်သွားလေသည်။

'ဟေ့—တယောက်မှမလှုပ်ကြနဲ့ အားလုံး ငြိမ်ငြိမ်ကလေး နေပါ'

သူ၏အသံသည် အခန်းတွင်း၌ ကျယ်လောင်စွာ ဟိန်းထွက်လာလေသည်။ အားလုံးသော လူများသည် သူ့အား လှည့်၍ ကြည့်နေမိသည်။ လေကတည်ငြိမ်သော လေသံဖြင့်—

'မင်းတို့ အဆောက်အအုံတခုလုံးကို ကျုပ်တို့ရဲ့ ရဲမက်တွေက ဝိုင်းထားပြီးပြီ၊ ခင်ဗျားတို့အားလုံး မသေချင်ယင်တော့ ငြိမ်ငြိမ်ကလေးနေကြပါ...'

သူ၏စကားကြောင့် လူများသည် တိတ်ဆိတ်နေကြသည်။

'ဟား....ဟား....ဟား....ဟား'

စီးမင်းယုက သူ၏စကားကြောင့် အားရပါးရ ရယ်မောလိုက်လေသည်။

'ဒီမှာ မိတ်ဆွေ၊ ခင်ဗျားဘယ်သူလဲဆိုတာ ကျုပ်မှတ်မိပြီ၊ အဲဒီတော့ ခင်ဗျားမသေချင်ယင် ခင်ဗျားလက်ထဲက ဓားကို ချလိုက်ပါ'

ထိုစဉ်မှာပင် ရဲမက်များသည် လက်နက်ကိုယ်စီ ကိုင်ဆောင်ကာ အခန်းထဲသို့ ဝင်ရောက်လာလေသည်။ ထိုရဲမက်များအား





ဦးဆောင်၍ ခေါ်လာသူမှာ သိမ်းငှက်ကိုယ်တိုင်ပင် ဖြစ်လေသည်။

သူတို့အားလုံးတို့သည်အခန်းတွင်းသို့ ရဲမက်များ ဝင်ရောက်လာသည်ကို တွေ့ရသဖြင့် ထိတ်လန့် တုန်လှုပ်သွားလေသည်။ သိမ်းငှက်သည် စီးမင်းယုထံသို့ တလှမ်းခြင်း လှမ်းသွားလေသည်။

စီးမင်းယုသည် ထိုင်ရာမှထလိုက်လေသည်။ သူသည် တဖြည်းဖြည်း ချဉ်းကပ်လာနေသော သိမ်းငှက်နှင့်လေတို့ နှစ်ယောက်အား မျက်လုံးတချက် ဝေ့ကြည့်လိုက်လေသည်။ ထို့နောက် သူ၏မျက်လုံးအစုံသည် စူးစိုက်စွာဖြင့် လေ၏မျက်နှာအား စိုက်ကြည့်လိုက်လေသည်။

'မင်းက ထောက်လှမ်းရေးသမားတယောက်ဖြစ်မယ်ဆိုတာကို ငါက အကဲခတ်မိပါတယ်၊ ဒါပေမယ့် မင်းကို ငါမသတ်လိုက်မိတာဟာ ငါ့ရဲ့ မဟာအမှားပါပဲလေ...'

သူသည် ထိုသို့ ပြောပြီးသည်နှင့် သိမ်းငှက်ဘက်သို့ လှည့်လိုက်လေသည်။

'ခင်ဗျားက ထောက်လှမ်းရေးမှူး သိမ်းငှက်ဖြစ်တယ် ဆိုတာကိုလဲ ကျုပ်သိပါတယ်'

သိမ်းငှက်က မျက်မှောင်ကုပ်သွားလေသည်။ စီးမင်းယု၏ စကားကြောင့် သိမ်းငှက်မှာ အတော်အံ့သြတုန်လှုပ် သွားလေသည်။ အကြောင်းမှာ သိမ်းငှက်သည် မည်သည့်အခါမှ ကိုယ်တိုင်ကိုယ်ကျ ယခုကဲ့သို့ လူအမြင်ခံပြီး ယခုကဲ့သို့ ထွက်လာခဲ့ခြင်းမရှိပါချေ။

သူသည် စီးမင်းယုအား သေသေချာချာ ကြည့်လိုက် လေသည်။

'ခင်ဗျားရဲ့ လျှပ်ရှားမှုကို တွေ့ရှိလိုက်တာနဲ့ ခင်ဗျားဟာ အလွန်ဥာဏ်ကောင်းတဲ့ လူတယောက် ဖြစ်တယ်ဆိုတာ ကျုပ်နားလည်ပါတယ်၊ ဒါပေမယ့် ခင်ဗျားဟာ ခင်ဗျားရဲ့ထူးချွန်လှတဲ့ ပညာတွေကို တိုင်းပြည်နဲ့ လူမျိုးအတွက် အသုံးမချပဲ၊ ဒုစရိုက်လုပ်ငန်းတွေကို လုပ်နေတဲ့အတွက် ခင်ဗျားကို ကျုပ်က အတော့်ကို နှမြောမိတယ်ဗျာ'

စီးမင်းယုက ရယ်မောလိုက်သည်။

'မလိုပါဘူးဗျာ— ခင်ဗျားက ကျုပ်ကို အခုလို ချီးကျူးလိုက်တာကိုပဲ ကျုပ်က အများကြီး ကျေးဇူးတင်ပါတယ်ဗျာ'

လေက ရှေ့သို့ တလှမ်းတိုးလိုက်လေသည်။

'ကဲ စီးမင်းယု ခုချိန်မှာတော့ ခင်ဗျား မျက်နှာပေါ်မှာ တပ်ဆင်ထားတဲ့ မျက်နှာတုကို ခွါပစ်ဖို့ကောင်းပါပြီလေ—'

လေ၏ စကားကြောင့် စီးမင်းယု၏ မျက်နှာသည် ကွက်ကနဲပျက်သွားသေည်။

ထို့နောက် အားရပါးရ ရယ်မောလိုက်လေသည်။

'ဟား—ဟား...ဟား...ဟား...'

ထို့နောက် သူသည် လေအား စူးရှစွာစိုက်ကြည့်လိုက်လေသည်။

'ကျုပ်က ဘယ်သူလဲဆိုတာ ခင်ဗျားက သိလို့လား'

လေက ပြုံးပြလိုက်လေသည်။





'ခင်ဗျားဟာ ဗိုလ်မင်းရဲတိုက်ကသေသွားပြီလို့ထင်ရပေမယ့် မသေပဲ ကျန်ခဲ့တဲ့ ရှာဟူတိတ် မဟုတ်လားဗျ'

စီးမင်းယုသည် တဟားဟားရယ်မောလိုက်လေသည်။ သူ၏ မျက်နှာတုအား ခွါချလိုက်လေသည်။

ဟုတ်ပါ၏။

လုရင်းကျေးရွာ၏အရှင်သခင် စီးမင်းယုမှာ တကယ်စင်စစ် ဗိုလ်မင်းရဲတိုက်မှ ထွက်ပြေးလွတ်မြောက်လာသော ရှာဟူတိတ်ပင် ဖြစ်လေသည်။

* * *

သိုင်းလောကတခုလုံးသည် အေးချမ်းသာယာသည်ဟု ထင်ရပေသည်။ ယခုအချိန်တွင် လူများသည် တချိန်တုန်းက အလွန်လျှို့ဝှက်ဆန်းကျယ်သော လုရင်းကျေးရွာ အကြောင်းများသည် လဘက်ရည်ဆိုင်၌ လူစုကာ ဖေဖန် ပြောဆိုနေသည့် အကြောင်းအရပ်တခုဖြစ်၍ ကျန်ရစ်ခဲ့လေသည်။

နေပြည်တော်၏ ဘဏ္ဍာတော်ငွေများသည် ယောက်လှမ်းရေးသမားများ ကြိုးပမ်းမှုကြောင့် အနည်းငယ်မျှပင် ဆုံးရှုံးမှုမရှိပဲ ပြန်လည်ရရှိလာခဲ့လေသည်။ လေသည် ဗိုလ်မင်းရဲတိုက်နှင့် လုရင်းကျေးရွာတို့၏ ဒုစရိုက်မှုခင်းများကို အောင်မြင်စွာ အမှုတော်ထမ်းနိုင်ခဲ့သည့်အတွက် အာဏာပိုင်တို့က သူ့အားရာထူးမှ အဆင့်တိုးပေးလိုက်လေသည်။

သို့သော် သူသည် ယင်းရာထူးအားလက်မခံပါချေ။ လုယန်း ယန်း တဖြစ်လဲ နှင်းဆီ အမည်ရှိသော မိန်းကလေး၏ မေတ္တာ ကိုလည်း သူလက်မခံခဲ့ပါ၊ သူသည် တိုင်းပြည်ကပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ပြီးသည့်နောက် ပိုင်းတွင် သိမ်းငှက်တို့အား နှုတ်ဆက်ပြီး ချန်းအန်းမြို့မှ မြင်း တကောင်ဖြင့် ထွက်ခွာသွားလေတော့သည်။

သူသည် ချန်းအန်းမြို့မှ ထွက်ခွာလာပြီးနောက် လွတ်လပ် သော သိုင်းသမားတဝသို့ ကူးပြောင်းသွားလေသည်။အမှန်မှာ သိုင်းလောကမှ သိုင်းသမားများ အားလုံးလိုလိုပင် သူ့အမည် အား ကြားဖူးနားဝရှိကြပေသည်။

သူ့အပေါ်၌လည်း လေးစားချစ်ခင်ကြလေသည်။ အမှန် စင်စစ် လေ ဟု အမည်ခံထားသောသူမှာ သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော လုံစိန်ပိ ၏ နာမည်ခွဲ အမည်ခံ သက်သက်မျှသာ ဖြစ်လေသည်။

ပြီး၏။

နန္ဒကျော်သူ

ဝဏ္ဏထွန်းစာပေ